

စည်းအပြင်ကလူ

ထင်လင်း

THE OUTSIDER

Albert Camus

စည်းအပြင်ကလူ
ထင်လင်း(ဘာသာပြန်)

The
Out Sider ...

ALBERT CAMUS

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **e-Books Reader** အသုံးပြုသူများနှင့် **Digital Devices** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **e-books Reader** အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **e-books Reader** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **Digital** နည်းဖြင့် ဖြန့်ဝေမှု လုံး၀ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀ (လုံး၀) အသုံးမပြုပါ။

”စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက **e-Books Market** အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ **eBooks Digital Market**ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **Digital Product** ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို့ မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြား တောင်းဆိုအပ်ပါသည်။

”စာဖတ်သူများသို့ ပန်ကြားချက်”

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **eBook** ဖတ်ပြီးလို့ ”ကြိုက်နှစ်သက်တယ်” စာရေးသူများအား ”အသိမှတ်ပြုသင့်တယ်”လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ

စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောကအတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (**Ebook** ရှိလျှင်) **Ebook** များ ကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား ”အသိမှတ်ပြုသောအားဖြင့်” တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

Be careful

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အား [illegible] ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

https://t.me/TheBookR

မာတိကာ

ဘာသာပြန်သူရဲ့ စကား

လွန်ခဲ့သည့် နှစ်နှစ်ခန့်က ထင်ပါသည်။ ကျွန်တော်တို့၏ မိတ်ဆွေတစ်ယောက် ကွယ်လွန်၍ သက်ပျောက်ဆွမ်း သွတ်ရန်အတွက် ဆွမ်းခံကြွလာသည့် ဘုန်းကြီးတစ်ပါးကို ပင့်သည်။ ဘုန်းကြီး၏ သပိတ်၌ ဆွမ်းနှင့် ဆွမ်းဟင်းများကို ဆိုင်ကဝယ်၍ ထည့်ပြီး လှူဖွယ်ဝတ္ထုများနှင့်တကွ ကပ်သည်။ ထုံးစံအတိုင်း ဘုန်းကြီးအား ကန်တော့ကြပြီး ငါးပါးသီလ ခံယူကြသည်။ ထိုနောက် ဘုန်းကြီးက ကွယ်လွန်သူ၏ အမည်၊ အသက်၊ သေခြင်းအကြောင်း စုံစမ်းပြီး သေခြင်းနှင့် ပတ်သက်သည့် တရားများကို ဟောပါသည်။ အသံခပ်ဝဲဝဲနှင့် ရခိုင်ဘုန်းကြီး ဖြစ်ဟန်တူပါသည်။

ဤကဲ့သို့သော လူမှုရေးကိစ္စများတွင် ဘုန်းကြီးများ ဟောလေ့ ရှိသည့် တရားများကို ကျွန်တော် အာရုံစိုက်၍ နာခဲ့လှပါသည်။ ထုံးစံ ရှိ၍သာ လုပ်ကြရပြီး မည်သူမျှ ဟုတ္တိပတ္တိ စိတ်ဝင်စားကြသည် မထင်ပါ။ မြန်မြန်ပြီးလျှင် ကောင်းသည်ဟု ထင်ပါသည်။

ရခိုင်ဘုန်းကြီး၏ အသံသည် ကြည်လင် ပြတ်သား၍ တည်ငြိမ် လှသည်။ ကျွန်တော်လည်း အာရုံစိုက်မှန်းမသိ စိုက်၍ နာနေလိုက် မိသည်။

"…အေး၊ တို့ သူ ငါမှာတော့ သေတာဟာ အဆန်းပေါ့။ အသက် ရှိစဉ် မသေခင်မှာ လောကီအာရုံ ကာမဂုဏ်တွေနဲ့ ပျော်ပါးပြီး အနမတဂ္ဂသံသရာက ကိုယ်ပြုခဲ့တဲ့ ပြစ်မှုအတွက် သေဒဏ် စီရင်ခံထားတာ၊ ခံနေရတဲ့လူ ဆိုတာကို မေ့လျော့ နေကြတယ်။ မွေးလာကတည်းက သေမိန့်က ကျပြီးသား။ မသိလိုက်၊ မသိပါ။ အမှုမဲ့ အမှတ်မဲ့ နေလာခဲ့ကြလို့ သေခြင်းတရားဆိုတာ ဘယ်လိုဟာရယ်လို့ မသိကြတော့လဲ ဆန်းနေတာ။ ပူကြ၊ ဆွေးကြ၊ ငိုကြွေးကြရတာ၊ ..သတိတရားရှိသူ သူတော် သူမြတ်များမှာတော့ သေခြင်း တရားကိုတို့ သူငါထက် များများကြီး ပိုကြောက်ပြီး များများကြီး ဆင်ခြင်၊ များများကြီး သိတော်မူကြပေတယ်။ အေး… လူမှာ အဲဒါ အရေးအကြီးဆုံးကွယ့်၊ ဒီထက် အရေးကြီးတာ ဘာမှမရှိဘူး။ သံသရာဆိုတဲ့ စက်ယန္တရားကြီး၊ ဓားစက်ကြီးထဲမှာ တို့လည်ပင်းတွေ ပြတ်ခဲ့ရတဲ့ ဘဝပေါင်း မရေမတွက်နိုင်အောင် များခဲ့ပြီ။ ဒါကို ဘေးအန္တရာယ် ပါလားလို့ မသိကြတော့ အထပ်တလဲလဲ ဒီအထဲမှာပဲ သေကြ၊ ပြန်ဖြစ်ကြ၊ နောက် သေကြနဲ့ပေါ့။ ဘုရား ရဟန္တာများ ကတော့ ဒီဓားစက်ကြီးကို ရပ်တန့်သွားအောင် တတ်နိုင်ကြတယ်။ ဒီဓားစက်ကြီးရဲ့ အန္တရာယ်က လွတ်မြောက် သွားကြတဲ့ အာဇာနည် ပုဂ္ဂိုလ်များပေပဲ။ ဒီပုဂ္ဂိုလ်တွေ လုပ်တဲ့နည်းကို လေ့လာကြ၊ ကြည့်ရှုကြ၊ မှတ်သားကြ၊ အားထုတ်ကြ၊ သံသရာဘေးဆိုတာ ကြောက်လန့်နေရုံနဲ့ မလွတ်နိုင်ဘူး။ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အားထုတ်ကြရမယ်။ ဘုရားရှင် သွန်သင်ခဲ့တဲ့

လွတ်ရာလွတ်ကြောင်း နည်းတွေ အရှိသားပဲ”

မဆီမဆိုင်ဟု ဆိုရမည်လား၊ တိုက်တိုက် ဆိုင်ဆိုင်ဟု ဆိုရမည်လား၊ ရခိုင်ဘုန်းကြီး၏ အသံကို အာရုံစိုက်၍ နားထောင်နေရင်း လွန်ခဲ့သည့် ဆယ်နှစ်လောက်ဆီက ဖတ်ခဲ့ဖူးသော ကမူး၏ “စည်းအပြင်ကလူ”(L’Etranger) ဝတ္ထုကို ပြေး၍ သတိရလိုက်မိပါသည်။ ဆက်စပ် တွေးမိစရာဆိုလျှင် “သေဒဏ်၊ ဓားစက်ကြီးနှင့် ယင်းဓားစက်ကြီးမှ လွတ်မြောက်ရေး” ဆိုသည့် စကားများပင် ဖြစ်ဟန်တူပါသည်။ ကမူး၏ ဝတ္ထုကို ဖတ်ခဲ့စဉ်ကတော့ အထူးအထွေ ကြိုက်လှသည်လည်း မဟုတ်ပါ။ အချို့ အခန်းများကိုတော့ အတော်သဘော ကျမိသဖြင့် သတိရနေပါသည်။ သူ့အား ပြင်သစ်ပြည် ထုံးစံအရ အများသူငါ မြင်နိုင်သည့် နေရာ၌ ခေါင်းဖြတ်၍ စီရင်ခြင်း ခံရမည့် အကြောင်း လူသတ်မှုဖြင့် သေဒဏ် ချမှတ်ခြင်း ခံထားရသောလူက တွေးတောနေသည့် အခန်းကိုတော့ ကောင်းကောင်း မှတ်မိနေပါသည်။

“.....အရင်က ဒီလို ခေါင်းဖြတ်စက်နဲ့ စီရင်တဲ့ အကြောင်းကို အာရုံစိုက်ပြီး မလေ့လာမိခဲ့တဲ့အတွက် ကျွန်တော့်ကို ကျွန်တော် အပြစ် တင်နေမိပါတယ်”ဟု ထိုသေဒဏ်ကျ အကျဉ်းသမားက သူ၏ သေဘေးကို အကြောက်ကြီး ကြောက်၍ “ဂီလိုကင်း” ခေါ် ဤဓားစက် ကြီး၏ဘေးမှ လွတ်မြောက် နိုင်မည့် နည်းလမ်းများ တွေ့လို တွေ့ငြား ထွက်ပေါက်ကလေးများ ရှာရင်း တွေးတောသည့် အခန်းဖြစ်သည်။

“...ဒီလိုကိစ္စမျိုးကို သိပ်ပြီး အာရုံစိုက်သင့်တာပေါ့။ လူတစ်ယောက်ကို ခေါင်းဖြတ် သတ်တာလောက် အရေးကြီးတဲ့ကိစ္စ ဘာမှ မရှိဘူး။ လူတစ်ယောက် တကယ် စိတ်ဝင်စားဖို့ ကောင်းတာဟာ ဒါပဲရှိတယ် ဆိုတာကို ကျွန်တော် ဘာကြောင့် မသိခဲ့ပါလိမ့်။ ဒီတစ်ခါ ထောင်ထဲကများ လွတ်ရင် ကျွန်တော် အဲသလို သေဒဏ်ပေးတာမျိုး ကြည့်ဖို့ သွားကြည့်မယ်၊ လေ့လာမယ်လို့လဲ ဆုံးဖြတ်မိပါတယ်။ ဒီလိုကိစ္စမျိုးမှာ ... အရင်က ဒီကိစ္စမျိုးမှာ ဓားစက်ကြီး ဒိုင်းခနဲ ကျမလာခင် တားတားကလေးမှာ ဖြုန်းဆို ကိုယ်ပျောက်ပြီး ဖြစ်ဖြစ် လွတ်မြောက်သွားတာမျိုး ရှိခဲ့ဖူးသလားဆိုတာ ကျွန်တော် သိချင်နေ ပါတယ်။ ဒီဟာမျိုးနဲ့ ပတ်သက်တဲ့ စာအုပ်တွေလဲ ရှိမှာပါပဲ။ ကျွန်တော် အဲ့ဒါမျိုးတွေကို ဖတ်မိလောက်အောင် စိတ်မဝင်စားခဲ့လို့ ဖြစ်မှာပါပဲ၊ အဲဒီ စာအုပ်တွေထဲမှာတော့ လွတ်မြောက် သွားဖူးတဲ့ အကြောင်းတွေ မုချတွေ့ရမှာပါ။ အဲဒီ လူသတ်တဲ့ စက်ယန္တရားကြီး တစ်ချက်လောက် ရပ်သွားတဲ့အကြောင်း အဲဒီစာအုပ်တွေထဲမှာတော့ တွေ့ရမှာပါပဲ။ ပြုပြင် ပြောင်းလဲလို့ မရနိုင်တဲ့ ဒီဖြစ်ပျက်အစဉ်မှာ ကံကောင်း ထောက်မလို့ပဲ ဆိုဆို၊ ကြုံကြိုက်လို့ပဲ ဆိုဆို အဲသလို တစ်ချက်လေးလောက်ပဲ ဖြစ်ဦးတော့ တစ်ချက်လောက် ကြုံလိုက်ရရင် ကျွန်တော် သေပျော်ပြီပေါ့”

နှစ်ဆယ်ရာစုခေတ်သို့အဝင်၊ အထူးသဖြင့် ပထမကမ္ဘာစစ်ကြီး အပြီးတွင်

လူတို့၌ အသိတစ်မျိုး ဝင်လာသည်။ ထိုအသိကား အခြား မဟုတ်၊ "သေခြင်းတရား"နှင့် ပတ်သက်သည့်အသိ၊ သေခြင်းတရားသည် မလွဲမရှောင်သော ကိစ္စ ဖြစ်သည်ကို ရှေးကထက် ပိုမိုသိမြင်လာ ကြသည်။ ဤသို့ ပိုမို သိမြင်ကြသည်နှင့်အမျှ လူ့ဘဝ၏ မတည်မြဲသော၊ အဓိပ္ပာယ် ကင်းမဲ့သော သဘောကိုလည်း ပိုမို သိမြင်လာ ကြသည်။

ဤတွင် ရှေးကထက်ကျော် ကာရီက အမှတ်မဲ့ လက်ခံကျင့်သုံး လာခဲ့ကြသည့် အယူအဆ အတွေးအခေါ်များ၏ အတိမ်အနက်ကို ပြန်လည် သုံးသပ်မှုများ ပိုမိုများပြားလာခဲ့သည်။ ဘာသာရေးဆိုင်ရာ အယူဝါဒများ၊ လူမှုရေးဆိုင်ရာ ဓလေ့ထုံးစံများကို အားနည်း ပျော့ညံ့ရာ နေရာတို့က အစပြု၍ ထိုးဖောက် တော်လှန်ကာ အသိသစ်၊ အမြင်သစ်၊ အဓိပ္ပာယ်သစ်များကို ရှာဖွေလာခဲ့ကြသည်။

ထိုသို့ အသိသစ်၊ အမြင်သစ် ရှာဖွေကြရာတွင် ဒဿနိက တွေးခေါ်ရှင်တို့သည် ဤလောက၏ "ဖြစ်တည်မှု"နှင့် "ဖြစ်တည်မှု၏ အဓိပ္ပာယ်ကို တွေးကာ ကြံဆကြသည်။ လူနှင့် အခြားသော သက်ရှိ သက်မဲ့ အရာတို့၏ ဖြစ်တည်မှုနှင့် ဖြစ်တည်မှု အဓိပ္ပာယ်ချင်း မတူကြ။ လူမှတစ်ပါးသော အရာတို့မှာ "ဖြစ်တည်မှု၏ အဓိပ္ပာယ်" က ပဓာနဖြစ်၍ ယင်းကို အမှီပြုပြီးမှ "ဖြစ်တည်မှု" ရှိလာရသည်။ လူမှာကား ထိုသို့မဟုတ်။ "ဖြစ်တည်မှု"က ပဓာန၊ ဖြစ်တည်မှုကို အမှီပြုပြီးမှသာ ဖြစ်တည်မှု၏ အဓိပ္ပာယ်" ရှိလာရသည်ဟု ဆိုကြသည်။ ဤအခြေခံဖြင့် ဘဝပြဿနာများကို ဖြေရှင်းရန် ဆင်ခြင်သုံးသပ် ခြင်းကို "အတ္တဘာဝမှန်ဝါဒ" **(Existentialism)** ဟု ခေါ်တွင်သည်။ ဤဝါဒတွင် အခြေခံချင်း တူကြသော်လည်း အယူအဆ တွင်ကား ဒဿနိက တွေးခေါ်ရှင် တစ်ယောက်နှင့် တစ်ယောက် မတူကြသဖြင့် အမျိုးမျိုး ဖြစ်လာပြန်သည်။

ပြင်သစ် ဒဿနိကတွေးခေါ်ရှင် "ဂျက်မာရီတိ" က "ခရစ်ယာန် အတ္တဘာဝမှန်ဝါဒ" **(Christian Existentialism)** ဟု တွင်သည့် အတွေးအခေါ် တစ်ရပ်ကို တည်ထောင်သည်။ လူတို့သည် သေခြင်း တရားကို အခောက်မေ့ နေရသည့်နှင့်အမျှ ဒုက္ခဝေဒနာများကို ခံစားရ လျက်ရှိကြရာတွင် မည်မျှပင် ပြင်းထန် နာကျင်နေသော်လည်း ဘုရား သခင်၌ ယုံကြည်စွဲမြဲမှုက ဝေဒနာထက် လွန်ကဲလျှင် ထိုဝေဒနာကို သည်းခံနိုင်သည်ဟု ဆိုခဲ့သည်။

ဒိန်းမတ်ပြည်သား ဒဿနိက တွေးခေါ်ရှင် "ဆိုရန်းကီးယာ့ ခဂေါ့"က လူသည် မိမိ၏ ကိုယ်တွင်း၌သာ သစ္စာတရားကို ရှာဖွေ တွေ့ ရှိနိုင်သည်။ ဘာသာတရား ရှိသူတို့တွင် ဤတစ်သက်တာ ဘဝ ဖြစ်တည်မှုနှင့် ထာဝရသစ္စာတို့၏ အကြားတွင် ဒုက္ခများနေကြရသည်ဟု ဆိုသည်။ သူက ဤဘဝအတွက်သာ ဘဝပြဿနာ အဖြေရှာရမည်ဟု ဆိုသည်။ သူ၏ဝါဒတွင် "ဘုရားသခင်" ဆိုသည်ကို လက်ခံထားသေးသဖြင့် သူ့ဝါဒကိုလည်း ခရစ်ယာန် အတ္တဘာဝမှန်ဝါဒဟုပင် သတ်မှတ်ထားကြသည်။ "ကီယာ့ခဂေါ့" သည် စာပေနယ်တွင်လည်း ထင်ရှားသည်။

ဂျာမန် ဒဿနိက တွေးခေါ်ရှင် "မာတင်ဟိုက်ဒဂ္ဂါ" ကမူ "ကီယာ့ခါ့" ဆိုသည့် အပိုင်းကို လက်မခံ။ လူသည် တိုတောင်းလှသော သူ၏ တစ်သက်တာ ဖြစ်တည်မှုကာလအတွင်း သူ၏ ပြဿနာများကို သူ့ဘာသာသူ သဘာဝယုတ္တိကို ဆင်ခြင်၍ ဖြေရှင်းကာ သူ့ဘဝဖြစ်တည်မှု၏ အဓိပ္ပာယ်နှင့် သူ၏ ကံကြမ္မာကို သူ့ဘာသာသူ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၍ ဖန်တီးရမည်"ဟု ဆိုခဲ့သည်။ သူ၏ ဝါဒ ဘုရားမရှိ အတ္တဘဝမှန်ဝါဒ **(Atheistic Existentialism)** ဟု ခေါ်ဆိုခဲ့ကြသည်။

ဂျာမန် ဒဿနိက တွေးခေါ်ရှင် "ကားလ်ယတ်စပါး" ကလည်း "ဘာသာရေးသည့် လည်းကောင်း၊ လူမှုရေး ထုံးစံဓလေ့ အယူအဆများ သည့်လည်းကောင်း၊ ဘဝဖြစ်တည်မှု၏ ပြဿနာများ အဖြေရှာရာတွင် အခြေခံ၍ စဉ်းစားလောက်အောင် မထိရောက်" ဟု ဆိုသည်။ လောက၏ တကယ့် ဖြစ်ပျက်မှုများနှင့် လူ၏ တုံ့ပြန်မှုကို လေ့လာလျှင် "မေတ္တာတရား" သည်သာ ဘဝ၏ အမြင့်မားဆုံး ဖော်ထုတ်ချက် ဖြစ်သည်ဟု ဆိုခဲ့သည်။

"ဟိုက်ဒဂ္ဂါ"၏ "သာဝက"ကား နှစ်ဆယ်ရာစုခေတ် ဒဿနိက လောကနှင့် စာပေလောကတွင် "အတ္တဘဝမှန်ဝါဒ" **Existentialism** ဟူ၍ ထူးခြားထင်ရှားလာသည့် အတွေးအခေါ် တစ်ရပ်ကို ဦးဆောင် တည်ထောင်သူ "ယန်ပေါလ်ဆတ်"**Jean Paul Sartre** ဖြစ်သည်။ သူသည် ဟိုက်ဒဂ္ဂါ၏ "ဘုရားမရှိ အတ္တဘဝမှန်ဝါဒီ" ဖြစ်၍ ထိုဝါဒအကြောင်းကို ၁၉၄၆ ခုနှစ်တွင် "အတ္တဘဝမှန်ဝါဒ" **Existentialism** အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသား ထုတ်ဝေခဲ့သည်။ သူက "လူသည် သူ့ ဘဝဖြစ်တည်မှု ပြဿနာများ၊ ဝေဒနာများကို သုံးသပ်ရာတွင် ကြောင်းကျိုး ဆင်ခြင်တုံတရားဖြင့် မိမိဘာသာ မိမိရှာဖွေ ဖော်ထုတ်နိုင်ရမည်။ မိမိ၏ ကံကြမ္မာ၊ မိမိ၏ အနာဂတ်ကို မိမိဘာသာ ဖန်တီးနိုင်စွမ်း ရှိရမည်" ဟု ဆိုခဲ့သည်။ ဆတ်၏ စာအုပ်ထွက်လာသောအခါမှ အတ္တဘဝမှန်ဝါဒ **(Existentialism)** ဆိုသည်ကို လူသိများလာခဲ့သော်လည်း အပေါ်ယံအားဖြင့် ဘုရားမရှိဝါဒ၊ ဘာသာမရှိဝါဒ၊ ပုံသေ လူ့ကျင့်ဝတ်မရှိဝါဒ စသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြင်လာခဲ့ကြဟန် တူပါသည်။

သို့မဟုတ် မူလက အတ္တဘဝမှန်ဝါဒ **(Existentialism)** ရေစီးကြောင်းတွင် မပါဝင်ခဲ့သော အလားတူ အတွေးအခေါ် အယူ အဆများစွာတို့ကိုပါ **(Existentialism)** တံဆိပ် ကပ်လာဟန် တူပါသည်။ ဘုရားမရှိ၊ ဘာသာတရားမရှိ ပကာတိ အရိုင်းဘဝ **(Paganism)**နှင့် တရားသိပြီးမှ မနှစ်သက်၍ ဘုရားမရှိဟု စွန့်ပယ်သော ဘုရားမရှိဝါဒ **(Atheism)** တို့သည် များစွာ ကွာခြား ပါလိမ့်မည်။ အရိုင်းဘဝကို သဘောကျ၍ ယခုလက်ရှိဘဝဖြင့် ထင်ဟပ်ယူသည့် အတွေးအခေါ်ကို **(Neo Paganism)** ဘုရားနှင့် ဘာသာအယူဝါဒ ကိုယ်ပယ်၍ မိမိဘာသာဘဝဖြစ်တည်မှု၏ အဓိပ္ပာယ်နှင့် ပြဿနာ အဖြေများ ရှာသည့် အတွေးခေါ်ကို **(Atheristic Existentialism)** ဤသို့

မှတ်သားမိပါသည်။

ဤကမ္ဘာမြေအပြင်ဝယ် ဘယ်နေရာ ဘယ်လူမျိုးသည် ဘယ်မျှ ယဥ်ကျေးသည်ကို ဘယ်သူမှ အတိအကျ မသတ်မှတ်နိုင်။ ရှေးကမူ ဘုရားမရှိ၊ ဘာသာတရား မရှိသည့် တောထဲ တောင်ထဲက လူများကို အရိုင်းအစိုင်း **(Pagan)**ဟု သတ်မှတ် ခေါ်ဝေါ်ခဲ့ကြသော်လည်း နောင်သောအခါတွင် ဘာသာတရားနှင့် ဘုရားရှိလျက်က ရိုင်းစိုင်းနေကြသေးသည့် အပြုအမူများကို တွေ့မြင် လာကြသောကြောင့် တောကြီးထဲတွင် မျက်စိလည် လာခဲ့ကြသူများပမာ လမ်းမှန်ကို ရှာကြသည်။ ဤသို့ ရှာဖွေရာတွင် သူတို့ ဘယ်နေရာက စပြီး မှားလာခဲ့ကြသည်ကို ပြန်ကြည့်ရန် နောက်ကြောင်း ပြန်သူများရှိ သလိုသူတို့ရောက်ရာ နေရာမှ အမြင့်ဆုံး သစ်ပင်တစ်ပင်၏ ထိပ်သို့ တက်ကာ တောင်မြောက်လေးပါး ကြည့်ရှုကြသူများလည်း ရှိသည်။

နှစ်ဆယ်ရာစုခေတ် စာပေအမြင်နှင့် အယူအဆတို့သည် အနည်းအများ ဆိုသလိုပင် အတ္တဘဝမှန်ဝါဒ **(Existentialism)** ဝင်လာသည်ဟု ဆိုလျှင် သိပ်မှားလိမ့်မည် မထင်။ ရှေးအစဉ်အဆက်က မျက်စိမှိတ်ပြီး လက်ခံလာခဲ့ကြသည့် အယူအဆများ၊ ယုံကြည်မှုများသည် လူတို့တွင် ရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းရာ၌ မပြည့်စုံ၊ မလုံလောက်တော့သည့် အဖြစ်ကို သိမြင်လာကြပြီး ထိုမပြည့်စုံသည့် အယူအဆများကို စွန့်ကာ လမ်းသစ်ရှာလာကြသူများသည် မူရင်း “မူ” ကိုတော့ နှစ်သက် သဘောကျခဲ့ဟန် တူပါသည်။ ပြင်းပြင်း ထန်ထန် တော်လှန်သူများက ဘုရားသခင်ကို စွန့်ပယ်ပြီး၊ ထိုမျှလောက် အထိ မပြင်းထန်သူများကမူ ဘာသာရေးဆိုင်ရာ ဘုန်းကြီးများနှင့် ယင်းတို့၏ လုပ်ရပ်များကို ပြက်ရယ်ပြု၍ လည်းကောင်း၊ ညံ့ကွက်များကို ပေါ်လွင်စေ၍ လည်းကောင်း၊ ပြောဆိုရေးသား လာခဲ့ကြသည်။ လူတို့၏ ခေတ်ဟောင်း စနစ်ဟောင်း အယူဟောင်းများကို တော်လှန် စွန့်ပစ်လိုသည့် လက္ခဏာများကို နေရာတကာတွင် တွေ့မြင်လာကြသော်လည်း ဤသို့ တော်လှန်စွန့် ပစ်သူတိုင်းသည် အတ္တဘဝမှန်ဝါဒီ **(Existentialist)** များ မဟုတ်ကြပေ။ အတ္တဘဝမှန်ဝါဒီ လှုပ်ရှားမှုကို ဦးဆောင် တည်ထောင်သူ ပြင်သစ်ဒဿနိက တွေးခေါ်ရှင် စာရေးဆရာကြီး “ယန်းပေါဆက်” အား ကမူးသည် အတ္တဘဝမှန်ဝါဒီ ဖြစ်ပါသလားဟု မေးမြန်းကြရာတွင် ဆက်က “ကမူးဟာ ကီယာ့ခဂေါ်တို့၊ ဟိုက် ဒဂ္ဂါတို့၊ ယတ်စပါးတို့ရဲ့ အယူအဆ အရိပ်အငွေ့ မကင်းပေမယ့် သူ့ကို **(Existentialist)** လို့ ခေါ်ရင် အင်မတန် မှားလိမ့်မယ်။ သူတကယ် ဆရာတင်ထားတာက ဆယ်ခုနစ်ရာစုခေတ်က ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့ တွေးခေါ်ရှင်ကြီးများသာ ဖြစ်တယ်” ဟု ပြန်ဖြေခဲ့သည်။ “ကမူးတွင် အတ္တဘဝမှန် ဝါဒီတို့၏ အမြင်ရှိသော်လည်း အခြေခံတွင်ကား သူတို့၏ အတ္တဘဝမှန်ဝါဒီများနှင့် မတူ” ဟု ဆိုလိုဟန်ရှိပါသည်။

"အတ္တဘာဝမှန်ဝါဒ" လှုပ်ရှားမှုတွင် အခြေခံတူ၍ အယူအဆ ကွဲလွဲမှုများ၊ အယူအဆတူ၍ အခြေခံကွဲလွဲမှုများ ရှိသလိုပင် ကျွန်တော် အစတွင် ဖော်ပြခဲ့သည့် ရခိုင်ဘုန်းကြီးပြောသည့် (ဗုဒ္ဓဝါဒ) သေခြင်းတရားကို သုံးသပ်ပုံနှင့် ကမူး၏ "စည်းအပြင်ကလူ" (L'Etranger) သေခြင်းတရားကို သုံးသပ်ပုံတို့သည် တစ်စိတ်တစ်ဒေသ အားဖြင့် တူသည်ဟု ဆိုနိုင်သော်လည်း သေခြင်း၏ အကြောင်းဖြစ်သည့် ဖြစ်တည်မှု (ဘဝ) ကို သုံးသပ်ပုံခြင်းကျတော့ တူချင်မှ တူမည်။ မည်သို့မျှ အဆက်အစပ် ရှိပုံမရသော အယူဝါဒနှစ်မျိုးမှ တစ်စိတ် တစ်ဒေသ တူညီနေသည့် အတွေးအခေါ်တို့ကို ထင်ဟပ်၍ တင်ပြ ရာတွင် ကျဉ်းမြောင်းသည့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဒေသန္တရ ဓလေ့တို့ကို ဖယ်၍ သဘာဝယုတ္တိ ရှိသည်ကို သာရှာ၍ ကြည့်စေရန် အကြံပြုလို၍ တစ်ကြောင်း ဖြစ်ပါသည်။ ထိုမှတစ်ပါး ဒဿနိက တွေးခေါ်ရှင်တို့သည် သဘောတရား အတွေးအခေါ် တစ်ခုခုကို တိုက်ရိုက် တင်ပြလိုက်လျှင် ထင်လွယ် မြင်လွယ်မည် မဟုတ်ပါက သင်္ကေတ တစ်ခုကိုသာ ဆောင်ကာ အများမြင်သာအောင် ပြကြမြဲဖြစ်သဖြင့် ဝတ္ထုသာဓကတို့ကို သုံးကြရမည်ဖြစ်ရာ ထိုဝတ္ထု သာဓကများမှ သင်္ကေတ လက္ခဏာများကို စာဖတ်သူတို့က မိမိတို့ ဉာဏ်မီသလို အဓိပ္ပာယ်ပြန်ကာ အနှစ်သာရကို ရှာနိုင်ကြသည် ဟု ပြဆိုလို၍လည်းတစ်ကြောင်း ဖြစ်ပါသည်။

ကမူးသည် ၁၉၁၃ ခုနှစ်တွင် အယ်လ်ဂျီးယားၶ၌ မွေးဖွားသည့် ပြင်သစ်လူမျိုး ဖြစ်သည်။ အယ်လ်ဂျီးယားသား ပြင်သစ်နှင့် ပြင် သစ်သား ပြင်သစ်တို့သည် ပြင်သစ်ချင်းတူသော်လည်း နောက်ခံသမိုင်းချင်း၊ ဘဝခံယူချက်ချင်း မတူကြဟု ဆိုပါသည်။ အယ်လ်ဂျီးယား ကား အာဖရိကတိုက်မြောက်ဘက် ကမ်းခြေ၊ မြေထဲပင်လယ်ဒေသ ဖြစ်သည်။ အယ်လ်ဂျီးယား၏ တောင်ဘက် မိုင်အနည်းငယ်တွင် မြေရေတစ်ကြောင်းတည်း ဆက်လျက် မြောက်ပိုင်းအာဖရိက တိုင်းရင်းသား (အာရပ်) တို့၏ နေရာရှိသည်။

ကမူး၏ "စည်းအပြင်ကလူ" (L'Etranger) သည် အယ်လ် ဂျီးယား ရေမြေ၊ အယ်လ်ဂျီးယား ယဉ်ကျေးမှု အယူအဆ၊ ဓလေ့ ထုံးစံများ၏ နောက်ခံကားတွင် ရေးထားသည့် ဝတ္ထုဖြစ်သည်။ အယ်လ် ဂျီးယားသည် လူကြီးတို့၏ နေရာမဟုတ်၊ လူငယ်တို့၏ နေရာဖြစ် သည်ဟု အဆိုရှိသည်။ ထိုဒေသမှ လူငယ်လူရွယ်တို့သည် သာယာ သောလောကကို တပ်မက် မြတ်နိုးကြသည်။ ပျော်မည်၊ ပါးမည်၊ ကစားမည်၊ ပင်လယ်ကွေ့ထဲတွင် ရေကူးမည်၊ ဖိုမဆက်ဆံရေး ပြေလည်မှုကို ရှေးရှုမည်၊ ငရဲဆိုတာ တကယ်မရှိ၊ နိဗ္ဗာန်ဆိုတာ ယခု ဘဝထဲမှာပဲ ရှိနိုင်မည်၊ ယခုဘဝမှ သေလွန်သော် နောက်တစ်ဘဝရှိ သည်၊ မရှိသည်ကို အလေးအနက် ထား၍ မစဉ်းစား။ အကယ်၍ ရှိသည်ဆိုလျှင်လည်း "ကမ္ဘာမြေပေါ်က ယခုဘဝမျိုးကို ပြန်ပြီး သတိရ နိုင်သည့် ဘဝမျိုးကိုသာ ရောက်လိုသည်ဟု အာရုံပြုတတ်ကြသည်။ ဘာသာရေးရှိသော်လည်း သူတို့အဖို့ သာမန် လူ့ဝတ္တရားများ အပြင် "အပိုတာဝန်"တစ်ခု ဖြစ်နေဟန်တူပေသည်။

ဤဝတ္ထုထဲက မားဆိုး၏ အမေသည် “ဘာသာရေးကို တစ်ခါမှ မတွေးခဲ့ဖူးသူ။ အသက်ကြီးရင့်ပြီး လူအိုရုံတွင် သေခါနီးမှ ခရစ်ယာန်ထုံးစံအရ သင်္ဂြိုဟ်ပါဟု မှာခဲ့သူ” ဖြစ်သည်ဟု ဆိုသည်။ သူလည်း အယ်ဂျီးယားသူပင် ဖြစ်သည်။ သူတို့တွင် လူမှုရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာ သတ်မှတ်ချက်များ မရှိမဟုတ်၊ ရှိသည်။ ရှိသည်ဆိုရာတွင်လည်း ရှိကာမတ္တမဟုတ်။ စည်းနှင့်ကမ်းနှင့်လူ၊ စည်းအပြင်ကလူဟူသော သတ်မှတ်ချက်များ ရှိသည်သာ။ သူတို့၏ နေပုံထိုင်ပုံ အတွေးအခေါ် အယူအဆများကို ကြည့်၍ ယင်းတို့သည် “အတ္တဘာဝမှန်ဝါဒ” လက္ခဏာများဟု ထင် စရာဖြစ်သော်လည်း စင်စစ် ဒေသတစ်ခု၏ သာမန်လူတို့၏ ပင်ကိုသဘာဝ အယူအဆများသာဖြစ်၍ “အတ္တဘာဝမှန်ဝါဒ” ကား ဒဿန တစ်ရပ်အဖြစ် ထိုထက်ပိုကျယ်ဝန်းသည် ထင်ပါသည်။

ကမူးသည် ၁၉၆၀-တွင် ကားမှောက်ပြီး သေဆုံးသွားသည်။ သူ၏ တိုတောင်းလှသော ဘဝသက်တမ်း အတွင်း အယ်လ်ဂျီးယားတွင် အလုပ်မျိုးစုံ လုပ်ခဲ့ဖူးသည်။ အယ်လ်ဂျီးယား ဘောလုံးအသင်းတွင် ဂိုးသမား အဖြစ် ပါဝင်ကစားခဲ့သည်။ ထို့နောက် ပြင်သစ်ပြည်မတွင် သတင်းစာဆရာ လုပ်သည်။ ဒုတိယကမ္ဘာစစ် အတွင်းက အယ်လ်ဂျီးယားကို ဂျာမန်တို့လက်မှ လွတ်မြောက်ရေး အတွက် တက်ကြွစွာ ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုအချိန်က “တိုက်ခိုက်ရေး” အမည်ရှိ မြေအောက် သတင်းစာ၏ အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ဝတ္ထု လေးငါးပုဒ်နှင့် ဆောင်းပါးများ၊ မှတ်စုမှတ်တမ်းများ ရေးသားထုတ် ဝေခဲ့သည်။ သူ၏ စာများအနက် အထင်ရှားဆုံးမှာ (ယခု ကျွန်တော် ဘာသာပြန်လိုက်သည့်) “စည်းအပြင်ကလူ” **(L'Etranger)** ဖြစ်၍ သူ၏ ပထမဆုံးဝတ္ထုတစ်ပုဒ်လည်း ဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် စာပေဆိုင်ရာ “နိုဘယ်ဆု” ကို ရရှိသည်။ ယခုခေတ် ပြင်သစ်ဝတ္ထုများတွင် အရေးအပါဆုံး ဝတ္ထုတစ်ပုဒ်အဖြစ် သတ်မှတ်သည်။ ဤခေတ်ပြိုင် စာပေလောကတွင် သြဇာတိက္ကမ ကြီးမားခဲ့သည်။

ဤဝတ္ထုတွင် အဓိက ဇာတ်ကောင်ဖြစ်သူ “မားဆိုး”သည် သာမန် လူတစ်ယောက် ဖြစ်သည်။ သာမန် ဆိုရာ၌ အစစအရာရာ သာမန် အနေအထိုင်၊ သာမန် အတွေးအခေါ်ရှိသည့် လူထဲက လူတစ်ယောက် ဖြစ်သည်ဟု ဆိုလိုသည်။ သူ့ဘဝနှင့် ပတ်သက်၍ ငြီးငြင်စရာ၊ ငြူစူစရာဆို၍ ဘာမျှမရှိ။ ရှိလည်း ငြီးငြင်တတ်၊ ငြူစူတတ်သူ မဟုတ်။ သူ့ဘဝ သူပျော်သည်။ ဝမ်းရေးအတွက် နေ့စဉ် အလုပ် လုပ်ရခြင်း၊ အလုပ်ပြီးလျှင် အိမ်ပြန်၊ လမ်းလျှောက်ထွက်၊ မိန်းကလေးများကို ကြည့်ပြီး သဘောကျ၊ သူ့အခန်းမှနေ၍ လမ်းထဲတွင် သွားလာ နေသူများကို တမေ့တမော ထိုင်ကြည့်၊ သူ့အခန်းတွင် ချက်စားချင်သည့်အခါ စား၍၊ မချက်ချင်သည့်အခါ ဆိုင်သွားစားလိုက်၊ စနေ၊ တနင်္ဂနွေ ရက်အားများတွင် ပင်လယ်ကမ်းထဲသွား ရေကူး စသည်တို့ဖြင့် သူ့ဘဝသူ ကျေနပ်နေသူ ဖြစ်သည်။ သူ့ဘဝတွင် ဘာမျှ ရေးကြီးခွင်းကျယ် တွေးတောစရာလည်း မရှိ။ ပြောချင်နေတာလည်း မရှိ။ ပကတိ

အနေချမ်းသည်။ သို့ရာတွင် လူအများ၏ အမြင်တွင် သူသည် လူအများမြင်သလို မြင်တတ်ဟန် မတူသော "စည်းအပြင်က" ကဲ့သို့ ဖြစ်နေ၏။ သူနှင့် တစ်တိုက်တည်းတွင် ခွေးဝဲစား တစ်ကောင်နှင့် အတူနေကာ အခါခပ်သိမ်း ခွေးနှင့် ရန်ဖြစ်နေတတ်ပြီး ခွေးပျောက်သွားတော့ ငိုသည့် "ဆလာမာနို" လို လူကို သူများ အမြင်ကတ်သလို သူမကတ်တတ်။ ပြည့်တန်ဆာခေါင်း လုပ်စားသည်ဟု လူအများ ကဲ့ရဲ့ခံရသူ "ရေမွန်"လို လူကိုလည်း သူမကဲ့ရဲ့တတ်။ ရေမွန်က သူနှင့် မိတ်ဆွေဖြစ်ချင်ပါသည် ဆိုတော့ သူအလွယ်တကူပင် လက်ခံခဲ့သည်။ ချစ်ရေး ခင်ရေးတွင် သူသည် ချစ်ရေး ခင်ရေးမှတစ်ပါး ဘာကိုမှ အရေးမထားတတ်။ လက်ထပ်ဖို့ကိစ္စကိုပင် သူက အလေးအနက်မထား။ သူ့ချစ်သူက လက်ထပ် ချင်သည်ဆိုလျှင် ယခုပင် ထ၍ လက်ထပ်လိုက်မည်။ သို့သော် သူ့သဘောအရ ဆိုလျှင်တော့ မလိုဘူးဟု ထင်သည်။ သူသည် စကား နည်းသလောက် ခေါင်းမာသည် ဟူ၍တော့ ဆိုနိုင်သည်။ ရေမွန်နှင့် ပင်လယ်ကွေ့ထဲသို့ ရေကူး လိုက်သွားရင်း သူနှင့် ဘာမှ ရန်ငြိုးမရှိသည့် ရေမွန်၏ ရန်သူ အာရပ်တစ်ယောက်အား သူက သေနတ်ဖြင့် ပစ်သတ် လိုက်မိသည်။ ထိုသို့ သတ်မိခြင်းမှာ ရန်ဖြစ်သည့် ကိစ္စထက် နေပူရှိန် ပြင်းလွန်းသဖြင့် ဦးနှောက် ဖောက်ပြန်သည့် သဘောကြောင့် ဖြစ်ဖို့များသည်။

သူ့အား တရားရုံးသို့တင်ကာ လူသတ်မှုဖြင့် စွဲဆိုပြီး ကြားနာ စစ်ဆေးလိုက်သောအခါ သူသည် လူထဲကလူနှင့် တဖြည်းဖြည်း ကွာခြား၍ လာခဲ့ပြီး "စည်းအပြင်ကလူ" အဖြစ် ထင်ရှားသည်ထက် ထင်ရှားလာခဲ့သည်။ သူသည် ဘုရားသခင်၌ မယုံကြည်၊ ရှိသည်ဟုလည်း အသိအမှတ် မပြု၊ သူ့အသက်ကို လွတ်အောင် ရုန်းထွက် ရုံမျှပင် လိမ်မပြောနိုင်။ သူ့ အယူအဆနှင့် သူ့ ယုံကြည်ချက်များကို ပြောပြတော့ သူ့ဘက်က လိုက်ရမည့် ရှေ့နေပင်လျှင် အံ့အားသင့်သည်။ သူကလည်း ခေါင်းမာသည်။ စွဲချက် မတင်မီ စစ်ဆေးမှုများ ပြုလုပ်သည်။ ရာဇဝတ် တရားသူကြီးက သူ့အား သတိသံဝေဂ ရပါစေတော့ဟု အမျိုးမျိုး ဖျောင်းဖျသော်လည်း မရ။ သူ၏ မျက်နှာနားတွင် လက်ဝါးကပ်တိုင်ကို လှုပ်ယမ်းပြတော့လည်း သူ့မှာ ဘာမှမဖြစ်။ "ဘယ်လောက် ဆိုးတဲ့ ရာဇဝတ်ကောင် ဖြစ်ဖြစ်" တို့သခင် ဝေဒနာ ခံစားရပုံကို မြင်ရင် ငိုတာပဲ၊ မင်းလို လူတော့ ငါမတွေ့ ဖူးသေးဘူး" ဟု တရားသူကြီးက ပြောတော့ မားဆိုးက "သူတို့က ရာဇဝတ်ကောင်တွေကိုး ခင်ဗျ"ဟု ပြန်ပြောချင်မိသည် ဆိုသည်။ သူကိုယ်တိုင် "ရာဇဝတ်ကောင်" အဖြစ် ရုံးတော်ရှေ့သို့ ရောက်နေရသည်ကို မေ့မေ့နေဟန်တူ၏။ သူ့မှာ လူတစ်ယောက်အား သတ်ခဲ့သည်ကို မငြင်းဆန်သော်လည်း သူ့ ကိုယ်သူ ရာဇဝတ်ကောင်ဟု ထင်၍ မရဟုဆိုသည်။

တရားရုံးတော်တွင် သူ၏ အမှုကို စတင်၍ စစ်ဆေးသောအခါ အစိုးရရှေ့နေကြီးက သူ့အား "အမေရင်းကို လူအိုရုံ ပို့ထားပြီး မေ့မေ့ လျော့လျော့ နေပုံ၊ သေတော့လည်း ဝမ်းနည်းသည့် လက္ခဏာ တစ်စုံတစ်ရာ မပြ။ မျက်ရည်တစ်စက်မှ

မကျခဲ့ပုံ၊ အမေ့ အသက် ဘယ်လောက် ရှိပြီကိုမှ မသိပုံ၊ အမေ့ အသုဘ မြေချပြီးတော့လည်း ချက်ချင်း ပြန်ပြေးကာ နောက်တစ်နေ့မှာပင် ရည်းစားနှင့် ပင်လယ်ကွေ့ထဲ သွားရေချိုးပုံ၊ ရယ်ရွှင်ဖွယ် ရုပ်ရှင်ကား သွားကြည့်ပုံ၊ နောက် ရည်းစားကို သူ့အခန်းခေါ်ပြီး အိပ်ပုံ၊ မကောင်းသော အသက်မွေးမှုဖြင့် နေသူ၊ ဒုစရိုက်သမားများနှင့် ပေါင်းကာ ရှုပ်ရှုပ်ပွေပွေ အပေါင်း အသင်းများနှင့်ပင် လူသတ်မှုအထိ ကျူးလွန်ခဲ့ပုံ" တို့ကို အသေးစိတ် ပုံကြီးချဲ့၍ ပြသွားသည်။ ဤတွင်မှ သူ ကျူးလွန်ခဲ့သည်မှာ လူသတ်မှု သက်သက် မဟုတ်ဘဲ "လူမဆန်" သည့် ပြစ်မှု ဖြစ်နေသည်ကို တွေ့ရတော့သည်။

လူသတ်မှု သက်သက်ဆိုလျှင် လွတ်အောင် ထုချေဖို့ ခက်ခဲစရာ မရှိ။ နေပူရှိန်ကြောင့် ဦးနှောက် ဖောက်ပြန်သည့် သဘောကို ထိုဒေသရှိ လူတိုင်း နားလည်နိုင်လောက်သည်။ သို့ရာတွင် အစိုးရဘက် "ဆွဲချ" က အပြောကောင်း၊ အဟောကောင်း ဖြစ်သည့်အပေါ်တွင် သူက လူများစုက ဖြစ်၍ အင်နှင့် အားနှင့် ဖိနိုင်သည်။ သတ်သူနှင့် သေသူတို့ အကြားတွင် ရန်ငြိုး မရှိခြင်း၊ သေသူက ဓားဖြင့် ရန်မူမည့် လက္ခဏာပြခြင်း စသည့် အကြောင်းအချက်များ မပေါ်လွင်တော့ဘဲ ဤလူသည် လူ့အဖွဲ့အစည်းတွင် မရှိသင့်အောင် လူမဆန်သူ အဖြစ်ကိုသာ အထောက်အထားအပြစ် တင်ပြသွားသည်။ သေသူ့ ဘက်က လိုက်သည့် ရှေ့နေသည် တကယ်တော့ သူ့ဘက် သားမဟုတ် သူ့အတွက် ကာကွယ် ပြောဆိုနေရသော်လည်း သူ့ အမှုသည်မှာ လူမဆန်သည့် "အပြစ်ရှိ" သည်ဟု သူကိုယ်တိုင် ယုံကြည်နေသဖြင့် သူ့မှာ ဘာမှထိရောက်အောင် ပြောစရာ စကားမရှိ။ နောက်ဆုံးတွင် မာဆိုးအား လူမဆန်သူအဖြစ် လူ့အဖွဲ့အစည်းက ပယ်ထိုက်သည်ဟု ဆိုကာ သေဒဏ် ချမှတ်လိုက်သည်။ "လူ့အဖွဲ့အစည်း" ဟု ဆိုရာတွင် အသတ်ခံရသူ အာရပ် လူ့အဖွဲ့အစည်း မဟုတ်၊ သူ ထောင်ထဲ ရောက်လာတော့ အာရပ် အကျဉ်းသားများစွာက သူ့ ကို ပြုံး၍ နှုတ်ဆက်ကြသည်။

ဘာမှုလဲ မေး၍ သူက "အာရပ် တစ်ယောက်ကို သတ်သည့် အမှု" ဆိုတော့လည်း သူတို့ ဘာမှမပြော။ နောက်ပြီး သူ့အား ခင်မင်စွာပင် အာရပ် တစ်ယောက်က အိပ်ရာခင်းနည်း၊ ခေါက်နည်းများ ပြသပေးသေးသည်။

သေဒဏ်ကျ အကျဉ်းသမားအဖြစ် သူ့အား အလုံခန်းငယ်တွင် ထည့်ထား လိုက်သောအခါ သူ့မှာ သေရမည့်ဘေးကို တွေးတော ကြောက်လန့်ကာ စိတ်သောက ကြီးစွာ ဖြစ်ရုံမျှမက သေဒဏ်စီရင်မည့်သူအား နံနက် အရုဏ်တက်တွင် လာ၍ ခေါ်တတ်သည်ဟု ကြားဖူး၍ တစ်ညလုံး မအိပ်ဘဲ အရုဏ်တက်ချိန်အထိ အထိတ်တလန့် နိုးနေပြီး နေ့လယ်မှသာ တစ်ရေး တစ်မော အိပ်ရသည်။ အရုဏ်တက်ချိန် ရောက်တိုင်း သူ့တံခါးဆီမှ သဲ့သဲ့ကလေး အသံကြားလိုက်လျှင် ထ၍ ခုန်မိ လောက်အောင် ဇရဲကို သူခံရသည်။

ဤအခြေအနေတွင် အကျဉ်းထောင် ဘုန်းကြီးက ထုံးစံရှိသည့် အတိုင်း သူ့ကို တရားပြရန် တွေ့ခွင့်တောင်းသည်။ သူက ရုတ်တရက် တွေ့ခွင့် မပေးသဖြင့် ဘုန်းကြီးက သူ့ဘာသာသူ လာခဲ့သည်။ သူ့အား မေတ္တာ ကရုဏာကြီးစွာ ထား၍ တရားပြရန် အားထုတ်သည်။ ထိုအချိန်က သူ၏ အယူခံလွှာအတွက် အမိန့်တစ်စုံတစ်ရာ မကျသေး။

ဘုန်းကြီးက မာဆိုးအား ဘုရားသခင်ကို မြင်အောင် ကြည့်ဖို့၊ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ဖို့ ပြောသည်။ မားဆိုးသည် မကြည့်တတ်။ သူ့ရည်းစားကိုသာ အောက်မေ့ပြီး သူ့ရည်းစား၏ ရုပ်သွင်ကိုသာ မြင်အောင် ကြိုးစား ကြည့်သော်လည်း ဘာမှ မမြင်ရဟု ဆိုသည်။ နောက်ဆုံးတွင် သူက ဘုန်းကြီးအား သူ့တွင် နေဖို့အချိန် အနည်းငယ်မျှသာ ရှိတော့သဖြင့် ဤမျှ အဖိုးတန်လှသော အချိန်ကလေး အနည်းငယ်ကို သူ မယုံကြည်သည့် ဘုရားသခင်အကြောင်းအား တွေးတောပြီး ဖြုန်းမပစ်နိုင်ကြောင်း ပြော၍ ပြန်ပါတော့ဟု နှင်လွှတ်သည်။ သူက "ဘုရားသခင် ရှိသည်ကိုပင် မယုံဘူး ဆိုလေလေ၊ ဘုန်းကြီးက သူ့အပေါ် ကရုဏာသက်လေလေ၊ တရားဟောလေလေ ဖြစ်ပြီး နောက်ဆုံးတွင် သူ စိတ်မရှည်တော့သလို ဘုန်းကြီးအား လည်ပင်း ထညှစ်ကာ စိတ်ထဲရှိသမျှ ဒေါသကို အကုန်ထုတ်၍ ရအောင် အော်ဟစ် ပစ်လိုက်သည်။ ဤတွင် သူ၏ အယူခံလွှာတွင် အပြစ်ဒဏ် လျှော့ပေါ့ဖို့ မျှော်လင့်ချက် အားလုံး ကုန်ဆုံး သွားတော့သည်။ သူ၏ စိတ်ထဲတွင်လည်း ရှင်းလင်းသွားကာ ဖြစ်ချင်ရာ ဖြစ်တော့ဟု သဘောထားလိုက်သည်တွင် သူ၏ စိတ်များလည်း ငြိမ်သက်သွားကာ သေရမှာကိုလည်း ရှေးကလို မကြောက်တော့ဟု ဆိုသည်။

ဝတ္ထု၏ အစတွင် တွေ့ရသော ကုန်တိုက် စာရေးလေး "မာဆိုး" ၏ အပူအပင် ကင်းမဲ့သော ခပ်ပေါ့ပေါ့ဘဝသည် တဖြည်းဖြည်း လေးနက်လာကာ နောက်ဆုံးအချိန်တွင် ပြည့်ဝသွားသည့် လက္ခဏာများဖြင့် အဆုံးသတ်ထားသည်။

ဤဝတ္ထုကို ပထမအကြိမ် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေစဉ် (၁၉၄၆ ခုနှစ်) က အမှာရေးသူ ဆီရီလ်ကော်နော်လီက "ဤ ဝတ္ထုထဲတွင် ဟဲမင်းဝေး၏ အမေရိက အနောက်ပိုင်းဝတ္ထုများ၊ ဖော့ကနာ၏ အမေရိက တောင်ပိုင်း ဝတ္ထုများတွင် တွေ့မြင်ရတတ်သည့် လူဖြူ ဆင်းရဲသားများ အကြောင်းကဲ့သို့ မုဒိမ်းမှုများ၊ ဆွေမျိုးရင်းချင်း ကာမ ဖောက်ပြန်မှုများ၊ လူတစ်စုက ဥပဒေမဲ့ တရားစီရင်မှုများ မပါ။ စိတ်ညစ်စရာ ဝတ္ထုမျိုးလည်း မဟုတ်။ အားလုံးခြုံ၍ ကြည့်လျှင် ထိုထက် ပျော်ရွှင်ချမ်းမြေ့သော လူ့အဖွဲ့အစည်း တစ်ခုကို ထင်ဟပ်သည့်ဝတ္ထု ဖြစ်သည်။ ကမူးသည် အစစ်အမှန်နှင့် ကင်းဝေးလှသည့် ဘုဇ္ဇွာ လူ့ကျင့်ဝတ် သတ်မှတ်ချက်များကို တိုက်ဖျက်နေသူ ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သာယာပျော်ရွှင်ရေး အတွက်

တစ်နေ့သောအခါတွင် နိုင်ငံတကာမှ အတွေးသစ်၊ အမြင်သစ်ဖြင့် ရေးကြသည့် ဝတ္ထုဆရာ၊ ကဗျာဆရာများထံမှ သင်ယူကြရဦးမည် ဖြစ်သည်ဟု ရေးသားခဲ့သည်။

ဤမျှဆိုလျှင် စာဖတ်သူတို့သည် ကမူး၏ "စည်းအပြင်က လူ" ဝတ္ထုကို ဖတ်ရှုပြီး မိမိတို့၏ အတ္တနောမတိဖြင့် အကဲခတ်နိုင်ကြပြီဟု ယုံကြည်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ထင်လင်း ၆-၉-၇၅

အပိုင်း - ၁

အခန်း ၁

အမေ ဒီကနေ့ ဆုံးတယ်။ မနေ့က ဆုံးတာ ဖြစ်ချင်လဲ ဖြစ်မယ်။ အသေအချာ မပြောနိုင်ဘူး။ ရိပ်သာက ကြေးနန်း ကတော့ "မင်းအမေ ဆုံးပြီ။ နက်ဖြန် သင်္ဂြိုဟ်မည်၊ ဝမ်းနည်းသည်" လို့သာ ဆိုပါတယ်။ မရေမရာပါပဲ။ မနေ့က ဆုံးတာ ဖြစ်ပါလိမ့်မယ်။

ဘိုးဘွားရိပ်သာက အယ်လ်ဂျီးယားကနေ မိုင်ငါးဆယ်လောက် ဝေးတဲ့ မာရန်ဂိုးမှာ ရှိတယ်။ နှစ်နာရီထွက်တဲ့ ဘတ်စ်နဲ့ လိုက်သွားရင် မမှောင်ခင် ရောက်မယ်။ ဟိုမှာ တစ်ညနေပြီး ထုံးစံရှိတဲ့အတိုင်း တစ်ည အသုဘစောင့် ကိစ္စကုန်ပြီး ပြန်လာရင် နက်ဖြန်ညနေ ဒီကို ပြန်ရောက်မယ်။ ကျွန်တော့် အလုပ်ရှင်ဆီက ခွင့်နှစ်ရက် ယူခဲ့တယ်။ အခုလို ကိစ္စမျိုးမှာတော့ သူ မငြင်းနိုင်တော့တာ ထင်ရှားပါတယ်။ ဒါပေမယ့်လဲ သူ့စိတ်ထဲမှာ ကသိကအခောင့် ဖြစ်နေသလားလို့ ကျွန်တော် ထင်မိတာနဲ့ အမှတ်မဲ့ပဲ "ကျွန်တော်လဲ မတတ်သာလို့ ခွင့်ယူ ရတာပါဗျာ"လို့ ပြောခဲ့တယ်။

နောက်မှ ကျွန်တော် အဲသလို ပြောဖို့ မလိုဘူးဆိုတာ တွေးမိတယ်။ ကျွန်တော် ဘာကြောင့် ပြောပြနေစရာ လိုလို့လဲ။ သူ့ဘာသာ သူ ဝမ်းနည်းကြောင်း ဘာညာ ပြောချင်ပြောဖို့ပဲ။ ကျွန်တော် ပြန်လာမှ အဝတ်နက်တွေ ဘာတွေနဲ့ မြင်မှ ပြောမယ် ထင်ပါရဲ့။ အခုတော့ဖြင့် အမေ မသေသေးသလိုပါပဲ။ သင်္ဂြိုဟ်လို့ ပြီးမှပဲ အမေတကယ် သေပြီဆိုတာကို တရားဝင် အတည်ပြု လိုက်သလို ယုံတော့မှာပဲ။ ကျွန်တော် နှစ်နာရီထွက်တဲ့ ဘတ်စ်နဲ့ လိုက်ခဲ့တယ်။ နေကလည်း ဝင်းဝင်းတောက်အခေါင် ပူတဲ့နေပဲ။ ကျွန်တော်ခါတိုင်းလိုပဲ ဆေးလက်စ်ရဲ့ ဆိုင်မှာ နေ့လယ်စာ စားခဲ့တယ်။ လူတိုင်းဟာ ကျွန်တော်အပေါ် ကရုဏာ သက်ကြပါတယ်။ ဆေးလက်စ်ကဆိုရင် "အမေဆိုတာ အစားထိုး မရနိုင်ဘူးပေါ့ကွာ" လို့ ပြောပါတယ်။ ကျွန်တော် ထွက်လာတော့ သူတို့ တံခါးဝအထိ လိုက်ပို့ကြပါတယ်။ ကျွန်တော်လည်း နောက်ဆုံး အချိန်မှာမှ အီမန်နွယ်ဆီဝင်ပြီး သူ့ဆီက လည်စည်း အနက်၊ လက်ပတ် အနက်တို့ ဝင်ငှားနေရတာနဲ့ အပြေးအလွှား ဆိုသလို ထွက်ခဲ့ရတယ်။ အီမန်နွယ်က သူ့ဦးလေး တစ်ယောက် ဆုံးထားတာ နှစ်လ သုံးလပဲ ရှိသေးတာကိုး။

ဘတ်စ်ကို မီဖို့ ကျွန်တော် ပြေးရတယ်။ အဲသလို အပြေးအလွှား လာခဲ့ရတာနဲ့ နေကပူပူ၊ ကတ္တရာလမ်းက အရောင် ပြန်တာနဲ့၊ ကား ဆောင့်တာနဲ့ ဓာတ်ဆီနံ့ နံ့တာနဲ့ အိပ်ငိုက်လိုက်တာ မပြောနဲ့တော့ တစ်လမ်းလုံးလည်း ငိုက်လိုက် လာတာပါပဲ။ နိုးလာမှ ကြည့်လိုက်တော့ စစ်သားကလေး တစ်ယောက်ကို မှီလျက်သား အိပ်ပျော်ခဲ့တာကိုး။ သူက သွားပေါ်အခေါင် ပြုံးပြပြီး ခရီးဝေးက လာခဲ့ရတာလားလို့ မေးပါတယ်။ ကျွန်တော်လဲ ပြီးလွယ်အခေါင် ခေါင်းပဲ ညိတ်ပြ လိုက်ပါတယ်။ စကား

ပြောချင်စိတ်ကလဲ မရှိဘဲကိုး။

ရိပ်သာဟာ ရွာနဲ့ တစ်မိုင်ကျော်ကျော်မှာ ရှိတယ်။ အဲဒီကို ကျွန်တော် ခြေလျင်လျှောက်သွားတယ်။ ရောက်ရောက်ချင်း ကျွန်တော်က အမေ့ကို ကြည့်ချင်တယ်လို့ ပြောတော့ တံခါးစောင့်က အဆောင်မှူးကို အရင်တွေ့ပါလို့ ပြောပါတယ်။ သူကလဲ မအားတော့ ကျွန်တော် ခဏ စောင့်နေရတယ်။ ကျွန်တော် စောင့်နေတုန်း တံခါးစောင့်က ကျွန်တော့်ကို စကားပြောနေတယ်။ ပြီးတော့မှ ရုံးကိုခေါ် သွားတယ်။ အဆောင်မှူးဟာ ဆံဖြူစ လူလုံး လူဖန် ခပ်သေးသေး ကုတ်အင်္ကျီ ကြယ်သီးပေါက်မှာ ဂုဏ်ထူးဆောင် မော်ကွန်းဝင် တံဆိပ် တွယ်ထားသူဖြစ်တယ်။ သူက သူ့ရဲ့ပြာလဲ့လဲ့ မျက်လုံးရွဲကြီး တွေနဲ့ ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေတယ်။ ပြီးမှ လက်ဆွဲပြီး နှုတ်ဆက်ကြတော့လည်း ကျွန်တော့်လက်ကို အကြာကြီး ဆွဲကိုင် ထားလို့ ကျွန်တော့်မှာ အတော် အနေရ အထိုင်ရ ခက်သွားပါတယ်။ ပြီးမှ သူ့စားပွဲပေါ်က မှတ်ပုံတင်စာအုပ်ကြီးတစ်ခုကို ဖွင့်လိုက်ပြီး…

“မဒမ်မားဆိုးဟာ လွန်ခဲ့တဲ့ သုံးနှစ်က ရိပ်သာကို ရောက်ခဲ့တယ်။ ကိုယ်ပိုင် ဝင်ငွေ မရှိဘူး။ မင်းအပေါ်မှာ လုံးဝ မှီခိုနေရသူ ဖြစ်တယ်” လို့ ပြောပါတယ်။

သူပြောပုံက ကျွန်တော့်ကို အပြစ်တင်နေသလိုပဲလို့ ကျွန်တော့် စိတ်ကထင်တာနဲ့ ရှင်းလင်းပြောဖို့ စ,လိုက်တယ် ဆိုရင်ပဲ သူက တားလိုက်ပါတယ်။

“အကြောင်းပြနေဖို့ မလိုပါဘူးကွယ်၊ မှတ်တမ်းတွေကို ကြည့်ပြီးပါပြီ။ မင်းမှာလဲ အမေ့ကို ကောင်းကောင်း ပြုစု စောင့်ရှောက်နိုင်တဲ့ အခြေအနေ မရှိဘူးဆိုတာ ထင်ရှားပါတယ်။ တစ်ချိန်လုံး အနားမှာနေပြီး ဂရုစိုက်မယ့် လူလိုတာ၊ မင့်အလုပ်မျိုးနဲ့ လူငယ်တွေကလဲ လခကောင်းကောင်း ရကြတာမှ မဟုတ်ဘဲ။ ဘယ်လိုမဆိုလေ မင်းရဲ့အမေဟာ ရိပ်သာမှာ ပိုပြီး ပျော်ပါတယ်”

ကျွန်တော်က “ဟုတ်ကဲ့ခင်ဗျာ၊ ဒါကိုတော့ ကျွန်တော် ကောင်းကောင်း သိပါတယ်” လို့ ပြောလိုက်ပါတယ်။

ဒီတော့ သူက “ဒီမှာ မိတ်ဆွေကောင်းတွေ၊ ဘာတွေ ရှိတယ်ကွယ့် သိလား။ သူ့လို လူအိုတွေပေါ့ကွယ်။ သက်တူ ရွယ်တူချင်း ဆိုတော့လဲ ပိုပြီး သင့်မြတ်တာပေါ့။ မင်းက ငယ်နေတော့ မင့်အမေမှာ အဖော်မရနိုင်ဘူးပေါ့” လို့ ပြောပါတယ်။

မှန်ပါတယ်။ ကျွန်တော်တို့ အတူတကွနေစဉ်က အမေဟာ ကျွန်တော့်ကို အရိပ်တကြည့်ကြည့်နဲ့ နေရုံပဲ။ စကားတော့ ပြောခဲသွားပါပဲ။ ရိပ်သာကို ရောက်စ တစ်လ နှစ်လကတော့ ငိုချည်းပဲ နေသတဲ့။ ဒါပေမယ့် ဒါက နေသားမကျခင်ပါပဲ။ တစ်လ နှစ်လ လွန်ခဲ့တော့ ရိပ်သာက ထွက်သွားရမယ် ဆိုရင်တောင် ငိုမလား

မသိပါဘူး။ အခွဲရ ခက်နေမှာကိုး။ ဒါကြောင့်ပဲ ကျွန်တော်လဲ လွန်ခဲ့တဲ့နှစ်က အမေ့ဆီ တယ်မရောက်ဖြစ်ခဲ့ဘူး။ ပြီးတော့ ကျွန်တော်က တနင်္ဂနွေကလေးပဲ အားတာ။ ဘတ်စ်မီအောင် သွားရတဲ့ဒုက္ခ၊ လက်မှတ် ဝယ်ရတဲ့ ကိစ္စ၊ အသွား အပြန် နှစ်နာရီလောက် ခရီးပန်းရမယ့် ကိစ္စတွေကလည်း ရှိလို့ပေါ့လေ။

အဆောင်မှူးက စကား ဆက်ပြောနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က သိပ်နားမစိုက်မိတော့ဘူး။ နောက်ဆုံး သူက ကဲ... ကဲ မင်းလဲ မင့်အမေကို ကြည့်ချင်ရောမယ်" လို့ ပြောတော့ ကျွန်တော် ဘာမှ ပြန်မပြောဘဲ ထိုင်ရာက ထလိုက်ပါတယ်။ သူလဲ ထပြီး ရှေ့က လမ်းပြရင်း တံခါးဆီကို ထွက်သွားတယ်၊ လှေကားကို ဆင်းကြရင်း သူက ရှင်းပြလာတယ်။

"အလောင်းကိုတော့ ဒီကိစ္စအတွက် ထားတဲ့ ယာယီ အဆောက်အအုံ (မော်ချာရီ) ကလေးထဲမှာ ရွှေ့ခိုင်း ထားလိုက်တယ်။ တခြား လူအိုတွေ စိတ်ထိခိုက်မှာ စိုးလို့လေ။ ဒီမှာ လူတစ်ယောက် သေတိုင်း သူတို့အားလုံး နှစ်ရက် သုံးရက်တော့ စိတ်မငြိမ်ကြဘူး။ ဒီတော့ ဒီက အလုပ်သမားတွေအဖို့ အလုပ်ပိုတာပေါ့ကွယ်"

ကျွန်တော်တို့ အလယ်က ကွက်လပ်ကို ဖြတ်ခဲ့ကြတော့ လူအို တစ်စုတစ်စုစီ စကားစုပြောနေကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့ သူတို့နားရောက်သွားတော့ သူတို့ တိတ်ဆိတ်သွားကြပါတယ်။ ကျွန်တော်တို့ လွန်သွားတော့ စကားပြောသံတွေ ကြားမြဲ ကြားရ ပြန်ပါတယ်။ သူတို့အသံတွေဟာ လှောင်ချိုင့်ထဲက ကျေးကျတ်တွေ လိုပဲ။ အဲသလောက် မစူးရှတာ တစ်ခုပဲ။ အဆောင်မှူးဟာ အဆောက်အအုံ နိမ့်ကလေးတစ်ခု အပြင်ဘက်မှာ ရပ်လိုက်ပါတယ်။

"ကဲ... မင်းဒီမှာ နေခဲ့ပေတော့။ အကြောင်းရှိရင် ရုံးခန်းထဲမှာ ကျုပ်ရှိတယ်။ အသုဘ ချဖို့အတွက် နက်ဖြန် လျာထားတယ်။ ဒီညှ မင်းလဲ မင်းအမေရဲ့ အလောင်းနားမှာပဲ နေချင်မှာပဲဆိုတော့ အချိန် ရတာပေါ့။ အင်း.. နောက်ဆုံးတစ်ခုက မင့်အမေရဲ့ မိတ်ဆွေများဆီက သိရတာကတော့ သူ့ကို ခရစ်ယာန်ထုံးစံအတိုင်း သင်္ဂြိုဟ်စေချင်တယ်လို့ ဆိုတယ်။ အဲဒါအတွက် အစီအစဉ် လုပ်ထားပြီး ဖြစ်ပေမယ့် မင့်ကိုတော့ အသိပေးသင့်တယ် ထင်လို့..."

ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်။ ကျွန်တော် သိသလောက် ပြောရရင် အမေဟာ ဘာသာ မရှိသူရယ်လို့ အတိအလင်း မကြေညာတောင် သူ့တစ်သက်မှာ ဘာသာရေးရယ် ဘာရယ် တွေးခဲ့မိပုံ မရပါဘူး။

ကျွန်တော်လည်း မော်ချာရီ အဆောက်အအုံကလေးထဲကို ဝင်ခဲ့ပါတယ်။ အခန်းကလေးက နံရံတွေကို ဖြူစင် ကြည်လင်အောင် ဆေးသုတ်ထားပြီး မှန်လည် ပေါက်ကြီးကြီး ရှိပါတယ်။ အခန်းထဲမှာကတော့ ကုလားထိုင် လေးငါးဆယ်လုံးနဲ့

မြင်းခုံရှည်များပဲ ရှိပါတယ်။ မြင်းခုံရှည်နှစ်ခုကို အခန်းအလယ်မှာ ကန့်လန့်ချပြီး ခေါင်းကို အဲဒီအပေါ်မှာ တင်ထားပါတယ်။ အဖုံးအုပ်ထားပေမယ့် ဝတ်အူတွေကိုတော့ အသေမစုပ်သေးဘဲ တစ်ရစ် နှစ်ရစ်ပဲ လှည့်ထားလို့ သူတို့ရဲ့ ဒန်ရောင် ထိပ်ကလေးတွေဟာ အနက်ရောင် သစ်သားရဲ့ အထက်မှာ ငုတ်တုတ်ပေါ်နေပါတယ်။ သူနာပြု ဖြစ်ဟန်တူတဲ့ အင်္ကျီပြာနဲ့ ခေါင်းမှာ အရောင်တောက်တောက် ပဝါစည်းထားတဲ့ အာရပ် အမျိုးသမီး တစ်ယောက်က အလောင်းစင်ဘေးမှာ ထိုင်နေပါတယ်။ အဲဒီအချိန်မှာပဲ တံခါးစောင့်ဟာ ကျွန်တော့်ရဲ့ နောက်က ရောက်လာတယ်။ သူဟာ အပြေးအလွှား လာခဲ့ရဟန် တူပါတယ်။ သူ နည်းနည်း မောနေသလိုပါပဲ။

"အဖုံးကို ပိတ်ထားပြီးသားလေ၊ ခင်ဗျားလာတော့ ခင်ဗျား ကြည့်ချင် ကြည့်ရအောင် ဆိုပြီး ပြန်ဖွင့်ထားခိုင်းလို့ ဖွင့်ထားတယ်" သူကခေါင်းဆီကို သွားနေတော့ ကျွန်တော်က နေပါစေတော့လို့ ပြောလိုက်ရတယ်။

"ဟင် ..ဘယ်လိုလဲ၊ မဖွင့်စေချင်ဘူးလား" လို့ တအံ့တသြဆို ပါတယ်။

ကျွန်တော်လည်း "မဖွင့်ပါနဲ့" လို့ ပြောလိုက်တယ်။ သူလဲ ဝတ်အူလှည့်ကို အိတ်ထဲ ပြန်ထည့်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေပါတယ်။ ကျွန်တော်လဲ "မဖွင့်ပါနဲ့"လို့ ပြောလိုက်တာ မှားသွားတယ် ဆိုတာကို သတိရပြီး မျက်နှာ မထားတတ်အောင် ဖြစ်သွားတယ်။ ကျွန်တော့်ကို အတော်ကြာ စိုက်ကြည့်နေပြီးမှ သူက "ဘာဖြစ်လို့လဲ" လို့ မေးပါတယ်။ သူ့အသံဟာ အပြစ်တင်လိုတဲ့ အသံမဟုတ်ဘဲ တကယ်သိချင်လို့ မေးတဲ့အသံမျိုးပါ။

"ကျွန်တော် မပြောတတ်ဘူး" လို့ ကျွန်တော်က ဖြေတယ်။ သူလည်း နှုတ်ခမ်းမွေးကို သပ်ပြီး ကစားရင်း အတော်ကြာမှ ကျွန်တော့်ကို မကြည့်ဘဲ "ကောင်းပြီလေ"လို့ အသာအယာ ပြောလိုက် ပါတယ်။

သူဟာ မျက်လုံးပြာပြာ၊ ပါးစူနီနီနဲ့ မျက်နှာချိုထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ကုလားထိုင် တစ်လုံးကို ကျွန်တော် ထိုင်ဖို့ ခေါင်းနား ရွှေ့ပေးပြီး သူက ကျွန်တော့်နောက်က ကပ်ပြီးထိုင်ပါတယ်။ သူနာပြုလဲ ထိုင်ရာက ထပြီး တံခါးဆီကို ထွက်သွားတယ်။ သူ ဖြတ်သွားတော့ တံခါးစောင့်က ကျွန်တော့်နားနားကို ကပ်ပြီး လေသံနဲ့ "အနာပေါက် ရှာတာလေ။ သနားပါတယ်" လို့ ဆိုတယ်။

ကျွန်တော် သေသေချာချာ ပြန်ကြည့်တော့ မျက်စိအောက်နားစမှာ ခေါင်းကိုပတ်ပြီး ပတ်တီး စီးထားတာ တွေ့ ရတယ်။ နှာခေါင်း ရိုးပေါ်မှာဖြတ်ပြီး ခပ်ပြားပြား ဖြစ်နေသလို ပတ်တီးဖြူဖြူက လွဲလို့ ရုပ်သွင်ကို သိပ်မမြင်ရဘူး။

သူ ထွက်သွားသွားချင်း တံခါးစောင့်လဲ ထိုင်ရာက ထလိုက်တယ်။

“ကဲ…ကျွန်တော်လဲ သွားတော့မယ်လေ၊ နေရစ်ပေတော့” ကျွန်တော် သူ့ကို လက်ပြ လိုက်မိသလား မသိပါ။ သူထွက် မသွားသေးဘဲ ကျွန်တော့် ကုလားထိုင်နောက်မှာ တန့်ခနဲ ရပ်သွားတယ်။ ကျွန်တော့်နောက်က တစ်ခုခု ရောက်နေတာကို သိရပြီး ကျွန်တော် စိတ်မသက်မသာ ဖြစ်သွားပါတယ်။ နေကျလာပြီမို့ နေရောင်ခြည်နုနုကလေးများ အခန်းထဲ ထိုးဝင်လာပါတယ်။ နကျယ် နှစ်ကောင်ဟာ ကျွန်တော် ခေါင်းပေါ်က မှန်လည်ပေါက်နားမှာ တစီစီ တိုးဝှေ့နေပါတယ်။ ကျွန်တော်လဲ မျက်လုံးများကို ဖွင့်မရလောက်အောင် အိပ်ငိုက်လာတယ်။ ကျွန်တော် နောက်ကို လှည့်မကြည့်ဘဲ သူ ရိပ်သာကို ရောက်တာ ဘယ်လောက် ကြာပြီလဲလို့ မေးလိုက်ပါတယ်။ “ငါးနှစ်”တဲ့။ သူ ဖြေလိုက်ပုံဟာ မြန်ဆန်လွန်းလို့ ကျွန်တော် ဒီလို မေးလိမ့်မယ်ဆိုတာ သူ မျှော်လင့်ထားသလိုပဲလို ထင်စရာပဲ။

အဲဒီလို စကားစမိတယ် ဆိုရင်ပဲ သူဟာ စကားတွေ ဖောင်ထအောင် ပြောတော့တာပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ် လောက်ကသာ တစ်ယောက်ယောက်က သူ့ကို မာရန်းဂိုး ဘိုးဘွားရိပ်သာမှာ သူ့ဘဝ အဆုံးသတ်ရလိမ့်မယ်လို့ ပြောရင် သူ ယုံလိမ့်မယ် မဟုတ်တဲ့ အကြောင်း၊ သူအခု ခြောက်ဆယ့်လေးနှစ် ရှိပြီဖြစ်တဲ့အကြောင်း ပဲရစ်မြို့က လာခဲ့ကြောင်း ပြောပြတယ်။

သူက အဲဒီလိုပြောတော့ ကျွန်တော်က ဘာရယ်လို့ မဟုတ်ပါဘူး။ “ဩော်… ခင်ဗျား ဒီက မဟုတ်ဘဲကိုး” လို့ ပြောလိုက်ပါတယ်။

ဒီတော့မှ ကျွန်တော့်ကို အဆောင်မှူးဆီ ခေါ်မသွားခင် သူ ကျွန်တော့်ကို အမေ့အကြောင်း ပြောတာ သတိရတယ်။ ဒီအရပ်ဒေသ အတွက် အထူးသဖြင့် အပူရှိန် ပြင်းလွန်းတော့ အသုဘကို အတော်ကို မြန်မြန် သင်္ဂြိုဟ်ရတဲ့ အကြောင်း၊ ပဲရစ်မှာဆိုရင် လူသေရင် သုံးရက်၊ တစ်ခါတလေ လေးရက်ထားကြောင်း ပြောပါတယ်။ ပြီးတော့ သူ့တစ်သက်သာ ပဲရစ်မှာ အနေများခဲ့ကြောင်း၊ ပဲရစ်ကို ဘယ်တော့မှ မေ့လို့ မရနိုင်ခဲ့ကြောင်းကိုလည်း ပြောပါသေးတယ်။ ဒီမှာဆိုတော့ ဘာမဆို အပြေးအလွှားချည်းပဲ။ လူတစ်ယောက် သေရင် သေမှန်းတောင် မသိခင် မသာက ချလိုက်ရတော့တာ” လို့လဲ ပြောတယ်။ သူ့မိန်းမက “တော်ပါတော့ရှင်၊ မအဆေးလို့ လာရာတဲ့လူကို မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့” ဝင်ပြောမှ အားတုံ့ အားနာဖြစ်ပြီး ကျွန်တော့်ကို တောင်းပန် နေပါတော့တယ်။ ကျွန်တော်က ကိစ္စမရှိပါဘူးလို့ ပြောရတယ်။ တကယ်တော့ သူ ပြောပြ နေတာတွေဟာလည်း နားထောင်လို့ အကောင်းသားပါပဲ။ အရင်က ကျွန်တော် ဒါတွေကို ဘယ်တွေးမိမလဲ။

ပြီးတော့ သူ ဒီဘိုးဘွားရိပ်သာကို သာမန်လူအိုအဖြစ် ရောက်လာတဲ့ အကြောင်း ဆက်ပြောပါတယ်။ ဒါပေမယ့် သူဟာ ကျန်းမာ သန်စွမ်းသူဖြစ်ပြီး

ဒီရိပ်သာမှာ တံခါးစောင့်ရာထူး လစ်လပ်တော့ သူ ဝင်ရောက်တဲ့ အကြောင်းလဲ ပြောပါတယ်။

ကျွန်တော်က သူဟာ တကယ်တော့ တခြား ဘိုးဘွားတွေလိုပဲ ဒီရိပ်သာက လူတစ်ယောက်ပဲလို့ ပြောတော့ သူက လက်မခံပါဘူး။ သူက "အမှုထမ်း" ဆိုတာမျိုးကိုး။ ကျွန်တော်လဲ သူထက် သိပ်မကြီးသေးတဲ့ ရိပ်သာ ဘိုးဘွားတွေအကြောင်း ပြောတဲ့အခါ သူက "သူတို့တွေ"၊ "သူတို့ လူအိုတွေ"လို့ ထည့်ထည့်ပြောတာ ထူးပါတယ်လို့တော့ အထင်မိသားပါပဲ။ ဘယ်လို ဖြစ်ဖြစ် ကျွန်တော် သူ့ကို နားလည်နိုင်ပါတယ်။ တံခါးစောင့်ဆိုတော့ သူဟာ အခြေအနေ တစ်မျိုးနဲ့ ကျန်တဲ့လူတွေရဲ့ အပေါ်မှာ တန်ခိုးအာဏာ ပါဝါ ရှိနေမှာကိုး။

အဲဒီအခိုက်မှာပဲ သူနာပြု ပြန်ဝင်လာပါတယ်။ မိုးချုပ်တာလဲ သိပ်မြန်ပါတယ်။ ချက်ချင်း ဆိုသလိုပဲ မှန်လည်တံခါးက ဝင်လာတဲ့ မိုးကောင်းကင် အလင်းရောင်ဟာ မှောင်သွားတယ်။ တံခါးစောင့်က မီးတွေ ဖွင့်လိုက်တယ်။ ရုတ်တရက် ထိုးလိုက်တဲ့ မီးရောင်တွေကြောင့် ကျွန်တော့်မျက်စိတွေတောင် ကျိန်းသလို ဖြစ်သွားတယ်။

သူက ကျွန်တော် ထမင်းစားဆောင်ကို သွားပြီးတစ်ခုခု စားမလားပြောလို့ ကျွန်တော်က မဆာကြောင်း ပြောလိုက်ရတယ်။ ဒီတော့ သူက ကော်ဖီတစ်ခွက်လောက် ဖျော်ယူခဲ့မယ်လို့ ဆိုပြန်တယ်။ ကျွန်တော်ကလည်း ကော်ဖီ ကြိုက်တဲ့လူမို့ "ကျေးဇူးပဲဗျာ"လို့ ပြောလိုက်ပါတယ်။ အတော်ကလေးကြာတော့ လင်ပန်းတစ်ချပ်နဲ့ (ကော်ဖီ တွေတင်ပြီး) သူ ပြန်ရောက်လာတယ်။ ကျွန်တော်လဲ ကော်ဖီကို သောက်ပြီး၊ စီးကရက် သောက်ချင်လာတယ်။ ဒါပေမယ့် အခုလို အခြေအနေမျိုးမှာ အမေ့အလောင်းနားမှာ ဆေးလိပ်သောက်လို့ တော်ပါ့မလားဆိုတာ စဉ်းစားရပြန်တယ်။ တကယ်တော့ ကိစ္စရှိဟန်မတူပါဘူး။ ဒါနဲ့ ကျွန်တော် တံခါးစောင့်ကို ဆေးလိပ်ထုတ်တည်ပြီး ကျွန်တော်တို့ နှစ်ယောက်သား စီးကရက် သောက်ကြပါတယ်။

ခဏကြာတော့ သူက စကားပြောပြန်ပါတယ်။

"ခင်ဗျားအမေရဲ့ မိတ်ဆွေတွေ မကြာခင် လာကြလိမ့်မယ် သိလား၊ အလောင်းဘေးမှ ထိုင်စောင့်ကြဖို့ပေါ့၊ ဒီမှာ လူသေတယ် ဆိုရင် အဲသလိုပဲ စောင့်ကြတယ်။ ကုလားထိုင်တွေနဲ့ ကော်ဖီကြမ်းလေး ဘာလေး သွားယူလိုက်ဦးမယ်"

နံရံဆေးဖြူကရောင်ပြန်ဟပ်တာနဲ့ ကျွန်တော့်မျက်စိများ ကျိန်းစပ်နေတယ်။ ကျွန်တော်က မီးတစ်လုံးတလေ ငြိမ်းပေးဖို့ ပြောတော့ သူက "မရဘူးဗျ၊ ပိတ်ရင်လည်း အကုန်ပိတ်၊ ဖွင့်ရင်လဲ အကုန်ပွင့်အောင် လုပ်ထားတာ"လို့ ပြောပါတယ်။ ဒီနောက်တော့ ကျွန်တော်လည်း သူ့ကို တယ်ပြီး ဂရုမစိုက်မိပါဘူး။ သူ ထွက်သွားပြီး ကုလားထိုင်တွေ ယူလာတယ်။ ပြီးတော့ ခေါင်းပတ်လည်မှာ စီပြီးချထားတယ်။

ကုလားထိုင် တစ်လုံးပေါ်မှာတော့ ကော်ဖီတစ်အိုးနှင့် ပန်းကန် လေးငါးဆယ်လုံး ချထားတယ်။ ပြီးတော့ အမေ့အလောင်းတစ်ဖက်က ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ သူထိုင်လိုက်တယ်။ သူနာပြုဟာ အခန်းတစ်ဖက်စွန်းမှာ ကျွန်တော့်ဘက်ကို ကျောပေးထားတယ်။

သူ ဘာလုပ်နေတယ်ဆိုတာ ကျွန်တော် မမြင်ရဘူး။ ဒါပေမယ့် သူ့လက်မောင်းလှုပ်ပုံကို ကြည့်ရတာကတော့ သူဟာ သိုးမွေး ထိုးနေတာလို့ ထင်ရတယ်။ ကျွန်တော်လည်း နေရတာ သက်တောင့် သက်သာ ဖြစ်လာပါတယ်။ ကော်ဖီကလေးရဲ့ ကျေးဇူးပေပဲ။ ပြီးတော့ ပွင့်နေတဲ့ တံခါးပေါက်က ပန်းရနံ့ကလေးများနဲ့ ညဉ့်လေညင်း လေအေးကလေးကို ရှူရလို့လား မသိဘူး။ ကျွန်တော် ခဏ အိပ်ပျော်သွားတယ် ထင်ပါတယ်။

ကျွန်တော့် နားထဲမှာ ရှပ်ရှပ်ရှဲရှဲ အသံတွေကြားနေတော့ ကျွန်တော် နိုးလာပါတယ်။ မျက်လုံးတွေ မှိတ်ထားရာက ပြန်ဖွင့်လိုက်တော့ အလင်းရောင်တွေဟာ အရင်ကထက်ပိုပြီး အားကောင်းလာတယ်လို့ ထင်မိတယ်။ ဘယ်နေရာမှ အရိပ်ရယ်လို့ တစ်စမမြင်ရဘူး။ အရာရာတိုင်း၊ ထောင့်တိုင်း၊ အကွေးတိုင်းကို ပြတ်ပြတ်သားသား မြင်နေရတယ်။ အမေ့မိတ်ဆွေ လူအိုတွေလဲ ဝင်လာနေကြတယ်။ ကျွန်တော် ရေကြည့်တော့ အားလုံး ဆယ်ယောက်ရှိတယ်။ အရိပ်ကင်းတဲ့ အလင်းရောင်ဖြူဖြူထဲကို အသံမကြားရအောင် ငြိမ်ငြိမ်ကလေးနဲ့ တရွေ့ရွေ့ ဝင်လာနေကြတယ်။ သူတို့ ထိုင်ကြတော့လဲ ကုလားထိုင်တစ်လုံးမှ ကျိုးကျိုးကျွီကျွီ မမြည်ပါဘူး။ ကျွန်တော့် တစ်သက်မှာ ဒီလူတွေကို မြင်ရသလောက် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ဘယ်သူ့ကိုမှ မမြင်ဖူးဘူး။ သူတို့ရဲ့ အဝတ်အစားအစ အသွင်အပြင် အားလုံးကို အသေးစိတ် ကြည့်နေပါတယ်။ ဒါတောင် သူတို့ဆီက ဘာသံမှ မကြားရတော့ သူတို့ တကယ်ရှိနေ ပါတယ်ဆိုတာတောင် ယုံဖို့ ခပ်ခက်ခက်ပဲ။

မိန်းမကြီးတိုင်းလိုလိုပဲ ခါးစည်း ရှေ့ဖုံး ဝတ်ထားကြပါတယ်။ ခါးစည်းကြိုး ချည်ထားတော့ သူတို့ ဗိုက်ဝဝကြီးတွေ အစ်ပြီး ထွက်နေပါတယ်။ အဘွားအိုကြီးများ အဲသလို ဗိုက်ပူကြီးတွေနဲ့ ရှိတတ် တယ်ဆိုတာကို အလျင်က သတိမပြုမိဘူး။ ယောကျ်ားကြီးတွေကတော့ အများအားဖြင့် တုတ်ချောင်းကလေးတွေလို ပိန်ကြပါတယ်။ အားလုံးပဲ တောင်ဝှေးပါကြပါတယ်။ သူတို့မျက်နှာတွေရဲ့ ထူးခြားချက်ကတော့ သူတို့ရဲ့ မျက်လုံးတွေကို မမြင်ရတဲ့ တွန့်ရှုံ့နေတဲ့ အရေပြား အိတ်ထဲက ခပ်မှိန်မှိန်လက်နေတဲ့ အရောင်ကိုသာ မြင်ရခြင်းပဲ။

သူတို့တစ်တွေထိုင်ကြရင်း ကျွန်တော့်ကို ကြည့်ပြီး သူတို့ရဲ့ သွားမရှိတော့တဲ့ ပါးစပ်ကလဲ တပြွတ်ပြွတ်စုတ်ရင်း ခေါင်းတွေ ဟိုယိမ်း ဒီယိမ်းနဲ့ လှုပ်ရမ်းကြပါတယ်။ သူတို့ ကျွန်တော့်ကို နှုတ်ဆက်ပြီး တစ်ခုခုပြောဖို့ အားထုတ်နေတာလား၊ ဒါမှမဟုတ်

အသက်အရွယ်ကြီးလို့ တုန်တုန်ရင်ရင် ဖြစ်နေတာလားဆိုတာ ကျွန်တော် မပြောတတ်ပါဘူး။ ကျွန်တော့်ကို နှုတ်ဆက်နေကြတာလို့တော့ ထင်ပါတယ်။ ဒါပေမယ့် ဒီလူအိုတွေ တံခါးစောင့်ရဲ့ ပတ်လည်မှာ ဝိုင်းထိုင်ပြီး ကျွန်တော့်ကို ခေါင်းတယမ်းယမ်းနဲ့ လေးလေးနက်နက် ကြည့်နေကြပုံကို မြင်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးပါပဲ။ ခဏတော့ သူတို့တစ်တွေဟာ ကျွန်တော့်အမှုကို စီရင်ဖို့ ရောက်လာကြတာများလားတောင် မဆီမဆိုင် တွေးမိပါသေးတယ်။

အတော်ကလေးကြာတော့ မိန်းမကြီးတွေထဲက တစ်ယောက်က ငိုပါလေရော။ သူက ဒုတိယ ခုံတန်းမှာ ထိုင်နေတာမို့ သူ့ရှေ့က တခြား မိန်းမကြီး တစ်ယောက်နဲ့ ကွယ်နေလို့ သူ့ကို ကျွန်တော် မမြင်ရဘူး။ ကျိတ်ပြီး ငိုနေတဲ့ သူ့ရှိုက်သံဟာ ချက်မှန်မှန် ပေါ်လာနေတယ်။ တိတ်မှ တိတ်ပါဦးတော့မလားတောင် အောက်မေ့ ရတယ်။ တခြားလူတွေကတော့ သတိပြုမိကြပုံ မပေါ်ပါဘူး။ ငြိမ်ငြိမ်သက်သက် ကုလားထိုင်ပေါ်မှာ ခါးထောက် ထိုင်လျက်က ခေါင်းကို စိုက်ကြည့်သူက ကြည့်နဲ့ သူတို့လက်ထဲက တောင်ဝှေးကို စိုက်ကြည့်သူက ကြည့်နဲ့ သူတို့မျက်စိရှေ့မှာ ရှိတာကိုသာ စိုက်ကြည့်နေ ကြတယ်။ တခြား ဘယ်ကိုမှ တစ်ချက် လှဲမကြည့်ကြပါဘူး။ ငိုတဲ့ မိန်းမကြီးကလဲ ငိုတုန်းပဲ။ ကျွန်တော်လဲ ငိုတာ ဘယ်သူလဲဆိုတာ မသိရတဲ့အတွက် အံ့အားပဲ သင့်နေမိတယ်။ သူ့ကို အငိုတိတ် စေချင်ပေမယ့် စကားတော့ မပြောဝံ့ဘူး။ တစ်ခဏကြာတော့ တံခါးစောင့်က သူ့ဘက်ကို ကိုင်းညွှတ်ပြီး နားနားကို တစ်ခုခု ကပ်ပြောတယ်။ သူကတော့ ခေါင်းကို ယမ်းပြပြီး ပါးစပ်က တစ်ခုခု ပြောပေမယ့် ကျွန်တော် မကြားရပါဘူး။ ပြီးတော့ သူဟာ ရှေးနည်း အတိုင်း မှန်မှန်ကြီး ဆက်ပြီး ရှိုက်ငိုနေတယ်။

တံခါးစောင့်က ထိုင်ရာက ထပြီး သူ့ ကုလားထိုင်ကို ကျွန်တော့် ကုလားထိုင်ဘေး ရွှေ့လာထိုင်တယ်။ အစတော့ သူငြိမ်နေတယ်။ နောက်တော့ သူ ကျွန်တော့်ကို မကြည့်ဘဲ ရှင်းပြပါတယ်။

"သူက ခင်ဗျား အမေကို သိပ်ချစ်ရှာတာ၊ ခင်ဗျား အမေဟာ သူ့အဖို့ တစ်လောကလုံးမှာ တစ်ဦးတည်းသော မိတ်ဆွေတဲ့။ အခု လောကကြီးထဲမှာ သူတစ်ယောက်တည်းပဲ ရှိတော့သတဲ့"

ကျွန်တော်ဘာမှပြောစရာမရှိပါ။ အတော်ကြာအောင် ငြိမ်သက်နေပါတယ်။ ခဏကြာရင်ပဲ မိန်းမကြီးရဲ့ ငိုရှိုက်သံ၊ သက်ပြင်းချသံတွေဟာ တဖြည်းဖြည်း ဝေးဝေး ခြားခြားပြီး နှပ်ညှစ်သံ၊ နှာရှုံ့သံတွေအပြီးမှာ သူလဲ ငြိမ်သွားပါတော့တယ်။

ကျွန်တော်လည်း အိပ်ချင်ပြေသွားပြီ ဖြစ်ပေမယ့် ခြေသလုံးတွေက အတော့်ကို အခေါင့်နေတယ်။ ဒီလူအိုတွေ တိတ်တိတ်ဆိတ်ဆိတ် နေကြပုံကလဲ

စိတ်ချောက်ချားစရာ ဖြစ်လာပါတယ်။ တစ်ခါ တစ်ခါမှ ကြားရတဲ့ အသံမျိုးကလဲ ဆန်းနေပြန်တယ်။ အစကတော့ ဘာပါလိမ့်မလဲလို ကျွန်တော တွေးလို့မရဘူး။ ဒါပေမယ့် အသေအချာ ဂရုစိုက်ပြီး နားထောင်တော့မှ ဘာလဲဆိုတာ မှန်းဆကြည့်လို့ရတယ်။ အဘိုးကြီးတွေဟာ သူတို့ရဲ့ ပါးအတွင်းသားကို သူတို့ စုပ်မိကြတော့ ကျွိကျွိ၊ ကျိကျိနဲ့ ဘာမှန်းမသိရတဲ့ အသံတစ်မျိုး ထွက်လာတာကိုး။ သူတို့ဟာ ကိုယ့်အတွေးနဲ့ကိုယ် အာရုံစိုက်နေကြတော့လဲ ကိုယ့်ဟာ ကိုယ် ဘာလုပ်နေကြတယ် ဆိုတာတောင် မသိကြတော့ဘူး။ သူတို့ရဲ့ အလယ်က လူသေအလောင်းဟာ သူတို့အဖို့ ဘာမှ မဟုတ်တော့ သလိုပါပဲ။ သို့ပေမယ့် ကျွန်တော်ထင်တာ မှားများ မှားလေမလား လို့လဲ ထင်မိပြန်ပါတယ်။

တံခါးစောင့်က ငှဲ့ပြီး ထည့်ပေးတဲ့ ကော်ဖီကို ကျွန်တော်တို့ အားလုံး သောက်ကြပါတယ်။ သည်နောက်တော့ ကျွန်တော် သိပ် မမှတ်မိတော့ဘူး။ တစ်ညတော့ ကုန်သွားတာပဲ။ တစ်ခုပဲ ကျွန်တော် မှတ်မိနေတယ်။ ကျွန်တော် မျက်စိဖွင့်ကြည့်တော့ အဘိုးအို အားလုံးအနက် တစ်ယောက်က လွဲလို့ သူတို့ ကုလားထိုင်တွေပေါ်မှာ ခါးခေါက်ပြီး အိပ်ပျော်နေကြတာကို တွေ့ရတယ်။ တစ်ယောက်ကတော့ သူ့ လမ်းလျှောက်တုတ်ပေါ် လက်ယှက်တင်ပြီး အဲဒီအပေါ်မှာ မေးတင်လျက်က ကျွန်တော် မနိုးမချင်း ကျွန်တော့်ကို စောင့်ပြီး မမှိတ်မသုန် စိုက်ကြည့်နေသလိုပဲ စိုက်ကြည့်နေတယ်။ နောက် ကျွန်တော် ပြန်အိပ်ပျော်သွားတယ်။ ခဏကြာတော့ ကျွန်တော့် ခြေသလုံး အခောင့်တာက တဖြည်းဖြည်း ထုံကျင် ကိုက်ခဲလာတာနဲ့ ကျွန်တော် ပြန်နိုးလာတာပါပဲ။

မှန်လည်ပေါက်မှာလဲ အရုဏ်ဦးရဲ့ အလင်းရောင်ကလေးတွေ ရောက်လာတယ်။ ခဏကြာတော့ အဘိုးအိုတွေထဲက တစ်ယောက် နိုးလာပြီး ချောင်းတဟွတ်ဟွတ် ဆိုးပါတော့တယ်။ ပြီးတော့ သူ့ လက်ကိုင်ပဝါ အကွက်ကြီးထဲကို ထွေးထွေး ထည့်တယ်။ ထွေးတိုင်း ထွေးတိုင်းဟာလဲ အန်တော့မယ့် အတိုင်းပါပဲ။ ဒီအသံကြောင့် တခြား လူတွေလဲ နိုးလာကြတယ်။ ဒီတော့မှ တံခါးစောင့်က “သွားကြဖို့ အချိန်ကျပြီ”လို့ ပြောတာနဲ့ သူတို့အားလုံး ထိုင်ရာက ချက်ချင်း ထလိုက် ကြပါတယ်။ ကာသိကအခေါက် အကြာကြီး ထိုင်စောင့်နေခဲ့ကြလို့ အပြီးမို့ သူတို့ရဲ့ မျက်နှာတွေဟာ ဖြူဖပ်ဖြူရော် ဖြစ်နေကြတယ်။ ကျွန်တော်နဲ့ စကားတစ်ခွန်းမှ မပြောခဲ့ကြဖူးပေမယ့် တစ်ညလုံး တစ်ခန်းတည်းမှာ အတူရှိနေကြလို့ ရင်းနှီးခင်မင်မှု ရှိသွားသလိုပဲ။ သူတို့အားလုံး ကျွန်တော့်ကို လာပြီး လက်ဆွဲနှုတ်ဆက်ကြတာနဲ့ ကျွန်တော် အံ့အားသင့်ရပါသေးတယ်။

ကျွန်တော်လည်း အတော် ပင်ပန်းနွမ်းနယ်နေတယ်။ တံခါးစောင့် ကျွန်တော့်ကို သူ့အခန်းခေါ်သွားတာနဲ့ မျက်နှာကလေး ဘာလေးသစ်၊ ခေါင်းလေး ဘာလေးဖြီး လုပ်ရပါတယ်။ ပြီးတော့ သူ ကျွန်တော့်ကို နို့နဲ့ကော်ဖီ ထပ်တိုက်တယ်။ ကော်ဖီ

သောက်လိုက်ရတော့ ကျွန်တော်မှာ အတော်ဟန်ကျသွားတယ်။ ကျွန်တော် အပြင်ဘက် ထွက်တော့ နေထွက်လာပြီ။ မာရန်းဂိုးနဲ့ ပင်လယ်အကြားက တောင်တွေပေါ်က ကောင်းကင်မှာလဲ တိမ်နီတွေ သန်းနေပြီ။ မနက်ခင်း လေညင်း ကလေးကလဲ ပင်လယ်ရနံ့ကလေး တသင်းသင်းနဲ့ တိုက်ခတ် နေတယ်။ ဒီနေ့ သာယာမယ်ဆိုတဲ့ လက္ခဏာပါပဲ။ ကျွန်တော် တောင်ပိုင်းကို မရောက်တာလဲ အတော် ကြာနေပြီ။ အမေဆုံးလို့လာတာ မဟုတ်ရင် လမ်းလျှောက်ရတာ အင်မတန် အရသာရှိမယ် အခေါက်မေ့ နေမိပါတယ်။

တကယ်က ကျွန်တော်ဟာ ကွက်လပ်ထဲက သစ်ပင်အောက်က စောင့်နေတာပါ။ အေးမြတဲ့ မြေသင်းနံ့ကလေးကို ရှူရှိုက်ရင်း အိပ်ချင်ပြေနေပြီဆိုတာကို တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ရုံးက တခြားလူတွေ အကြောင်း စဉ်းစား နေမိတယ်။ ဒီအချိန်ဆိုရင် သူတို့အိပ်ရာက ထပြီး အလုပ်သွားဖို့ ပြင်ဆင်နေကြပြီပေါ့။ ကျွန်တော့် အဖို့တော့ တစ်နေ့လုံးမှာ ဒီအချိန်ဟာ မကောင်းဆုံး အချိန်ပါပဲ။

ကျွန်တော် ဒီလိုပဲ တောင်တွေး မြောက်တွေးနဲ့ ဆယ်မိနစ်လောက် ကုန်သွားပါတယ်။ နောက် အဆောက်အအုံထဲ ခေါင်းလောင်းသံလေး တစ်ခုက ကျွန်တော့်ရဲ့ အာရုံကို ဆွဲဆောင်လိုက်တယ်။ လူတွေ လှုပ်လှုပ်ရွရွ သွားကြလာကြတာကို ပြတင်းပေါက်ကနေ မြင်ရပြီး အားလုံး ငြိမ်သက်သွားပြန်တယ်။ နေလဲ ပိုမြင့်လာပြီး ကျွန်တော့်ခြေထောက် တွေလဲ နွေးလာတယ်။ တံခါးစောင့်ဟာ ကွင်းလယ်ကို ဖြတ်ပြီး အဆောင်မှူးက ကျွန်တော့်ကို တွေ့ချင်တယ်လို့ လာပြောတယ်။ ကျွန်တော်က သူ့ ရုံးခန်းကို သွားတော့ စာရွက်စာတမ်း တချို့ကို ကျွန်တော့် လက်မှတ် အထိုးခိုင်းပါတယ်။ သူဟာ အစင်းသေးကလေးတွေနဲ့ ဘောင်းဘီနဲ့ ကုတ်အင်္ကျီအနက် ဝတ်ထားတာကို သတိပြုမိပါတယ်။ သူဟာ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။

“သုသာန်က လူတွေ ခုနက ရောက်လာကြတယ်။ မော်ချွာရီကို သွားပြီး ခေါင်းကို အသေပိတ်ကြတော့မယ်။ မင့်အမေကို နောက်ဆုံး ကြည့်ဖို့အတွက် မင်းလာအခေါင် စောင့်လို့ ပြောလိုက်ရမလား”

“မပြောပါနဲ့ခင်ဗျာ”လို့ ကျွန်တော် ပြောလိုက်ပါတယ်။

သူကအသံနှိမ့်ပြီး တယ်လီဖုန်း စကားပြောခွက်ထဲကို ပြောလိုက်တာကတော့ “ဒါပဲလေ၊ ပီဂျီ ဟိုလူတွေကို အဲဒီကို လွှတ်လိုက်တော့ပေါ့”တဲ့။

ပြီးတော့သူလဲ မသာလိုက်ပို့မယ်လို့ ပြောပါတယ်။ ကျွန်တော်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောပြပါတယ်။ သူက စားပွဲခုံမှာထိုင်ရင်း သူ့ရဲ့ တိုတောင်းတဲ့

ခြေနစ်ချောင်းကို ကြက်ခြေခတ် ထားလိုက်ပြီး နောက်ကို မှီချလိုက်တယ်။ ပြီးတော့ မသာပို့မယ့်လူက တာဝန်ကျ သူနာပြုရယ်၊ သူရယ်၊ ကျွန်တော်ရယ်ပဲ ရှိမယ်လို့ ပြောပါတယ်။ ရိပ်သာက လူတွေ မသာမပို့ရဘူး ဆိုတဲ့ စည်းမျဉ်းဥပဒေလဲရှိတယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ညက ခေါင်းနားမှာ ထိုင်ပြီး စောင့်တာကိုတော့ ကန့်ကွက်စရာ မရှိဘူးပေါ့။

"ဒါက သူတို့အတွက်ပါ"လို့ သူက ရှင်းပြတယ်။ "သူတို့ စိတ်ထိခိုက်မှာ စိုးလို့၊ ဒါပေမယ့် အခုကိစ္စမှာတော့ မင်းအမေရဲ့ မိတ်ဆွေကြီး တစ်ယောက်ကိုတော့ တို့နဲ့အတူ လိုက်ဖို့ ခွင့်ပြုထားလိုက်တယ်။ သူ့နာမည်က တွမ်းမက်ပီယာရေးလို့ ခေါ်တယ်" လို့ ဆိုပြီး အဆောင်မှူးက ပြုံးလိုက်ပါတယ်။"သူ့ဟာနဲ့သူတော့ ဒီအဖြစ်အပျက် ကလေးဟာ သနားစရာပဲ။ သူနဲ့ မင့်အမေဟာ မခွဲနိုင် မခွာနိုင်ဆိုသလိုဘဲ ခင်မင်ကြရှာတယ်။ တခြားလူအိုတွေက ပီယာရေးကို ရည်းစားထားတယ်လိုတောင် လှောင်ပြောင် နေကြတယ်။ ဘယ်တော့ လက်ထပ်မှာလဲဟေ့လို့လဲ မေးကြတော့ သူက ရယ်ရယ်မောမောပဲ။ ဒါဟာ လှောင်နေကျ၊ ပြောင်နေကျ ဖြစ်နေတာပဲ။ ဒီတော့ မင်းစဉ်းစားကြည့်လေ၊ မင်းအမေဆုံးတော့ သူ့ခမျာ အတော် စိတ်ထိခိုက်ရှာတယ်။ သူက မသာပို့ဖို့ ခွင့်တောင်းတော့ ငါလဲ ငြင်းလို့မကောင်းဘူးလေ လို့ဆိုပြီး ခွင့်ပြုလိုက်တယ်။ ဒါပေမယ့် တို့ဆရာဝန် အကြံပေးချက် အတိုင်း မနေ့ညက အလောင်းဘေးမှာ ထိုင်မစောင့်ဖို့တော့ တားထား တာပဲ"

ကျွန်တော်တို့ကအတော်ကြာအခါင် စကားမပြောဘဲ နေကြ ပါတယ်။ ပြီးမှ အဆောင်မှူးဟာ ပြတင်းပေါက်ဆီကို ထသွားတယ်။ ခဏကြာတော့ မာရန်ဂိုးက "ဘုန်းကြီးတောင် ရောက်လာပြီဟေ့၊ နည်းနည်းတောင် စောနေတယ်"လို့ ပြောလိုက်ပါတယ်။

ကျွန်တော်တို့ရွာထဲမှာရှိတဲ့ ဘုရားဝတ်ကျောင်းအထိ လေးဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရမယ်လို့ သူက ကျွန်တော့်ကို ကြိုပြောထားပါတယ်။ ပြီးတော့ ကျွန်တော်တို့အခါက်ထပ်ကို ဆင်း ခဲ့ကြပါတယ်။

ဘုန်းကြီးဟာ မော်ချွာရီ တံခါးဝနားက စောင့်နေပါတယ်။ သူနဲ့အတူ လက်ထောက်ဘုန်းကြီးနှစ်ပါးလည်း ပါလာတယ်။ တစ် ပါးက နံ့သာငွေ့ အတွက် မီးအိုးကင်းတစ်ခုကို ကိုင်ထားတယ်။ ဘုန်း ကြီးက သူ့ အပေါ်က ငုံ့ပြီး မီးကင်းအိုးဆွဲတဲ့ ငွေကြိုးကို အတိုအရှည် ပြုပြင်နေတယ်။ သူ ကျွန်တော်တို့ကို မြင်တော့ ခါးကို ဆန့်လိုက် ပြီး ကျွန်တော့်ကို "သား"လို့ ခေါ်ပြီး စကားတစ်ခွန်း နှစ်ခွန်းပြော ပါတယ်။ ပြီးတော့ မော်ချွာရီထဲကို ရှေ့က ဝင်သွားပါတယ်။

ခေါင်းဘေးမှာ အဝတ်နက်ဝတ် လူလေးယောက် ရပ်နေပြီ ခေါင်းအဖုံးကိုလည်း

ဝက်အူစုပ်လိုက်ကြပြီဆိုတာ ကျွန်တော် သတိ ပြုမိပါတယ်။ အဲဒီအချိန်မှာ အဆောင်မှူးက အသုဘယာဉ်လဲ ရောက် လာပြီလို့ ပြောသံကြားရတယ်။ ပြီးတော့ ဘုန်းကြီးလဲ စ,ပြီး ရွတ်တော့ ဖတ်တော့တာပဲ။ ပြီးတော့ အားလုံး လှုပ်ရှားလာတယ်။ ခေါင်းဘေးက လူလေးယောက်လည်း အနက်ရောင် ပိတ်ပိုင်းကိုကိုင် ပြီး ခေါင်းဆီကို ချဉ်းကပ်သွားကြတယ်။ ဘုန်းကြီးရယ်၊ သူ့ လက် ထောက်တွေရယ်၊ ကျွန်တော်ရယ် တန်းစီပြီး အပြင်ဘက်ကို ထွက်ခဲ့ ကြတယ်။ ကျွန်တော် မမြင်ဖူးသေးတဲ့ အမျိုးသမီးတစ်ယောက်လဲ တံခါးဝမှာ ရပ်နေတယ်။ အဆောင်မှူးက သူ့ကို "ဒါမွန်ဆီယာမားဆိုး ပဲ"လို့ မိတ်ဆက်တယ်။ ကျွန်တော် သူ့ နာမည်ကို မကြားလိုက်ဘူး၊ ဒါပေမယ့် သူဟာ ရိပ်သာက သူနာပြု စစ်တာဖြစ်မယ် ထင်ပါတယ်။

ကျွန်တော်နဲ့ မိတ်ဆက်ပေးတော့ သူက ပိန်ပါး သွယ်လျတဲ့ သူ့ မျက်နှာပေါ်မှာ အပြုံးရိပ်တစ်စက်မှ မရှိဘဲ ဦးညွှတ်လိုက်ပါတယ်။ ပြီးတော့ ခေါင်းကို ထုတ်လာတာနဲ့ ဘေးကို ရှောင်ပေးလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့လဲ ခေါင်းထမ်းသူများရဲ့ နောက်က လိုက်ခဲ့ ကြပြီး အသုဘယာဉ် ရပ်စောင့်နေတဲ့ အဝင်ပေါက်ဆီကို ရောက်ခဲ့ ကြပါတယ်။ အသုဘယာဉ်ဟာ လေးထောင့်ရှည်ရှည် ပြောင်လက်နေ အခေါင် ဆေးနက်သုတ်ထားတော့ ရုံးမှာ ကလောင်တံ ထည့်တဲ့ခွက် နဲ့ပဲ တူသေးတော့လို့ အခေါက်မေ့မိပါတယ်။

အသုဘယာဉ်ဘေးမှာတော့ ခပ်ဆန်းဆန်း အဆင်အပြင်နဲ့ လူခပ်သေးသေးတစ်ယောက် ရပ်နေပါတယ်။ သူက ဒီအသုဘ အတွက် အခမ်းအနားမှူးသဘောမျိုး ကြီးကြပ်ရသူလို့ ကျွန်တော် နားလည်ရပါတယ်။ သူ့အနီးမှာတော့ မျက်နှာအထားရခက်ပြီး ခပ် တောင့်တောင့် ရပ်နေတဲ့ အမေ့ အထူးမိတ်ဆွေ မွန်ဆီယာပီယာရေး။ သူဟာ အနားပြန်ကြီးနဲ့ သက္ကလပ်ဦးထုပ် အပျော့ကြီးကို ဆောင်း ထားတယ်။ ခေါင်းလဲ တံခါးဝက ထွက်လာရော သူက သူ့ဦးထုပ် ကြီးကို ချွတ်ပါတယ်။ ဖိနပ်ပေါ်မှာ တွန့်ခေါက်ပြီး တင်နေတဲ့ ဘောင်းဘီရှည် ဝတ်ထားတယ်။ သူ့ရဲ့ နှစ်ထပ် ကော်လံမြင့်မြင့်နဲ့ ဆိုရင် ငယ်နေတဲ့ လည်စည်းအနက်လဲ စီးထားတယ်။ သူ့ရဲ့ ဝက်ခြံ ထူထပ်တဲ့ နှာခေါင်းလုံးလုံးကြီးအောက်က နှုတ်ခမ်းများဟာလဲ တုန် နေတယ်။ ဒါတွေထက် ကျွန်တော် သတိပြုမိတာကတော့ သူ့နား ရွက်တွေပါ။ သူ ရဲ့ ဖြူဖပ်ဖြူရော် ပါးပြင်ပေါ်မှာ နားရွက်ကလေးတွေ က တံဆိပ်ရိုက်ဖို့ ချိတ်တင်ထားသလို နီနီရဲရဲ တွဲတွဲအိအိနဲ့ သူ့ရဲ့ ငွေရောင် ဆံပင်တွေကြားထဲက ပေါ်နေတယ်။

သုဘရာဇာရဲ့ တပည့်က ကျွန်တော်တို့ကို နေရာချထားပေး ပါတယ်။ ဘုန်းကြီးက အသုဘယာဉ်ရဲ့ ရှေ့က၊ ခေါင်းထမ်းသူလေး ယောက်က ဘေးတစ်ဖက်တစ်ချက် နှစ်ယောက်စီ၊ နောက်က အဆောင်မှူးနဲ့ ကျွန်တော်၊ ကျွန်တော်တို့နောက်က အဘိုးကြီးပီယာ ရေးနဲ့ သူနာပြုတို့ပေါ့။

ကောင်းကင်မှာတော့ နေရောင်ဟာ ဝင်းဝင်းတောက်နေပြီး အပူရှိန်ဟာလည်း တစ်ခဏချင်းမှာပဲ ပြင်းသည်ထက် ပြင်းလာတယ်။ အပူငွေ့ ကို ကျွန်တော် ကျောပြင်ကစပြီး ထိတွေ့ လိုက်ရတယ်။ အမည်း ရောင် အဝတ်အစားနဲ့ဆိုတော့ ပိုဆိုးတာပေါ့။ မသာချဖို့ကိစ္စ ဘာလို့ ဒီလောက်ကြာအောင် စောင့်နေကြရသလဲ။ ကျွန်တော် တွေးကြည့် လို့ မရဘူး။ ပီယာရေးကြီးလဲ သူ့ဦးထုပ်ကို ဆောင်းလိုက်ပြီး ပြန် ချွတ်လိုက်ပြန်တယ်။ ကျွန်တော်က သူ့ ဘက်ကိုလှည့်ပြီး ကြည့်လိုက် မိတယ်။ ပီယာရေးကြီးနဲ့ ကျွန်တော့်အမေဟာ ညနေအေးချိန်မှာ အတူတူ အဝေးကြီး လမ်းလျှောက် ထွက်တတ်တဲ့အကြောင်း၊ တစ်ခါ တစ်ခါ သူနာပြုနဲ့ အတူတူပေါ့လေ။ ရွာထဲအထိ သွားတတ်ကြတဲ့ အကြောင်း သူ ပြောပြတာကို ကျွန်တော် မှတ်မိပါတယ်။

တောင်ပိုင်းရှုခင်းကို ကျွန်တော် မျှော်ကြည့်လိုက်ပါတယ်။ ထင်းရှုးပင်တန်းတွေဟာ တောင်တွေဆီအထိ မျက်စိတဆုံး တဖြည်း ဖြည်း မြင့်တက်သွားပါတယ်။ မြေနီပူပူမှာ ဟိုတစ်ကွက် သည်တစ်ကွက် အစိမ်းရင့်ရင့် ဆေးရောင်ကလေးတွေ ပက်ထားသလိုရှိရာမှ အိမ်ကလေးတွေကလဲ ဟိုနားတစ်လုံး သည်နားတစ်လုံးနဲ့ အလင်းရောင်နဲ့ တိုက်ပြီး မြင်နေရတော့ အမေ ဘယ်လိုရှိမယ်ဆိုတာကို ကျွန်တော် နားလည်နိုင်ပါတယ်။ ဒီဒေသရဲ့ ညနေခင်းတွေဟာ အလွမ်းနဲ့ အပန်းဖြေစရာ ကောင်းနေပါလိမ့်မယ်။ အခုတော့ဖြင့် တက်နေကပူပူ၊ မြင်မြင်သမျှဟာလဲ နေပူရှိန်ကြောင့် တလက်လက် လှုပ်လို့ ဒီမြင်ကွင်းဟာ လူနေတဲ့ နေရာနဲ့ မတူအောင် စိတ်ပျက် စရာ ဖြစ်နေပါတယ်။

အတော်ကြီးကြာမှကျွန်တော်တို့ စ,ထွက်ခဲ့ကြတယ်။ အဲဒီ တော့မှ ပီယာရေးကြီးဟာ ခြေတစ်ဖက် မသိမသာ ထော့နင်း ဖြစ် နေတာကို ကျွန်တော် သတိပြုမိပါတယ်။ အသုဘယာဉ်က အရှိ ရလာတာနဲ့အမျှအဘိုးကြီးဟာလဲ နောက်ကျပြီး ကျန်ခဲ့တယ်။ ဘေးက လိုက်လာတဲ့လူတွေ အနက်က တစ်ယောက်ဟာလဲ နောက်ကျခဲ့ပြီ ကျွန်တော်နဲ့ ယှဉ်လျှက် ဖြစ်လာပါတယ်။ ကောင်းကင်မှာ နေတက်တာ မြန်ပုံကို ကြည့်ပြီး ကျွန်တော် အံ့သြရပါတယ်။ အဲဒီအခိုက်မှာပဲ ပိုး မွှားတီရစ္ဆာန်ကလေးတွေ နေရှိန်သင့်လို့ တရှဲရှဲမြည်တဲ့ အသံတွေကို ကျွန်တော် သတိပြုမိပါတယ်။ ကျွန်တော့် မျက်နှာပေါ်မှာလဲ ချွေးတွေ စီးကျလာပါတယ်။ ဦးထုပ်ကလဲ မပါတော့ လက်ကိုင်ပဝါနဲ့ပဲ ခတ်နေရတယ်။

သုဘရာဇာရဲ့လူက ကျွန်တော့်ဘက်ကို လှည့်ပြီးတစ်ခုခု ပြောတယ်။ ကျွန်တော် မကြားလိုက်ဘူး။ အဲဒီအချိန်မှာပဲ သူဟာ ညာ ဘက်လက်က ဦးထုပ်ကို ဆွဲဆောင်းရင်း ဘယ်ဘက်လက်က ကိုင်ထားတဲ့ လက်ကိုင်ပဝါနဲ့ သူ့နဖူးက ချွေးကို သူ သုတ်လိုက်ပါ တယ်။ ကျွန်တော်က သူ ဘာပြောတာလဲလို့ မေးတော့ သူက အထက်ကို လက်ညှိုးထိုးပြပြီး...

“ဒီနေ့ နေ အတော်ပူတယ်နော်”လို့ ပြောတယ်။

“ဟုတ်တယ်”လို့ ကျွန်တော်က ဆိုလိုက်တယ်။

အတော်ကလေး ကြာတော့ သူက “အခု သင်္ဂြိုဟ်ရမှာ ခင်ဗျားအမေလား” လို့ မေးပါတယ်။

ကျွန်တော်က “ဟုတ်တယ်”လို့ ဖြေပါတယ်။

“ခင်ဗျားအမေ အသက်ဘယ်လောက်လဲ”လို့ သူက မေးတယ်။

“အင်း...အတော်တော့ ကြီးပါပြီ” လို့ပဲ ပြောလိုက်နိုင်တယ်။ တကယ်က အမေ့အသက် ဘယ်လောက်လဲဆိုတာ ကျွန်တော်လဲ သိတာ မဟုတ်ဘူး။

ဒီနောက်တော့ သူလဲ ဘာမှ မပြောတော့ဘူး။ နောက်ကို လှည့်ကြည့်လိုက်တော့ ပီယာရေးကြီး ကျွန်တော်တို့နောက် ကိုက်ငါးဆယ်လောက်က ထော့နင်း ထော့နင်း လိုက်လာတာ မြင်ရတယ်။ သူ့ ဦးထုပ်ကြီးကို လက်ထဲ လွှဲရင်း ရမ်းရင်း အမီ လိုက်လာနေတယ်။ ခြေလှမ်းတွေကိုလဲ ဂရုစိုက်ပြီး လှုပ်ရှားမှု နည်းနိုင်သမျှ နည်းအောင် လျှောက်လာပါတယ်။ သူ့နဖူးမှာ ချွေးသီးချွေးပေါက်တွေ တဝင်းဝင်း ဖြစ်နေပေမယ့် သူ သုတ်မပစ်ဘူး။

ကျွန်တော်တို့ လူတန်းဟာလဲ နည်းနည်း ပိုပြီး မြန်မြန် သွားနေတယ်လို့ ထင်ပါတယ်။ ကြည့်လိုက်တိုင်းမှာလဲ ဒီပုံအတိုင်း ခြောက်သွေ့တဲ့ တောင်ပိုင်းရှုခင်းကို မြင်ရပြီး ကောင်းကင်က အရောင်ဟာလဲ သိပ်စူးလွန်းအားကြီးလို့ မျက်လွှာကိုတောင် မပင့်ရဲဘူး။ သွားရင်းနဲ့ပဲ ကျွန်တော်တို့ဟာ ကတ္တရာ အသစ်ခင်းထားတဲ့ လမ်းပိုင်းကို ရောက်လာတယ်။ နေရောင်ဟပ်တော့ ကတ္တရာက ပြောင်ဝင်းနေတယ်။ နင်းလိုက်တော့ အိဝင်းသွားပြီး ကတ္တရာတွေ တစ်ကွက်တစ်ကွက် ပွတ်ထလာတယ်။ ရှေ့ကို လှမ်းကြည့်လိုက်တော့ အသုဘယာဉ် အနက်ပေါ်မှာ ယာဉ်မောင်းသူရဲ့ ဦးထုပ် မည်းပြောင်ပြောင် ကလေး ပေါ်နေတာဟာ အဲဒီ ကတ္တရာလမ်းပေါ်မှာ ကတ္တရာစေး ပွတ်ပွတ်ထနေသလိုပဲ။ အထက်ကောင်းကင်မှာဟပ်တဲ့ ဖြူပြာပြာ ရောင်ပြန်ရယ်၊ အသုဘယာဉ်က မည်းမည်း၊ အဝတ်နက်နဲ့လူတွေက မည်းမည်း၊ ကတ္တရာစေးပွက်တွေက မည်းမည်းရယ်ဆိုတော့ အိပ်မက်ထဲမှာ နေနေရသလို ထင်မိတယ်။ ပြီးတော့ အနံ့တွေ အသုဘယာဉ် ဆီကလာတဲ့ သားရေနံ့၊ မြင်းချေးနံ့၊ နံ့သာအိုးကင်းထဲက အခိုးနံ့ တို့ကလဲ ရှိသေး။ မနေ့ညက ဟုတ်တိပတ်တိ မအိပ်ရတာနဲ့ ဘာနဲ့ဆို တော့ ကျွန်တော့် မျက်စိထဲမှာလဲ ဝေဝါးပြီး ဘာမှလဲ ပီပီသသမစဉ်း စားတတ်တော့ဘူးပေါ့။

ကျွန်တော် နောက် လှည့်ကြည့်လိုက်တယ်။ ပီယာရေးကြီးဟာ အတော်ဝေးဝေး ကျန်ရစ်ပြီး ထင်ပါတယ်။ အပူငွေ့တွေ တရိပ်ရိပ် ကြားမှာ ကွယ်နေတယ်။ ကြည့်ရင်းပဲ ဖြုန်းဆို သူ ပျောက်သွားတယ်။ ဘယ်ရောက်သွားပါလိမ့်လို့ ဇဝေဇဝါ ဖြစ်နေပြီးမှ သူဟာ လမ်းပေါ်က ဖဲ့ထွက်ပြီး လယ်ကွင်းတွေဘက် ဆင်းသွားတာ ဖြစ်လိမ့်မယ်လို့ မှန်းကြည့်မိတယ်။ ပြီးမှ ရှေ့နားမှာ လမ်းအကွေ့ တစ်ခုရှိတာကို သတိပြုမိတယ်။ ဒီနေရာတွေကို ကောင်းကောင်း သိထားတဲ့ ပီယာရေးဟာ ကျွန်တော်တို့ကို လိုက်မီအောင် ဖြတ်လမ်းက လိုက်လာတာကိုး။ အဲဒီ အကွေ့ ကိုလွန်တာနဲ့ သူ ကျွန်တော်တို့ကို မီလာ တာပဲ။ ပြီးတော့လဲ တစ်ခါ နောက်ကျနေရစ်ပြန်တာပဲ။ ရှေ့နားကျတော တစ်ခါ အဲသလို လမ်းကွေ့ တစ်ခုမှာ ဖြတ်လမ်းက လိုက်လို့ မီလာပြန်ရော။ အဲဒီလိုပဲ နာရီဝက်အတွင်း နောက်ကျနေလိုက်။ ဖြတ်လမ်းကလိုက်ပြီး မီလာလိုက်နဲ့ ခဏခဏဖြစ်ပါတယ်။ သို့ပေမယ့် ကျွန်တော်လဲ မကြာခင်ပဲ သူ့လှုပ်ရှားမှုတွေကို သိပ်စိတ်မဝင်စား တော့ပါဘူး။ ကျွန်တော့်နဖူးဆီက တဒိန်းဒိန်း ခုန်ပြီး .. ကိုယ့်ခြေထောက်တောင် ကိုယ်မသေချင်အောင် ဖြစ်လာပါတယ်။

ဒီနောက်တော့ အားလုံး အသောချည်း နှင်ကြရတယ်။ လုပ်ဖွယ်ကိစ္စတွေကို ထုံးစံရှိတဲ့အတိုင်း အသေးစိတ် အတိအကျ လုပ်သွားပေမယ့် ကျွန်တော်လဲ ဘာမှ အသေအချာ မလုပ်မိတော့ပါဘူး။ အဲ...ကျွန်တော်တို့ ရွာအစွန်အဖျားကို ရောက်တော့ သူနာပြုက ကျွန်တော့်ကို တစ်စုံတစ်ခု ပြောတာကိုတော့ မှတ်မိလိုက်တယ်။ သူ့အသံဟာ သူ့မျက်နှာ အသွင်အပြင်နဲ့ လုံးဝ မဆိုင်သလိုဖြစ်လို့ ကျွန်တော် အံ့အားသင့်ရသေးတယ်။ သူ့အသံဟာ ဂီတသံလို ကြည်လင်ပြီး မသိမသာ လှိုင်းထနေသလိုပါပဲ။ သူပြောတာက ဖြည်းဖြည်း သွားပြန်ရင်လဲ နေပူမိတတ်တယ်၊ မြန်မြန် သွားပြန်တော့လဲ ချွေးထွက်ပြီး ဘုရားဝတ်ကျောင်းထဲမှာ လေအေးတာနဲ့ စိမ့်နေတာပဲ" တဲ့။ သူပြောတာကို ကျွန်တော် နားလည်ပါတယ်။ ဘယ်လိုဖြစ်ဖြစ် မလွတ်ဘူးပေါ့။

အသုဘချတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် မှတ်မိနေတဲ့ တခြားဟာကလေးတွေလဲ ရှိပါသေးတယ်။ ဥပမာ ရွာအပြင် ထွက်စမှာ ကျွန်တော်တို့ကို မှီလာတဲ့ အဘိုးကြီးရဲ့ မျက်နှာ ဆိုပါတော့။ ပင်ပန်းလို့လား၊ သောကကြောင့်လား၊ နှစ်ခုစလုံးကြောင့်လားတော့ မသိဘူး။ သူ့မျက်လုံးတွေမှာ မျက်ရည်တွေ အပြည့်နဲ့။ သို့ပေမယ့် သူ့မျက်နှာက တွန့်ရှုံ့နေတော့ မျက်ရည်တွေဟာ အောက်ကိုစီးပြီး မကျဘူး။ အရေပြား အတွန့်တွေ ကြားထဲက စီးဝင်ပြီး အိုမင်းရှုံ့တွနေတဲ့ သူ့မျက်နှာတစ်ခုလုံး တလက်လက် အရောင်တောက်ပြီး နေပါ တော့တယ်။

ပြီးတော့ ကျွန်တော် မှတ်မိနေတာတွေ ရှိနေပါသေးတယ်။ ဘုရားဝတ်ကျောင်းကလေးရဲ့ ပုံသဏ္ဌာန်တို့၊ ရွာလမ်းထဲက ရွာသားတွေ၊ သင်္ချိုင်း

မြေပုံတွေပေါ်က ကြွေပန်းပင်ကလေးတွေ၊ ပီယာရေးကြီး မှုးမေ့လဲကျသွားတာတွေ၊ သူဟာ အရုပ် ကြိုးပြတ်သလို ပုံပြီးကျသွားတယ်။ အမေ့ခေါင်းပေါ်ကို တမြုန်းမြုန်း ကျလာတဲ့ မြေနီခဲတွေ၊ အဲဒီမြေနီခဲတွေနဲ့ ရောနှော ပါလာတဲ့ သစ်မြစ်ဖြူဖြူ အစအနတွေ၊ ပြီးတော့ လူတွေ ထပ်ရောက်လာကြတာတွေ၊ အသံဗလံတွေ၊ ဆူညံတာတွေ၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရဲ့ အပြင်မှာ ဘတ်စ်စောင့်ရတာတွေ၊ ကားစက်သံ၊ ပြီးတော့ ကျွန်တော်တို့ရဲ့ ဘတ်စ်က မီးတွေ ထိန်နေအောင် ထွန်းထားတဲ့ အယ်လ်ဂျီးယားမြို့ထဲ ပြန်ဝင်ခဲ့တော့ ကျွန်တော် ပျော်ရွှင်သွားပုံတွေပေါ့။ ကျွန်တော်လဲ တောက်လျှောက် အိပ်ရာထဲဝင်ပြီး အိပ်လိုက်တော့ ဆယ့်နှစ်နာရီကြာမှ နိုးပါတော့တယ်။

❦ ❦ ❦

အခန်း ၂

အိပ်ရာက နိုးလာတော့ ကျွန်တော့် အလုပ်ရှင်ဟာ ကျွန်တော် ခွင့်နှစ်ရက် သွားတောင်းတုန်းက ဘာဖြစ်လို့ မျက်နှာ မသာမယာ ဖြစ်နေရပါလိမ့်မလဲဆိုတာ နားလည်ပါတော့တယ်။ ဒီနေ့ဟာ စနေနေ့ပဲ။ ဟိုတုန်းက ဒါကို ကျွန်တော် မစဉ်းစားမိပါဘူး။ အခု အိပ်ရာထဲက ထလာမှ ဒါကို သွားသတိရတာပါ။ ကျွန်တော့်ခွင့်က (စနေ၊ တနင်္ဂနွေပါဆိုရင်) လေးရက် ဆက်တိုက် ဖြစ်နေတော့ သူကတော့ ကြိုက်နိုင်မယ် မဟုတ်ဘူးပေ့ါ။ ဒါလဲ တစ်ခုရှိတာက အမေ့ကို ဒီနေ့ သင်္ဂြိုဟ်တာ မဟုတ်ဘဲ မနေ့က သင်္ဂြိုဟ်တယ်ဆိုတာလဲ ကျွန်တော့် အပြစ်မှ မဟုတ်ဘဲ။ ကျွန်တော်ကတော့ စနေ၊ တနင်္ဂနွေ အားရက် ကတော့ ရမြဲရလျက်ပါပဲ။ ဒါပေမယ့် ကျွန်တော့် အလုပ်ရှင်ကတော့ မကျေနပ်တာ အမှန်ပဲ။

လွန်ခဲ့တဲ့နေ့က အတွေ့ အကြုံကြောင့် ပင်ပန်းနေလေတော့ ကျွန်တော့်မှာ အိပ်ရာက အတော်အားယူပြီး ထရပါတယ်။ မုတ်ဆိတ် ရိတ်ရင်းနဲ့ ဒီမနက် ဘာလုပ်ရရင် ကောင်းမလဲ စဉ်းစားတော့ ရေကူးရင် ကောင်းမယ်လို့ အဖြေက်မေ့လိုက်တယ်။ ဒါနဲ့ ဆိပ်ကမ်းဘက်ကို ဆင်းတဲ့ ဓာတ်ရထားနဲ့ အမီလိုက်ခဲ့တယ်။

အရင်တုန်းကလိုပါပဲ။ ရေကူးကန်မှာ လူငယ်လူရွယ်တွေ တော်တော်များများ တွေ့ရတယ်။ အဲဒီအထဲမှာတော့ ကျွန်တော်တို့ရုံးမှာ လက်နှိပ်စက် စာရေးမလုပ်သွားတဲ့ မာရီကာဒိုနာလဲ ပါတယ်။ အရင်ကတော့ ကျွန်တော် သူ့အပေါ်မှာ အတော် အာရုံစိုက်ခဲ့မိပါတယ်။ သူကလဲ ကျွန်တော့်ကို ကြိုက်ဟန်တူပါတယ်။ ဒါပေမယ့် သူက ကျွန်တော်တို့ရုံးမှာ ကြာကြာ လုပ်မသွားတော့ ဘာမှမဖြစ်ခဲ့ဘူးပေ့ါ။

ကျွန်တော်ကသူ့ကို ဖောင်ပေါ်တက်ဖို့ ဖေးကူပေးရင်း သူ့ရင်အုံတွေဆီ လက်ရောက်သွားတယ်။ ပြီးတော့ သူက ဖောင်ပေါ်မှာ ပက်လက်အိပ်နေတော့ ကျွန်တော်က ရေထဲကနေပြီး ဖောင်ကို တွန်းယူသွားတယ်။ ခဏကြာတော့ သူက ကျွန်တော့်ဘက်ကို လှည့်ပြီး ကြည့်လိုက်တယ်။ ဆံပင်တွေက သူ့မျက်နှာပေါ် အုပ်နေတော့ သူ ရယ်နေတယ်။ ကျွန်တော်လဲ ဖောင်ပေါ်ကို တွယ်တက်ပြီး သူ့ဘေးမှာ အိပ်လိုက်တယ်။ လေကလေးကလဲ နွေးနွေးထွေးထွေး၊ ကျွန်တော် ကနောက်သလိုလိုနဲ့ သူ့ပေါင်နှစ်လုံးကြား ခေါင်းထားပြီးတော့ အိပ်လိုက်တယ်။ သူက သိပ်ရေးကြီးခွင်ကျယ် ရှိပုံမပေါ်တာနဲ့ ကျွန်တော်လဲ အဲသလိုပဲ နေလိုက်ပါတယ်။ ကောင်းကင်ကြီး တစ်ပြင်လုံးကို မြင်နေရတယ်။ အားလုံး အပြာရောင် ထနေတယ်။ ကျွန်တော့် ခေါင်းအောက်မှာတော့ မာရီရဲ့ ဝမ်းဗိုက်ဟာ ညင်ညင်သာသာပဲ နိမ့်ချည် မြင့်ချည် ဖြစ်နေတာ တွေ့နေရတယ်။ ကျွန်တော်တို့ ဖောင်ပေါ်မှာ နာရီဝက်လုံးလုံးလောက် အိပ်တစ်ဝက်နဲ့ မှိန်းပြီး နေခဲ့ကြတယ်၊ ထင်ပါတယ်၊ နေက သိပ်ပူလွန်းလာတော့ သူက ရေထဲ ထိုးဆင်း သွားတာနဲ့ ကျွန်တော်လဲ သူ့နောက်ကို လိုက်သွားပါတယ်။ သူ့ကိုမီ

လာတော့ ကျွန်တော်က သူ့ ခါးကို လက်နဲ့ သိုင်းဖက်ပြီး ဖမ်းလိုက် တယ်။ ပြီးတော့ ကျွန်တော်တို့ ဘေးချင်းယှဉ်ပြီး ကူးလာကြတယ်။ သူကတော့ ရယ်လျက်ပဲ။

ရေကူးကန်နှုတ်ခမ်းမှာ ကျွန်တော်တို့ရေစစ်နေကြတော့ သူက "ကျွန်မကော ရှင့်ထက် ညိုတယ်"လို့ ပြောတယ်။ ကျွန်တော်က ညနေ ကျွန်တော်နဲ့လိုက်ပြီး ရုပ်ရှင်ကြည့်မလားလို မေးလိုက်တယ်။ သူက တစ်ခါ ရယ်ရယ်မောမောပဲ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ ဖာနန်ဒယ်ပါတဲ့ ရယ်ရွှင်ဖွယ်ကားကို ပြမယ်ဆိုရင် "ကြည့်မယ်"လို့ ဆိုတယ်။

ကျွန်တော်တို့ အဝတ်အစားလဲလို့ပြီးကြတော့ သူကကျွန်တော့် လည်စည်းအနက်ကို ကြည့်ရင်း "တစ်ယောက်ယောက် ဆုံးလို့လား" လို့ မေးတယ်။ ကျွန်တော်က အမေဆုံးသွားတဲ့ အကြောင်း ပြောတော့ သူက "ဘယ်တုန်းကလဲ"လို့ မေးတာနဲ့ ကျွန်တော်က "မနေ့ကပဲ" လို့ ပြောလိုက်တယ်။ သူက ဘာမှမပြောပေမယ့် နည်းနည်းတော့ ယို့သွားတယ်လို့ ကျွန်တော် ထင်လိုက်မိတယ်။ ကျွန်တော်က ဒါ ကျွန်တော့်အပြစ် မဟုတ်တဲ့အကြောင်း ရှင်းပြမယ် လုပ်ပြီးမှ ကျွန်တော့် အလုပ်ရှင်ကို အဲသလို ပြောပြီးမှ မပြောသင့်ပါလားပဲ ဆိုတဲ့အကြောင်း တွေးမိတာနဲ့ ကျွန်တော်ပြောမယ့်စကားကို ထိန်းထားလိုက်ရတယ်။ ဘယ်လိုဖြစ်ဖြစ်လေ ပြောသင့်တာ၊ မပြောသင့်တာ အပထားလို့ အဲ့သလို ကိစ္စမျိုးတွေ ကြုံလာရင်တော့ စိတ်ထဲက မလုံမလဲ မဖြစ်ဘဲ မနေနိုင်ကြဘူး ထင်ပါရဲ့။

ဘယ်လိုမဆို ညနေကျတော့ မာရီဟာ ဒါတွေအားလုံးကို မေ့ပစ်လိုက်ပါတယ်။ ရုပ်ရှင်က တစ်ကွက်တစ်ကွက်တော့ ရယ်ရပါ တယ်။ ဒါပေမယ့် အများအားဖြင့်ကတော့ အတော်ချာပါတယ်။ ရုပ်ရှင်ရုံထဲမှာ သူ့ခြေထောက်တွေက ကျွန်တော့် ခြေထောက်တွေကို ပူးကပ် ဖိညှပ်နေတယ်။ ကျွန်တော့် လက်တွေကလဲ သူကိုယ်ပေါ်မှာ ပွတ်သပ် ကစားနေကြတယ်။ ရုပ်ရှင် ပြီးခါနီးကျတော့ ကျွန်တော်က သူ့ကို နမ်းပါတယ်။ ဒါပေမယ့်.. အိုးနင်းခွက်နင်းပဲ ဆိုပါတော့ နောက် သူ ကျွန်တော့်နေရာကို လိုက်လာတယ်။

ကျွန်တော် အိပ်ရာကနိုးတော့ မာရီ မရှိတော့ဘူး။ မနက် လင်းလင်းချင်း သူ့အဒေါ်က မျှော်နေမယ်လို့ ပြောထားတယ်။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတာ သတိရလိုက်တာနဲ့ ကျွန်တော် စိတ်ပျက် သွားတယ်။ ကျွန်တော် တနင်္ဂနွေနေ့ကို ဘယ်တော့မှ မကြိုက်ခဲ့ပါဘူး။ ဒါနဲ့ပဲ ကျွန်တော့်ခေါင်းကို ပျင်းမူဖျင်းယာ လှိမ့်ပြီး မာရီ ခေါင်းက ကျန်ရစ်တဲ့ ခေါင်းအုံးပေါ်က အနံ့ကို ရှူရှိုက်နေမိတယ်။ ကျွန်တော် ဆယ်နာရီအထိ အိပ်လိုက်တယ်။ ပြီးတော့ မွန်းတည့်အထိ အိပ်ရာထဲမှာပဲ စီးကရက်သောက်ပြီး နေလိုက်တယ်။ ခါတိုင်းလို ဆေးလက်စ်ရဲ့ ဆိုင်မှာ နေ့လယ်စာ သွားမစားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ သူတို့ကတော့ တွေ့ရင် ဟိုဟာမေး

ဒီဟာမေး မေးကြမှာပဲ။ ကျွန်တော်ကလဲ အဲဒါမျိုးကို မကြိုက်။ ဒါနဲ့ပဲ ကြက်ဥ နှလုံး သုံးလုံး ကြော်ပြီး ဒယ်အိုးထဲကပဲ ယူစားလိုက်တယ်။ ပေါင်မုန့်ကလဲ မရှိ။ သွားဝယ်ရမှာလဲ ပျင်းတာနဲ့ ပေါင်မုန့်မပါဘဲ စားလိုက်ပါတယ်။

နေ့လယ်စာစားပြီးတော့ ဘာလုပ်ရမှန်း မသိတာနဲ့ အိမ်ခန်း လေးထဲမှာပဲ လျှောက်ကြည့်နေမိတယ်။ အမေ ကျွန်တော်နဲ့ နေတုန်းက ကျွန်တော်တို့ သားအမိနှစ်ယောက် ကောင်းကောင်း နေလိုက်တယ်။ အခု ကျွန်တော် တစ်ယောက်တည်းဆိုတော့ အခန်းက ကျယ်လွန်းနေလို့ ထမင်းစား စားပွဲပါ ရွှေ့ထားပြီး အဲဒီအခန်းတစ်ခန်းပဲ သုံးနေတယ်။ အဲဒီအထဲမှာ ကျွန်တော် အသုံးလိုတာတွေ အားလုံး ရှိတယ်။ ကြေးကုတင်တစ်ခု၊ မှန်တင်ခုံတစ်ခု၊ ကြိမ်ခွက်နေတဲ့ ကြိမ်ကုလားထိုင် သုံးလေးလုံး၊ မှန်မှုန်နေတဲ့ အဝတ်ဗီရိုတစ်ခု၊ ကျန်တဲ့အခန်းတွေကိုတော့ ကျွန်တော်လဲ မသုံးတော့ဘူး၊ ကြည့်လဲမကြည့် တော့ဘူးပေါ့။

အတော်ကလေးကြာတော့ ဘာမှလုပ်စရာမရှိတာနဲ့ ကျွန်တော်လဲ ကြမ်းပြင်ပေါ်ကျနေတဲ့ သတင်းစာအဟောင်း တစ်စောင်ကို ကောက်ပြီး ဖတ်လိုက်တယ်။ အဲဒီအထဲမှာ ကရုရှင်ဆာ ဆေးကြော်ငြာ တစ်ခု ပါလာလို့ ဖြတ်ပြီး သတင်းစာထဲက ကျွန်တော် ကြိုက်တဲ့ဟာတွေ ဖြတ်ပြီးသိမ်းတဲ့ အယ်လ်ဘမ်ထဲ ကပ်ထည့်ထားလိုက်တယ်။ ပြီးတော့ လက်ဆေးပြီး နောက်ဆုံး တစ်ခုအနေနဲ့ လေသာဆောင်ဘက်ကို ထွက်ခဲ့တယ်။

ကျွန်တော့် အိပ်ခန်းက လမ်းမကြီးဘက်ကို မိုးပြီး မြင်နေရ ပါတယ်။ ညနေခင်း သာသာယာယာ ရှိနေပေမယ့် လမ်းခင်းတဲ့ ကျောက်ပြားတွေကတော့ မည်းနက်ပြီး အရောင်ထွက်နေပါတယ်။ လမ်းပေါ်မှာ သွားလာနေတဲ့ လူအနည်းငယ်ဟာလဲ အလကားနေ ရင်းသုတ်သီးသုတ်ပျာ ဖြစ်နေကြတယ်။ ပထမဆုံး တနင်္ဂနွေနေ့ ညနေ လမ်းလျှောက် ထွက်လာကြတဲ့ မိသားစု။ ဒူးအထိတောင် မရောက်ချင်တဲ့ ဘောင်းဘီတိုနဲ့ ရေတပ်သားဝတ်စုံ ဝတ်ထားပြီး အဝတ် သစ် အစားသစ်နဲ့ သိပ်မနေတတ် မထိုင်တတ် ဖြစ်နေတဲ့ ကောင်က လေးနှစ်ယောက်ရယ်၊ ပြီးတော့ ပန်းရောင်ဖဲပြားကြီးနဲ့ သားရေရောင် ဖိနပ် စီးထားတဲ့ ကောင်မကလေး တစ်ယောက်ရယ်၊ သူတို့နောက်ကတော့ သူတို့ရဲ့အမေ အညိုရောင်ပိုးစ အဝတ်ဝတ်ထားတဲ့ ဧရာမ မိန်းမကြီးတစ်ယောက်။ ပြီးတော့ သူတို့အဖေ၊ ကျွန်တော် မြင်မြင်ချင်း သိလိုက်တဲ့ သွက်လက်ဖျတ်လတ်တဲ့ လူခပ်သေးသေး၊ သူက မြက်ဦးထုပ်နဲ့ တုတ်ကောက်နဲ့၊ လိပ်ပြာလည်စည်းနဲ့ပေါ့။ သူ့ မိန်းမနဲ့ ယှဉ်ကြည့်လိုက်တော့မှပဲ သူ့ကို သူ့ထက် နိမ့်ကျတဲ့သူနဲ့ ယူလိုက်တဲ့ အမျိုးသားကောင်းလို့ ဘာကြောင့် ဆိုကြတယ်ဆိုတာ ကျွန်တော် နားလည်ပါတော့တယ်။

နောက်တစ်သုတ်ကတော့ သည်အရပ်က ကာလသားလူငယ် တစ်စုပေါ့။

ဘိုကေ ပြောင်ပြောင်နဲ့၊ အနီရောင် လည်စည်းနဲ့၊ ခါးစည်းမှာ ကျပ်နေတဲ့ ကုတ်အင်္ကျီနဲ့ အိတ်တွေမှာ ပန်းထိုးလို၊ ထိတ်တိ နဲ့ ဖိနပ်တွေစီးလို့။ မြို့လယ်ကောင်က ရုပ်ရှင်ရုံကြီးတစ်ရုံကို သွားကြမယ်လို့နဲ့ တူပါတယ်။ ဒါကြောင့်လည်း သူတို့ အစောကြီး ထွက်လာပြီး စကား ဟောင်ဖွာ ဟောင်ဖွာ ပြောရင်း ဓာတ်ရထား မှတ်တိုင်ဆီ ရေးကြီးသုတ်ပြာ သွားနေကြတာ ဖြစ်မှာပေါ့။

သူတို့လွန်သွားတော့တဖြည်းဖြည်းနဲ့ လမ်းကြီးလည်း ရှင်း သွားတယ်။ ဒီအချိန်ဆို ရုပ်ရှင်ပွဲတွေကလည်း ပြနေပြီ။ လမ်းထဲ မှာဆိုင်ရှင်အချို့နဲ့ ကြောင်တွေပဲကျန်တော့တယ်။ လမ်းဘေးက သစ်ပင်တွေအထက်ကို ကြည့်လိုက်တော့ ကောင်းကင်ဟာ မြူတိမ် ကင်းစင်နေတယ်။ ဒါပေမယ့် အလင်းရောင်ကတော့ ခပ်ဖျော့ဖျော့ပါပဲ။လမ်းတစ်ဘက်က ဆေးလိပ် ဆိုင်ရှင်ဟာ သူ့ဆိုင်ရှေ့က ပလက်ဖောင်းပေါ်ကို ကုလားထိုင်တစ်လုံး ထုတ်လာပြီး နောက်ပြန် ကားရာ ခွထိုင်ပြီး နောက်မှီပေါ်မှာ လက်တင်ထားတယ်။ မကြာခင်က လူကြပ်နေတဲ့ ဓာတ်ရထားတွေဟာ လူမရှိတော့သလောက်ပဲ။ ဆေးလိပ် ဆိုင်ဘေးက ချက်ဇာပီယာရို ကဖေးက ကောင်လေးတစ်ယောက်ဟာ မရှိတော့တဲ့ စားသောက်ဆိုင်ထဲက လွှစာတွေကို လှဲထုတ်နေ တယ်။ တနင်္ဂနွေနေ့ ညနေဆို ဒီလိုချည်းပေါ့။

ကျွန်တော်လည်း ကျွန်တော်ကုလားထိုင်ကို နောက်ပြန်လှည့် ပြီး ဆေးလိပ်ဆိုင်ရှင်လိုပဲ ထိုင်လိုက်တယ်။ ဒီလိုက ပိုပြီး သက်တောင့် သက်သာရှိတယ်။ စီးကရက် နှစ်လိပ်သောက်ပြီး အခန်းထဲပြန် ချော့ကလက်တစ်ပြားယူပြီး ပြတင်းပေါက်နား ပြန်လာပြီး စားတယ်။ မကြာခင်ပဲ ကောင်းကင်ဟာ တိမ်တွေတက်လာတော့ လေမုန်တိုင်းများ ကျလေမလား အောက်မေ့ မိတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ တိမ်တွေ ကျဲသွားပြန်တယ်။ လမ်းထဲမှာတော့ မိုးရွာမယ့် လက္ခဏာက ရှိလျက်ပဲ။ ပိုပြီး မှောင်လာသလိုပဲ။ ကျွန်တော်လည်း ကောင်းကင်ကို အတော်ကြာအောင် မော့ကြည့်ရင်း ငေးနေမိတယ်။ ငါးနာရီထိုးတော့ ဓာတ်ရထားသံတွေ တဂွမ်ဂွမ် ကြားရပြန်တယ်။ ကျွန်တော်တို့ မြို့ အစွန်မှာရှိတဲ့ ဘောလုံးကွင်းမှာ ဘောလုံး ပွဲရှိတယ်။ အဲ့ဒီက ပြန်လာကြတာပေါ့။ ဓာတ်ရထားတွေပေါ်မှာဆိုရင် ခြေနင်းခုံအထိ လူအပြည့်အကျပ်ပဲ။ နောက်ဓာတ်ရထား တစ်စင်းမှာ ဘောလုံးသမားတွေ ပါလာတယ်။ သူတို့ ဆွဲလာတဲ့ သားရေသေတ္တာ ငယ်လေးတွေကိုကြည့်ပြီး သူတို့ဟာ အားကစားသမားတွေပဲ ဆိုတာ ကျွန်တော်သိပါတယ်။ သူတို့တစ်တွေဟာ ဘောလုံးသီချင်းတွေကို အော်ဟစ်ဆိုလာကြတယ်။ သူတို့အထဲက တစ်ယောက်က ကျွန်တော် ရှိရာကို မော်ကြည့်ပြီး “သူတို့ကို တို့နိုင်ခဲ့တယ်” လို့ အော်ပြောတယ်။ ကျွန်တော်ကလည်း “ကောင်းပေ၊ ကောင်းပေ့” ဆိုပြီး လက်ပြန်ပြလိုက် တယ်။ သည်နောက်တော့ ကိုယ်ပိုင်ကားလေးတွေ တဝေါဝေါပေါ့။ ကောင်းကင်ကလည်း အရောင်ပြောင်းသွားပြန်ပြီ။ အိမ်မိုးတွေ ရဲ့အပေါ်မှာ ရဲရဲနီတဲ့ အရောင်သန်းနေတယ်။

မှောင်ရိပ်သန်းလာတယ် ဆိုရင်ပဲ လမ်းပေါ်မှာ လူပိုစည်လာတယ်။ လမ်းလျှောက်သွားတဲ့သူ တွေလည်း ပြန်လာကြပြီ။ ပိန်ပိန်ပါးပါး ဖျတ်ဖျတ်လတ်လတ်လူနဲ့ သူ့ မိန်းမဝဝကြီးတို့ကိုလည်း ဖြတ်သွားတဲ့လူတွေကြားမှာ မြင်လိုက် ပါတယ်။ ကလေးတွေကတော့ တဂိုဂို တရီရီနဲ့ မောပန်းပြီး သူတို့ အဖေ အမေတွေရဲ့နောက်က တတန်းလန်းလန်း ပါလာကြတယ်။ အတော်ကလေးကြာတော့ အနီးအနားက ရုပ်ရှင်ရုံတွေကလဲ လူတွေ ဝေါကနဲ လွှတ်လိုက်ပြန်တယ်။

အဲဒီအထဲကထွက်လာကြတဲ့ လူငယ်ကလေးတွေဟာတစ်ခြား အချိန်များထက် ခြေလှမ်းကျဲပြီး လက်ဟန်ခြေဟန်ပိုပြီး အားနဲ့မာန် နဲ့ ဖြစ်လာတာကို သတိပြုမိပါတယ်။ သူတို့ကြည့်ခဲ့ကြတဲ့ ရုပ်ရှင် ဟာ အနောက်ဘက် တောရိုင်းက (ကောင်းဘွိုင်) ဇာတ်ကားပဲဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။ မြို့လယ်က ရုပ်ရှင်ရုံတွေကို သွားကြည့် ကြတဲ့ လူတွေက သည့်နောက် အတော်လေးကြာမှ ရောက်လာကြပြီး တချို့ က ရယ်ရယ်မောမောပဲ ရှိသေးပေမယ့် နည်းနည်းတော့ ပိုပြီး ငြိမ်သက်ကြပါတယ်။ အားလုံး ခြုံကြည့်ရင်တော့ သူတို့ဟာ ပင်ပန်း နွမ်းနယ်ပြီး ခြေလက်မသယ်ချင် ဖြစ်လာကြသလိုပါပဲ။ တချို့ ကလည်း ကျွန်တော့် ပြတင်းပေါက်အောက်က လမ်းပေါ်မှာ မယောင်မလည်နဲ့ လမ်းသလားရင်း ကျန်ခဲ့ကြတယ်။ အဲဒီလိုနေတုန်းမှာ ကောင်မလေး တစ်သိုက်ဟာ လက်မောင်းချင်းချိတ်ပြီး လျှောက်လာကြတယ်။ ကျွန်တော့် ပြတင်းအောက်က ကောင်ကလေးတွေကလည်း သူတို့နဲ့ ဝင်ပြီး ပွတ်မိအောင် ယိမ်းလိုက်ကြပြီး ရယ်စရာ အနောက်အပြောင် တွေ အော်ဟစ်လိုက်ကြတယ်။ ကောင်မလေးတွေကလည်း သမင် လည်ပြန်ကြည့်ပြီး တခစ်ခစ်ရယ်ကြတယ်။ တချို့ ကောင်မလေးတွေက ကျွန်တော်တို့ အရပ်ထဲကမို့ ကျွန်တော် မှတ်မိပါတယ်။ ကျွန်တော် သိတဲ့ နှစ်ယောက်သုံးယောက်က မော်ကြည့်ပြီး . ကျွန်တော့်ကို လက်ရမ်းပြသွားကြပါတယ်။

အဲဒီလိုနေတုန်းမှာ လမ်းမီးတွေ တစ်ပြိုင်တည်းလင်းလာတယ် ဆိုရင်ပဲ ညအမှောင်နဲ့ မှိတ်တုတ်မှိတ်တုတ် လင်းကာစ ကြယ်ကလေး များရဲ့ အရောင်ဟာ ပိုပြီး မှေးမှိန်သွားကြတယ်။ လမ်းပေါ်က လူပ် ရှားမှုတွေ၊ မီးရောင်တွေ ထိုင်ကြည့်နေတာနဲ့ ကျွန်တော့်မျက်စိတွေ ဟာလည်း ညောင်းလာတယ် ထင်ပါတယ်။ မီးတိုင်အောက်က တစ်ကွက်အလင်းရောင်မှာ ဓာတ်ရထားတွေ ဖြတ်ဖြတ်သွားတော့ ကောင်မလေးတွေရဲ့ ခေါင်းက ဆံပင်ကလေးတွေ၊ မျက်နှာပေါ်က အပြုံးကလေးတွေ၊ ငွေလက်ကောက်ကလေးတွေ၊ ရိပ်ကနဲ ရိပ်ကနဲ မြင်လိုက်ရပါတယ်။

သည့်နောက် သိပ်မကြာခင်ပဲ ဓာတ်ရထားတွေဟာလည်း တဖြည်းဖြည်း ကျဲလာပြီး သစ်ပင်တွေ၊ မီးတိုင်တွေရဲ့ အထက်က ကောင်းကင်ဟာလည်း ကတ္တီပါအနက်ကြီးလို ဖြစ်လာပါတယ်။ လမ်းပေါ်မှာလည်း မသိမသာ လူခြောက်သထက် ခြောက်သွားပြီး နောက်ဆုံး လူတစ်ယောက်မှ မကျန်တော့ဘဲ

ရှင်းနေတဲ့ လမ်းမကြီးကို ဒီညအဖို့ ပထမဆုံးအဖြစ် ကြောင်ကလေး တစ်ကောင်သာ ခပ်ဖြည်းဖြည်း ဖြတ်နေတာ တွေ့ လိုက်ရပါတော့တယ်။

ကျွန်တော်လည်း ညစာစားဦးမှပဲလို့စိတ်ကူးပေါက်လာတယ်။ ကျွန်တော်လည်း ကုလားထိုင်နောက်မှီပေါ်မှာ ထောက်ပြီး ဘယ်လောက်ကြာကြာ အခောက်ကြည့်နေမိသလဲ ဆိုတော့ ထိုင်ရာက ထပြီး ခါးဆန့်လိုက်တော့ ဇက်တွေ ဘာတွေတောင် နာနေတယ်။ ကျွန်တော် အခောက်ကိုဆင်းပြီး ကြက်ဥနဲ့ စပါဂတ်တီ (ခေါက်ဆွဲ) ဝယ်လာတယ်။ ပြီးတော့ ကြော်လှော်ပြီး မတ်တတ်ပဲ စားလိုက်တယ်။ အစတော့ ကျွန်တော် ပြတင်းပေါက်နားမှာ စီးကရက်တစ်လိပ်လောက် ထိုင်သောက်မယ်လို့ပဲ။ ဒါပေမယ့် ညဖက်ရောက်တော့ အတော်ကလေး အေးတာနဲ့ ဒီအကြံကို ဖျက်လိုက်ရတယ်။ ကျွန်တော် ပြတင်းပေါက် ပိတ်ပြီး အိမ်ထဲဝင်လာတော့ မှန်ဆီကို ကြည့်လိုက်တာနဲ့ မှန်ထဲမှာ ကျွန်တော့်စားပွဲစွန်းကို အဲ့ဒီအပေါ်မှာရှိတဲ့ အရက်ပြန်မီးခွက်နဲ့ ဘေးက ပေါင်မုန့်အစအနတွေနဲ့တကွ တွေ့ လိုက်ရတယ်။ ကျွန်တော်လည်း အင်း ...တနင်္ဂနွေတစ်နေ့တော့ ဖြစ်သလိုနဲ့ ကုန်သွားပြန်ပြီ၊ အမေ့ကိုလည်း သင်္ဂြိုဟ်လိုက်ရပြီ။ နက်ဖြန်ဆို ခါတိုင်းလိုပဲ အလုပ်ပြန်ဆင်း ရတော့မယ်။ တကယ်ပါပဲ၊ ငါ့ဘဝဟာ ဘာမှ အပြောင်းအလဲရယ် လို မရှိပါလားလို့ အခောက်မေ့မိတယ်။

❋ ❋ ❋

အခန်း ၃

ကျွန်တော့်ရုံးမှာ မနက်ပိုင်းအလုပ်များတယ်။ ကျွန်တော့် အလုပ်ရှင်ဟာ စိတ်ကောင်းဝင်နေတယ်။ ကျွန်တော့်ကို သိပ်ပင်ပန်း နေသလားလို့တောင် မေးပါတယ်။ ပြီးတော့ တဆက်တည်းပဲ ကျွန်တော့် အမေ ဘယ်အရွယ်လဲလို့ မေးပါတယ်။ ကျွန်တော်လည်း နဲနဲစဉ်းစားပြီး ခြောက်ဆယ်ပတ်လည်လို့ ဖြေလိုက်တယ်။ သိပ်မှားသွားမှာ စိုးလို့ပါပဲ။ ဒီလိုဖြေလိုက်တော့ သူလည်း စိတ်သက်သာရာ ရသွားသလိုပဲ။ ဘာဖြစ်လို့လဲဆိုတာတော့ ကျွန်တော်လည်း မတွေးတတ် တော့ဘူး။ ဒီလိုနဲ့ပဲ ဒီကိစ္စပြီးပြီလို့ သဘောထားလိုက်ဟန် တူပါတယ်။

ကျွန်တော့်စားပွဲပေါ်မှာ သင်္ဘောကုန်တင် ပြေစာတွေ တစ်ပုံကြီး စောင့်နေတယ်။ ဒါနဲ့ အဲဒါတွေအားလုံးကို လျှောက်ကြည့်ရပါတယ်။ နေ့လည်စာ စားဖို့ မဆင်းခင် ကျွန်တော် လက်ဆေးပါတယ်။ ဒါကို ကျွန်တော် နေ့လည်မှာ လုပ်ရတာကို ကောင်းသလို ညနေဘက်ကြတော့ သိပ်မကောင်းချင်ဘူး။ အလိပ်လိုက် လည်တဲ့ လက်သုတ်ပဝါဟာ လူတွေသုံးတာများတော့ စိုထိုင်းနေတယ်။ တစ်ခါက ဒါကို ကျွန်တော့်အလုပ်ရှင်ကို ပြောပြတော့ သူက စိတ်ညစ်စရာပါပဲ ဆိုတာကိုတော့ သဘောတူပါတယ်။ ဒါပေမယ့် သူ့အဖို့ ဒါဟာ အသေးအဖွဲကိစ္စ။ ကျွန်တော် ခါတိုင်းထက် နောက်ကျပြီး ဆယ့်နှစ်နာရီခွဲမှ ကုန်ပို့ဌာနမှာ လုပ်တဲ့ အီမန်နွယ်နဲ့အတူ ရုံးက ထွက်ခဲ့တယ်။ ကျွန်တော်တို့ အဆောက်အအုံက ပင်လယ်ဘက်ကို မျက်နှာမူနေတော့ ကျွန်တော်တို့လည်း လှေကားထစ်တွေပေါ်မှာ ခဏရပ်ပြီး သင်္ဘောဆိပ်မှာ ကုန်တင် နေတာတွေကို ကြည့်မိကြသေးတယ်။ နေကလဲ ချစ်ချစ်တောက်ပူတယ်။ အဲဒီအချိန်မှာပဲ သံကြိုးသံတွေ တချွင်ချွင်၊ အင်ဂျင်ပေါက်ကွဲသံတွေ တဒိုင်းဒိုင်းနဲ့ ပက်လက်ကုန်တင် ကားကြီး တစ်စီးရောက်လာတယ်။ အီမန်နွယ်က "အဲဒါကြီးနဲ့ လိုက်သွားရအောင်" လို့ ဆိုတာနဲ့ ကျွန်တော်လဲ ကားကြီးရဲ့ နောက်ကို ပြေးလိုက်ခဲ့တယ်။ ကားကြီးက အတော်ဝေးနေတော့ ကျွန်တော်တို့လဲ အတော်လိုက်ယူရပါတယ်။ နေကလဲပူ၊ ကားစက်သံကလဲ ဆူဆိုတော့ ကျွန်တော့်မှာ ကြောင်တက်တက်တောင် ဖြစ်နေတယ်ထင်ပါတယ်။ ကျွန်တော် သတိထား လိုက်မိတာကတော့ ကျွန်တော်တို့ ဆိပ်ကမ်းတစ်လျှောက် ရွက်တိုင်တွေ တယိမ်းယိမ်းနဲ့ သင်္ဘောမဲမဲကြီးတွေဘေးက ဝန်ချီစက်တွေ၊ ခွေးတိုးစက်တွေ ကြားထဲဖြတ်ပြီး တရကြမ်း ပြေးခဲ့ကြတာကိုပဲ။ ကျွန်တော်က ပက်လက် ကားကြီးကို အလျင်မီပါတယ်။ ကားပေါ်ရောက်အောင် လွှားခနဲ ခုန်တက်လိုက်ပြီး အပေါ်ကို ကောင်းကောင်း ရောက်သွားတော့ အီမန်နွယ်ကို ကျွန်တော့်ဘေးက တွယ်တက်နိုင်အောင် ဖေးကူ ပေးလိုက်တယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး မောဟိုက်နေတာပဲ။ ကျောက်တုံးတွေ မညီမညာ ခင်းထားတဲ့ လမ်းပေါ်မှာ ကားကြီးက ဆောင့်တော့ ပိုဆိုးတာပေါ့။ အီမန်နွယ်က ကျွန်တော့် နားနားကပ် ခပ်တိုးတိုး ရယ်လိုက်ပြီး "မီလို တော်သေးတယ်" လို့ ပြောလိုက်ပါတယ်။

ဆေးလက်စ်ရဲ့ စားသောက်ဆိုင်ကို ရောက်တော့ ကျွန်တော်တို့မှာ ချွေးတွေနဲ့ ရွှဲနေတယ်။ ဆေးလက်စ်ဟာ ခါတိုင်းလိုပဲ အဝင်ဝဘေးက သူ့နေရာမှာပဲ သူ့ရဲ့ ခါးစည်းရှေ့ဖုံးအဝတ်ကို သူ့ဗိုက်ပူကြီးမှာ အစ်နေအောင် ချည်ထားတယ်။ သူ့နှုတ်ခမ်းမွေး ဖြူကြီးကလည်း ရှေ့ကို ထွက်နေတယ်။ ကျွန်တော့်ကို မြင်တော့ သနားသွားသလို ကျွန်တော် သိပ်စိတ်မကောင်း မဖြစ်ဘူးလို့ မျှော်လင့်တယ်လို့ ပြောပါတယ်။ ကျွန်တော်ကလည်း “မဖြစ်ပါဘူး၊ ဒါပေမယ့် သိပ်ဆာနေတယ်” လို့ ပြောလိုက်တယ်။ ကျွန်တော် ခပ်မြန်မြန်စားပြီး ကော်ဖီနဲ့ အပြီးသတ်လိုက်တယ်။ ပြီးတော့ ဝိုင်သောက်တာ နည်းနည်း များသွားတာနှင့် ကျွန်တော့်အခန်းပြန်ပြီး တစ်ရေးတစ်မော မှိန်းလိုက်ပါတယ်။ ကျွန်တော်အိပ်ယာက နိုးလာတော့ အိပ်ယာထဲက မထခင် စီးကရက်တစ်လိပ် သောက်လိုက်တယ်။ နည်းနည်းနောက်ကျနေလို့ ဓာတ်ရထားမီအောင် အတော် ပြေးရတယ်။ ရုံးရောက်တော့ ပူအိုက်ပြီး အသက်ရှူလို့တောင် မဝဘူး။ တစ်ညနေလုံး အဲသလို နေခဲ့တယ်။ ညနေ အလုပ်ပိတ်ပြီး ဆိပ်ကမ်းတစ်လျှောက် လေကလေး တဖြူးဖြူးနဲ့ လမ်းလျှောက်ပြန်လာတော့ အတော် သက်သာရာရတယ်။ ကောင်းကင်ကြီးဟာ စိမ်းလို့၊ ရုံးထဲမှာ လှောင်ကျပ်နေရာက အပြင်ဘက်ထွက်လာရတာ သိပ်အရသာ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် အာလူးနဲ့နဲ ပြုတ်စရာရှိတာနဲ့ အိမ်ကို တန်းပြန်ခဲ့တယ်။

အိမ်အဝင်ဟာ မှောင်နေတယ်။ ကျွန်တော် လှေကားပေါ်ကို လှမ်းတက်လိုက်တော့ ကျွန်တော်နဲ့ တစ်ထပ်တည်းနေတဲ့ ဆလာမာနိုကြီးကို ဝင်တိုက်မိတော့မတတ် ဖြစ်သွားတယ်။ ခါတိုင်းလိုပဲ သူနဲ့အတူ သူ့ခွေးလည်း ပါလာတယ်။ ဒီခွေးနဲ့ သူနဲ့ဟာ မခွဲမခွာ နေလာခဲ့တာ ရှစ်နှစ်ရှိပြီ။ ဆလာမာနိုရဲ့ ခွေးဟာ မပန်နီရယ်အမျိုး အရုပ်ဆိုးဆိုး ခွေးတစ်ကောင်ဖြစ်ပြီး ဝဲတွေလို အရေပြားရောဂါ စွဲနေတယ် ထင်တယ်။ ဘယ်လိုမဆို အမွေးတွေ အားလုံး ကျွတ်ပြီး တစ်ကိုယ်လုံးမှာ ညိုညိုအကွက်တွေ ဖြစ်နေတယ်။ အခန်းကျဉ်းကလေးထဲမှာချည်း ဒီခွေးနဲ့အတူ လှောင်ပိတ်ပြီး နေတာကြာလို့လားတော့ မသိဘူး။ ဆလာမာနိုဟာလည်း သူ့ခွေးနဲ့ တူလာတယ်။ လျှော်မျှင်နဲ့တူတဲ့ သူ့ဆံပင်ဟာ ပါးသွားပြီး သူ့မျက်နှာပေါ်မှာလည်း အနီပျောက်တွေ ရှိနေတယ်။ ပြီးတော့ ခွေးကလည်းပဲ သူ့သခင်လို ကုန်းကွကွဟန်နဲ့ လမ်းလျှောက်တတ်လာတယ်။ သူ့နှုတ်သီးကို ရှေ့သို့ ထိုးထားပြီး မြေကြီးနားကို နှာခေါင်းကပ်ထားလေ့ရှိတယ်။ ဒါပေမယ့် ဆန်းတာက သူတို့ရုပ်ချင်း ဘယ်လောက်ပဲ တူတူ စိတ်ချင်းကတော့ မတည့်ကြဘူး။

ဆယ့်တစ်နာရီမှာ တစ်ကြိမ် ခြောက်နာရီမှာ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် ဒီလူကြီးဟာ သူ့ခွေးကို ထွက်ထွက်ပြီး ကျောင်းတယ်။ အဲဒီလို ထွက်ကျောင်းတာဟာ ရှစ်နှစ်လုံးလုံး ဒီအတိုင်းချည်းပဲ။ ဒီလိုင်ယွန်းလမ်းထဲမှာ ခွေးက သူ့သခင်ကို အားရှိ အားကုန်ဆွဲလို့ နောက်ဆုံး ငနဲကြီးလည်း ခြေလှမ်းတွေ ဘာတွေမှားပြီး လဲမလို

ဖြစ်ဖြစ်သွားတာ တွေ့ရမယ်။ အဲဒီအခါမှာ သူက ခွေးကို ရိုက်နှက်ပြီး ဆဲလိုက်ဆိုလိုက် လုပ်မယ်။ ခွေးက နည်းနည်းယို့သွားပြီး နောက်က လိုက်လာတော့ တစ်ခါ သခင်က တစ်လှည့် ခွေးကို ဒရွတ်တိုက် ဆွဲပြန်တယ်၊ ခဏနေတော့ ခွေးကမေ့ပြီး သံကြိုးကို တင်းအောင် ဆွဲပြန်ရော၊ ဒီတော့ တစ်ခါ အရိုက်ခံရပြန်ရော... အဆဲခံရပြန်ရော... ပြီးတော့ လမ်းဘေးစ်ကြံပေါ်မှာ သခင်က သူ့ခွေးကို မုန်းတီးရွံ့ရှာတဲ့ အကြည့်နဲ့ ကြည့်လို့၊ ခွေးကလည်း သူ့သခင်ကို ထိတ်လန့်ကြောက်ရွံ့တဲ့ အကြည့်နဲ့ကြည့်လို့၊ ရပ်ကြပြန်တယ်။ သူတို့ ထွက်တိုင်း ထွက်တိုင်း သည့်လိုချည်းပါပဲ။ ခွေးက ဓာတ်တိုင်တွေ့လို့ ရပ်ချင်တဲ့အခါ ငနဲကြီးက ရပ်ခွင့်မပေးဘဲ အတင်းဆွဲ... ခွေးအိုကြီးခမျာမလဲ သေးတစ်စက်စက် ထွက်ကျကျန်ရင်း ပါသွားတတ်တယ်။ ဒါပေမယ့် အခန်းထဲမှာသာ အဲဒီလို ဖြစ်ရင်တော့ ထပ်ပြီး အရိုက်ခံရဖို့ပဲ။

အဲသလိုနဲ့နေလာတာ ရှစ်နှစ်ရှိပြီ။ ဆေးလက်စ်ကတော့ “ဒါဟာ အင်မတန် မဖွယ်ရာတဲ့ ကိစ္စပဲ။ တစ်ခုခု လုပ်သင့်တယ်လို့” ဆိုတယ်။ ဒါပေမယ့် တကယ့် တကယ်ဆိုတော့ ဘာလုပ်ရမှန်းမသိပါဘူး။ လှေကားအဝင်မှာ သူ့ကို တွေ့တော့ ဆလာမာနိုက သူ့ခွေးကို အမျိုးမျိုးဆဲဆိုပြီး ခွေးကလည်း တအိုင်အိုင်အော်နေတယ်။ ကျွန်တော်က နှုတ်ဆက်တာတောင် သူမကြားပါဘူး။ ခွေးကိုပဲ ဆဲဆိုနေပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ခွေးဘာဖြစ်လို့လဲလို့ မေးလိုက် ရတယ်။ ဒီတော့လည်း သူက မဖြေဘူး။ ခွေးကိုပဲ “ဒီခွေးစုတ်ဟာ ..ဘာညာ” ဆက်ပြီး အော်ဟစ်နေတယ်။ ကျွန်တော် ကောင်းကောင်းတော့ မမြင်ရဘူး။ ဒါပေမယ့် သူဟာ ခွေးရဲ့လည်ပတ်မှာ တစ်ခုခုတပ်ဖို့ လုပ်နေဟန် တူပါတယ်။ ကျွန်တော်က အသံ နည်းနည်းမြင့်ပြီး မေးလိုက်တော့ သူက လှည့်မကြည့်ပဲ ဒေါသကို ထိန်းထားရတဲ့ လေသံနဲ့ “ဒီလိုချည့်ပါပဲကွာ... ကမြင်းမ ခွေး” လို့ ဆိုပါတယ်။ သူ လှေကားပေါ်ကို တက်တော့ ခွေးက ကြမ်းပြင်ပေါ်မှာ ပြားနေအောင်ဝပ်ပြီး ပေကပ်ငြင်းဆန် နေပြန်တယ်။ ဒါနဲ့ပဲ သူလည်း ကြိုးကို ဒရွတ်ဆွဲပြီး တစ်ထစ်ချင်း တင်ယူသွားတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်နဲ့ တစ်ထပ်တည်းနေတဲ့ လူလည်း လမ်းထဲကနေပြီး ဝင်လာပါတယ်။ ဒီနားတစ်ဝိုက်မှာတော့ သူ့ကို မကောင်းတဲ့အလုပ်နဲ့ အသက်မွေးသူလို့ ဆိုပါတယ်။ ဒါပေမယ့် သူ့ကို ဘာလုပ်စားလည်း မေးရင်တော့ သူက ကုန်ရုံမှာ အလုပ်လုပ်တယ်လို့ ပြောတယ်။ တစ်ခုကတော့ သေချာပါတယ်။ (သူ့ကို ဒီလမ်းထဲကတော့ မကြည်ညိုကြဘူးပေါ့)။ ကျွန်တော်က သူ့စကားကို နားထောင်လေ့ရှိတော့ သူမှာ ကျွန်တော့်ကို ပြောစရာစကား တစ်ခုမဟုတ်တစ်ခု ရှိတတ်ပြီး တစ်ခါတစ်ခါ ကျွန်တော့်အခန်းထဲ ဝင်လာပြီး စကားပြောလေ့ရှိပါတယ်။ တကယ်ဆိုတော့ သူပြောတဲ့ စကားတွေဟာ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ကျွန်တော် တွေ့ရပါတယ်။ ဒီတော့ ကျွန်တော် သူ့ကို အရေးမလုပ်ပဲ နေလိုက်ဖို့ အကြောင်းမရှိပါဘူး။ သူ့နာမည်က ဆင်တီလို့ခေါ်တယ်။ ရေမွန်ဆင်တီတဲ့။ သူက ပုပုတုတ်တုတ်နဲ့ လက်ဝှေ့သမား နှာခေါင်းရှုံးမျိုးနဲ့ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ် ဝတ်တတ်တယ်။ သူကလည်း တစ်ခါက ဆလာမာနိုနဲ့ ပတ်သက်ပြီး “မဖွယ်မရာဗျာ”လို့ ပြောပြီး ဒီအဖိုးကြီး သူ့ခွေးကို

ကိုင်ပုံကြည့်ပြီး "မရှိဘူးလား"လို့ ကျွန်တော်ကို မေးဖူးတယ်။ ကျွန်တော်က မရှိပါဘူးလို့ ပြန်ပြောလိုက်ပါတယ်။

ကျွန်တော်နဲ့ ဆင်တီလေ့ကားကို အတူတက်ခဲ့ကြပြီး ကျွန်တော်က ကျွန်တော့်အခန်းထဲ ဝင်မယ်အလုပ်မှာ သူက "ဟေ့လူ ကျုပ်နဲ့ တစ်ခုခု လိုက်စားပါလားဗျ။ ကျုပ်မှာ ပူဒင်အမည်းနဲ့ ဝိုင်နည်းနည်း ရှိတယ်" လို့ ဖိတ်ခေါ်ပါတယ်။

ကျွန်တော်လည်း ဒီလိုဆို ငါ့မှာ ညစာအချက်ရ အပြုတ်ရ သက်သာတာပဲလို့ အတောက်မေ့ပြီး "ကောင်းသားပဲ၊ ကျေးဇူးတင်သဗျာ" လို့ ပြောလိုက်ရတယ်။

သူ့ မှာကလည်း တစ်ခန်းတည်းပဲ ရှိတယ်။ ပြတင်းမရှိတဲ့ မီးဖိုခန်းတစ်ခု ရှိတယ်။ သူ့အိပ်ယာအထက်မှာ ပန်းရောင်နဲ့ အဖြူရောင် စပ်တမန်တော်ရုပ် ရှိတယ်။ မျက်နှာမူရာဘက် နံရံမှာတော့ အားကစားချန်ပီယံတွေ၊ ကိုယ်တုံးလုံး မိန်းကလေးတွေရဲ့ ဓာတ်ပုံတွေ ကပ်ထားတယ်။ အိပ်ရာကလဲ ကောင်းကောင်း ခင်းကျင်းထားတာ မဟုတ်ဘူး။ အခန်းကလည်း ညစ်ပတ်နေတယ်။ ရှေးဦးစွာ သူက ရေနံဆီမီးဖိုတစ်ခုကို ညှိလိုက်တယ်။ ပြီးတော့ သူ့အိတ်ထဲလျှောက် စမ်းပြီး မည်းညစ်နေတဲ့ ပတ်တီးတစ်လိပ်ကို ထုတ်ယူလိုက်တယ်။ အဲဒါနဲ့ သူ့ရဲ့ ညာဘက်လက်ကို ပတ်လိုက်တယ်။ ဘာဖြစ်လို့လည်းလို့ ကျွန်တော်က မေးတော့ သူက သူ့ကို ရန်စတဲ့ ကောင်တစ်ကောင်နဲ့ ရန်ဖြစ်ခဲ့လို့လို့ ပြောတယ်။

"ကျုပ်က ရန်ဖြစ်ချင်တဲ့ကောင် မဟုတ်ဘူးဗျ၊ စိတ်တိုတတ်တာ တစ်ခုပဲ"လို့ သူက ရှင်းပြပါတယ်။ "အဲဒီအကောင်က မင်းယောကျ်ားဆိုရင် ဓာတ်ရထားပေါ်က ဆင်းခဲ့လို့ခေါ်တယ်။ ကျုပ်က အေးအေးနေ မင်းကို ငါ ဘာမှလုပ်တာ မဟုတ်ဘူးလို့ ပြောပါတယ်၊ ဒါကို သူက ကျုပ်ကို သတ္တိမရှိဘူးလို့ ဆိုတယ်။ ဒါနဲ့ ကျုပ်လဲ စိတ်ထွက်လာပြီး ဓာတ်ရထားပေါ်က ခုန်ဆင်း... မင်းပါးစပ်ကြီးကို ပိတ်ထားရင်ထား၊ မထားရင် ငါပိတ်ပေးမယ်လို့ ပြောလိုက်တယ်၊ သူက စမ်းကြည့်ပေါ့ကွာ... လို့ ဆိုတာနဲ့ မျက်နှာကို တစ်ချက်စွပ်ပြီး ထိုးထည့်လိုက်တာ ချက်ကောင်းမိပြီး သူကားခနဲ ကျသွားတယ်၊ ခဏကြာတော့ ကျုပ်က သူ့ကို ဆွဲထူပေးပါတယ်။ ဒါပေမယ့် သူက လဲနေရာကနေပြီး ကျုပ်ကို လှမ်းကန်တယ်၊ ဒါနဲ့ ကျုပ်က သူ့ကို ဒူးနဲ့တိုက်လှဲပြီး နောက်ထပ် နှစ်ချက်လောက် ဆက်ထိုးပစ်လိုက်တယ်၊ ကျုပ်လည်း ထိုးပြီးတော့ သူ့မှာ သွေးတွေစီးကျလာလို့ ကျုပ်က မှတ်ပြီလားကွမေးတော့ သူက အင်း... လို့ ပြောတယ်"

ဆင်တီက စကားပြောရင်း ပတ်တီးစည်းနေတယ်၊ ကျွန်တော်လဲ သူ့အိပ်ရာပေါ်မှာ ထိုင်နေတယ်။

"ဒါ ကျုပ်အပြစ် မဟုတ်ဘူးဆိုတာ တွေးတယ် မဟုတ်လား သူ့အပြစ်နဲ့သူ

ခံရတာပဲ မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြတော့ သူဆက်ပြောတယ်။ "တကယ်က ကျုပ် ခင်ဗျားကို အကြိုဉာဏ်နည်းနည်း တောင်းချင်တယ်ဗျာ၊ ဒီကိစ္စနဲ့ ပတ်သက်တာပေါ့၊ ခင်ဗျားက ကမ္ဘာအနှံ့ လျှောက်သွားဖူးတဲ့ လူဆိုတော့ ကျုပ်ကို ကူညီနိုင်မှာပါပဲ။ ကျုပ်လဲ ခင်ဗျားရဲ့ ရာသက်ပန် မိတ်ဆွေပေါ့ဗျာ၊ ကျုပ်ကို ကျေးဇူးပြုထားဖူးတဲ့ လူဆိုရင် ကျုပ်က တစ်သက်မမေ့ပါဘူး"

ကျွန်တော်က ဘာမှမပြောတော့ သူက သူနဲ့ကျွန်တော်မိတ်ဆွေဖြစ်တာ ကြိုက်မကြိုက် မေးပါတယ်။ ကျွန်တော်က ကန့်ကွက်စရာ မရှိပါဘူးဆိုတော့ သူကျေနပ်သွားပုံရတယ်။ ပြီးတော့ ပူဒင်အမည်းကို ထုတ်ယူပြီး ဒယ်အိုးပြားကလေးထဲ ထည့်ပြီး နွေးပါတယ်။ ပြီးတော့ စားပွဲပေါ်ချပြီး ဝိုင်နှစ်ပုလင်းလည်း ထုတ်လာပါတယ်။ ဒါတွေလုပ်နေတုန်း သူ စကား မပြောပါဘူး။

ကျွန်တော်တို့ ညစာစားကြတော့မှ သူက ကျွန်တော့်ကို အားလုံးပြောပြပါတယ်။ အစမှာတော့ ဆုတ်ဆိုင်းဆိုင်းပေါ့။ "ကောင်မလေးတစ်ယောက်နဲ့ ပတ်သက်တာပေါ့ဗျာ၊ ထုံးစံ အတိုင်းပေါ့၊ ကျွန်တော်နဲ့ အဲဒီကောင်မလေးနဲ့က အိပ်နေကျပါ၊ ကျုပ်က သူ့ကို ယူထားတယ် ဆိုပါတော့ဗျာ။ ပိုက်ဆံလဲ အတော်တော့ ကုန်ပါတယ်။ ကျုပ်ဆွဲထိုးခဲ့တဲ့ အကောင်က သူ့မောင်... ဗျ"

ကျွန်တော် ဘာမှ ထောက်မပြောတာကို သူက သတိပြုမိပြီးတော့ သူ့ကို အိမ်နီးချင်းတွေ ဘယ်လိုပြောကြတယ်ဆိုတာ သူသိပါတယ်။ ဒါပေမယ့် ဒါတွေဟာ အလကား စကားတွေပါ၊ သူဟာ တစ်ခြားလူတွေလိုပဲ စည်းနဲ့ကမ်းနဲ့ နေတဲ့လူပါ၊ ကုန်ရုံမှာ အလုပ်လုပ်တဲ့လူပါဆိုတာ ပြောပြပါတယ်။

ပြီးတော့ သူက "ကဲ... ကျုပ်အကြောင်း ဆက်ပြောပါဦးမယ်လေ။ တစ်နေ့တော့ ဒီကောင်မက ကျုပ်ကို ပတ်တီးချတာ ကျုပ် တွေ့ရောဗျ"ဆိုပြီး ဆက်ပြောပြန်ပါတယ်။ သူက အဲဒီ မိန်းမကို သိတ်ဖောဖောသီသီကြီး မဟုတ်တော့ နေလို့ ဖြစ်အောင်တော့ ပေးခဲ့ရတဲ့အကြောင်း၊ အခန်းခပေးတဲ့ အပြင် စားဖို့အတွက် တစ်နေ့ နှစ်ဆယ် ပေးရတဲ့အကြောင်း ပြောပါတယ်။ "အခန်းခက သုံးရာဗျာ၊ စားဖို့က ခြောက်ရာ၊ မကြာခဏဆိုသလို လက်ဆောင်ကလေးများ ခြေအိတ်ကလေးက အစ ဝယ်ပေးရသေးတယ်၊ တစ်လ တစ်ထောင်လောက် ဆိုပါတော့၊ ဒါပေမယ့် ကျုပ် အမျိုးသမီးချောက ဒါနဲ့ မလောက် ချင်ဘူးဗျ၊ သူ့မှာ ကျုပ်ပေးတဲ့ပိုက်ဆံနဲ့ အလျှင်မီအောင် မသုံးလောက်ဘူး၊ ဘာဘူးနဲ့ ပြောလာတယ်။ ဒါနဲ့ တစ်နေ့ ကျုပ်က "ဟေ့... ဒီမှာ၊ တစ်နေ့ တစ်နာရီစ နှစ်နာရီစ အလုပ်ကလေး ဝင်လုပ်ပါလား၊ ဒီလိုဆို ငါ့မှာလည်း နည်းနည်းချောင်လည်တာပေါ့၊ ဒီလလည်း နင့်ဖို့ အဝတ်အသစ်တစ်ထည်

ဝယ်ပေးရတယ်၊ ဒါပေမယ့် နင်က ပိုက်ဆံကို ကောင်မလေးတွေနဲ့ ထွက်ပြီး စားသောက်သုံးဖြုန်း ပစ်လိုက်တာပဲ၊ နင်က သူတို့ကို ကော်ဖီတိုက်၊ သကြားလုံးဝယ်ကျွေးနဲ့ ပိုက်ဆံက ငါ့အိတ်ထဲက ထွက်ရတာ ငါကတော့ တရားမျှတအောင် လုပ်ပါတယ်။ နင်က ငါ့ကျေးဇူးကို တစ်လှည့် ကျေးဇူးတုံ့ ပြန်ဦးပေါ့” လို့ ပြောလိုက်တယ်။ ဒါပေမယ့် သူက အလုပ်လုပ်ဖို့ ဆိုတဲ့ စကားကို လက်မခံဘူးဗျ၊ ကျုပ်ပေးတာနဲ့ လောက်အောင် မသုံးနိုင်ဘူးဘဲ အတွင်ပြောနေတယ်၊ ဒီလိုနဲ့ တစ်နေ့တော့ ဒီကောင်မ ကျုပ်အပေါ် ညစ်ပတ်တာ တွေ့ရောဗျ”

သူက အမျိုးသမီးရဲ့ အိတ်ထဲမှာ ထီလက်မှတ်တွေ့တဲ့ အကြောင်း ဆက်ပြောတယ်၊ သူက ဘယ်ကပိုက်ဆံရသလဲ မေးတော့ မပြောဘူးတဲ့၊ နောက်တစ်ခါမှာတော့ အလျင်က သူတစ်ခါမှ မမြင်ဘူးတဲ့ လက်ကောက်နှစ်ဖက်ကို ပေါင်တဲ့ အပေါင် လက်မှတ်တစ်ခုကို တွေ့ပြန်ရောတဲ့။

“ဒီလိုနဲ့ ဒီကောင်မ ညစ်ပတ်နေပြီဆိုတာ ကျုပ်သိပြီး သူနဲ့ ဘာမှ မပတ်သက်တော့ဘူးလို့ သူ့ကို ပြောလိုက်တယ်၊ ဒါပေမယ့် အစမှာတော့ ကျုပ် သူ့ကို ကောင်းကောင်းတီးပေးပြီး ပိုးစိုးပက်စက် ပြောပစ်လိုက်တယ်၊ ကျုပ်က သူ့ကို နင့်ဟာ တစ်ခုပဲ စိတ်ဝင်စားတယ်၊ အဲဒါ ဘာလဲဆိုတော့ အခါအခွင့်ရတိုင်း ယောကျ်ားတွေနဲ့ အိပ်ဖို့ပဲ... လို့၊ ပြီးတော့ ကျုပ်က သူ့ကို ရှင်းရှင်းပဲ ပြောခဲ့တယ်၊ နင်တစ်နေ့ငိုရမယ့် ကောင်မ၊ ငါ့ကိုပြန်ပြီး တ,နေရမယ်၊ နင့်ကို ငါယူထားတဲ့အတွက် ကံကောင်းတယ် ဆိုပြီး လမ်းထဲက ကောင်မလေးတွေ အားလုံးဟာ နင့်ကို မနာလိုတိုရှည် ဖြစ်နေကြတယ်လို့ ပြောလိုက်တယ်”

သူရိုက်လိုက်တာ သွေးထွက်သံယိုတောင် ဖြစ်သတဲ့။ သည်အလျင်ကတော့ သူ တစ်ခါမှ မရိုက်ဖူးပါဘူးတဲ့။ “နာအောင်ကျင်အောင် မရိုက်ဖူးဘူးပေါ့ဗျာ၊ အသာအယာ ချစ်စနိုးတော့ ရိုက်ဖူးတာပေါ့၊ သူကလဲ ဟစ်ငိုတော့ ကျုပ်က ပြတင်းတွေ ပိတ်ထားလိုက်တာပေါ့၊ ပြီးတော့လည်း ထုံးစံအတိုင်း ပြီးသွားတာပဲ၊ ဒီတစ်ခါကတော့ ကျုပ်ကလဲ သူ့အပေါ် စိတ်ကုန်ခမ်းတယ်၊ ဒါပေမယ့် စိတ်ထဲမှာ ဒီကောင်မကို မှတ်လောက်အောင် မဆုံးမလိုက်ရတာဘဲ မကျေမနပ် ဖြစ်ရတယ်၊ ကျုပ်ပြောတာ နားလည်ရဲ့မဟုတ်လား”

သူ ကျွန်တော့် အကြံဉာဏ်ကို တောင်းချင်တယ်ဆိုတာက အဲဒီကိစ္စပဲဆိုတာ သူက ရှင်းပြတယ်။ မီးခွက်က မီးခိုးတွေ ထွက်လာတာနဲ့ သူလည်း အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရာကရပ်ပြီး မီးစာကို နှိမ့်လိုက်ပါတယ်။ ကျွန်တော်လည်း စကားတစ်ခွန်းမှ မပြောဘဲ နားထောင်ရုံ ထောင်နေလိုက်ပါတယ်။ ကျွန်တော် တစ်ယောက်တည်း ဝိုင်တစ်ပုလင်း ကုန်အောင် သောက်ထားတော့ ကျွန်တော့်ခေါင်းထဲမှာလည်း ဇီဇီ ဇီဇီ ဖြစ်နေတယ်။ ကျွန်တော့်မှာ ပါလာတဲ့

စီးကရက်ကလည်း ကုန်သွားလို့ ကျွန်တော် ရေမွန်ရဲ့ စီးကရက်တွေကိုပဲ သောက်နေရတယ်။ မိုးချုပ်တဲ့ ဓာတ်ရထားတွေ ဖြတ်သွားတဲ့ အသံတွေ ကြားလိုက်ရတယ်။ ဒီလိုနဲ့ပဲ လမ်းထဲက နောက်ဆုံး အသံဗလံတွေလည်း ပျောက်ကွယ်သွားတယ်။ ရေမွန် ကတော့ စကားပြောတုန်းပဲ။ သူ့အဆိုအရ သည်ကောင်မကို သူ မက်မပြေနိုင်သလို ဖြစ်နေလို့ ပိုနာသတဲ့။ ဒါပေမယ့် သူဟာ သည်ကောင်မကို မှတ်လောက်အောင် ဆုံးမချင်သတဲ့။

သူ ပထမအကြံက သည်မိန်းမကို ဟိုတယ်တစ်ခုပေါ် ခေါ်သွားမယ်။ ပြီးတော့ အထူးပုလိပ်တွေ ခေါ်အပ်ပြီး သည်မိန်းမကို "ဖာသည်မ"အဖြစ် စာရင်းသွင်းခိုင်းမယ်တဲ့။ သည်လိုဆိုရင် သည်မိန်းမ မခံမရပ်နိုင် ဖြစ်မှာပဲတဲ့။ ပြီးတော့ သူ မြေအောက်လောကက ဖာမွေးစားတဲ့ကောင်တွေ လိုက်ရှာပြီး အကြံတောင်းသတဲ့။ ဒါပေမယ့် တကယ်တမ်းကျတော့ ဒီကောင်တွေက ဘာမှ အကြံ မပေးတတ်ဘူးတဲ့။ ပြီးတော့ သူကပဲ "ဒါမျိုးဆို ဒီလမ်းထဲတင် ရှိပါလိမ့်မယ်ဆိုပြီး ကိုယ့်ကို ပတ်တီးချသွားတဲ့ ကောင်မ တစ်ယောက်ကို ဘယ်လိုလုပ်ရမယ် ဆိုတာမှ မသိရင် ဒီအလုပ်လုပ်နေပြီး ဘာအသုံးကျဦးမှာလဲ"လို့ ပြောတော့ ဒီကောင်တွေက ဒီကောင်မ "ဖာ"ဆိုပြီး သတင်းလွှင့်လိုက်ဖို့ အကြံပေးကြသတဲ့။ ဒါပေမယ့် သူလိုချင်တာက ဒါလဲ မဟုတ်ပြန်ဘူး။ ဒါဟာ အတော်စဉ်းစားယူရမယ့်ကိစ္စ... တဲ့။ ဒါပေမယ့် ပထမဆုံး သူက ကျွန်တော်ကို မေးစရာရှိသတဲ့။ မမေးခင်တော့ သူ့အခုပြောပြခဲ့တဲ့ အဖြစ်အပျက်ကို ကျွန်တော် ဘယ်လို သဘောရ မလဲဆိုတာ ယေဘုယျသဘော ပြောစေချင်ပါသေးသတဲ့။

ကျွန်တော်က တစ်ကယ်ပဲ သူ့အပေါ်မှာ ညစ်ပတ်သွားတယ်လို့ကော ထင်သလားလို ကျွန်တော့်ကို မေးပြန်တယ်။

ကျွန်တော်က "အဲဒီလိုနဲ့တော့ တူတာပါပဲ"လို့ ဝန်ခံလိုက်ရတယ်။ ပြီးတော့ သူက အဲဒီမိန်းမကို ဆုံးမသင့်တယ်လို့ မထင်ဘူးလား၊ ကျွန်တော်သာ သူ့နေရာမှာဆိုရင် ဘာလုပ်မလဲဆိုတာတွေ မေးမြန်းပါတယ်။ ကျွန်တော်က သည်ကိစ္စမျိုးမှာ ဘာလုပ်မိမယ်ဆိုတာ အသေအချာ ပြောနိုင်ဖို့ကတော့ ခက်သားပဲ၊ ဒါပေမယ့် သူ ဒီမိန်းမကို သူ့အပြစ်နဲ့သူ ခံရစေချင်တယ် ဆိုတဲ့ သူ့ဆန္ဒကိုတော့ ကောင်းကောင်း နားလည်နိုင်ပါတယ်လို့ ပြောလိုက်ပါတယ်။

ကျွန်တော်လည်း ဝိုင် ထပ်ငှဲ့ပြီး သောက်ပါတယ်။ ရေမွန်လည်း စီးကရက်တစ်လိပ် ထပ်ညှိပြီး သူ့ဘာလုပ်ဖို့ စိတ်ကူးတယ်ဆိုတာကို ရှင်းပြပါတော့တယ်။ သည်မိန်းမဆီ သူစာရေးချင်သတဲ့၊ ပြီးတော့ သူ့ကို ခပ်နာနာလေးထိအောင် ပိုးစိုးပက်စက် ရေးတဲ့စာ၊ ပြီးတော့ သူလုပ်ခဲ့တာတွေကို နောင်တရစေမယ့် စာမျိုး၊ သူပြန်လည်လာတော့ ဒီမိန်းမနဲ့သူ အိပ်မယ်၊ ပြီးတော့

မျက်နှာကို တံတွေးနဲ့ ထွေးပြီး အခန်းထဲက ကန်ထုတ်လိုက်မယ်လို့ ပြောတယ်။ ကျွန်တော်က "ဒီစိတ်ကူးမဆိုးဘူး"လို့ ပြောလိုက်ပါတယ်။ ဒီလိုဆိုရင် ဒီမိန်းမ မှတ်ကရောပေါ့။

ဒါပေမယ့် ရေမွှန်က အဲဒီလိုထိမယ့် စာမျိုးကို သူ မရေးတတ်ဘူးတဲ့။ အဲဒီနေရာမှာ ကျွန်တော်က ကူမရတဲ့။ ကျွန်တော်က ဘာမှ ပြန်မပြောတော့ သူက အခုချက်ချင်းရေးမလား မေးတာနဲ့ ကျွန်တော်ကလည်း "ရေးတာပေါ့" ဆိုပြီး ကောက်ရေးလိုက်တာပဲ။

သူက ဝိုင်ဖန်ခွက်ကို အပြီးသတ်လိုက်ပြီး ထိုင်ရာက ထလိုက်တယ်။ ပြီးတော့ ပူဒင် အကျန်အကြွင်းတွေနဲ့ ပန်းကန်တွေကိုတွန်း ဖယ်ရှေ့လိုက်ပြီး စားပွဲပေါ်မှာ နေရာလုပ်လိုက်တယ်။ စားပွဲခင်းတဲ့ ဖယောင်းပုဆိုးကို သေသေချာချာ သုတ်လိုက်ပြီး သူ အိပ်ယာဘေးက စားပွဲအံဆွဲထဲက ကလေးထောင့်စက္ကူတစ်ရွက်ကို ထုတ်ယူလိုက်တယ်။ သည့်နောက် စာအိတ်တစ်အိတ်၊ သစ်သားကလောင်တံ အနီကလေး တစ်ချောင်း၊ ခရမ်းရောင် မင်ထည့်တဲ့ လေးထောင့်မင်အိုးကလေး တစ်လုံး ထုတ်လာပါတယ်။ သူက ကောင်မလေးရဲ့ နာမည်ကို ပြောတော့ သူ့ကောင်မလေးဟာ "မူးအား" လူမျိုးဆိုတာကို ကျွန်တော် သိလိုက်ပါတယ်။

ကျွန်တော် အဲ့ဒီစာကို ရေးပေးလိုက်ပါတယ်။ ကျွန်တော် သိပ် ကြိုးစားပမ်းစား လုပ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရေမွှန် ကျေနပ်အောင်ပဲ ဆိုပါတော့။ သူကျေနပ်အောင် လုပ်ပေးစရာအကြောင်းလဲ မရှိပါဘူး။ ကျွန်တော်က ကျွန်တော် ရေးထားတဲ့ စာကိုဖတ်ပြတော့ သူက စီးကရက်ဖွာရင်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်။ ပြီးတော့ "ပြန်ဖတ်စမ်းပါဦး" လို့ ဆိုတယ်။ သူကတော့ ဝမ်းသာနေတဲ့ပုံပါပဲ။ ပြီးတော့ "ဒါမျိုးမှ တကယ်ထိတာ၊ ခင်ဗျားဟာ တကယ်ဉာဏ်ရှိတယ် ကိုယ့်လူကြီးရာ၊ တကယ်တော်တာပဲ" လို့ ချီးမွမ်းပြီး ခပ်အေးအေး ရယ်လိုက်ပါတယ်။

အစကတော့ ကျွန်တော့်ကို သူ "ကိုယ်လူကြီးရာ"လို့ ခေါ်လိုက်တာကို သတိမထား သလောက်ပါပဲ။ နောက် သူက ကျွန်တော့်ပခုံးကို ပုတ်ပြီး "ကဲ .. အခု ကျုပ်တို့ မိတ်ဆွေဖြစ်ကြပြီ မဟုတ်လား"လို့ ဆိုတော့မှ ပြန်စဉ်းစားမိတယ်။ ကျွန်တော်က ငြိမ်နေတော့ သူက ထပ်ပြောပြန်ပါတယ်။ ကျွန်တော်ကတော့ ဘယ်လိုဖြစ်ဖြစ် သိပ်တော့ အရေးမစိုက်လှပါဘူး။ ဒါပေမယ့် သူက ဒါကို သိပ်စိတ်သန်နေတော့ ကျွန်တော်ကလဲ "ဟုတ်တယ်"လို့ ပြောလိုက်တယ်။

သူက စာကို စာအိတ်ထဲမှာ ထည့်လိုက်ပြီးကျွန်တော်တို့ ဝိုင်ကို အပြီးသတ်လိုက်ကြတယ်။ နောက် ကျွန်တော်တို့ နှစ်ယောက်စလုံး စကားမပြောဘဲ အတော်ကြာအောင် ဆေးလိပ်ထိုင်ဖွာနေကြတယ်။ လမ်းပေါ်မှာတော့ တစ်ချက်

တစ်ချက်မှ ဖြတ်ဖြတ်သွားတဲ့ ကား တစ်စီးတလေက လွဲလို ငြိမ်လို့ပဲ။ နောက်ဆုံး ကျွန်တော်က မိုးချုပ်ပြီလို့ ပြောတော့ ရေမွန်ကလဲ သဘောတူတယ်။ "ဒီည အချိန်ကုန် လွယ်လိုက်တာဗျာ"လို့ သူက ဆိုတယ်။ သူပြောတာ တစ်နည်း အားဖြင့်တော့လဲ ဟုတ်ပါရဲ့။ ကျွန်တော်လဲ အိပ်ချင်လှပြီ။ အထရ ခက်နေလိုသာ မပြန်ရသေးတာကိုး။ ကျွန်တော် ပင်ပန်းပုံရနေသလား မသိဘူး။

ရေမွန်က "သိပ်လဲ စိတ်အပင်ပန်းမခံပါနဲ့" လို့ ပြောတယ်။ အစကတော့ သူ ဘာကိုဆိုလိုတယ် ကျွန်တော် မရိပ်မိပါဘူး။ နောက်မှ သူက ကျွန်တော့်အမေ ဆုံးတဲ့အကြောင်း သူ ကြားတယ်လို့ ပြောပြတယ်။ ဘယ်လိုမဆို ဒါမျိုးကတော့ တစ်မနေ့မကြုံ တစ်နေ့ကြုံရမှာပဲလို့ သူက ပြောတယ်။ ကျွန်တော် ဒါကို သဘောပေါက်ပါတယ်။ သူ့ကိုလဲ ဒီလိုပဲ ပြောလိုက်ပါတယ်။

ကျွန်တော် ပြန်ဖို့ထတော့ ရေမွန်က အားရပါးရ လက်ဆွဲနှုတ်ဆက်ပြီး "ယောက်ျားတွေဟာ တစ်ယောက်ကို တစ်ယောက် နားလည်ကြပါတယ်" လို့ မှတ်ချက်ချတယ်။ ကျွန်တော် အခန်းထဲရောက်ပြီး တံခါးပိတ်ပြီး အတော်ကြာအောင် ဖိနပ်ချွတ်မှာ ရပ်နေမိတယ်။ အဆောက်အအုံတစ်ခုလုံး သုသာန်ကုန်းလို တိတ်ဆိတ်နေတယ်။ မှောင်နေတဲ့ လှေကား ဆောင်တွင်းဆီက စိုထိုင်းထိုင်း အနံ့တစ်မျိုး တက်လာတယ်။ ကျွန်တော် နားထင်ဆီမှာ သွေးတိုးတဲ့ တဒိန်းဒိန်း မြည်သံက လွဲလို ဘာသံမှ မကြားရတော့ အတော်ကြာအောင် အဲဒီအသံကိုပဲ နားထောင်နေမိတယ်။ နောက် ဆလာမာနိုရဲ့ အခန်းဆီက ခွေးညည်းသံ ကြားရတယ်။ ဒီခွေးညည်းလိုက်တဲ့ အသံဟာလဲ တိတ်ဆိတ် မှောင်မည်းနေတဲ့ လောကကြီးထဲက ပန်းတစ်ပွင့် ပွင့်လာသလို တဖြည်းဖြည်းချင်း ကျယ်လောင်လာပါတော့တယ်။

အခန်း ၄

တစ်ပတ်လုံး ကျွန်တော့်ရုံးမှာ အလုပ်များနေပါတယ်။ ရေမွန် ကျွန်တော့်ဆီ တစ်ခါဝင်လာပြီး သူ့စာကို ထည့်လိုက်ပြီလို့ ပြောတယ်။ ကျွန်တော် အီမန်နွယ်နဲ့ ရုပ်ရှင်နှစ်ခါ သွားကြည့်တယ်။ သူက ပိတ်ကားပေါ်မှာ ပြနေတာတွေကို အမြဲ နားမလည်လို့ ပြန်ပြောပြပါဦးချည့် ခိုင်းတတ်တဲ့လူ။ မနေ့က စနေနေ့မို့ ချိန်းထားတဲ့အတိုင်း မာရီ ကျွန်တော့်ဆီကို လာတယ်။ သူက အဖြူနဲ့ အနီစင်း အဝတ်အစားနဲ့ သားရေ ကြိုးသိုင်းဖိနပ်နဲ့ဆိုတော့ သိပ်ကို လှနေလို့ ကျွန်တော့် မျက်လုံးတွေ သူ့ဆီက ခွာလို့မရဘူး။ တင်းတင်းရင်းရင်းရှိ လှတဲ့ သူ့ရင်အုံကလေးရဲ့ ကောက်ကြောင်းကိုလဲ မြင်နေရတယ်။ နေလောင်ထားတဲ့ သူ့ အသားအရည် ဟာလဲ ကတ္တီပါ အညိုရောင်ပန်း တစ်ပွင့်လိုပါပဲ။ ကျွန်တော်တို့ ဘတ်စ်ကားနဲ့ အယ်လ်ဂျီးယားမြို့ ပြင်ဘက် သုံးလေးမိုင်မှာ ကျွန်တော် သွားနေကျ ကမ်းခြေတစ်နေရာကို လာခဲ့ကြပါတယ်။ အဲဒီနေရာဟာ ကျောက်ဆောင် အစွယ် နှစ်ခုကြားထဲက နောက်ဘက်မှာ ကိုင်းပင်ရှည်တန်းကလေးတွေနဲ့ ဒီလှိုင်းပုတ်တဲ့ သဲသောင်ခုံ အမြောင်းကလေးပါ။ လေးနာရီမှာ နေက သိပ်မပူတော့ဘူး။ ဒါပေမယ့် ရေကလေးတွေကတော့ စိမ့်လို့ ကောင်းရုံ ခပ်နွေးနွေးကလေး၊ လှိုင်းအိကလေးတွေလဲ သဲသောင်စပ်ကို ရွရွကလေးလိုမ့်တက်လို့။

မာရီက ကျွန်တော့်ကို ကစားနည်းအသစ်တစ်ခု သင်ပေးပါတယ်။ ဘယ်လိုလဲဆိုတော့ ရေကူးရင်းနဲ့ လှိုင်းခေါင်းဖြူက ရေပန်း ရေမြှာကလေးတွေ စုပ်ယူပြီး ပါးစပ်ထဲ ရေမြုပ်ပြည့်တော့ ပက်လက်လှန်ပြီး ကောင်းကင်ဆီကို မှုတ်ထုတ်လိုက်ရတယ်။ လေထဲမှာ ရေငွေ့တွေ ဖွာခနဲ မှုန်ပြီး ရောရင်လဲ ရောသွား။ ဒါမှမဟုတ် ပူနွေးတဲ့ ရေပေါက်ရေစက်တွေရင်လဲ ... ပါးပေါ်ကျလာရော၊ ဒါပေမယ့် မကြာခင်ပဲ ဆားရေတွေ စုပ်ရလွန်းတော့ ကျွန်တော့်ပါးစပ်လဲ ကျိန်းစပ်နေတော့တယ်။ ကျွန်တော်တို့ ကမ်းဘက်ကို ပြန်ကူးမလာကြခင် လှိုင်းတွေ လိမ့်ရာကို တစ်မိနစ် နှစ်မိနစ်လောက် ပါနေခဲ့ကြတယ်။

ကျွန်တော်တို့ အဝတ်အစားတွေ ဝတ်ပြီးကြတော့ မာရီက ကျွန်တော့်ကို စိုက်ကြည့်နေပါတယ်။ သူ့မျက်လုံးတွေဟာ အရောင်တလက်လက် ထွက်နေတယ်။ ကျွန်တော်က သူ့ကို နမ်းလိုက်ပါတယ်။ သည့်နောက်တော့ သူရော ကျွန်တော်ပါ အတော်ကြာအောင် စကား မပြောဖြစ်ကြပါဘူး။ ကျွန်တော်တို့ ကမ်းနဖူးဆီ တက်လာကြရင်း ကျွန်တော် သူ့ကို ဘေးတိုက် ဆွဲပြီး ညှစ်လိုက်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ကျွန်တော့်နေရာကို ပြန်ပြီး လူးလိမ့်အိပ်ကြဖို့ စိတ်စောပြီး ဘတ်စ်အမီ ရေးကြီးသုတ်ပြာ လာခဲ့ကြတယ်။ ကျွန်တော် အခန်းပြတင်းပေါက်တွေကို ဖွင့်ထားခဲ့တယ်။ ဒါနဲ့ပဲ နေလောင်ထားတဲ့ ကျွန်တော်တို့ရဲ့ အသားတွေမှာ ညလေအေးကလေး တိုးတာကို ခံရတာဟာ သိပ်အရသာရှိပါတယ်။

မာရီက နောက်တစ်ရက် မနက် သူအားတယ်ဆိုလို့ ကျွန်တော်က ကျွန်တော်နဲ့ နေ့လယ်စာ စားပါလားလို့ ပြောတာကို သူက သဘောတူလိုက်တာနဲ့ ကျွန်တော် အသားလေးဘာလေး ဝယ်ဖို့ အောက်ကို ဆင်းခဲ့တယ်။ ကျွန်တော် အပြန်မှာ ရေမွန်ရဲ့ အခန်းထဲက အမျိုးသမီးတစ်ယောက်ရဲ့ အသံကို ကြားရပါတယ်။ အတော်ကလေး ကြာတော့ ဆလာမာနိုကြီး သူ့ခွေးကို ဆဲဆိုသံ စ,ပါလေ တော့တယ်။ မရှေးမနှောင်းပဲ သစ်သားလှေကားပေါ်မှာ ဖိနပ်သံတွေ၊ ခွေးခြေသံတွေ ကြားရပြီး "လာခဲ့ ခွေးစုတ်... ဆင်းစမ်းဆိုတဲ့ အသံတွေနဲ့အတူ လမ်းဘက်ကို ထွက်သွားကြတယ်။ ကျွန်တော်က ဒီငနဲကြီးရဲ့ အကျင့်တွေ မာရီကို ပြောပြတယ်။ မာရီက ရယ်တယ်။ သူ ကျွန်တော့် ညဝတ်အင်္ကျီဝတ်စုံကို ဝတ်ပြီး လက်တွေ လိပ်တင် ထားတယ်။ သူက ရယ်တော့ ကျွန်တော် သူ့ကို မက်မပြေနိုင် ဖြစ်ရပြန်တယ်။ တစ်ခဏကြာတော့ သူ့ကို ချစ်ရဲ့လားလို့ သူက မေးတယ်။ ကျွန်တော်က ဒီလို မေးတာ တကယ်တော့ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ပြောပါတယ်။ မချစ်ဘူးဆိုရင်ကောလို့လဲ ပြန်မေးကြည့် တယ်။ သူ နည်းနည်း မျက်နှာအိုသွားတယ်။ ဒါပေမယ့် ကျွန်တော်တို့ နေ့လယ်စာ ချက်ကြပြုတ်ကြရင်း သူရွှင်လာပြီး ရယ်ရယ်မောမော ဖြစ်လာပါတယ်။ သူက ရယ်တော့လဲ ကျွန်တော် သူ့ကို နမ်းချင်ပြန်တာပဲ။ အဲဒီအချိန်မှာပဲ ရေမွန်ရဲ့ အခန်းထဲက ဆူဆူညံညံတွေ ကြားရပါတော့တယ်။

ကျွန်တော် ပထမဆုံး ကြားရတာကတော့ တစ်ခုခုကို အော်ပြောလိုက်တဲ့ မိန်းမတစ်ယောက် အသံပါ။ နောက် ရေမွန်က သူ့ကို ဟောက်တဲ့အသံ။ "နင် ငါ့ကို သစ္စာဖောက်တယ်၊ ခွေးမ၊ သစ္စာဖောက်ချင်တဲ့ ကောင်မ သိစေမယ်" တဲ့။ ပြီးတော့ တဘုန်းဘုန်း အသံတွေ ကြားရပြီး စူးစူးရှရှ အော်လိုက်တဲ့ အသံတစ်သံ ပေါ်လာတယ်။ ထိတ်လန့်စရာပါပဲ။ ခဏနေတော့ လှေကားတက်မှာ လူတွေ အုံလာတယ်။ ကျွန်တော်နဲ့ မာရီတို့လည်း ထွက်ကြည့်ကြတယ်။ မိန်းမကလည်း အော်တုန်း ဟစ်တုန်း၊ ရေမွန်ကလည်း ရိုက်တုန်း နှက်တုန်းပဲ။ မာရီက ကြောက်စရာပဲနော်လို့ဆိုတော့ ကျွန်တော်က ဘာမှ ပြန်မပြော မိပါဘူး။ နောက် သူက ပုလိပ်တစ်ယောက်လောက် သွားခေါ်ပါလားလို့ ပြောတော့ ကျွန်တော်က ပုလိပ်တွေကို မကြိုက်ပါဘူးလို့ ပြောလိုက်တယ်။ ဒါပေမယ့် ပြောရင်းဆိုရင်းပဲ ပုလိပ်တစ်ယောက် ရောက်လာတယ်။ ဒုတိယထပ်မှာနေတဲ့ အိမ်ငှား ရေပိုက်သမား တစ်ယောက် သူနဲ့အတူပါလာတာပါ။ သူက တံခါးကို ထုလိုက်တဲ့အခါမှ အခန်းထဲက အသံတွေ တိတ်သွားတယ်။ သူက တံခါးပေါက်ကို ခေါက်ပြန်တယ်။ ခဏနေတော့ အထဲက မိန်းမက ငိုပါလေတော့တယ်။ ရေမွန်လည်း တံခါးကို ဖွင့်ပေးလိုက်တယ်။ သူ့ အောက်နှုတ်ခမ်းမှာ စီးကရက် တွဲလွဲနဲ့ ခပ်ယဲ့ယဲ့ကလေးပြုံးလို့။ "မင်းနာမည်"လို့ မေးတော့ ရေမွန်က ပြောလိုက်တယ်။ ပုလိပ်က ခပ်ထန်ထန်ပဲ။ "ငါ့ကို စကားပြောရင် မင်းပါးစပ်က စီးကရက်ကို ဖြုတ်ထား" လို့ ပြောလိုက်တယ်။ ရေမွန်က ဆုတ်ဆိုင်းဆိုင်း လုပ်နေပြီး ကျွန်တော့်ကို ကြည့်လိုက်တယ်။ စီးကရက်ကတော့ မဖြုတ်ဘူး။ ပုလိပ်ကလည်း မဆိုင်းမတွပဲ ရေမွန်ရဲ့

ဘယ်ဘက်ပါးကို ဖြန်းခနဲ တီးလိုက်တယ်။ စီးကရက်ဟာ သူ့ပါးစပ်က ပြုတ်ထွက်ပြီး တစ်ကိုက်လောက် အကွာမှာ ကျသွားတယ်။ ရေမွန်လည်း မျက်နှာကို ရှုံ့မဲ့လိုက်တယ်။ အတော်ကြာအောင် ဘာမှမပြောဘဲနေတယ်။ ပြီးတော့မှ ကျိုးနွံတဲ့ လေသံနဲ့ သူ စီးကရက်ကို မကောက်ရဘူးလားလို့ မေးတယ်။

ပုလိပ်အရာရှိက “ကောင်းပြီ၊ ဒါပေမယ့် နောက်တစ်ခါဆိုရင် ဒီလို လူပါးဝတာမျိုး သည်းမခံဘူး၊ မှတ်ထား။ မင်းလို ကောင်မျိုးကများ” လို့ ဆိုတယ်။

ဒီအတောအတွင်း ကောင်မလေးကလည်း တရှုပ်ရှုပ် ငိုရင်းက “သူ ကျွန်မကို ရိုက်တယ်။ အလကားလူ။ သူဟာ ဖာခေါင်း” လို အထပ်ထပ် ပြောနေတယ်။

ရေမွန်က “တစ်ဆိတ် ခင်ဗျား။ အရာရှိမင်းရယ်၊ ကျုပ်ကို ဒီလို လူရှေ့သူရှေ့မှာ ဖာခေါင်းလို့ ခေါ်တာ တော်ရော့လားဗျာ” လို့ ဝင်ပြောပါတယ်။

ပုလိပ်က သူ့ကို တိတ်တိတ်နေစမ်းလို့ ဆိုတယ်။

ရေမွန်က မိန်းကလေးဘက်လှည့်ပြီး “အေးပေ့ါကွာ၊ တွေ့ကြ သေးတာပေ့ါ”လို့ ပြောနေတယ်။

ပုလိပ်က “တော်ပြီ”လို့ ပိတ်ပြောလိုက်ပြီး ကောင်မလေးကို သွားတော့လို့ ပြောလိုက်တယ်။ ရေမွန်ကိုတော့ ပုလိပ်ဌာနက မခေါ်မချင်း သူ့အခန်းထဲမှာ သူနေဖို့ အမိန့်ပေးတယ်။ ပြီးတော့ “ရှက်ဖို့ ကောင်းတယ်ကွာ။ မူးနေလိုက်တာ ငြိမ်ငြိမ်တောင် မရပ်နိုင်ဘူး။ တစ်ကိုယ်လုံးလည်း တုန်နေတာပဲ” လို့ ဆက်ပြောတယ်။

ရေမွန်က “ကျုပ် မမူးပါဘူး ဆရာရယ်။ ဆရာ ကျုပ်ကို ရပ်ကြည့်နေတာ မြင်တော့ မတုန်ဘဲ ဘယ်နေနိုင်ပါတော့မလဲ။ တုန်နေရတာပေ့ါ”လို့ ရှင်းပြနေတယ်။

ပြီးတော့ သူ့ အခန်းတံခါး သူ ပိတ်လိုက်တယ်။ ကျွန်တော် တို့လည်း ထွက်ခဲ့ကြရော။ မာရီနဲ့ ကျွန်တော်လည်း နေ့လည်စာ ချက်ကြပြုတ်ကြတာကို အပြီးသတ်ကြတယ်။ ဒါပေမယ့် သူက သိပ်မဆာဘူး ဆိုတာနဲ့ အားလုံးလိုလို ကျွန်တော်ချည့် စားပစ်ရတယ်။ သူလည်း တစ်နာရီထိုးမှ ပြန်သွားတယ်။ ကျွန်တော်လည်း တစ်ရေးတစ်မော အိပ်ပါတယ်။

သုံးနာရီ ထိုးခါနီးတော့ ကျွန်တော့်တံခါးကို ခေါက်တဲ့အသံ ကြားရပြီး ရေမွန် ဝင်လာပါတယ်။ သူက ကျွန်တော့် အိပ်ရာအစွန်မှာ လာထိုင်ပြီး တစ်မိနစ် နှစ်မိနစ်လောက် စကားမပြောဘဲ နေတယ်။ ကျွန်တော်က ဘယ်လိုဖြစ်သွားသလဲလို့ မေးတော့ သူက အစမှာ စီစဉ်ထားတဲ့အတိုင်း ချောချောမောမောပဲ။ အားလုံးပြီးမှ

သူ့ပါးကို ရိုက်တာနဲ့ သူလည်း ဒေါသဖြစ်ပြီး မိန်းမကို စ,ရိုက်တော့တာပဲတဲ့။ သည့်နောက် ဘာဖြစ်တယ်ဆိုတာကိုတော့ သူ ပြောဖို့ မလိုတော့ဘူး။ ကျွန်တော်လည်း ရှိနေတာပဲ။

ကျွန်တော်က "ဒါနဲ့ သူ့ကို ကောင်းကောင်းတော့ ဆုံးမလိုက်ရတယ် မဟုတ်လား။ ခင်ဗျား လုပ်ချင်တာက ဒါပဲ မဟုတ်လား" လို့ မေးလိုက်ရတယ်။

သူက ဟုတ်တယ်လို့ ပြောပါတယ်။ ပြီးတော့ ပုလိပ်က ဘာလုပ်လုပ် မိန်းမကို ဆုံးမလိုက်ရတယ် ဆိုတာကတော့ ဆုံးမလိုက် ရတာပါပဲ။ ပုလိပ်နဲ့ ပတ်သက်လို့ကတော့ ဒီကောင်တွေကို ဘယ်လို လုပ်ရမယ်ဆိုတာ သူ ကောင်းကောင်း သိပါတယ်လို့ ဆိုတယ်။ သူ ဒါပေမယ့် သူ့စိတ်ထဲမှာ ပုလိပ်က သူ့ကို ရိုက်တော့ သူက ပြန်ရိုက်မယ်လို့ ကျွန်တော်က မျှော်လင့်နေသလားဆိုတာ သိချင်နေသတဲ့။

ကျွန်တော်ကတော့ ဘာမှ မျှော်လင့်မထားပါဘူး။ ပြီးတော့ ပုလိပ်ဆိုတာကလည်း ကိုယ်နဲ့ဆိုင်တာ မှတ်လို့လို့ ပြောလိုက်တယ်။ ရေမွန်က သဘောကျသွားဟန် တူပါတယ်။ ကျွန်တော့်ကို သူနဲ့အတူ လမ်းလျှောက် လိုက်မလားလို့ မေးပါတယ်။ ကျွန်တော်လည်း အိပ်ရာက ထပြီး ခေါင်းဖြီးလိုက်ပါတယ်။ ပြီးတော့ ရေမွန်က သူ ကျွန်တော်ကို ခေါ်တာက သူ့အဖို့ သက်သေလိုက်ပေးဖို့ပါတဲ့။ ကျွန်တော်က ကန့်ကွက်စရာ မရှိပါဘူး။ ဒါပေမယ့် သူက ကျွန်တော့်ကို ဘာပြောစေချင်သလဲ ဆိုတာ မသိတာ တစ်ခုပါပဲလို့ ပြောလိုက်ရတယ်။

သူက "မခက်ပါဘူး။ ခင်ဗျားက ဒီမိန်းမ ကျုပ်ကိုသစ္စာဖောက် သွားတယ်ဆိုတာ ပြောရုံပါပဲ" လို့ ဆိုတယ်။

ကျွန်တော်လည်း သူ ဘက်က သက်သေလိုက်ပေးဖို့ သဘောတူလိုက်ရတယ်။

ကျွန်တော်တို့ အတူထွက်သွားကြပြီး ရေမွန်က ကျွန်တော့်ကို ကဖီးတစ်ခုမှာ ဘရန်ဒီ တိုက်ပါတယ်။ ပြီးတော့ .. ကျွန်တော်တို့ ဘိလိယက်တစ်ပွဲ ကစားကြပါတယ်။ အကြိတ်အနယ် ကစားရပြီး ကျွန်တော် တစ်ပွဲ့နှစ်ပွဲ့နဲ့ ကပ်ပြီးရှုံးပါတယ်။ နောက် သူက ပြည့်တန်ဆာ အိမ်တစ်အိမ်ကို သွားရအောင်လို့ဆိုတယ်။ ကျွန်တော်က ငြင်းလိုက်တယ်။ ကျွန်တော် သိပ်စိတ် မပါပါဘူး။ ကျွန်တော်တို့ ဖြည်းဖြည်း လမ်းလျှောက်ပြန်ခဲ့ကြတော့ သူက သူ့ကောင်မကို အားရပါးရ လက်စားချေလိုက်ရတာကို သိပ်သဘောကျနေတယ်ဆိုတာကို ပြောပြလာတယ်။ ကျွန်တော့်အပေါ်မှာလဲ သိပ်ခင်မင်တဲ့ အမူအရာပြနေတော့ ကျွန်တော်လည်း လမ်းလျှောက်ပြန်လာရတာ ပျော်ပါတယ်။ ကျွန်တော်တို့ အိမ်ရောက်ခါနီးတော့ လှေကားဝမှာ ဆလာမာ မာနိုကြီးကို တွေ့လိုက်ရတယ်။ သူ သိပ်စိတ်လှုပ်ရှားနေပုံ ရပါတယ်။ သူ့ခွေး သူနဲ့အတူ ပါမလာတာကို ကျွန်တော် သတိပြုမိပါတယ်။ သူဟာ

သူ့ခေါင်းကို ပလုတ်တုတ် တီးသလို လှည့်ပြီး အရပ်လေးမျက်နှာကို ကြည့်နေတယ်။ တစ်ခါ တစ်ခါ သူ့ရဲ့နီရဲနေတဲ့ မျက်လုံးကြောင်ကလေးတွေနဲ့ အိမ်အဝင်ဝ အမှောင်ထဲကိုလဲ စူးစိုက်ကြည့်နေတာ တွေ့ရတယ်။ ပြီးတော့ သူတစ်ယောက်တည်း ပါးစပ်က ပွစိပွစိပြောရင်း လမ်းဘက်ကိုထွက်ပြီး အထက်အောက် ခေါက်ပြန်ကြည့်ပြန်ပါတယ်။

ရေမွန်က ဘာဖြစ်လို့လဲလို့ သူ့ကို မေးပေမယ့် သူကချက်ချင်း မဖြေပါဘူး။ ပြီးတော့ သူ့ဘာသာသူ "ခွေးဝဲစား၊ ခွေးစုတ်" လို့ ရေရွတ်သံ ကြားရပါတယ်။ သူ့ခွေး ဘယ်မှာလဲလို့ ကျွန်တော်က မေးတော့ ကျွန်တော့်ကို မျက်မှောင်ကုတ် ကြည့်လိုက်ပြီး "သွားပြီပေါ့" လို့ ဆိုလိုက်တယ်။ တစ်ခဏနေတော့ သူက ဆိုင်းမဆင့် ဗုံမဆင့် နဲ့ သူ့ခွေးအကြောင်း စပြီး ပြောပါတော့တယ်။

"ကျုပ်က သူ့ကို ခါတိုင်းလိုပဲ စစ်ရေးပြကွင်းထဲ ခေါ်သွားပါတယ်။ လူတွေကလည်း ကျပ်ညပ်နေတာ။ ရွှေ့လိုတောင် မရချင်ဘူး။ ကျွန်တော်က ပြခန်းတစ်ခုမှာ လက်ထိပ်နဲ့ ဘုရင်ဆိုတာ ရပ်ကြည့်နေတယ်။ ပြန်မလို့ လှည့်ထွက်ခဲ့တော့ ခွေးက မရှိတော့ဘူး။ လည်ပတ်ကျဉ်းကျဉ်း ဝယ်မယ် လုပ်နေတာဗျာ။ ဒါပေမယ့် ဒီသတ္တဝါ ဒီလို လျှောပြီး လွတ်ထွက်သွား လိမ့်မယ်လို့တော့ မထင်မိပါဘူး"

"သူ့ဘာသာသူ ပြန်လာပါလိမ့်မယ်" လို့ ရေမွန်က သူ့ကို နှစ်သိမ့်ပြီး မိုင်ပေါင်းများစွာ ခရီးကနေပြီး ကိုယ့်သခင်ဆီ ကိုယ်ပြန်လာတဲ့ ခွေးလိမ္မာတွေရဲ့ အကြောင်း ပြောပြပါတယ်။ ဒါပေမယ့် ဒီလို ပြောလိုက်မှပဲ အဘိုးကြီး အရင်ကထက် စိတ်သောက ဖြစ်သွားပုံ ရပါတယ်။

ခင်ဗျားတို့မသိဘူး။ သူ့ကို သတ်ပစ်လိုက်ကြမှာ။ ပုလိပ်တွေကို ပြောတာပါ။ သူ့ကို ဘယ်သူမှ လက်ခံပြီး စောင့်ရှောက် ထားမှာ မဟုတ်ဘူး။ သူမှာက ဝဲတွေနဲ့ဆိုတော့ ဘယ်သူမှ သူ့အနား မကပ်ချင်ဘူး"

ကျွန်တော်က ပုလိပ်ဌာနမှာ ခွေးလေခွေးလွင့်တွေကို ထည့်ထားတဲ့ ခွေးထောင် ရှိတယ်ဆိုတာ ပြောပြပါတယ်။ သူ့ခွေးဟာ အဲ့ဒီမှာ ရှိမယ်ထင်တဲ့အကြောင်းနဲ့ ဒဏ်ငွေ အနည်းအကျဉ်းဆောင်ပြီး ပြန်ယူခဲ့လို့ ရမှာပါဆိုတဲ့အကြောင်း ပြောပြတယ်။ သူက ဒဏ်ငွေ ဘယ်လောက် ပေးရတတ်သလဲလို့ မေးတော့ ကျွန်တော်က မပြောတတ်ပြန်ဘူး။ ဒီတော့ သူလဲ ဒေါသဖြစ်လာပြန်ရော။

"ဒီလို ခွေးစုတ်မျိုးအတွက် ကျုပ်က ပိုက်ဆံ ပေးလိမ့်မယ်ထင်လို့လား။ ဝေးလိုက်တာ။ သတ်ချင် သတ်ပစ် လိုက်ကြပါစေပေါ့။ ကျုပ်က အရေးလား ပြီးတော့ သူ့ခွေးကိုသူ ခါတိုင်းလို ဆဲပြန်ပါတယ်။

ရေမွန်က ရယ်လိုက်ပြီး အိမ်ထဲကို ဝင်သွားတယ်။ ကျွန်တော်လည်း သူနဲ့အတူ လိုက်ဝင်သွားပြီး အပေါ်ထပ်ကို တက်ခဲ့တယ်။ လှေကားထိပ်ရောက်မှ လမ်းခွဲလိုက်ကြတယ်။ တစ်မိနစ် နှစ်မိနစ် လောက်ကြာတော့ ဆလာမာနိုရဲ့ ခြေသံကြားရပြီး ကျွန်တော်တံခါး ခေါက်တဲ့အသံလည်း ကြားရတယ်။

ကျွန်တော် တံခါးဖွင့်လိုက်တော့ သူက တံခါးဝမှာ တစ်ခဏ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသေးတယ်။

"စိတ်မရှိပါနဲ့နော်။ ကျွန်တော့်အတွက် အနှောင့်အယှက်တော့ မဖြစ်ဘူးထင်ပါရဲ့"

ကျွန်တော်က သူ့ကို အထဲဝင်ဖို့ ပြောပါတယ်။ ဒါပေမယ့် သူက ခေါင်းရမ်းပြပါတယ်။ သူဟာ သူ့ဖိနပ်ဦးဆီကို စိုက်ကြည့် နေတယ်။ သူရဲ့ အက်ကွဲကြမ်းတမ်းနေတဲ့ လက်ကြီးတွေဟာလည်း တုန်နေတယ်။ သူက ကျွန်တော့် မျက်နှာကို မကြည့်ဘဲနဲ့ စကား ဆက်ပြောတယ်။

"သူတို့ ဒီခွေးကို ကျုပ်ဆီက ယူတော့မသွားကြပါဘူး ထင်ပါရဲ့ မွန်ဆီယာမားဆိုးရယ်... ဟင်။ ဒီလိုတော့ မလုပ်ကြတန်ကောင်းပါဘူး။ တကယ်လို့များ လုပ်လိုက်ကြရင်တော့ ကျုပ် ဘာဖြစ်မလဲ မသိဘူး"

"ကျွန်တော် သိသလောက်ဆိုရင် ဒီလို ခွေးလေခွေးလွင့်တွေကို ခွေးထောင်မှာ ပိုင်ရှင် လာရွေးနိုင်အောင် သုံးရက်တော့ ထားပါတယ်။ သည်နောက်တော့ ခွေးကို သူတို့ သင့်မယ်ထင်သလို စီမံပစ်လိုက်ကြတာပဲ"လို့ ပြောလိုက်ရတယ်။

သူက ကျွန်တော့်ကို တိတ်တိတ်ဆိတ်ဆိတ်ပဲ စိုက်ကြည့်နေပြီး တစ်ခဏကြာမှ "သွားဦးမယ်ဗျာ" ဆိုပြီး ထွက်သွား ပါတယ်။ သည်နောက် သူဟာ အတော်ကြာအောင် သူ့အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသံ ကြားရပါတယ်။ ပြီးတော့ သူ့အိပ်ရာက တကျွီကျွီ မြည်သံကြားရပါတယ်။ နံရံကို ထွင်းဖောက်ပြီးတော့ ရှိုက်တဲ့အသံမကြားရတော့ သူ ငိုနေတာ ဖြစ်မှာပဲလို့ ကျွန်တော် တွေးမိတယ်။ ဘာကြောင့်ရယ်လို့ ကျွန်တော် မသိပါဘူး။ အကြောင်းတစ်ခုခုကြောင့် ကျွန်တော်ဟာ အမေ့ကို သတိရနေမိပါတယ်။ ဒါပေမယ့် နောက်တစ်ရက်မှာ မနက်စောစော ထရဦးမှာမို့ ဆာလည်းမဆာတာနဲ့ ညစာ မစားတော့ဘဲ တောက်လျှောက် အိပ်ရာဝင်ခဲ့ပါတယ်။

ရေမွန်က ကျွန်တော့်ရုံးကို တယ်လီဖုန်း လှမ်းဆက်တယ်။ ကျွန်တော့်အကြောင်း သူပြောထားလို့ သိနေတဲ့ သူ့မိတ်ဆွေတစ်ယောက်က အယ်လ်ဂျီးယားမြို့ အပြင်ဘက်မှာရှိတဲ့ ပင်လယ်ကမ်းခြေက သူ့ဗိုလ်တဲ ကလေးမှာ နောက် တနင်္ဂနွေလာနေဖို့ ကျွန်တော့်ကို ဖိတ်ခေါ်တယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။ ကျွန်တော်က သွားနိုင်ရင် သိပ်ကောင်းမှာပဲ။ ဒါပေမယ့် ကျွန်တော်က တနင်္ဂနွေနေ့မှာ မိန်းကလေးတစ်ယောက်နဲ့ ချိန်းပြီးသား ဖြစ်နေတယ်လို့ ပြန်ပြောတော့ ရေမွန်က ချက်ချင်းပဲ အဲဒီမိန်းကလေးပါ လိုက်ခဲ့လို့ ရတာပဲလို့ ပြောတယ်။ သူ့ မိတ်ဆွေရဲ့ မိန်းကလေးလည်း မိန်းကလေးအဖော် ပါလာရင် သိပ်သဘောကျမှာပဲတဲ့။

ကျွန်တော့်အလုပ်ရှင်က ရုံးက တယ်လီဖုံးကို ကိုယ်ရေးကိစ္စနဲ့ အသုံးပြုတာ တယ်မကြိုက်လို့ ကျွန်တော်လည်း တယ်လီဖုန်းကို ချလိုက်တော့မယ်လို့ပါပဲ။ ဒါပေမယ့် ရေမွန်က ခဏနေပါဦးလို့ ပြောတယ်။ သူ့မှာ ကျွန်တော့်ကို ပြောစရာ တခြားစကား ရှိသေးလို့ ဆက်တာပါတဲ့။ သူ့မိတ်ဆွေ ဖိတ်တာကို ပြောဖို့ဆိုရင် ညနေမှ ပြောလည်း ဖြစ်ပါတယ်တဲ့။

သူက “ဒီလိုဗျာ… ကျုပ်ကို အာရပ်တွေ တစ်မနက်လုံး နောက်ယောင်ခံပြီး လိုက်နေတယ်။ တလောက ကျုပ်နဲ့ ရန်ဖြစ်တဲ့ ကောင်မလေးရဲ့ အစ်ကို၊ ခင်ဗျားပြန်လာလို့ အိမ်နားမှာ သူတို့ကို ယောင်လည်လည်တွေ့ရင် ကျုပ်ကို အကြောင်းကြားဖို့ ပြောမလို့ပါ” လို့ ဆက်ပြောတယ်။ ကျွန်တော်က ပြောပါမယ်လို့ ကတိပြုလိုက်တယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ကို အလုပ်ရှင်က အခေါ်လွှတ်တယ်။ အလုပ်ကို စွဲစွဲမြဲမြဲလုပ်ဖို့၊ တယ်လီဖုန်းက မိတ်ဆွေတွေနဲ့ လှမ်းပြီး စကားပြော အချိန်ဖြုန်းမနေဖို့ ပြောတော့မှာပဲလို့ မျှော်လင့်ပြီး စိတ်ထဲမှာ မသက်မသာ ဖြစ်မိပါတယ်။ ဒါပေမယ့် တွေ့တော့ အဲဒါမျိုး မဟုတ်ပါဘူး။ သူ့မှာ စိတ်ကူးထားပေမယ့် ဘာမှ ဆုံးဖြတ်လို့ မရသေးတဲ့ လုပ်ငန်းတစ်ခုနဲ့ ပတ်သက်လို့ ဆွေးနွေးချင်လို့ ဆိုပါတယ်။ အဲဒါက ဒီကနေပြီး စာတစ်တန် ပေတစ်တန် လုပ်ရလို နှောင့်နှေးမှုတွေ မရှိဘဲ ကုမ္ပဏီကြီးတွေနဲ့ တိုက်ရိုက် ချက်ချင်း ဆက်သွယ် လုပ်ကိုင်ဖို့အတွက် ပဲရစ်မှာ တိုက်ခွဲဖွင့်ဖို့ကိစ္စ ကျွန်တော် အဲဒီမှာ အလုပ် တစ်နေရာ လိုချင်သလား မေးဖို့။

“မင်းလဲ လူငယ်ဆိုတော့ ပဲရစ်မှာ နေရရင် ပျော်မှာပါ။ ပြီးတော့ တစ်နှစ်မှာ လပေါင်း အတော်များများက ပြင်သစ်ပြည်ထဲမှာ ခရီးသွား နေနိုင်မှာပေါ့လေ”လို့ သူက ပြောတယ်။

ကျွန်တော်က သွားချင်ကြောင်း ပြောလိုက်ပါတယ်။ ဒါပေမယ့်

သွားရသည်ဖြစ်စေ၊ မသွားရသည်ဖြစ်စေ သိပ်တော့ အရေးမကြီးပါဘူး။

နောက် သူက သူခေါ်သလို ဘဝအပြောင်းအလဲ သဘောမကျဘူးလားလို့ မေးတော့ ကျွန်တော်က “ကိုယ့်ရဲ့ တကယ့်ဘဝကိုတော့ ဘယ်သူမှ မပြောင်းလဲကြပါဘူး။ ဘယ်လိုမဆို ဘဝတစ်ခုနဲ့ တစ်ခုဟာလည်း အတူတူပါပဲ။ အခု ကျွန်တော် နေတဲ့ဘဝဟာ ကျွန်တော့်အဖို့တော့ ဟန်ကျနေတာပါပဲ” လို့ ပြောတယ်။

ဒါကို သူက ကြိုက်ပုံမရပါဘူး။ ကျွန်တော်ဟာ ဒီလိုပဲ ပေါ့ပေါ့ဆဆ နေတတ်သတဲ့။ ကြီးပွားချင်စိတ် မရှိဘူးတဲ့။ ဒါဟာ သူ့ အမြင်မှာတော့ လုပ်ငန်းတစ်ခုခု လုပ်ကိုင်ရာမှာ ကြီးမားတဲ့ ချွတ်ယွင်းချက်ပဲတဲ့။

ကျွန်တော့် အလုပ်စားပွဲကို ပြန်ခဲ့ပါတယ်။ ကျွန်တော် တတ်နိုင်ရင် သူ့ကို မငြိုငြင်စေချင်ပါဘူး။ ဒါပေမယ့် ကျွန်တော့်ဘဝကို ပြောင်းဖို့ အကြောင်းမရှိပါဘူး ထင်တယ်။ အခုဟာကလည်း ချိုကြည့်ရင် စိတ်မကောင်းစရာကိစ္စ မဟုတ်ပါဘူး။ ကျောင်းသားဘဝတုန်းက သူပြောတဲ့ ကြီးပွားချင်စိတ်မျိုး ကျွန်တော့်မှာ အများကြီး ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် ပညာသင်ရပ်လိုက်ရတော့ မကြာခင်ပဲ ဒါတွေဟာ အလကားပါပဲဆိုတာ သိရပါတယ်။

အဲဒီညနေက မာရီ ကျွန်တော့်ဆီလာပြီး သူ့ကို ကျွန်တော် လက်ထပ်မလားလို့ မေးပါတယ်။ ကျွန်တော်က ကိစ္စ မရှိပါဘူး။ ထပ်ဆိုလည်း ထပ်တာပေါ့လို့ ပြောလိုက်တယ်။

ပြီးတော့ သူက ကျွန်တော် သူ့ကို ချစ်ရဲ့လားလို့ မေးပြန်ပါတယ်။ ကျွန်တော်က အရင်ကလိုပဲ သူ့ မေးခွန်းဟာ ဘာမှ အဓိပ္ပာယ် မရှိသလောက်ပဲလို့ ပြန်ပြောတယ်။ မချစ်ဘူးဆိုရင်ကောလို့လဲ မေးလိုက်တယ်။

“ရှင့်စိတ်က အဲဒီလို ဖြစ်နေရင် ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ဦးမှာလဲ”လို့ မေးလိုက်ပါတယ်။

ကျွန်တော်က ဒါဟာ တကယ်တော့ ဘာမှ အရေးမကြီးဘူးလို့ ရှင်းပြပါတယ်။ ဒါပေမယ့် ဒါအတွက် သူ စိတ်ပျော်ရွှင်မယ်ဆိုရင် ကျွန်တော် အခုပဲ လက်ထပ်နိုင်တာပဲ။ တကယ်တော့ သူက စပြောလို့ ပြောရတာဆိုတာ သူ့ကို ပြောလိုက်ရတယ်။ ကျွန်တော်ကတော့ “အင်း” လို့ပဲ ပြောလိုက်ရုံပါပဲ။ ဒီတော့ သူက လက်ထပ်တယ်ဆိုတာ အရေးကြီးတဲ့ ကိစ္စတဲ့။ ဒါကိုတော့ ကျွန်တော်က “မဟုတ်ဘူး” လို့ ပြောလိုက်တယ်။ ဒီနောက်တော့ သူ ငြိမ်နေတယ်။ ကျွန်တော့်ကိုလဲ ခပ်ဆန်းဆန်း ကြည့်နေတယ်။ ပြီးမှ သူက “ရှင့်ကို တခြား မိန်းကလေးတစ်ယောက်က သူ့ကို လက်ထပ်ပါလို့ ဆိုရင်ကော ကျွန်မကို ရှင်ကြိုက်သလို ကြိုက်တဲ့ မိန်းကလေးပေါ့လေ။

အဲသလို ဆိုရင်လဲ ရှင်က အနေးလို့ ပြောလိုက်မှာပဲလား”လို့ မေးပါတယ်။

“ဒါပဲ ရှိတာပေါ့”

ဒီတော့ သူက သူ ကျွန်တော့်ကို တကယ် ချစ်သလား၊ မချစ်သလားတောင် မသိတော့ဘူးလို့ ဆိုတယ်။ အဲဒါကိုတော့ ကျွန်တော်ကလဲ သူ့ကို သိအောင် မလုပ်တတ်ဘူး။ ပြီးတော့ အတော်ကြာ ငြိမ်သက်နေပြီးမှ သူက ကျွန်တော့်ကို “လူထူးလူဆန်း” ဖြစ်တဲ့အကြောင်းကို ပြောပါတယ်။ ပြီးမှ “ရှင့်ကို ကျွန်မ ဒါကြောင့် ချစ်မိတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် တစ်နေ့နေ့တော့ ရှင့်ကို ဒါကြောင့်ပဲ မုန်းမိလိမ့်မယ်” လို့ ဆက်ပြောလိုက်တယ်။ ဒါကိုတော့ ကျွန်တော် ဘာမှ ပြန်ပြောစရာ မရှိဘူး။ ဘာမှလဲ မပြောလိုက်မိဘူး။ သူက တစ်ခဏ စဉ်းစားနေလိုက်ပြီး ပြုံးလာတယ်။ ပြီးတော့ ကျွန်တော့် လက်မောင်းကို ဆွဲကိုင်လိုက်ပြီး သူ တကယ်ပြောနေတာပါ။ သူတကယ် ကျွန်တော်နဲ့ လက်ထပ်ချင်တာပါတဲ့။ ကျွန်တော်က “ကောင်းပြီလေ၊ မင်းကြိုက်တဲ့ အချိန်မှာ တို့လက်ထပ်ကြတာပေါ့”လို့ ပြောပြီး ကျွန်တော့်အလုပ်ရှင်က ကျွန်တော့်ကို ပဲရစ်ပို့ဖို့ ပြောတဲ့အကြောင်း ပြောပြလိုက်တော့ မာရီ က သူလဲ ပဲရစ်ကို သိပ်သွားချင်တယ်လို့ ဆိုတယ်။ ကျွန်တော်က ကျွန်တော် ပဲရစ်မှာ ခဏတစ်ဖြုတ် နေဖူးပါတယ်လို့ ပြောတော့ မာရီက ဘယ်လိုနေသလဲလို့ မေးတယ်။ “ကိုယ့်အထင်တော့ ခပ်ညစ်ညစ်ပတ်ပတ် မြို့တစ်မြို့ ပါပဲ။ ခိုအုပ်တွေနဲ့ မှောင်မှောင်မည်းမည်း၊ ရင်ပြင်တွေနဲ့ လူတွေကလဲ ညှိုးနွမ်းပြီး ဖြူဖတ်ဖြူရော် မျက်နှာတွေနဲ့”

ဒါပြီးတော့ ကျွန်တော်တို့ မြို့လယ်လမ်းမကြီးအတိုင်း မြို့ဟိုထိပ်၊ သည့်ထိပ်ပေါက်အောင် လမ်းလျှောက်ကြတယ်။ မိန်းမ တွေဟာ တယ်ကြည့်ကောင်းကြတယ်။ ကျွန်တော်က မာရီကို အဲဒါ သတိပြုမိရဲ့လားလို့ မေးတော့ သူက “အင်း”လို့ ဆိုတယ်။ ကျွန်တော် ဘာကိုဆိုလိုတာလဲဆိုတာ သူ သိပါတယ်လို့ ပြောတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို မသွားစေချင်တာနဲ့ ညနေစာကို ဆေးလက်စ်ရဲ့ ဆိုင်မှာ စားကြမယ်လို့ ပြောတော့ သူက ညနေချိန်းထားပြီးသား ရှိနေလို့တဲ့။ ကျွန်တော့်အိမ်နား ရောက်ကြတော့ ကျွန်တော်က “ကဲ…ဒါဖြင့်လဲ သွားရော့” လို ဆိုလိုက်တယ်။

သူက ကျွန်တော့်မျက်နှာကို လှမ်းကြည့်လိုက်တယ်။

“ဒီညနေ ကျွန်မ ဘာလုပ်မယ်ဆိုတာ ရှင်မသိဘူးလား”လို့ သူ က မေးတယ်။

ကျွန်တော် သိပ်သိချင်တာပေါ့။ ဒါပေမယ့် သူ့ကိုမေးဖို့ သတိမရဘူး။ သူက ဒါကို မကျေနပ်ဘူးနဲ့ တူပါတယ်။ ကျွန်တော် အူကြောင်ကြောင် ဖြစ်နေလို့လားတော့ မသိဘူး။ သူက ရယ်လိုက်ပြီ သူ့ နှုတ်ခမ်းကို စုပြီး ကျွန်တော့်ဘက်ကို နမ်းဖို့ ကိုင်းပေးလိုက်ပါတယ်။

ကျွန်တော် တစ်ယောက်တည်း ဆေးလက်ရဲ့ဆိုင်ကို သွားလိုက်တယ်။ ကျွန်တော် ညစာမှာပြီး စားခါစရှိသေး။ ကြောင်စီစီနဲ့ ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက် ဝင်လာပြီး ကျွန်တော့် စားပွဲမှာ ထိုင်ပါရစေလို့ ခွင့်တောင်းတယ်။ ကျွန်တော်ကလဲ "ထိုင်ပါ၊ ထိုင်ပါ" ပေါ့။ သူ့မျက်နှာက ပန်းသီးမှည့်လို ပါးဖောင်းဖောင်းနဲ့ မျက်လုံး တောက်တောက်။ လမ်းလျှောက်ပုံကလဲ ရုပ်သေးရုပ်လို တောင်ထိုး မြောက်ထိုး တစ်မျိုးကြီးပါပဲ။ သူ့ရဲ့ ကျပ်ကျပ်တောက်တောက် အင်္ကျီကိုချွတ်၊ စားပွဲမှာ ဝင်ထိုင်၊ ပြီးတော့ စားစရာစာရင်းကို သိပ်စိတ်ပါဝင်စားသလို ကြည့်နေပါတော့တယ်။ ပြီးတော့ သူ ဆေးလက်ကို လှမ်းခေါ်ပြီး စားစရာ မှာပါတယ်။ သူ စကားပြောတာ သိပ်မြန်ပေမယ့် အတော်ပီသပါတယ်။ စကားတစ်လုံးမှ မလွတ်ပါဘူး။ ပြီးတော့ စားစရာစောင့်ရင်း သူ့ လက်ကိုင်အိတ်ကို ဖွင့်ပြီး အထဲက စက္ကူလေး တစ်ရွက်နဲ့ ခဲတံကို ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ သူမှာတဲ့ စားစရာတွေ ဘယ်လောက်ကျမယ်ဆိုတာ ကြိုပြီး တွက်ချက်နေပါတော့တယ်။ ပြီးတော့ တစ်ခါ အိတ်ထဲကို နှိုက်ပြီး ပိုက်ဆံအိတ်ကို ထုတ်ပါတယ်။ ပိုက်ဆံအိတ်ထဲက တစ်ခါ ကျသင့်ငွေကို အတိအကျနဲ့ စားပွဲထိုးကို ပေးဖို့ "မုန့်ဖိုး"ကို ထုတ်ယူပြီး သူ့ရှေ့က စားပွဲခင်းပေါ်မှာ ချထားပါတယ်။

အဲဒီအချိန်မှာပဲ စားပွဲထိုးက အအေးစုံတစ်ပန်းကန် ယူလာပြီး ချပေးတော့ သူလဲ ပလုတ်ပလောင်း လွေးပါလေတော့တယ်။ နောက် ဟင်းတစ်မယ် စောင့်ရင်း သူ့အိတ်ထဲက နောက်ခဲတံတစ်ချောင်း ထုတ်လိုက်ပြန်ပါတယ်။ ဒီတစ်ခါ ခဲတံက အပြာ။ ပြီးတော့ လာမယ့် အပတ်အတွက် ရေဒီယိုမဂ္ဂဇင်း။ အဲဒီမဂ္ဂဇင်းထဲက နေ့စဉ် အသံလွှင့် အစီအစဉ် အားလုံးလိုလိုမှာ အမှန်ခြစ်တွေ လိုက်ခြစ်တယ်။ မဂ္ဂဇင်းက ဆယ့်နှစ်မျက်နှာလောက်ပဲ ရှိပါတယ်။ သူက စားနေရင်း တစ်လျှောက်လုံး အဲ့ဒါတွေကို လိုက်ပြီး စေ့စေ့စပ်စပ်ကြည့်နေပါတယ်။ ကျွန်တော် စားလို့ပြီးသွားတော့ သူကတော့ အသံလွှင့် အစီအစဉ်တွေကို ကျကျနန စိတ်ပါဝင်စားစာလိုက်ပြီး ခြစ်တုန်းမှတ်တုန်းပဲ။ ပြီးတော့ သူထိုင်နေရာကထ၊ သူ့ရဲ့ စိတ်ရုပ်လို လှုပ်ရှားမှုနဲ့ အင်္ကျီကို ပြန်ဝတ်၊ နောက် စားသောက်ဆိုင်ထဲက ခပ်သွက်သွက် ထွက်သွားပါလေတော့တယ်။

တခြား ဘာမှလဲ လုပ်စရာမရှိတာနဲ့ ကျွန်တော်လဲ သူ့နောက် အတော်ကလေးရောက်အောင် လိုက်ခဲ့မိတယ်။ သူဟာ လမ်းဘေး စ်ကြံနှုတ်ခမ်းပေါ်မှာ နင်းပြီး ရှေ့တည့်တည့်ကိုပဲ လျှောက်သွားလိုက်တာ နောက်ကို တစ်ချက်ကလေး လှည့်မကြည့်ဘူး။ သူ့ကြည့်တော့ သေးသေးကလေး၊ လျှောက်သွားလိုက်တာ သိပ်မြန်တာပဲ။ တကယ်ဆိုတော့ ကျွန်တော် သူ့ကို မီအောင် မလိုက်နိုင်တာနဲ့ မကြာခင် မျက်ခြည်ပြတ်သွားပြီး ကျွန်တော်လည်း အိမ်ကို လှည့်ပြန်ခဲ့ပါတယ်။ တစ်ခဏတော့ ကျွန်တော် အဲဒီ စက်ရုပ်လို အမျိုးသမီးကို သဘောကျမိတာပေါ့။ ဒါပေမယ့်လဲ ခဏနေတော့ ကျွန်တော် သူ့ကို မေ့ သွားတယ်။

ကျွန်တော့်အခန်းထဲ ဝင်မယ်လုပ်တော့ ဆလာမာနိုကြီးနဲ့ ဝင်တိုးမိပါတယ်။ ကျွန်တော်က သူ့ကို ကျွန်တော့်အခန်းထဲ ခေါ်ပါတယ်။ သူက သူ့ခွေးပျောက်တာ သေချာပါပြီလို့ ပြောတယ်။ သူ ခွေးထောင်ကိုလဲ ရောက်ခဲ့ပြီး အဲဒီမှာလဲ မတွေ့ခဲ့ဘူးတဲ့။ ဟိုက လူတွေက သူ့ခွေးဟာ ကားကြိတ်သေတာ ဖြစ်ပါလိမ့်မယ်လို့ ပြောလိုက်သတဲ့။ ဒါနဲ့ သူက အဲဒီလူတွေကို ပုလိပ်ဌာနမှာ စုံစမ်းရင်ကော သိနိုင်မလားလို့ မေးတော့ အဲဒီလူတွေက ပုလိပ်မှာ လမ်းပေါ်မှာ ကြိတ်သေသွားတဲ့ ခွေးလေခွေးလွင့်စာရင်း ကောက်ယူထားဖို့ထက် အရေးကြီးတဲ့ကိစ္စတွေ ရှိသတဲ့။

ကျွန်တော်က သူ့ကို ခွေးတစ်ကောင် ထပ်ရှာပါလားလို့ အကြံပေးတော့ သူက ဒီခွေးနဲ့က အနေကြာလာပြီဆိုတော့ တူတော့ ဘယ်တူနိုင်မလဲလို့ ပြောပါတယ်။ သူ ပြောတာ ဟုတ်ပါတယ်။

ကျွန်တော်က ခြေထောက်တွေပါ တင်ပြီး အိပ်ရာပေါ်မှာ ထိုင်နေတယ်။ ဆလာမာဒိုက ကျွန်တော့်ဘက် မျက်နှာလှည့်။ စားပွဲနားက ကုလားထိုင်မှာ ထိုင်ပြီး သူ့လက်တွေကို ဒူးပေါ်တင် ဖြန့်ထားတယ်။ သူက စုတ်ပြဲနေတဲ့ ဦးထုပ်အပျော့ ဆောင်းထားပြီး ဝါကြင့်နေတဲ့ မသပ်မရပ် နှုတ်ခမ်းမွေး တလှုပ်လှုပ်နဲ့ စကားပြောနေတယ်။ သူ့ကြည့်ရတာ ပျင်းစရာ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ ဘာမှလဲ လုပ်စရာမရှိ၊ အိပ်ကလဲ မအိပ်ချင်။ ဒါနဲ့ စကားဆက်ပြောနေရင်း သူ့ခွေးအကြောင်း၊ သူ ဒီခွေးကို စမွေးတာ ဘယ်လောက်ကြာပြီလဲ ဘာလဲ မေးရတော့တာပေါ့လေ။ သူက ဒီခွေးကို သူ့မိန်းမ ဆုံးပြီး မကြာခင် ရတာပဲတဲ့။ သူက အိမ်ထောင်ကျတာ နောက်ကျတာပဲ ဆိုပြီး ငယ်ငယ်ကတော့ ပြဇာတ်မင်းသား ဖြစ်ချင်ခဲ့သတဲ့။ သူ စစ်ထဲမှာနေတုန်းက စစ်တပ် ဖျော်ဖြေရေး ပြဇာတ်တွေ ဘာတွေမှာ ပါဝင်ကပြခဲ့ဖူးပြီး သူ ကပြတာ ကောင်းတယ်လို့ ပြောကြသတဲ့။ ဒါပေမယ့် နောက်ဆုံးကျတော့ မီးရထားဘက်မှာ အလုပ် ဝင်ရသတဲ့။ ဒါပေမယ့် သူ ဒါကို ဝမ်းမနည်းဘူးတဲ့။ သူ့မှာ အခု ပင်စင်ကလေး ဘာလေး ရနေလို့တဲ့။ သူနဲ့ သူ့မိန်းမဟာ ဘယ်တော့မှ သဘောချင်း တိုက်ဆိုင် လှတယ်လို့ မရှိပေမယ့် သူနဲ့ နေလာတာ ကြာပြန်တော့လဲ မိန်းမ သေသွားတဲ့အခါ သူ့မှာ ပျင်းနေရစ်သတဲ့။ သူနဲ့ မီးရထားဘက်မှာ အလုပ်လုပ်ဖက် တစ်ယောက်ရဲ့ ခွေးမက ခွေးကလေးတွေ ပေါက်တော့ သူ့ကို တစ်ကောင်ပေးသတဲ့။ သူ လဲ အဖော်ရအခေါင်ဆိုပြီး ယူမွေးခဲ့သတဲ့။ အစက နို့ဘူးတိုက်ပြီး မွေးခဲ့သတဲ့။ ဒါပေမယ့် သူ့ခွေးရဲ့ ဘဝသက်တမ်းဟာ လူရဲ့ဘဝ သက်တမ်းထက် တိုလေတော့ သူနဲ့ သူ့ခွေးဟာ အတူတကွ ကြီးရင့် အိုမင်းလာကြသတဲ့။

"ဒီခွေးက ကိုက်ချင်တယ်ဗျ။ ကျုပ်နဲ့လဲ ခဏခဏ ရန်ဖြစ်ရတယ်။ ဒါပေမယ့် ကောင်းတော့ ကောင်းရှာပါတယ်လေ" လို့ ဆလာမာနိုက ပြောပြပါတယ်။

ကျွန်တော်က ခွေးမျိုးကောင်းနဲ့ တူပါတယ်လို့ ပြောတော့ ဒီ စကားကို အဘိုးကြီး သိပ်သဘောကျသွားဟန် တူပါတယ်။

"အေးဗျ၊ ခင်ဗျား သူ့ကို ဒီရောဂါမရခင်က မြင်စေချင်တယ်ဗျာ၊ အမွေးက တကယ်လှတယ်ဗျ၊ တကယ်တော့ သူ့မှာ အကောင်းဆုံး အဲဒါပါပဲ။ ကျုပ်လဲ ကြိုးစားပြီး ကုတာပဲ၊ ဒီရောဂါ စွဲကပ် လာပြီးကတည်းက ညတိုင်းညတိုင်း သူ့ကို ကျုပ် ဆေးလိမ်းလိမ်း ပေးတာပဲ။ ဒါပေမယ့် တကယ့်အဖြစ်က အသက်ကြီးလို့ ဖြစ်တာကိုးဗျ။ ဒါကိုတော့ ကုလို့ မရပေဘူးပေါ့"

အဲဒီအချိန်မှာ ကျွန်တော်က သန်းလိုက်တော့ ငနဲကြီးလဲ "သွားမှထင်တယ်" ဖြစ်လာတယ်။ ကျွန်တော်က ကိစ္စ မရှိပါဘူး။ နေပါ။ သူ့ခွေးအတွက် စိတ်မကောင်းပါဘူးလို့ ပြောပါတယ်။ သူက ကျွန်တော့်ကို သိပ်ကျေးဇူးတင်ကြောင်း ပြောပြီး ကျွန်တော့် အမေဟာ ဒီခွေးကို သိပ်ချစ်တယ်လို့ ပြောပါတယ်။ သူက ကျွန်တော့် အမေအကြောင်း ပြောရင် "ခင်ဗျားအမေခမျာ" ဆိုတဲ့စကား ထည့်ထည့် ပြောတယ်။ ပြီးတော့ ကျွန်တော်လဲ စိတ်သိပ်ထိခိုက် နေမှာပဲလို့ ပြောတယ်။ ကျွန်တော်က ဘာမှ ပြန်မပြောတော့ သူက ခပ်အမ်းအမ်း ဖြစ်သွားပြီး ရုတ်တရက်ဆိုသလိုပဲ ဒီလမ်းထဲက လူတချို့က ကျွန်တော့်အမေကို လူအိုရုံ ပို့လိုက်တဲ့အတွက် ကျွန်တော့်ကို ကဲ့ရဲ့ကြ၊ အပြစ်တင်ကြတဲ့အကြောင်းကို ပြောပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ကတော့ ဒီလို မထင်ပါဘူး။ ကျွန်တော် အမေကို ဘယ်လောက် တွယ်တာတယ်ဆိုတာ သူသိပါသတဲ့။

ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော်က "ဒီလို ကဲ့ရဲ့စရာကို ကျွန်တော် လုပ်ခဲ့တယ်ဆိုတာ သိရလို့ အံ့ဩတယ်" လို့ ပြောလိုက်မိတယ်။ "ကျွန်တော့်အမေကို ဒီမှာမှ မထားနိုင်တာပဲ ရိပ်သာ တစ်ခုခုကို ပို့ရမှာပဲဆိုတာ ရှင်းနေတာပဲ ထင်ပါတယ်။ ဘယ်လိုမဆို အမေဟာ နှစ်ပေါင်းများစွာ ကြာလို့ ကျွန်တော့်ကို စကားတစ်ခွန်းမှ ပြောစရာ မရှိတော့လဲ စိတ်ညစ်နေမှာပဲ" လို့ ကျွန်တော်က ဆက်ပြောလိုက်ပါတယ်။

"ဟုတ်တယ်၊ ရိပ်သာမှာဆိုတော့ အဖော်ကလေး ဘာကလေး ရှိသေးတာပေါ့"လို့ သူက ပြောပါတယ်။

သူက အိပ်ချိန်တော်ပြီလို့ ပြောရင်း ထိုင်ရာက ထပါတယ်။ ပြီးတော့ အခြေအနေသစ်မှာ နေရတာ သူ့အဖို့ ပြဿနာ တော်တော် ကြီးမှာပဲလို့ ပြောသွားပါတယ်။ သူနဲ့ကျွန်တော် စသိတဲ့အချိန်မှာ စပြီး ပထမဆုံးအကြိမ် သူက ကျွန်တော့်ကို မရဲတရဲ ထင်ပါရဲ့ လက်ကမ်းပေးရင်း ကျွန်တော်က ဆွဲနှုတ်ဆက်တော့ သူ့အရေပြား ပေါ်မှာ ဝဲခြောက်လို အဖုဖုတွေကို စမ်းမိပါတယ်။ သူ အပြင်ထွက်သွားလို့ တံခါးဝ ရောက်တော့ သူက သမင်လည်ပြန်လှည့်ပြီး ခပ်ယဲ့ယဲ့ကလေး ပြုံးရင်း "ဒီည

ခွေးတွေ မဟောင်ကြပါစေနဲ့တော့လို့ ဆုတောင်းရတယ်ဗျာ၊ ဟောင်သံကြားရင် ကိုယ့်ခွေးပဲ အခောက်မေ့ရတယ်" လို့ ပြောသွားပါသေးတယ်။

အခန်း ၆

အဲဒီ တနင်္ဂနွေနေ့ မနက်က အိပ်ရာက တော်တော်နှင့် မနိုးဘူး။ မာရီက ကျွန်တော့်ပခုံးကို ကိုင်လှုပ်ပြီး ကျွန်တော့်နာမည်ကို အော်ခေါ်နှိုးယူရတယ်။ ရေထဲကို စောစောဆင်းချင်ကြတာနဲ့ မနက်စာတောင် စားမနေကြတော့ဘူး။ ကျွန်တော့်ခေါင်းကလဲ နည်းနည်း မူးနေတယ်။ ပထမဆုံး ဖွာလိုက်တဲ့ စီးကရက်ကလဲ ခါးနေတယ်။ မာရီက ကျွန်တော့် ကြည့်ရတာ မသာရှင်နဲ့ တူသတဲ့။ ကျွန်တော်လဲ တကယ်ပဲ ခြေလက် မလှုပ်ချင်အောင် ဖြစ်နေတယ်။ သူက အဝတ်ဖြူ ဝတ်ထားပြီး ဆံပင် ဖားလျားချထားတယ်။ ကျွန်တော်က သူ့ကို သိပ်လှနေပါလားလို့ ဆိုတော့ သူက ခပ်ရွှင်ရွှင်ကလေး ရယ်နေတယ်။

ကျွန်တော်တို့အထွက်မှာ ရေမွန်ရဲ့ တံခါးကို ထုကြတော့ သူက အခုပဲ လိုက်ခဲ့မယ်လို့ အော်ပြောတယ်။ ကျွန်တော်တို့ လမ်းဘက်ကို ထွက်ခဲ့ကြတော့ ကျွန်တော် ကောင်းကောင်း နေမကောင်းတာက တစ်ကြောင်း၊ ကျွန်တော့်အခန်းက ယင်းလိပ်တွေချပြီး အမှောင်ထဲနေခဲ့ကြတာက တစ်ကြောင်း မနက်ခင်းနေရဲ့ အရောင်ဟာ ကျွန်တော် မျက်လုံးထဲကို လက်သီးနဲ့ ထိုးလိုက်သလို ဒိုင်းခနဲ ဝင်ဆောင့် လိုက်ပါတယ်။

မာရီကတော့ ပျော်လွန်းလို့ မြူးခုန်နေတာပဲ။ “သာယာလိုက်တာ၊ ကောင်းလိုက်တာနဲ့” ပြောမဆုံးဘူး။ နောက်မိနစ် အနည်းငယ် ကြာတော့ ကျွန်တော်လဲ နေကောင်းလာပြီး ဗိုက်ထဲက ဆာလာတာကို သတိပြုမိတယ်။ မာရီကို ပြောတော့ မာရီက သိပ်ဂရုမစိုက်ပါဘူး။ သူက ကျွန်တော့်ကို ရေချိုးဖို့ အဝတ်အစားတွေနဲ့ မျက်နှာသုတ်ပဝါ ထည့်ထားတဲ့ ဖယောင်း ပုဆိုးအိတ်ကို ဆွဲလာတယ်။ အဲသလိုနေတုန်း ရေမွန် သူ့အခန်းတံခါး ပိတ်တဲ့အသံ ကြားရတယ်။ သူက သူ့ဘောင်းဘီရှည် အပြာနဲ့ အင်္ကျီအဖြူလက်တို ဝတ်ပြီး မြက်ဦးထုပ် ဆောင်းထားတယ်။ သူ့လက်မောင်းတွေဟာ အမွေးအမျှင် ထူထပ်ပေမယ့် အသားကတော့ ဖြူဖွေးနေတာကို သတိထားမိပါတယ်။ မြက်ဦးထုပ်ကို ကြည့်ပြီး မာရီကတော့ ရယ်နေတယ်။ ကျွန်တော် အနေနဲ့ ပြောရရင် သူ့အဆင်အပြင်ကို စိတ်ပျက်မိပါတယ်။ ကျွန်တော့်ကိုတော့ “ဘယ့်နှယ်လဲ ကိုယ့်လူကြီး”လို့ နှုတ်ဆက်ပြီး မာရီကိုတော့ “မဒမ်မွဲဇယ်”လို့ခေါ်ပါတယ်။

အလျင်တစ်ညနေက ကျွန်တော်တို့ ပုလိပ်ဌာနကိုသွားပြီး ကျွန်တော်က ရေမွန်ဘက်က သက်သေခံခဲ့ရတယ်။ ကောင်မလေးက သူ့ အပေါ် သစ္စာမရှိဘူး ဆိုတာပေါ့။ ဒါနဲ့ သူ့ကို သတိပေးပြီး ပြန်လွှတ်လိုက်တယ်။ ကျွန်တော့် အစစ်ခံချက် မှန် မမှန် စစ်ဆေးမနေတော့ပါဘူး။

လှေကားရင်းမှာ ရပ်စကားပြောနေကြပြီး အတော်ကြာတော့ ကျွန်တော်တို့

ဘတ်စ်ကားနဲ့ သွားဖို့ ဆုံးဖြတ် လိုက်ကြပါတယ်။ ကမ်းခြေက လမ်းလျှောက်သွားရင် ခဏနဲ့ ရောက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က စောစောရောက်လေ ကောင်းလေပါပဲ။ ရေမွန်က ကျွန်တော့်အင်္ကျီလက်ကို ဆွဲပြီး "လမ်းရဲ့ ဟိုဘက်ကို ကြည့်လိုက်စမ်း" ဆိုလို့ ကြည့်တော့ အာရပ် သုံးလေးယောက် ဆေးလိပ်ဆိုင်ရှေ့မှာ မယောင်မလည် လုပ်နေတာ တွေ့ရပါတယ်။ သူတို့ဟာ ကျွန်တော်တို့ကို ငြိမ်ငြိမ် သက်သက် စိုက်ကြည့်နေကြတယ်။ ကျွန်တော်တို့ဟာ ကျောက်တုံးတွေ၊ သစ်ပင်ခြောက်တွေ မှတ်နေသလားပဲ။ သူတို့ လူမျိုးတွေပဲ အဲသလို ကြည့်တတ်လွန်းတယ်။ ရေမွန်က ကျွန်တော့်နားနားကပ်ပြီး ဘယ်ဘက် ဒုတိယလူဟာ သူပြောတဲ့ လူပဲလို့ တိုးတိုးပြောတယ်။ သူ့ကြည့်ရတာ စိုးရိမ်မကင်း ဖြစ်နေပုံပဲလို့ ကျွန်တော် ထင်တယ်။ ဒါပေမယ့် သူက "ဒါတွေအားလုံး ပြီးပြီးသား ကိစ္စတွေပါ" လို့ ပြောတယ်။ သူပြောတာကို နားစွန် နားဖျားသာ ကြားလိုက်ရတဲ့ မာရီက "ဘာလဲ"လို့ မေးပါတယ်။

ကျွန်တော်က သူ့ ကို "လမ်းဟိုဘက်က အာရပ်တွေဟာ ရေမွန်ရဲ့ ရန်ငြိုးရှိတဲ့လူတွေ" လို့ ရှင်းပြလိုက်ရတယ်။ ဒီတော့ မာရီက "မြန်မြန်သွားကြစို့"လို့ ဆိုတယ်။ ရေမွန်က ရယ်လိုက်ပြီး သူ့ ပခုံးကို ပင့်လိုက်ပါတယ်။ "ဒီက အစ်မလေးပြောတာ ဟုတ်တယ်။ ဒီအနား ရပ်နေလို့ ဘာလုပ်မလဲ" တဲ့။ ဘတ်စ်မှတ်တိုင်အသွား လမ်းတစ်ဝက် လောက်ကျတော့ ရေမွန်က သမင်လည်ပြန် ကြည့်လိုက်ပြီး "အာရပ်တွေ လိုက်မလာဘူး"လို့ ပြောတယ်။ ကျွန်တော်လဲ လှည့်ကြည့်လိုက်တယ် သူတို့ဟာ နဂိုနေရာမှာပဲ ကျွန်တော်တို့ ရပ်သွားတဲ့နေရာကို စူးစိုက် ကြည့်နေကြတုန်းပါပဲ။

ဘတ်စ်ပေါ်ရောက်တော့ စိတ်လက် ပေါ့ပါးသွားဟန်တူတဲ့ ရေမွန်ဟာ မာရီသဘောကျအောင် ရယ်စရာ မောစရာတွေ ပြောလာတယ်။ မာရီကိုလဲ သူ ကျနေပုံရပါတယ်။ ဒါပေမယ့် မာရီက သူ့ကို စကား မပြောသလောက်ပါပဲ။ မကြာခဏဆိုသလို ကျွန်တော့်ကို လှမ်းလှမ်း ကြည့်ပြီး ပြုံးပြပါတယ်။

အယ်လ်ဂျီးယား အပြင်ဘက်စမှာပဲ ကျွန်တော်တို့ ဘတ်စ်ကားပေါ်က ဆင်းကြပါတယ်။ သဲသောင်ကမ်းခြေဟာ ဘတ်စ်မှတ်တိုင်နဲ့ သိပ်မဝေးလှပါဘူး။ ပင်လယ်ဘက်ကို မိုးထားပြီး သောင်ကမ်းစပ်ကို ခပ်စောက်စောက် လျှောဆင်းတဲ့ တောင်ကလပ်လိုလို မြေကြီးဟာ ခဲလုံးဝါလေးတွေနဲ့ အုပ်ပြီး နေသိပ်ပူတဲ့နေ့များမှာ သတ္တုရောင်ပြန်ဟပ်သလို စူးတဲ့ ကောင်းကင်ပြာ နောက်ခံမှာ ဖြူဖွေးနေတဲ့ တောပန်းကလေးတွေ ရှိတယ်။ မာရီဟာ သူ့လက်ထဲက အိတ်နှင့် ပန်းပွင့်ကလေးတွေကို ရမ်းပြီး ခြွေတော့ ပွင့်ချပ်ကလေးတွေ အနှံ့အပြား လွင့်သွားတာကို ကြည့်ပြီး ပျော်နေတယ်။ နောက် ကျွန်တော်တို့လဲ ဝင်းထရံ အဖြူတွေ၊ အစိမ်းတွေ ခတ်ထားတဲ့ သစ်သား လေသာဆောင်နဲ့ အိမ်ကလေးတွေ နှစ်တန်းရဲ့ ကြားထဲက လမ်းအတိုင်း

လျှောက်ခဲ့ကြတယ်။ တချို့တော့လဲ မိုးမခပင်ကလေးတွေ အုပ်နေလို့ တစ်ဝက်လောက်ပဲ မြင်ရတယ်။ တချို့ကလဲ တောင်ကလပ်ပေါ်မှာ ဟာလာဟင်းလင်းပဲ။ ဒီအိမ်တန်းတွေ မဆုံးခင်မှာပဲ ပင်လယ်ပြင်ကို ဘွားခနဲ တွေ့လိုက်ရတယ်။ ပင်လယ်ဟာ မှုန်ပြင်လို ညီနေတယ်။ ခပ်ဝေးဝေးဆီမှာ အရိပ်မည်းမည်းကြီး ကျနေတဲ့ အငူကြီးတစ်ခု ထိုးထွက်နေတယ်။ အဝေးမှာ မြင်နေရတဲ့ ငါးဖမ်းသင်္ဘောတစ်စီးက စက်သံဟာ သဲ့သဲ့ကလေးပဲ ကြားနေရတယ်။ မကြားရ သလောက်ပါပဲ။

မာရီက ကျောက်ဂမုန်း ပန်းကလေးတွေ ခူးလာတယ်။ ပင်လယ်ဘက်ကို ဆင်းတဲ့ လူသွားလမ်း စောက်စောက်ကလေးကို ဆင်းလာခဲ့ကြတယ်ဆိုရင်ပဲ သဲသောင်ပြင်မှာ ရေချိုးနေတဲ့လူတွေ ရောက်နှင့်နေကြတာကို လှမ်းမြင်နေရတယ်။

ရေမွန်ရဲ့ မိတ်ဆွေက ကမ်းခြေ ဒီဘက်ထိပ်မှာ သစ်သားဗိုလ် တဲကလေးတစ်လုံး ပိုင်တယ်၊ မိုက်တဲကလေးဟာ ကမ်းပါးဘက်ကို ကျောမှီထားပြီး မျက်နှာစာဘက်မှာတော့ သစ်သားတိုင်တွေ ဆင့်ပြီး ခံထားတယ်။ အဲဒီတိုင်တွေကို ရေလှမ်းပုတ်နေတယ်။ ရေမွန်က ကျွန်တော်တို့ကို သူ့မိတ်ဆွေနဲ့ မိတ်ဆက်ပေးပါတယ်။ သူ့နာမည်က “မတ်ဆွန်း”တဲ့။ အရပ်မြင့်မြင့်၊ ပခုံးအိုးကျယ်ကျယ်နဲ့ တုတ်တုတ်ခိုင်ခိုင်လူပါ။ သူ့ မိန်းမကတော့ အရပ်ပုပြတ်ပြတ်၊ ခပ်ဝဝပါ။ ပဲရစ်လေသံနဲ့ စကားပြောတတ်ပြီး ရွှင်ရွှင်ပျပျရှိတဲ့ အမျိုးသမီးပါ။

မတ်ဆွန်းက မဆိုင်းမတွဘဲ ကျွန်တော်တို့ကို ဘာမှ အားမနာကြဖို့ ပြောပါတယ်။ မနက်လင်းလင်းချင်း သူငါးထွက်မျှားပြီးပြီတဲ့။ နေ့လယ်စာအတွက် ငါးကြော် စားကြရမယ်တဲ့။ ကျွန်တော်က သူ့ဗိုလ်တဲကလေး.. အင်မတန် ကောင်းကြောင်း ချီးမွမ်းစကားပြောတော့ သူက စနေ၊ တနင်္ဂနွေတို့ ရက်အားတို့ဆိုရင် ဒီမှာပဲ လာနေသတဲ့။ “ကျွန်တော့် အမျိုးသမီးနဲ့ အတူဆိုတာတော့ ပြောဖို့ လိုမယ် မထင်ပါဘူးလေ။” လို့ ပြောတော့ ကျွန်တော်က သူ့အမျိုးသမီးကို တစ်ချက် လှမ်းကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူနဲ့ မာရီဟာ ရယ်လိုက် မောလိုက်၊ ပြောလိုက်နဲ့ အတော် သင့်မြတ်နေ ကြပြီဆိုတာကို ကျွန်တော် သတိပြုလိုက်မိပါတယ်။ ကျွန်တော်လဲ “အင်း... ငါ သူ့ကို လက်ထပ်ရတော့မှာပဲ” လို့ ပထမဆုံးအကြိမ် လေးလေးနက်နက် စဉ်းစားလိုက်မိပါတယ်။

မတ်ဆွန်းက ချက်ချင်း ရေကူးချင်ပြီ။ ဒါပေမယ့် သူ့ မိန်းမနဲ့ ရေမွန်တို့က မရွှေ့ချင်ကြသေးဘူး။ ဒါနဲ့ပဲ သူရယ်၊ ကျွန်တော်ရယ်၊ မာရီရယ် သုံးယောက်ပဲ ကမ်းခြေကို ဆင်းခဲ့ကြတယ်။ ရောက်တယ်ဆိုရင်ပဲ မာရီက တစ်ခါတည်း ရေထဲ ဆင်းသွားတယ်။ မတ်ဆွန်းနဲ့ ကျွန်တော်တို့က ခဏစောင့်နေသေးတယ်။ သူက စကား ပြောတာ ခပ်လေးလေးနဲ့ စကားပြောရင် တဖြတ်နဲ့တဖြတ် အကြားမှာ “နောက်ပြီးတော့လဲ” ဆိုတဲ့စကား ညှပ်ညှပ်ပြောလေ့ရှိတယ်။ နောက်ထပ်

ပြောတဲ့စကားဟာ ပထမဟာနဲ့ ဘာမှမထူးလဲ သူကတော့ အဲသလိုပဲ။ မာရီ အကြောင်းပြောတော့ "သူက အတော့်ကို လှတာပဲ။ နောက်ပြီးတော့လဲ ချစ်စရာကောင်းတယ်" တဲ့။

ဒါပေမယ့် မကြာခင် ကျွန်တော် သူ့စကားပြောပုံကို သိပ်ဂရုမစိုက်ဘဲ နေလိုက်ပါတယ်။ ကျွန်တော်လဲ နေပူထဲမှာ အနွေးခံ နေလိုက်တော့ ကျွန်တော် တော်တော် နေကောင်းသွားတာကို သတိပြုမိတယ်။ ခြေထောက်အောက်က သဲကလဲ ပူလာလို့ ကျွန်တော် ရေထဲဆင်းချင်နေပေမယ့် တစ်မိနစ် နှစ်မိနစ် ဆိုင်းနေလိုက် ပါတယ်။ နောက်ဆုံး ကျွန်တော်က မတ်ဆွန်းကို "ဆင်းကြစို့လား" လို့ ပြောပြီး ရေထဲကို တိုးဆင်းခဲ့ကြတယ်။ မတ်ဆွန်းကတော့ ဖြည်းဖြည်း လမ်းလျှောက် ဆင်းခဲ့ပြီး သူ တစ်ရပ်မြုပ်မှ ရေကူးတယ်။ သူက တစ်ဖက်ချင်း ယက်ပြီး ကူးတဲ့အတွက် သိပ်မမြန်ဘူး ဒါနဲ့ ကျွန်တော် သူ့ကို ပစ်ထားခဲ့ပြီး မာရီဆီ အမီလိုက်သွားတယ်။ ရေက အေးနေတယ်။ ကျွန်တော်လဲ နေလို့ပိုကောင်းသွားတယ်။ မာရီနဲ့ ကျွန်တော်တို့ ဘေးချင်းယှဉ်ပြီး အဝေးကြီးရောက်အောင် ကူးသွားကြတယ်။ သူရော၊ ကျွန်တော်ရော မိနစ်မလပ် ပျော်ရွှင်စွာပဲ စိတ်တူကိုယ်တူ လက်ရည်တူ ကူးခပ်နေကြပုံကို ကျွန်တော်အတော် သဘောကျနေမိပါတယ်။

ပင်လယ်ပြင်ဘက်ကိုလဲရောက်ရော ကျွန်တော်တို့ ပက်လက် လှန်အိပ်လိုက်ကြပြီး ကောင်းကင်ဆီ မော့ကြည့် လိုက်တာနဲ့ပဲ ကျွန်တော့်နှုတ်ခမ်းနဲ့ ပါးပေါ်က ဆားရေတွေဟာ နေရောင်မှာ တဖြည်းဖြည်း ခြောက်သွားတာ တွေ့လိုက်ရပါတယ်။ မတ်ဆွန်းဟာ ကမ်းခြေဘက် ပြန်ကူးသွားပြီး နေပူပူ သဲသောင်စပ်မှာ အိပ်နေတာကို တွေ့ကြရပါတယ်။ အဝေးကနေကြည့်ရင် သူဟာ ကမ်းတင်နေတဲ့ ဝေလငါးကြီးလိုပဲ ဧရာမလူကြီးလို့ ထင်ရပါတယ်။ နောက် မာရီက ကျွန်တော်တို့နှစ်ယောက် ဆက်ကူးသွားရအောင်လို့ ဆိုတယ်။ သူက ရှေ့က ကူးတယ်။ ကျွန်တော်က နောက်ကနေ သူ့ခါးကို ဖက်ထားရပါတယ်။ နောက် သူက လက်နဲ့ယက်ပြီး ရှေ့ကို ဆွဲသွားတော့ ကျွန်တော်က နောက်ကနေပြီး ခြေထောက်နဲ့ ကန်ပြီး တွန်းရပါတယ်။

ရေထဲမှာ တစွက်စွက် အသံကလေးတွေကို ကြားနေရတာ ကြာလာတော့ ကျွန်တော်လဲ ငြီးငွေ့လာတယ် ထင်ပါတယ်။ ဒါနဲ့ ကျွန်တော်လဲ မာရီကို လွှတ်ပြီးတော့ အသက်ဝဝ ဆွဲပြီးရှူရင်း သက်သက်သာသာပဲ ပြန်ပြီး ကူးလာခဲ့ပါတယ်။ ကျွန်တော် ကမ်းစပ်ကိုရောက်တော့ မတ်ဆွန်းရဲ့ ဘေးမှာ အားလျားမှောက်ပြီး အိပ်ရင်း မျက်နှာကို သဲထဲမှာ ထားလိုက်ပါတယ်။ ဒီနေရာမှာ နေရတာ တယ်ကောင်းတာပဲလို့ ပြောလိုက်တော့ သူက ဟုတ်တယ်လို့ ပြောပါတယ်။ ပြောရင်းဆိုရင်းပဲ မာရီ ပြန်ရောက် လာပါတယ်။ သူတဖြည်းဖြည်း နီးလာနေတာကို ကျွန်တော်က ခေါင်းထောင်ပြီးကြည့်လိုက် ပါတယ်၊ မာရီကလဲ ဆံပင်ကို နောက်လှန်ပစ်ထားပြီး

သူ့တစ်ကိုယ်လုံးလည်း ဆားရေစတွေနဲ့ ဝင်းလက်နေပါတယ်။ ကိုယ်ငွေ့ကလည်း နွေးနွေး၊ နေခြည်ကလည်း နွေးနွေးနဲ့ ကျွန်တော်လည်း မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်သွားတယ်။

အတော်လေးကြာတော့ မာရီက ကျွန်တော်လက်မောင်းကို ဆွဲပြီး မတ်ဆွန်း အိမ်ပြန်သွားပြီလို့ ပြောတယ်။ နေ့လယ်စာ နီးပြီနဲ့ တူပါတယ်။ ကျွန်တော်လဲ ချက်ချင်းပဲ လူးလဲထလိုက်တယ်။ ဗိုက်ထဲကလဲ ဆာနေတယ်။ ဒါပေမယ့် မာရီက ဒီနေ့ မနက်စောစောကတည်းက ကျွန်တော် သူ့ကို တစ်ခါမှ မနမ်းသေးဘူးလို့ ပြောတယ်။ ဟုတ်ပါရဲ့ ကျွန်တော် အကြိမ်ပေါင်း များစွာ သတိရပေမယ့် မနမ်းဖြစ်ဘူး။

သူက “ရေထဲ တစ်ခေါက်ပြန်ဆင်းကြဦးစို့” လို့ ဆိုတာနဲ့ ပင်လယ်ထဲ ပြေးဆင်းခဲ့ကြပြီး လှိုင်းအိကလေးတွေကြားမှာ ခဏလောက် အိပ်နေကြတယ်။ ပြီးတော့ တစ်လှမ်း နှစ်လှမ်း ကူးခဲ့ကြပြီး ကျွန်တော်တို့ တစ်ရပ်နီးပါးလောက်ရောက်တော့ မာရီဟာ ကျွန်တော့်ကို လှမ်းဖက်ထားလိုက်တယ်။ သူ့ခြေထောက်တွေက ကျွန်တော့် ခြေထောက်တွေကို လာပြီး ရစ်ပတ်ထားတော့ ကျွန်တော်လဲ မရိုးမရွ ဖြစ်လာပါတယ်။

ကျွန်တော်တို့ ပြန်ရောက်တော့ မတ်ဆွန်းက သူ ဗိုလ်တဲ လှေကားထစ်ပေါ်ကနေပြီး ကျွန်တော်တို့ကို အော်ခေါ်နေပါတယ်။ ကျွန်တော်က ကျွန်တော် အရမ်းဆာနေပြီလို့ ပြောတော့ သူက ချက်ချင်းပဲ သူ့ မိန်းမဘက်လှည့်ပြီး ကျွန်တော့်ကို အင်မတန် သဘောကျနေပြီဆိုတာ ပြောလိုက်ပါတယ်။ ပေါင်မုန့်ကလေးကလဲ ကောင်းကောင်းနဲ့ ကျွန်တော်လဲ ငါးကြော်တွေ လာတယ်။ တစ်ဝကြီး စားပစ်လိုက်တယ်။ ဒါပြီးတော့ အသားကြော်နဲ့ အာလူးကြော်တွေ စားနေတုန်း ကျွန်တော်တို့ ဘယ်သူမှ စကားမပြောကြဘူး။ မတ်ဆွန်းလဲ ဝိုင် အတော်များများ သောက်ပြီး ကျွန်တော့် ခွက်ထဲကိုလဲ ကုန်ရင်း ထည့်ရင်းနဲ့ ကော်ဖီလှည့်ပေးတဲ့ အချိန်ကျတော့ ကျွန်တော် နည်းနည်း မူးနေပြီ။ ဒါနဲ့ ကျွန်တော်လဲ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ဆက်သောက်နေလိုက်တယ်။ မတ်ဆွန်းရယ်၊ ရေမွန်ရယ်၊ ကျွန်တော်ရယ် ဩဂုတ်လ တစ်လလုံး ကုန်ကျစရိတ်ကို မျှဝေခံပြီး ဒီကမ်းခြေမှာ နေကြဖို့ အစီအစဉ်ကို ဆွေးနွေးကြပါတယ်။

ရုတ်တရက် မာရီက “အမယ်လေး၊ ဘယ်အချိန်လဲ သိကြရဲ့လား။ အခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတယ်ရှင့်” လို့ အော်ပြောလိုက်တယ်။

ကျွန်တော်တို့ အားလုံး အံ့အားသင့်နေကြတယ်။ မတ်ဆွန်းကတော့ ကျွန်တော်တို့ နေ့လယ်စာ စားတာ စောနေပြီလို့ ပြောတယ်။ ဒါပေမယ့် “နေ့လယ်စာဆိုတာ ဘယ်အချိန်စားစား ရတာပါပဲ။ ဆာတဲ့အချိန် စားတာပဲ”တဲ့။

ဒီလိုပြောတော့ မာရီက ရယ်ပါလေတော့တယ်။ ဘာဖြစ်လို့ မှန်းတော့

မသိပါဘူး။ သူလဲ နည်းနည်း မူးနေသလားလို့ ကျွန်တော် ထင်မိပါတယ်။

နောက် မတ်ဆွန်းက ကမ်းခြေကို သူနဲ့အတူ လမ်းလျှောက် လိုက်ဦးမလားလို့ မေးပါတယ်။

သူက "ကျွန်တော့် မိန်းမက နေ့လယ်စာစားပြီး ခဏတစ်ဖြုတ် အိပ်တတ်တယ်။ ကျွန်တော့်အနေနဲ့တော့ ဒါကို မကြိုက်ဘူး။ ကျွန်တော်ကတော့ လမ်းလျှောက်ချင်တယ်။ ဒါဟာ ကျန်းမာရေးအတွက်လဲ အများကြီး ကောင်းတယ်လို့ ပြောပြောနေရတယ်။ ဒါပေမယ့် သူကြိုက်သလို လုပ်ခွင့်ရှိတာပေါ့လေ" လို့ ပြောပါတယ်။

မာရီက ဆေးစရာ ကြောစရာတွေ ကူဖို့ သူ နေရစ်ခဲ့မယ်လို့ ပြောပါတယ်။ မဒမ်မတ်ဆွန်းက အဲသလိုဆို ယောကျ်ားတွေ အကုန် ပ,ထုတ်လိုက်ရင် ကောင်းမယ်လို့ ဆိုတယ်။ ဒါနဲ့ ကျွန်တော်တို့ သုံးယောက်စလုံး ထွက်ခဲ့ကြပါတယ်။

အလင်းရောင်ကလဲ အထက်တည့်တည့်က ထိုးတော့ ရေထဲက ရောင်ပြန်ကလဲ ကျွန်တော်တို့ မျက်လုံးတွေကို ကျိန်းစပ် စေပါတယ်။ သောင်ကမ်းခြေမှာလဲ လူတစ်ယောက်မှ မရှိတော့ဘူး။ ကမ်းနဖူးမှာ စီတန်းနေတဲ့ ဗိုလ်တဲကလေးတွေ၊ တစ်ဖက်ရပ် ကလေးတွေဆီက ဇွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်သံတွေ သဲ့သဲ့ကြားနေရပါတယ်။ ကျောက်ဆောင်တွေဆီက အပူငွေ့ ကလဲ လုံးပြီးတက်လာတော့ အသက်ရှူရတာတောင် မဝတော့သလိုပါပဲ။

အစတော့ ရေမွန်နဲ့ မတ်ဆွန်းဟာ ကျွန်တော်မသိတဲ့လူတွေ အကြောင်း ပြောလာကြပါတယ်။ သူတို့ ပြောနေကြပုံ ထောက်လို့ သူတို့ဟာ သိတာလဲ အတော်ကြာပြီ၊ အတူတကွလဲ အတော်ကြာအောင် နေခဲ့ကြတယ်လို့ နားလည်ရပါတယ်။ ကျွန်တော်တို့ သောင်စပ်ကို ဆင်းခဲ့ကြပြီး ရေတိမ် နှုတ်ခမ်းအတိုင်း လျှောက်ခဲ့ကြပါတယ်။ မကြာခဏ ဆိုသလိုပဲ လှိုင်းခပ်ကြီးကြီး ပုတ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ရွက်ဖျင်ဖိနပ်များကို ရေစိုးသွားပါတယ်။ နေရောင်က ကျွန်တော်တို့ရဲ့ ဦးထုပ်မပါတဲ့ ခေါင်းပေါ်တည့်တည့် ထိုးနေတော့ အိပ်ချင်မူးတူး ဖြစ်နေလို့ ကျွန်တော် ဘာမှ စဉ်းစားမလာခဲ့ဘူး။

အဲဒီအချိန်မှာပဲ ရေမွန်က မတ်ဆွန်းကို တစ်ခုခု ပြောပြလိုက်တယ်။ ကျွန်တော် ကောင်းကောင်း မကြားလိုက်ဘူး။ ဒါပေမယ့် အဲ့ဒီအချိန်မှာ ကမ်းခြေအစောက်ဘက် ခပ်ဝေးဝေးမှာ ဝတ်ရုံပြာကြီးတွေနဲ့ အာရပ်နှစ်ယောက် ကျွန်တော်တို့ဘက်ကို လာနေတာကို ကျွန်တော် သတိပြုလိုက်မိပါတယ်။ ကျွန်တော်က ရေမွန်ကို လှမ်းကြည့်တော့ ရေမွန်က ခေါင်းညိတ်ပြလိုက်ပြီး "သူပဲ" လို့ ပြောပါတယ်။ ကျွန်တော်တို့လဲ ခပ်မှန်မှန် ဆက်လျှောက်ခဲ့ကြတယ်။ မတ်ဆွန်းကတော့ ဒီကောင်တွေ ဘယ်လိုလုပ်ပြီး ဒီအထိ ကျွန်တော်တို့ကို ခြေရာခံ လိုက်လာကြပါလိမ့်လို့

တွေးနေသတဲ့။ ကျွန်တော့်အထင်တော့ ကျွန်တော်တို့ ဘတ်စ်ကားပေါ်တက်တာ မြင်လိုက်ပြီး မာရီရဲ့ ဖယောင်းပုဆိုးအိတ်ကို မှတ်မိလိုက်တာ ဖြစ်မယ်။ ဒါပေမယ့် ကျွန်တော် ဘာမှ မပြောပါဘူး။

အာရပ်တွေ တဖြည်းဖြည်း လျှောက်လာကြပေမယ့် အတော် နီးကပ်လာကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ကလဲ အရှိန်မပျက် ဆက်လျှောက်ခဲ့ကြတယ်။ ဒါပေမယ့် မာရီက ...

"ဟော့... ဒီမှာ၊ ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် မတ်ဆွန်း မင်းက ဒုတိယကောင်ကိုတွယ်၊ ငါက ငါ့နောက်လိုက်နေတဲ့ အကောင်ကို ချမယ်။ ကိုယ့်လူ မားဆိုးက နောက်တစ်ကောင် ပေါ်လာရင် တီးထည့်ဖို့အဆင်သင့်စောင့်နေ" လို့ ပြောပါတယ်။

ကျွန်တော်က "ဟုတ်ပြီ" လို့ ပြောလိုက်ပြီး မတ်ဆွန်းက သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်ပါတယ်။

သဲပြင်ဟာ မီးလို ပူပါတယ်။ ဝင်းဝင်း တောက်နေတယ်လို့တောင် ကျွန်တော် ထင်မိတယ်။ ကျွန်တော်တို့ အာရပ်တွေကြားက အကွာအဝေးဟာလဲ တဖြည်းဖြည်းချင်း လျော့လာတယ်။ ကျွန်တော်တို့နဲ့ တစ်လှမ်း နှစ်လှမ်းပဲကွာတော့ အာရပ်တွေဟာ ရပ်လိုက် ကြပါတယ်။ မတ်ဆွန်းနဲ့ ကျွန်တော်တို့လဲ ခြေလှမ်း နှေးသွားပြီး ရေမွန်ကတော့ သူ့လူဆီ တန်းတန်းမတ်မတ် သွားလိုက်ပါတယ်။ သူ ဘာပြောတယ်ဆိုတာ ကျွန်တော် မကြားလိုက်ပါဘူး။ ဒါပေမယ့် အာရပ်က သူ့ ရင်အုပ်ကို ဝင်ဆောင့်တော့မယ့်ပုံနဲ့ ခေါင်းငုံ့လိုက်တာကို တွေ့ လိုက်ရပါတယ်။ မဆိုင်းမတွဘဲ ရေမွန်ကလွှဲပြီး ထိုးသတ် လိုက်ရင်း မတ်ဆွန်းကို လာဖို့ ခေါ်တယ်။ မတ်ဆွန်းလဲ သူ့ အတွက် သတ်မှတ်ထားတဲ့လူဆီသွားပြီး အားရှိ အားကုန် နှစ်ချက်ဆင့်ပြီး သတ်လိုက်တယ်ဆိုရင်ပဲ အာရပ်ဟာ ရေထဲကို ကားခနဲကျသွားပြီး သူ့ ရဲ့ဦးခေါင်းပတ်လည်မှာ ပလုံစီတွေထလို့ အဲဒီအတိုင်း စက္ကန့် အနည်းငယ် နေပါတယ်။ အဲဒီအချိန်မှာ ရေမွန်ကလဲ တခြားတစ်ယောက်ကို ထိုးသတ်နေတာ။ အဲဒီကောင်မျက်နှာမှာ သွေးစီးကြောင်းတွေနဲ့။ သူက ကျွန်တော့်ဘက်ကို သမင်လည်ပြန် ကြည့်လိုက်ပြီး "စောင့်ကြည့်နေနော်၊ ကျုပ် ဒီကောင်ကို မပြီးသေးဘူး"လို့ အော်ပြောတယ်။

ကျွန်တော်က "သတိထားနော်၊ သူ့ မှာ ဓားနဲ့"လို့ အော်လိုက်တယ်။

ကျွန်တော်ပြောတာ နောက်ကျသွားတယ်။ အဲဒီအချိန်မှာ ရေမွန်ရဲ့ လက်မောင်းမှာရော ပါးစပ်မှာရော ဓားထိသွားပြီ။

မတ်ဆွန်းက ခုန်အုပ်လိုက်တော့ ရေထဲကျနေတဲ့ အာရပ်လဲ လူးလဲထပြီး ဓားနဲ့ အကောင်ရဲ့နောက် ဝင်ကပ်လိုက်တယ်။ ကျွန်တော် တို့လဲ မလှုပ်ဝံ့အောင် ဖြစ်သွားတယ်။ တိုင်းရင်းသားနှစ်ယောက်ဟာ ကျွန်တော်တို့ကို ဓားနဲ့ချိန်ပြီး မျက်ခြည်ပြတ် မခံဘဲ စူးစိုက်ကြည့်ရင်း နောက်ဆုတ် နောက်ဆုတ်နဲ့ သွားကြတယ်။ စိတ်ချရလောက်တဲ့ အကွာအဝေးရောက်တော့ ချာခနဲလှည့်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးကြတယ်။ ကျွန်တော်တို့လဲ နေပူကျဲကျဲထဲမှာ မလှုပ်မယှက် ကျန်ရစ်ခဲ့ကြတယ်။ ရေမွန်လဲ လက်မောင်းကို တံတောင်ဆစ် အထက်ကဆုပ်ပြီး ညှစ်ထားတဲ့အတွက် သွေးတွေ တစ်ပေါက်ပေါက် ကျနေတယ်။

မတ်ဆွန်းက တနင်္ဂနွေနေ့ဆို ဒီကမ်းခြေကို လာလာနေတတ်တဲ့ ဆရာဝန်တစ်ယောက်ရှိတယ် ပြောတာနဲ့ ရေမွန်က "ကောင်းတယ်၊ လာ သူ့ဆီသွားကြမယ်"လို့ ဆိုတယ်။ သူ့ပါးစပ်က ဒဏ်ရာကလဲ သွေးတွေကျနေပြီး ပါးစပ်ထဲမှာ ပြည့်နေတော့ စကားတွေဟာ ပီပီ သသ ထွက်မလာပါဘူး။

ကျွန်တော်တို့က လက်တစ်ဖက်စီတွဲပြီးသူ့ ကိုဗိုလ်တဲအရောက် ခေါ်ခဲ့ကြပါတယ်။ ဗိုလ်တဲရောက်တော့ သူက "ဒဏ်ရာတွေ သိပ်မနက်ပါဘူး။ ဆရာဝန်ဆီ ရောက်အောင် သူ လျှောက်နိုင်ပါတယ်" လို့ ပြောတယ်။ မာရီလဲ မျက်နှာဖြူဖပ် ဖြူရော် ဖြစ်လို့။ မဒမ်မတ် ဆွန်းကလဲ ငိုလို့။

မတ်ဆွန်းနဲ့ ရေမွန်တို့ ဆရာဝန်ဆီ ထွက်သွားတယ်ဆိုတာ အမျိုးသမီးတွေ ပြောပြဖို့ ဗိုလ်တဲမှာ နေရစ်တယ်။ ပြောစရာလဲ သိပ်ကောင်းလှတာ မဟုတ်တော့ ခဏနေတော့ ပြောစရာ ကုန်သွားတာနဲ့ ကျွန်တော်လဲ ပင်လယ်ဘက်ကို ငေးစိုက်ကြည့်ရင်း ဆေးလိပ် ဖွာနေလိုက်ပါတယ်။

ရေမွန်ဟာ မတ်ဆွန်းနဲ့အတူပဲ တစ်နာရီခွဲလောက် ပြန်ရောက် လာပါတယ်။ သူ့လက်မောင်းမှာလဲ ပတ်တီးစည်းလို့ ပါးစပ်နားမှာလဲ ပလာစတာကပ်လို့။ ဆရာဝန်က သိပ်မစိုးရိမ်ရပါဘူး ပြောလိုက်သတဲ့။ ဒါပေမယ့် သူ့မျက်နှာကတော့ မှုန်တေတေ ဖြစ်နေတယ်။ မတ်ဆွန်းက သူ့ကို ရယ်အောင်လုပ်ဖို့ ကြိုးစားပေမယ့် မရပါဘူး။

ခဏနေတော့ ရေမွန်က သူ ကမ်းခြေဘက်ကို လမ်းလျှောက် သွားဦးမယ်လို့ ဆိုတယ်။ ကျွန်တော်က ဘယ်ဘက် သွားမလဲဆိုတော့ သူက လေညင်းခံချင်လို့လို့ မပွင့်တပွင့် ပြောပါတယ်။ မတ်ဆွန်းနဲ့ ကျွန်တော်တို့က ကျွန်တော်တို့လဲ လိုက်မယ်ဆိုတော့ သူက ဒေါသတွေ ဘာတွေဖြစ်လို့ "မင်းတို့နဲ့ ဘာဆိုင်လို့လဲ" လို့ ဆိုတယ်။ သူ့အဖြစ်ကို ကြည့်ပြီး မတ်ဆွန်းက "နေပေစေ၊ နေပေစေ" လို့ ဆို တယ်။ ဒါပေမယ့် သူ ထွက်သွားတော့ ကျွန်တော် သူ့နောက်က လိုက်သွားပါတယ်။

အပြင်ဘက်မှာက မီးဖိုကြီးလို ဖြစ်တယ်။ နေပူရှိန်ဟာ သဲသောင်နဲ့

ပင်လယ်ပြင်ပေါ်ကို မီးတောက် မီးလျှံကလေးတွေ အဖြစ် ကျနေသလိုပဲ။ ကျွန်တော်တို့ အတော်ကလေးကြာအောင် လမ်းလျှောက်ခဲ့ကြတယ်။ ရေမွန်ကတော့ သူ ဘယ်သွားမယ် ဆိုတဲ့ စိတ်ကူး အတိအကျ ရှိမယ်လို့ ကျွန်တော် ထင်ခဲ့တယ်။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်တော် မှားချင်လဲ မှားမယ်။

ကမ်းခြေသောင်စပ်ဆုံးတော့ ခပ်ကြီးကြီး ကျောက်ဆောင်တစ်ခုကို ကျော်ပြီး ထွက်လိုက်ရင် သဲထဲမှာ ဖြတ်စီးလာတဲ့ ချောင်းကလေး တစ်ခုကို ရောက်တယ်။ အဲဒီမှာ ဝတ်ရုံပြာကြီးတွေနဲ့ သဲသောင်ပေါ်မှာ အိပ်နေတဲ့ ကျွန်တော်တို့ရဲ့ အာရပ် နှစ်ကောင်ကို တွေ့ရပြန် တယ်။ သူတို့ကို ကြည့်ရတာ အန္တ ရာယ် သိပ်ရှိပုံမရပါဘူး။ ရန်ငြိုးရယ် ဘာရယ်လဲ မထားသလိုပါပဲ။

ကျွန်တော်တို့ ကပ်သွားတော့လဲ သူတို့ မလှုပ်ရှားပါဘူး။ ရေမွန်ကို ဓားနဲ့ ခုတ်သွားတဲ့လူက သူ့ကို စကားတစ်ခွန်းမှ မပြောဘဲ စိုက်ကြည့်နေပါတယ်။ ကျန်တစ်ယောက်ကတော့ အသံသုံးမျိုးလောက်သာ ထွက်တဲ့ ကျူရိုးပီပီကလေးကို အဲဒီအသံသုံးမျိုး အထပ်ထပ် မှုတ်ရင်း ကျွန်တော်တို့ကို စောင်းပါးရိပ်ခြည် ကြည့်နေတယ်။

အတော်ကလေးကြာအောင် ဘယ်သူမှ မလှုပ်ကြပါဘူး။ နေပူကျဲကျဲထဲမှာ ချောင်းကလေးက ရေစီးသံ တစွက်စွက်၊ ပီပီသံ နိမ့်မြင့် သုံးမျိုးရယ်ပဲ ရှိတယ်။ ရေမွန်က သူ့ဆံလည်သေနတ် ထည့်ထားတဲ့ အိတ်ကို လှမ်းကိုင်လိုက်တယ်။ ဒါပေမယ့် အာရပ်ကတော့ မလှုပ်သေးဘူး။ ပီပီမှုတ်နေတဲ့လူရဲ့ ခြေမကြီးဟာ ဘေးကို ကန့်လန့် ကွဲထွက်နေတာကို ကျွန်တော် သတိပြုမိတယ်။

သူ့ မျက်လုံးတွေက အာရပ်ဆီက မခွာဘဲ ရေမွန်က ကျွန်တော့်ကို "တစ်ချက်လောက် ပစ်ထည့်လိုက်ရမလား" လို့ မေးပါတယ်။

ကျွန်တော် အပြေးအလွှား စဉ်းစားမိတယ်။ သူ ခုလို စိတ်အခြေအနေမျိုးမှာ ကျွန်တော်က မပစ်နဲ့လို့ပြောရင် သူ ဒေါသဖြစ်ပြီး သေနတ်ကို သုံးလိမ့်မယ်။ ဒါနဲ့ ကျွန်တော်လဲ ခေါင်းထဲ ပေါ်လာတာကိုပဲ ပြောလိုက်ရတယ်။

"သူက ခင်ဗျားကို ဘာမှ မပြောသေးတာပဲ။ ဒီလိုပဲ သွေးအေးအေးနဲ့ ပစ်လိုက်ရင် ညစ်ရာကျမှာပေါ့"

အတော်ကြာအောင် ရေသံတစွက်စွက်နဲ့ ပီပီမှုတ်သံပဲ လေပူထဲမှာ ကြားနေရပြန်ပါတယ်။

ရေမွန်က "ကောင်းပြီလေ၊ ခင်ဗျားစိတ်က အဲသလို ထင်ရင် ကျုပ် သူ့ကို

ရန်စလိုက်မယ်။ ပြန်ပြောရင် ပစ်ထည့် လိုက်ရုံပဲ” လို့ ပြောပါတယ်။

ကျွန်တော်က “အဲလေ၊ ဒါပေမယ့် သူက ဓားထုတ် မကိုင်ရင် ပစ်ဖို့အကြောင်း မရှိပါဘူး”လို့ ပြောလိုက်ရတယ်။

ရေမွန်ဟာ မငြိမ်မသက် ဖြစ်လာတယ်။ ပီပီမှုတ်နေတဲ့ အာရပ်ကလဲ မှုတ်တုန်းပဲ။ နှစ်ယောက်စလုံးကလဲ ကျွန်တော် တို့ရဲ့ လှုပ်ရှားမှုတိုင်းကို လိုက်ကြည့်နေကြလျက်ပဲ။

“ဟော့ ဒီမှာ” လို့ ကျွန်တော်က ရေမွန်ကို ခေါ်လိုက်ပြီး ညာဘက်က အကောင်ကို ခင်ဗျားတွယ်၊ ခင်ဗျားသေနတ် ကျွန်တော့်ကို ပေး၊ ကျန်တဲ့အကောင်က ယီးတီးယားတားလုပ်မယ်၊ ဓားထုတ်မယ်ဆိုရင် ကျွန်တော် ပစ်မယ်” လို့ ပြောလိုက်ပါတယ်။

ရေမွန်က သူ့ ဆံလည်သေနတ် ကျွန်တော့်ကို လှမ်းပေးလိုက်တော နေရောင်ထဲမှာ လက်ခနဲ ဖြစ်သွားတယ်။ ဒါပေမယ့် ဘယ်သူမှ မလှုပ်ရှားကြသေးပါဘူး။ ကျွန်တော်တို့ဟာ တဖြည်းဖြည်း အနေကျုံ့လာပြီး လှုပ်လို မရနိုင်တော့သလို တစ်ယောက်နဲ့ တစ်ယောက် မျက်ခြည်အပျက်မခံဘဲ စောင့်ကြည့်နေကြရုံပါပဲ။ နေပူရှိန်နဲ့ ပင်လယ်အကြားက သည်သဲသောင် မြောင်ကလေးပေါ်မှာတော့ တစ်လောကလုံး ငြိမ်သက်သွားဟန် တူပါတယ်။ ကျွန်တော့် စိတ်ထဲမှာ ဖြစ်ပေါ်လာတာက ပစ်ချင်လဲ ပစ်လိုက်မယ်။ ပစ်ချင်မှုလဲ ပစ်လိုက်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘာမှ မထူးဘူးဆိုတာပါပဲ။

နောက် ရုတ်တရက်ဆိုသလို အာရပ်တွေ ပျောက်သွားတယ်။ သူတို့ဟာ အိမ်မြှောင်တွေလိုပဲ။ ကျောက်ဆောင် အကာအကွယ်ယူပြီး လျှိုးဝင်သွားကြတယ်။ ဒါနဲ့ ရေမွန်နဲ့ ကျွန်တော်တို့လဲ ပြန်လျှောက်လာကြတယ်။ ရေမွန်လဲ နည်းနည်း ပိုရွှင်လာဟန် တူပါတယ်။ ကျွန်တော်တို့အပြန် ဘတ်စ်ကားအမီ သွားဖို့အကြောင်းကို ပြောလာတယ်။

ကျွန်တော်တို့ ဗိုလ်တဲကို ပြန်ရောက်ကြတော့ ရေမွန်ကတော့ သစ်သား လှေကားထစ်တွေအတိုင်း အိမ်ပေါ်ကို တန်းတက်သွားတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ အောက်ဆုံး လှေကားထစ်ပေါ်မှာ ရပ်နေမိတယ်။ အလင်းရောင်ဟာ ကျွန်တော့် ခေါင်းထဲမှာ တဒိန်းဒိန်း တိုးနေတယ်။ လှေကားထစ်တွေအတိုင်း တက်သွားပြီး အမျိုးသမီးတွေရှေ့မှာ ဂုဏ်ရှိရှိ နေနိုင်ဖို့ကိုပဲ အားမစိုက်နိုင်တော့သလို ဖြစ်နေတယ်။ သို့ပေမယ့် အပူရှိန်ဟာ သိပ်ပြင်းနေတော့ ကျွန်တော် ရပ်နေတဲ့ နေရာမှာလဲ သိပ်တော့ မထူးလှပါဘူး။ ကောင်းကင်က လာတဲ့ အရောင်ဟာ မျက်စိကန်းမတတ် စူးပါတယ်။ ရပ်နေဖို့နဲ့ ရွေ့သွားဖို့ဟာ အတူတူပဲလို့ ထင်လာတယ်။ ခဏနေတော့ ကျွန်တော်ဟာ ကမ်းခြေဘက်ကို ပြန်သွားပြီး လမ်းလျှောက် လာခဲ့တယ်။

မျက်စိတစ်ဆုံး မြင်ကွင်းဟာတော့ ဝင်းဝင်းတောက်နေပါတယ်။ လှိုင်းအိကလေးတွေဟာ သဲပူထဲကို တစွတ်စွတ် ပုတ်နေတယ်။ သောင်ခြေအဆုံးက ကျောက်လုံးကြီးတွေဆီကို ကျွန်တော် လျှောက်သွားရင်း ကျွန်တော့်နားထင်တွေဟာ အလင်းရောင်ထိတာနဲ့ ရောင်လာသလို တွေ့လိုက်ရပါတယ်။ အဲဒါဟာ တဖြည်းဖြည်း တင်းကျပ်လာပြီး ကျွန်တော့် ခြေလှမ်းတွေကို နှေးကွေးသွားအောင် လုပ်နေသလိုပါပဲ။ ပြီးတော့ နဖူးကို အပူရှိန်တစ်ချက် ဟပ်လိုက်တိုင်း ကျွန်တော်ဟာ အံတစ်ချက်ကြိတ်ပြီး ဘောင်းဘီအိတ်ထဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း ကျွန်တော့်အပေါ်ကို ကျလာတဲ့ အပူရှိန်နဲ့ မူးခနဲ မိုက်ခနဲ ဖြစ်သွားတာကို ဖယ်ပစ်ဖို့ အားထုတ်ရပါတယ်။ သဲသောင်ထဲက ဝင်းဝင်းလက်လက် ခရုခွံကလေး မှန်ကွဲကလေးက ဟပ်လိုက်တဲ့ ရောင်ပြန်များ တက်လာတိုင်း ကျွန်တော့် မေးရိုးကို တင်းနေအောင် စေ့ထားရတယ်။ ကျွန်တော် လျှော့တော့ မပေးဘူး။ ကျွန်တော် မှန်မှန်ပဲ ဆက်လျှောက်လာတယ်။

သဲသောင်ကမ်းခြေ အစောက်ဘက် အဝေးဆီမှ ကျောက်ဆောင် မည်းမည်းကလေးကို လှမ်းမြင်လိုက်ရတယ်။ ကျောက်ဆောင်မှာ အလင်းရောင် ဖွေးဖွေးနဲ့ ငှက်မွေးလို ဖွားနေတဲ့ ရေပန်းရေမွှားတွေနဲ့ အနားသတ်ထားတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့နောက်က ကြည်လင်အေးမြတဲ့ စမ်းချောင်းကလေးကိုသာ သတိရမိပြီး တသွင်သွင် စီးနေတဲ့ ရေသံကလေးကိုသာ ကြားချင်နေမိပါတယ်။

ဘာပဲဖြစ်ဖြစ် နေပူရှိန်တို့ ငိုနေတဲ့ မိန်းမတို့၊ အင်အားစိုက်ထုတ်ပြီး တင်းခံနေရတာတိုက လွတ်ဖို့ ကျောက်ဆောင် ရိပ်က အေးမြတဲ့ စမ်းချောင်း ရေအိုင်ကလေးကို ပြန်တွေ့အောင် ရှာဖို့။

ဒါပေမယ့်ကျွန်တော် အနီးကိုရောက်တော့ ရေမွှန်နဲ့ အာရပ် ပြန်ရောက်နေတာကို တွေ့လိုက်ရတယ်။ ဒီတစ်ခါတော့ သူတစ်ယောက်တည်းပဲ။ သူ့တစ်ကိုယ်လုံးပေါ်မှာ နေပူနေပေမယ့် မျက်နှာကတော့ ကျောက်ဆောင်ရိပ်ထဲမှာ။ လက်နှစ်ဖက်ကို ခေါင်းနောက်ခံပြီး ပက်လက် အိပ်နေပါတယ်။ သူ့ရဲ့ ဝတ်ရုံပြာကြီးဟာ နေပူထဲမှာ အငွေ့တွေ ထွက်နေတာကို မြင်နိုင်ပါတယ်။ ကျွန်တော်လဲ အံ့အားသင့်သွားတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ ဒီကိစ္စ စာရင်းပိတ်ပြီလို့ ထင်ထားတော့ ကျွန်တော် ဒီဘက်ကို လာခဲ့ရာမှာ ဒါကို သတိမရခဲ့ပါဘူး။

ကျွန်တော့်ကို မြင်တော့ အာရပ်ဟာ နည်းနည်း ခေါင်းထောင် ထလာပြီး သူ့လက်က သူ့ အိတ်ထဲကို နှိုက်လိုက်တယ်။ ကျွန်တော်လဲ ကျွန်တော့် ကုတ်အင်္ကျီအိတ်ထဲက ရေမွှန်ရဲ့ ခြောက်လုံးပြူးသေနတ်ကို အလိုလို ဆုပ်ကိုင်လိုက်မိပါတယ်။ ပြီးတော့ အာရပ်လဲ ပြန်လှဲနေ လိုက်တယ်။ ဒါပေမယ့် သူ့လက်ကတော့ အိတ်ထဲက မထုတ်ဘူး။ ကျွန်တော်က အတော်ဝေးဝေးမှာပါ။

အနည်းဆုံး ဆယ်ကိုက်လောက်တော့ ရှိပါလိမ့်မယ်။ တစ်ချိန်လုံးလိုလိုပဲ သူ့ကို ကျွန်တော် မြင်နေရတာကတော့ နေရှိန်နဲ့ တရိပ်ရိပ် ယိမ်းထိုးနေတဲ့ ခပ်မှောင်မှောင် ခပ်ဝါးဝါးပါပဲ။ တစ်ချက် တစ်ချက်မှာတော့ သူ့ရဲ့ ခပ်မှေးမှေး လုပ်ထားတဲ့ မျက်ခွံတွေကြားထဲက သူ့မျက်လုံးက အရောင်ထွက် နေတာကို လက်ခနဲမြင်ရပါတယ်။ လှိုင်းပုတ်တဲ့ အသံတွေဟာ မွန်းတည့်ချိန်ကလောက် မဆူညံတော့ဘဲ ပျင်းစရာ ဖြစ်လာပါတယ်။ ဒါပေမယ့် အလင်းရောင်ကတော့ မပြောင်းလဲသေးဘူး။ ကျောက်ဆောင် အဆုံးရှိတဲ့ သဲပြင်တစ်လျှောက် ဝင်းဝင်းတောက်နေတုန်းပဲ။ နှစ်နာရီလောက်အထိ နေဟာ အရှေ့ကို လုံးဝ မရွေ့သလိုပါပဲ။ သံမဏိခဲကြီးကို ရဲနေအောင် ဖုတ်ထားသလို တည်ငြိမ်နေပါတယ်။ ဟိုခပ်ဝေးဝေးက မိုးကုတ်စက်ဝိုင်းဆီမှာတော့ သင်္ဘောတစ်စင်း ဖြတ်သွားနေပါတယ်။ ဒါကို ကျွန်တော် မည်းမည်း အစက်ကလေး ရွေ့ရှားနေတာကို တစေ့တစောင်းပဲ မြင်ရပါတယ်။ ကျွန်တော့်ရဲ့ မျက်လုံးကတော့ အာရပ်ကိုပဲ စူးစိုက်ကြည့်နေပါတယ်။

ကျွန်တော်လုပ်ဖို့ရှိတာက ပြန်လှည့်လျှောက်ထွက်ခဲ့ပြီး ဒါအကြောင်း ဘာမှ ထပ်မစဉ်းစားဘဲ နေဖို့ပဲ ဆိုတာ ကျွန်တော် တွေးမိတယ်။ ဒါပေမယ့် အပူငွေ့နဲ့ ခုန်နေတဲ့ သဲသောင်ပြင်ကြီး တစ်ခုလုံးဟာ ကျွန်တော့်ကို ရှေ့တွန်းပို့နေပါတယ်။ ကျွန်တော် စမ်းချောင်း ကလေးဆီကို တစ်လှမ်း နှစ်လှမ်း တိုးသွားလိုက်တယ်။ အာရပ်ကတော့ မလှုပ်မယှက်ပါပဲ။ တကယ်ကတော့ ကျွန်တော်နဲ့သူအကြား အတော်တော့ ဝေးပါသေးတယ်။ သူ့မျက်နှာပေါ် အရိပ်ကျနေတာကြောင့်လားတော့ မသိဘူး။ သူဟာ ကျွန်တော့်ကို ရယ်ပြနေသလို ထင်ရပါတယ်။

ကျွန်တော် စောင့်ကြည့်ပါတယ်။ အပူရှိန်ဟာ ကျွန်တော့်ပါးတွေကို လောင်စပြုပြီး ကျွန်တော့်မျက်ခုံးတွေမှာလဲ ချွေးသီးချွေးပေါက်တွေ စို့လာပါတယ်။ ကျွန်တော့် အမေရဲ့ အသုဘချတဲ့နေ့က အပူမျိုးပါပဲ ကျွန်တော့်မှာလဲ အဲဒီတုန်းကလိုပဲ မအီမသာဖြစ်နေပါတယ်။ အထူးသဖြင့် နဖူးက အကြောတွေဟာ ပေါက်ထွက် ကုန်ကြပြီလားတောင် အောက်မေ့ရပါတယ်။ ကျွန်တော် သည်းမခံနိုင်တော့တာနဲ့ နောက်ထပ် ခြေတစ်လှမ်း ရှေ့ကို တိုးလိုက်ပြန်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ မိုက်မဲမှုပဲ ဆိုတာ ကျွန်တော် သိပါတယ်။ နေပူထဲက ရှေ့ကို တစ်ကိုက်လောက်တောင် မရွေ့သင့်ဘူး။ ဒါပေမယ့် ကျွန်တော့်ရှေ့ကို တစ်လှမ်း တိုးသွားလိုက်မိတယ်။ တစ်လှမ်းတည်းပါပဲ။ အဲဒီအခါမှာ အာရပ်က သူ့ဓားကို ဆွဲထုတ်ပြီး ကျွန်တော့်ဆီ လှည့်ချိန် လိုက်တယ်။ ဓားသွားဟာ နေရောင်မှာ ကန့်လန့်ကျနေတယ်။

သံမဏိကို နေထိုးတဲ့ရောင်ပြန်ဟာ လက်ခနဲ ထောင်တက်လာတော့ ကျွန်တော့်နဖူးကို အသွားပါးပါး ဓားချွန်ချွန်နဲ့ ထိုးစိုက်လိုက်သလို ခံစားလိုက်ရပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော့်မျက်ခုံးမှာ သီးနေတဲ့ ချွေးပေါက်တွေဟာ မျက်ခွံပေါ်ကို နွေးခနဲ လိမ့်ဆင်းလာတယ်။ ဆားရေမြေးနဲ့ ချွေးစေးနဲ့ ရောပြီး ဖုံးလိုက်ရင်ပဲ ကျွန်တော်

ဘာမှ မမြင်ရတော့ဘူး။ နေရှိန်ဟာ ကျွန်တော့်ဦးခေါင်းပေါ်ကို လင်းကွင်း တီးလိုက်သလို ရှဲခနဲ ကျလာတာရယ်၊ အဲသလောက် မထင်ရှားပေမယ့် ဓားက ထွက်လာတဲ့ ရောင်ပြန်ဟာ ကျွန်တော့် မျက်ခုံးတွေကို ဖြတ်ပြီး မျက်လုံးတွေထဲ ထိုးဝင်သွားတာရယ် ဒါပဲ သိတော့တယ်။

နောက် ကျွန်တော့်ရှေ့မှာ မြင်မြင်သမျှအရာအားလုံးဟာ ယိမ်းထိုးနေတယ်။ ပင်လယ်ဘက်က ကြောက်စရာ လေကြမ်းတစ်ချက် ဝှေ့လိုက်တယ်။ ကောင်းကင်ကြီးက ထက်ခြမ်းကွဲပြီး အကွဲကြားထဲက မီးတောက်မီးလျှံပြင်ကြီး ထွက်ကျလာတယ်။ ကျွန်တော့်တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအခြင်တွေဟာ သံမဏိ လေးညို့တွေလို တင်းလာပြီးကျွန်တော့်ရဲ့ လက်ချောင်းတွေဆုံလည်သေနတ်ကို တင်းကျပ်သွားအောင် ဆုတ်ညှစ်လိုက်တယ်။ ခလုတ်က လက်ထဲ အိခနဲ ပါလာပြီး ချောမွေ့တဲ့ သေနတ်ဒင်အောက်ပိုင်းဟာ ကျွန်တော့် လက်ဖဝါးကို ဆောင့်လိုက်တယ်။ ဒီတော့ ကြွပ်ကြွပ်ရွရွ ကျာပွတ်သံလို ဖျောင်းခနဲ မြည်သွားတဲ့ အသံနဲ့အတူ အမှုကဖြစ်ရပြီပေါ့။ ကျွန်တော်လဲ မျက်နှာပေါ် အုပ်နေတဲ့ ချွေးသီးတွေနဲ့ ဝါးတားတား အလင်းပြင်ကို ခါပြီး ထုတ်လိုက်ပါတယ်။ ဒီတစ်နေ့ ကျွန်တော်ပျော်ခဲ့တဲ့ ဒီသောင်ကမ်းခြေရဲ့ ငြိမ်သက်မှုနဲ့ သာယာ ငြိမ်းချမ်းမှုကို ကျွန်တော် အစိတ်စိတ်အမြွှာမြွှာ ဖျက်ခွဲပစ်လိုက်ပြီဆိုတာကို ကျွန်တော် သိလိုက်ပါတယ်။ ဒါပေမယ့်လဲ ကျွန်တော်ဟာ ငြိမ်သွားတဲ့ အာရပ်ရဲ့ ခန္ဓာကိုယ်ထဲကို နောက်ထပ် လေးချက်ဆင့်ပြီး ပစ်ထည့်လိုက်ပါတယ်။ မြင်သာအောင် ဘာမှ အရာမဆင်ရစ်ပါဘူး။ ပစ်လိုက်တိုင်း ပစ်လိုက်တိုင်းဟာ ကျွန်တော့်အဖို့ သေမင်းရဲ့ တံခါးကို ကျယ်ကျယ်လောင်လောင် ခေါက်လိုက်မိသလို ဖြစ်သွားပါလေတော့တယ်။

အပိုင်း - ၂

အခန်း ၁

ကျွန်တော့်ကို ဖမ်းပြီးနောက် ချက်ချင်းဆိုသလိုပဲ ကျွန်တော့်ကို အကြိမ်ကြိမ် စစ်ဆေးပါတော့တယ်။ ဒါပေမယ့် အဲသလို စစ်မေးတာတွေက ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင် ဘာညာဆိုတဲ့ မေးရိုးမေးစဉ်တွေပါပဲ။ ပုလိပ်ဌာနမှာ ပထမဆုံးစစ်ဆေးတော့ ဒီအမှုကို ဘယ်သူမှ စိတ်ဝင်စားပုံ မရပါဘူး။ နောက်တစ်ပတ်အကြာ စစ်ဆေးတဲ့ ရာဇဝတ် တရားသူကြီးရှေ့ကို ရောက်တော့ တရားသူကြီးက ကျွန်တော့်ကို ထူးထူးခြားခြား သိချင်တဲ့စိတ်နဲ့ ကြည့်နေတယ်ဆိုတာကို ကျွန်တော် သတိပြုမိပါတယ်။ ထုံးစံအတိုင်း သူက ကျွန်တော့်နာမည်တို့၊ လိပ်စာတို့၊ အလုပ်အကိုင်တို့၊ မွေးဖွားတဲ့ ခု၊ လ၊ ရက်နဲ့ အရပ်တို့ကို စပြီး မေးပါတယ်။ ပြီးတော့ ကျွန်တော်ဘက်က ကာကွယ်ဖို့ ရှေ့နေငှားလို့ ပြီး မပြီးမေးတော့ ကျွန်တော်က မငှားရသေးတဲ့အကြောင်း ဖြေပြီး၊ ဒါကို ကျွန်တော် မစဉ်းစားမိတဲ့အကြောင်း ပြောပြလိုက်တယ်။ ပြီးတော့ "ကျွန်တော့်အဖို့ ရှေ့နေငှားဖို့ လိုလို့လား" လို့ ပြန်မေးမိပါ။ သူက "ဘာဖြစ်လို့ မေးသလဲ"လို့ ဆိုပါတယ်။ ကျွန်တော်က "ကျွန်တော့် အမှုဟာ ရှင်းရှင်း လေးပဲ"လို့ ပြန်ပြောပါတယ်။ သူက ပြုံးလိုက်ပြီး "အင်း ..မင်းအဖို့တော့ ဒီလို ထင်စရာပဲ။ ဒါပေမယ့် တို့မှာ ဥပဒေအတိုင်း ဆောင်ရွက်ရမယ်။ မင်းက ရှေ့နေမငှားရင် မင်းအတွက် ရုံးတော်က တစ်ယောက် ခန့်ထားပေးရမယ်"လို့ ပြောပြပါတယ်။

အာဏာပိုင်များက အခုလို အသေးစိတ် ကိစ္စလေးတွေအထိ ဂရုတစိုက်ရှိတာဟာ အင်မတန် ကောင်းမွန်တဲ့ အစီအစဉ်ပဲလို့ အောက်မေ့မိပါတယ်။ သူ့ကိုလဲ အဲသလိုပဲ ပြောပြလိုက်ပါတယ်။ သူက ခေါင်းညိတ်ပြပါတယ်။ ပြီးတော့ "ဥပဒေမှာ အလိုရှိအပ်တာ အားလုံးရှိပါတယ်" လို့ ဆိုတယ်။

အစကတော့ ကျွန်တော် သူ့ ကို သိပ်အရေးမထားမိပါဘူး။ ကျွန်တော့်ကို သူ စစ်ဆေးနေတဲ့ အခန်းက ရိုးရိုး ဧည့်ခန်းတစ်ခန်း လိုပါပဲ။ ခန်းစီးတပ် ပြတင်းတွေနဲ့။ စားပွဲခုံပေါ်မှာ တစ်တိုင်ချင်း မီးတိုင်ကလေးနဲ့။ အဲဒီက မီးရောင်ဟာ သူ ကျွန်တော့်ကို အထိုင်ခိုင်းထားတဲ့ လက်တင်နဲ့ ကုလားထိုင်ပေါ်ကို ကျလို့။ သူ့မျက်နှာကတော့ အရိပ်ထဲမှာပေါ့။

သည်လို မြင်ကွင်းမျိုးအကြောင်း စာအုပ်ထဲမှာ ဖတ်ဖူးပါတယ်။ အစကတော့ အားလုံးဟာ ကစားနေရသလိုပဲ။ စကား အပြန်အလှန် ပြောကြပြီးတော့မှ သူ့ကို သေသေချာချာ မြင်ရပါတယ်။ သူဟာ အရပ်မြင့်မြင့်နဲ့ ကြည်လင်တဲ့ရုပ်သွင်၊ နက်ရှိုင်းတဲ့ မျက်လုံးပြာအစုံ ရှိပြီး ကြိုးကြားဖြူနေတဲ့ ကျင်စွယ်နဲ့ ဆွတ်ဆွတ်ဖြူနီးပါး ထူထဲတဲ့ ဆံပင်ရှိသူ ဖြစ်ပါတယ်။ သူဟာ အသိဉာဏ် အမြော်အမြင် ကြီးမား

သူတစ်ယောက် ဖြစ်တယ်လို့ ကျွန်တော် ထင်မိပါတယ်။ အားလုံးခြုံပြောရရင်တော့ သဘောကျစရာ ကောင်းပါတယ်။ ကျွန်တော် မကြိုက်တာ တစ်ခုပဲ ရှိတယ်။ သူ့ပါးစပ်က တစ်ချက်တစ်ချက်မှာ တွန့်ရှုံ့သွားတာက အရုပ်ဆိုး လှတယ်။ ဒါပေမယ့် ဒါဟာ အကြောဆွဲတာနဲ့ တူပါရဲ့။ ကျွန်တော် သွားရတော့မယ်ဆိုတော့ ကျွန်တော် သူ့ ကို လက်ဆွဲ နှုတ်ဆက်မိတော့မလို့။ ကျွန်တော်ဟာ လူသတ်ထားတဲ့ တရားခံပါလားဆိုတာ အချိန်မီ သတိရလိုက်ပေလို့သာပေါ့။

နောက်တစ်ရက်မှာတော့ ကျွန်တော့် အကျဉ်းခန်းကလေးထဲ ကို ရှေ့နေတစ်ယောက် လာပါတယ်။ (ခပ်သေးသေး ဝဝ) ဆံပင်နက်နက်ကို ပြောင်နေအောင် ဖြီးထားတဲ့ လူရွယ် တစ်ယောက်ပါ။ နေရှိန်ပြင်းပေမယ့် သူဟာ အမည်းရောင် ဝတ်စုံနဲ့၊ ကော်လာအမာနဲ့။ အဖြူအနက်စင်း လည်စည်း ခပ်လွင်လွင်နဲ့ပါ။ ကျွန်တော်ကတော့ ရှပ်အင်္ကျီနဲ့ပါ။ သူ့ရဲ့ လက်ဆွဲအိတ်ကြီးကို ကျွန်တော့် အိပ်ရာပေါ် တင်လိုက်ပြီး သူ့ဘာသာသူ မိတ်ဆက်ပါတယ်။ ပြီးတော့ ကျွန်တော့် အမှုတွဲကို စေ့စေ့စပ်စပ် ဖတ်ပြီးပြီလို့လဲ ပြောပါတယ်။ ကျွန်တော်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောတော့ သူက “ကောင်းပြီ၊ ကဲ.. အမှုအကြောင်း ပြောရအောင်” လို့ ဆိုလိုက်ပါတယ်။

ကျွန်တော့် အိပ်ရာပေါ်မှာ ထိုင်ရင်း သူတို့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို လိုက်ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်နေကြတယ်လို့ ပြောပါတယ်။ ကျွန်တော့်အမေဟာ မကြာခင်ကပဲ လူအိုရုံ ရိပ်သာတစ်ခုမှာ သေဆုံးသွားတယ်ဆိုတာ သူတို့ သိသတဲ့။ ပုလိပ်က ကျွန်တော်ဟာ ကျွန်တော့်အမေရဲ့ အသုဘချရာမှာ “လူစိတ်မရှိ” တဲ့ အမူအရာတွေ ပြသွားသတဲ့။

ရှေ့နေက “ဒီလိုကိစ္စနဲ့ ခင်ဗျားကို မေးရမြန်းရမှာကို ကျုပ်မကြိုက်ပါဘူးဆိုတာ ခင်ဗျား သိစေချင်ပါတယ်။ ဒါပေမယ့် ဒါက သိပ်အရေးကြီးနေတော့ လူစိတ်မရှိဘူးဆိုတဲ့ စွပ်စွဲချက်ကြီးကို ချေပဖို့ နည်းလမ်းရှာလို့ မရရင် ခင်ဗျားဘက်က ကာကွယ် ထုချေရာမှာ တစ်ပန်းရှုံးနေမှာပဲ။ အဲဒီနေရာမှာတော့ ခင်ဗျားတစ်ယောက်ပဲ ကျုပ်ကို ကူညီနိုင်မယ်”လို့ ပြောပါတယ်။

သူက ဆက်ပြီးတော့ ကျွန်တော် အဲဒီအသုဘကိစ္စတုန်းက ပူဆွေးသောက ဖြစ် မဖြစ် မေးပါတယ်။ အတော်ဆန်းတဲ့ မေးခွန်းလို့ ကျွန်တော် ထင်လိုက်မိတယ်။ ကျွန်တော့်အနေနဲ့ တစ်ယောက်ယောက်ကို ဒီလို မေးခွန်းမျိုး မေးရမယ်ဆိုရင် အင်မတန် အားတုံ့ အားနာ ဖြစ်မိမှာပါပဲ။

“ကျွန်တော်ဟာ လွန်ခဲ့တဲ့ နှစ်များအတွင်း ကိုယ့်စိတ်ထဲ ဘယ်လိုရှိတယ်ဆိုတာ မှတ်မထားခဲ့မိဘူး။ ဘယ်လို ဖြေရမယ်ဆိုတာတောင် မသိအောင်ပါပဲ”လို့

ဖြေလိုက်ပါတယ်။ ပြီးတော့ "ကျွန်တော်ဟာ အမေ့ကို ချစ်တယ်ဆိုတာကတော့ အမှန်အတိုင်း ပြောတဲ့ စကားပါ။ ဒါပေမယ့် ဒါဟာ သိပ်အဓိပ္ပာယ်ရှိလှမယ် မဟုတ်ပါဘူး"လို့လဲ ပြောလိုက်ပါတယ်။ နောက်မှ တစ်ခါ စိတ်ကူးရပြန်တာနဲ့ လူမှန်ရင် ကိုယ်ချစ်ခဲ့တဲ့လူကို တစ်ချိန်မဟုတ် တစ်ချိန်မှာ သေစေချင်တဲ့ဆန္ဒ အနည်းနဲ့အများ ရှိတတ်ကြတာပဲ"လို့ ပြောလိုက်တယ်။

ဒီတော့ ရှေ့နေက မျက်စိမျက်နှာ ပျက်သွားပြီး "ခင်ဗျား ဒီ စကားမျိုးကို အမှုစစ်ရာမှာ ဖြစ်ဖြစ်၊ တရားသူကြီး ရှေ့မှာဖြစ်ဖြစ် မပြောပါဘူးဆိုတာ ကျုပ်ကို ကတိပြုရလိမ့်မယ်"လို့ ဖြတ်ပြောပါတယ်။

ကျွန်တော်က ကတိပြုလိုက်ပါတယ်။ သူ ကျေနပ်သွားရုံပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ခန္ဓာကိုယ် အခြေအနေဟာ ဘယ်အချိန်အခါမဆို ကျွန်တော့်ရဲ့ စိတ်ကို ဩဇာလွှမ်းမိုး တတ်ကြတယ်ဆိုတာ ကျွန်တော်က ရှင်းပြ လိုက်ပါတယ်။ ဒီတော့ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော် အမှတ်မထားမိပါဘူး။ ဒါပေမယ့် ကျွန်တော် ... တစ်ခုတော့ သူ့ကို အသေအချာ ပြောနိုင်ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်ဟာ အမေ့ကို မသေစေချင်ဘူး ဆိုတာပါပဲ။

ရှေ့နေကတော့ ကျေနပ်ဟန် မတူပါဘူး။ "ဒါလောက်နဲ့ ဘယ်ရမလဲ"လို့ သူက တိုတိုတောင်းတောင်း ဆိုပါတယ်။

သူက အတော်ကြာအောင် စဉ်းစားချင့်ချိန်နေပြီးမှ "အဲဒီနေ့တုန်းက ကျွန်တော်ဟာ ကျွန်တော်စိတ်ကို ထိန်းချုပ် ထားရတယ်လို့ကော ပြောလို့ရမလား"လို့ မေးပြန်တယ်။

ကျွန်တော်က "မရဘူး။ အဲသလိုဆိုရင် ဘယ်မှန်မလဲ"လို့ ပြန်ပြောလိုက်ပါတယ်။

ဒီတော့ သူက ကျွန်တော့်ကို မသိမသာ ရွံရှာသွားသလို ခပ်ကြောင်ကြောင်စီစီ ကြည့်လိုက်ပါတယ်။ ပြီးတော့ ရန်ဖြစ်တော့မလို လေသံနဲ့ "ဘယ်လိုမဆို လူအိုရိပ်သာမှူးနဲ့ ရိပ်သာ အမှုထမ်းတချို့ကို သက်သေအဖြစ် တင်ပြလိမ့်မယ်" ဆိုတာကို ပြောပြပါတယ်။

အဆုံးသတ်မှ "အဲ့ဒါ ခင်ဗျားကို ဆွဲချမယ့်ဟာပဲ"လို့လဲ ပြောပါတယ်။

ကျွန်တော်က "မအသေတာနဲ့ ကျွန်တော့်အပေါ်တင်တဲ့ စွဲချက်နဲ့ ဘာမှ မဆိုင်ပါဘူး"လို့ ပြောတော့၊ သူက ကျွန်တော်ဟာ "ဥပဒေနဲ့ ဘာမှ မပတ်သက်ဘူးလို့ ဒီစကားမျိုးပြောတာ"လို့ ဆိုပါတယ်။

မကြာခင်ပဲ မျက်နှာ မသာမယာနဲ့ သူ ထွက်သွားပါတော့တယ်။ ကျွန်တော် သူ့ကို နေစေချင်ပါသေးတယ်။ ကျွန်တော့်အမှုကို ကောင်းကောင်းလိုက်ဖို့အတွက် မဟုတ်ဘဲ သူ့အလိုအလျောက် ဆိုပါတော့လေ။ ကျွန်တော့်ကို သူ နားလည်စေချင်တဲ့ ဆန္ဒရှိတဲ့အကြောင်း ရှင်းပြလိုက်ချင်ပါသေးတယ်။ ကျွန်တော် သူ့ကို စိတ်တိုအောင် လုပ်လိုက်မိတယ်ဆိုတာ သိသာပါတယ်။ ကျွန်တော့်ကို သူ နားမလည်နိုင်ဘူး။ ဒီတော့လဲ စိတ်တိုရတော့မှာပေ့ါ။ ကျွန်တော်ဟာ တခြားလူတွေနဲ့ အတူတူပါပဲ။ သာမန်လူပါပဲဆိုတာကို သူ ယုံကြည်အောင်ပြောဖို့ တစ်ခါနှစ်ခါ စိတ်ကူးဖြစ်မိပါသေးတယ်။ ဒါပေမယ့် ဒါဟာ သိပ်အကျိုးရှိမယ် မထင်ပါဘူးဆိုပြီး ကျွန်တော်လဲ အသာပဲ နေလိုက်ပါတယ်။ ပြောရမှာ ပျင်းလို့ပဲ ဆိုပါတော့။

အဲဒီနေ့ နောက်တစ်ချိန်မှာ ကျွန်တော့်စစ်ဆေးတဲ့ ရာဇဝတ် တရားသူကြီးဆီကို တစ်ခါခေါ်သွားပြန်ပါတယ်။ နေ့လယ် နာရီပြန်နှစ်ချက် ရှိပါပြီ။ ဒီတစ်ခါတော့ တစ်ခန်းလုံး လင်းနေပါတယ်။ ပြတင်းပေါက်မှာ ခန်းဆီးပါးပါးကလေးပဲ ရှိပါတယ်။ သိပ်လဲ ပူပါတယ်။

ကျွန်တော့်ကို ထိုင်ပါလို့ပြောပြီး တရားသူကြီးက ကြိုတင် မသိနိုင်တဲ့ အကြောင်းကိစ္စကြောင့် ကျွန်တော့် ရှေ့နေ မလာရောက်နိုင်တဲ့ အကြောင်း ပြောပါတယ်။ ပြီးတော့ သူမေးတာတွေကို ကျွန်တော့်ရှေ့နေ လာနိုင်သည့်အထိ မဖြေဘဲ ထားလိုက ထားခွင့်ရှိကြောင်းကိုလဲ ပြောပါတယ်။

ကျွန်တော်က “ကျွန်တော့်ဘာသာ ကျွန်တော် ဖြေနိုင်ပါတယ်” လို့ ပြန်ပြောလိုက်ပါတယ်။ သူက သူ့စားပွဲပေါ်က ခလုတ်တစ်ခုကို နှိပ်လိုက်တော့ စာရေးကလေး တစ်ယောက် ဝင်လာပြီး ကျွန်တော့် နောက်နားစမှာ ဝင်ထိုင်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော်ရော တရားသူကြီးပါ ကိုယ့်နေရာမှာ ကိုယ်ထိုင်ကြပြီး စစ်မေးတာတွေ စ,ပါတော့တယ်။ သူက “ကျွန်တော်ဟာ နှုတ်ဆိတ်သူ၊ တစ်ကိုယ်ကောင်း စိတ်ရှိသူလို့ အများသိကြတယ်”လို့ ဆိုပြီး စ,ပါတယ်။ ပြီးတော့ ဒါကို ကျွန်တော် ဘာပြောစရာ ရှိသလဲလို့ မေးပါတယ်။ ကျွန်တော်က ...

“ဟုတ်ကဲ့၊ ကျွန်တော့်မှာ စကားများများ ပြောစရာ ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော် စကားမပြောဘဲ နေခဲ့ပါတယ်”လို့ ဖြေပါတယ်။

သူက အလျှင်တစ်ခါကလိုပဲ ပြုံးပြပြီး “အဲဒါဟာ အကောင်းဆုံး အကြောင်းပါပဲ” လို့ ဆိုပါတယ်။ ပြီးတော့ သူက ဘယ်လိုမဆို ဒါဟာ အရေးမဟုတ်ပါဘူး။ ဟုတ်တောင် မကြီးလှပါဘူး”လို့ ထပ်ပြောတယ်။

ခဏငြိမ်သက်နေပြီး သူဟာ ရုတ်တရက် ကိုယ်ကို ရှေ့ဘက်ကိုင်း၊

ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၊ အသံကို နည်းနည်းမြှင့်ပြီး "ငါစိတ်ဝင်စားတာက မင်းကိုပဲ" လို့ ဆိုပါတယ်။

သူ ဘာဆိုလိုတယ်ဆိုတာ ကျွန်တော် သိပ်မရှင်းဘူး။ ဒါကြောင့် ကျွန်တော်လဲ ဘာမှ မှတ်ချက်မချမိပါဘူး။

သူက "မင့်အမှုနဲ့ ပတ်သက်လို ငါ နားမလည်နိုင်တာတွေ တော်တော်များများ ရှိတယ်။ ဒါတွေကို ငါ နားလည်အောင် မင်း ငါ့ကို ကူညီနိုင်မယ်လို့ ယုံကြည်ပါတယ်"လို့ ဆက်ပြောတယ်။

ကျွန်တော်က "ဒါဟာ ရှင်းရှင်းကလေးပါ" လို့ ပြောတော့ သူက အဲဒီနေ့က ကျွန်တော် ဘာတွေလုပ်ခဲ့တယ်ဆိုတာ သူ့ ကိုပြန် ပြောပြခိုင်းပါတယ်။ တကယ်က သူ့ကို စပြီးတွေ့ကတည်းက ဒါကို ပြောပြပြီးသားပါ။ အတိုချုပ် သဘောမျိုးပေါ့လေ။ ရေမွှန်အကြောင်း၊ သောင်ကမ်းခြေအကြောင်း၊ ပြီးတော့ ကမ်းခြေဘက် နောက်တစ်ခေါက် ထွက်ခဲ့တဲ့အကြောင်း၊ ပြီးတော့ ကျွန်တော် သေနတ်နဲ့ ငါးချက် ပစ်ခဲ့တဲ့အကြောင်း။ ဒါပေမယ့် ကျွန်တော် တစ်ခေါက်ထပ်ပြီး ပြောပြ လိုက်ပါတယ်။ စကား တစ်ဖြတ်ဆုံးတိုင်း သူက "အေးပေါ့၊ အေးပေါ့လေ" ဆိုပြီး ခေါင်းညိတ်လိုက်ပြီး "ကောင်းတယ်" လို့ ဆိုတယ်။ ကျွန်တော့်အနေနဲ့ဆိုရင် ဒီအကြောင်းကို အထပ်ထပ် ပြောနေရတာ ငြီးငွေ့လှပါပြီ။ ကျွန်တော့် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ အဲသလောက် စကားမပြောဖူးဘူးလို့ ထင်ပါတယ်။

နောက်တစ်ခါ အတော်ကြာအောင် ငြိမ်သက်နေပြီး သူက ထိုင်ရာက ထရင်း သူ ကျွန်တော့်ကို ကူညီချင်ပါတယ်လို့ ပြောပါတယ်။ ကျွန်တော့်ကို သူ စိတ်ဝင်စားသတဲ့။ ဘုရားသခင်ရဲ့ အကူအညီနဲ့ သူ ကျွန်တော့်ရဲ့ ဒုက္ခတွေက လွတ်အောင် တစ်ခုခုလုပ်ပါမယ်တဲ့။ ဒါပေမယ့် သူ နောက်ထပ် မေးစရာရှိတာကလေးတွေကို အရင်မေးရဦးမယ်တဲ့။

သူက ကျွန်တော် "အမေ့ကို ချစ်သလား" လို့ တဲ့တိုးကြီး စ, မေးလိုက်ပါတယ်။

ကျွန်တော်က "ချစ်တယ်။ တခြားလူတွေလိုပဲပေါ့" လို့ ဖြေပါတယ်။ လက်နှိပ်စက်ကို မှန်မှန်ကြီး ရိုက်သွားတဲ့ ကျွန်တော့်နောက်က စာရေးဟာ ခလုတ်တွေမှားပြီး နှိပ်မိဟန်တူပါတယ်။ စာရွက်လိပ်ကို နောက်ပြန်ဆွဲပြီး တစ်စုံတစ်ခုကို ဖျက်သံ ကြားရပါတယ်။

နောက်သိသာတဲ့ အကြောင်း ယုတ္တိဆက်သွယ်မှု မရှိဘဲ တရားသူကြီးက နောက် မေးခွန်းတစ်ခု ဆက်မေးပြန်ပါတယ်။

"မင်း ဘာဖြစ်လို့ ငါးချက်ဆက်ပြီး ပစ်သလဲ"

ကျွန်တော် နည်းနည်း စဉ်းစားလိုက်ပါတယ်။ ပြီးတော့ ကျွန်တော် ပစ်တာ ဆက်ရက် မဟုတ်တဲ့အကြောင်း ရှင်းပြလိုက်ပါတယ်။ ပထမ တစ်ချက်ပစ်တယ်။ နောက်တစ်ခဏနေပြီး နောက်လေးချက် ဆက်ပစ်ပါတယ်။

"ပထမတစ်ချက်နဲ့ ဒုတိယအချက်ကြားထဲ ဘာဖြစ်လို နားနေရသလဲ"

ကျွန်တော့် မျက်စိထဲမှာ ဒါဟာ တဝဲဝဲ ပြန်ပေါ်လာဟန် တူပါတယ်။ သောင်ပြင်မှာ ဝင်းဝင်းတောက်အောင် ပူတဲ့ နေရောင်ရယ်၊ ပါးပြင်ကို လာပြီး တိုက်ခတ်လိုက်တဲ့ ကြောက်စရာ့ လေပြင်းရယ်။ ဒီတစ်ခါတော့ ကျွန်တော် ဘာမှ မဖြေလိုက်တော့ပါဘူး။

သည်နောက် အတော်ကြာအောင် ငြိမ်သက်နေတဲ့ ကာလအတွင်း တရားသူကြီးက ဂဏှာမငြိမ်ဖြစ်နေတယ်။ သူ့ လက်ချောင်းတွေကို သူ ဆံပင်ကြား ထိုးဖွလိုက်၊ ထ,မလိုလိုလုပ်ပြီး ပြန်ထိုင်လိုက်နဲ့ပေါ့။

နောက်ဆုံး သူ့စားပွဲပေါ်ကို တံတောင်ထောက်၊ ကြောင်စီစီ မျက်နှာနဲ့ ကျွန်တော့်ဘက်ကို ကိုင်းလိုက်တယ်။

"နေပါဦးကွယ်။ မင်းက ဘာဖြစ်လို့ လဲနေတဲ့လူ ကိုဆက်ပြီး ပစ်နေရတာလဲ"

ဒီတစ်ခါလဲ ကျွန်တော် ဘာမှ ပြန်ပြောစရာ မရှိပါဘူး။ တရားသူကြီးက သူ့နဖူးကို သူ့လက်နဲ့သပ်လိုက်ပြီး လေသံနည်း နည်းပြောင်းပြီး မေးပြန်တယ်။

"လဲနေတဲ့လူကို ဘာကြောင့် ဆက်ပစ်နေရသလဲလို့ ငါ မေးနေတယ်။ ပြောလေကွယ်"

ကျွန်တော်က ငြိမ်လျက်ပါပဲ။

ရုတ်တရက် သူလဲ ထိုင်ရာကထ၊ မျက်နှာချင်းဆိုင် နံရံမှာ မှီထားတဲ့ ဗီရိုတစ်ခုဆီသွား၊ အံဆွဲတစ်ခုကို ဆွဲထုတ်၊ အထဲက ငွေလက်ဝါးကပ်တိုင် ကလေးကို ယူလာပြီးတော့ လက်ထဲမှာ ဝှေ့ရမ်းရင်း စားပွဲဆီကို ပြန်လာတယ်။

"ဒါ ဘယ်သူလဲဆိုတာ မင်းသိရဲ့လား"လို့ မေးပါတယ်။ သူ့ အသံဟာ တစ်မျိုး ဖြစ်လာပြီး စိတ်လှုပ်ရှားမှုကြောင့် တုန်နေပါတယ်။

ကျွန်တော်က "သိတာပေါ့"လို့ ဖြေလိုက်ပါတယ်။

ဒီတော့သူလဲ စကားစ,ရသွားတယ်။ စကားကို ခပ်သွက်သွက် ပြောလာတယ်။ သူဟာ ဘုရားသခင်ကို ယုံကြည်တဲ့ အကြောင်း အဆိုးအပြစ်များကို ပြုသူများတောင်မှ ဘုရားသခင်ဆီက ခွင့်လွှတ်ခြင်းကို ရနိုင်တဲ့အကြောင်း၊ ရိုးသားတဲ့ ယုံကြည်တဲ့နှလုံးနဲ့ ပေးသမျှ အပြစ်ကို ခံယူမယ်ဆိုတဲ့စိတ်နဲ့ ကလေးသူငယ်လို ဖြစ်လာရမယ့် အကြောင်း ပြောနေပါတယ်။

တကယ်က ရုံးခန်းကလဲ လှောင်အိုက်၊ ယင်ကောင်ကြီးတွေကလဲ တဝီဝီဝဲပြီး ကျွန်တော့်ပါးပေါ်မှာ လာနားဆိုတော့ ကျွန်တော် သူပြောနေသမျှကို အားလုံး နားလည်အောင် လိုက်နားထောင်နေတာ အတော် ပင်ပန်းပါတယ်။ ပြီးတော့ သူကလဲ ကျွန်တော့်ကို ထိတ်လန့်အောင် လုပ်နေတာကလဲ တစ်ကြောင်းပေါ့။ တကယ်ဆိုရင် ကျွန်တော်က ရာဇဝတ်ကောင်ပဲ။ ဒီလို ဖြစ်ရတယ်ဆိုတော့ သိပ်အဓိပ္ပာယ် မရှိဘူးပေါ့။ ဒါပေမယ့် သူ စကားဆက်ပြောနေတော့ ကျွန်တော်လဲ တတ်နိုင်သမျှ နားလည်အောင် ကြိုးစားပါတယ်။ ကျွန်တော့် ဖြောင့်ချက်ထဲမှာ ရှင်းလင်းဖို့ အင်မတန် လိုအပ်နေတဲ့ အချက်တစ်ခု ရှိနေတယ်လို့ နားလည်ရပါတယ်။ အဲ့ဒါက ကျွန်တော် ဒုတိယ တစ်ချက် မပစ်ခင် ဘာဖြစ်လို့ ဆိုင်းနေရသလဲဆိုတာပေါ့။ ဒီပြင့်ဟာတွေ အားလုံးကောင်းပါတယ်။ သူ နားမလည်နိုင်တာက ဒါတစ်ခုပဲတဲ့။

ကျွန်တော်က သူ ဒါကို အထပ်ထပ် မေးနေတော့ မှားနေပြီလို့ သူ့ကို ပြောလိုက်ပါတယ်။ ဒီကိစ္စဟာ ဘာမှ အရေးမကြီးတဲ့ အသေးအဖွဲကိစ္စပါ။ သို့ပေမယ့် ကျွန်တော် ဘာမှမပြောရခင် သူက မတ်တတ်ရပ်လိုက်ပြီး စိတ်အား ထက်သန်စွာပဲ "ကျွန်တော် ဘုရားသခင်ကို ယုံသလား"လို့ မေးလိုက်ပါတယ်။ ကျွန်တော်က "မယုံကြည်ဘူး" လို့ ဖြေလိုက်တဲ့အခါ သူဟာ စိတ်ဆိုးမာန်ဆိုးနဲ့ပဲ သူ့ ကုလားထိုင်ပေါ် ဝုန်းဆို ပြန်ထိုင်ချလိုက်ပါတယ်။

သူက ဒါဟာ မကြီအပ် မစည်ရာပဲတဲ့။ လူအားလုံး ဘုရားသခင်ကို ယုံကြည်ကြသတဲ့။ ဘုရားသခင်ကို ပစ်ပယ်သူများတောင်မှ ယုံကြည်ကြသတဲ့။ ဒါနဲ့ ပတ်သက်လို့ကတော့ သူက အသေအချာ ပြောနိုင်သတဲ့။ ဒါကို သူ သံသယ ရှိမယ်ဆိုရင် သူ့ ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိဘဲ ဖြစ်သွားမယ်တဲ့။ သူက စိတ်ဆိုး မာန်ဆိုးနဲ့ "သူ့ ဘဝကို အဓိပ္ပာယ်မရှိဘူးလို့ ဖြစ်စေချင်သလား" တဲ့။ ကျွန်တော်က ဘာကြောင့် ဖြစ်စေချင်ရမှာလဲဆိုတာ ကျွန်တော် တကယ် နားမလည် ပါဘူး။ သူ့ကို ကျွန်တော် အဲဒီအတိုင်း ပြောပြလိုက်ပါတယ်။

ကျွန်တော် စကားပြောနေတုန်းမှာ သူက လက်ဝါးကပ်တိုင် ကို ကျွန်တော့် မျက်နှာနားမှာ ကပ်ပြီးပြရင်း "ဘယ်လိုမဆို ငါကတော့ ခရစ်တော်ကို ဆုတောင်းရမှာပဲပေါ့။ လူကလေးရယ်.. ခရစ်တော်ဟာ မင်းတို့အတွက်

ဒုက္ခဝေဒနာတွေကို ခံသွားရတယ်ဆိုတာကို ဘာဖြစ်လို့ မယုံကြည်ဘဲ နေရတာလဲ” လို့ အခေါ်ပြောလိုက်ပါတယ်။

သူက “လူကလေးရယ်”လို့ ခေါ်လိုက်တဲ့ သူ့အမူအရာကတော့ ကျွန်တော့်အတွက် တကယ်ပဲ သောကဖြစ်ရပုံပဲဆိုတာ ကျွန်တော် သတိပြုလိုက်မိပါတယ်။ သို့ပေမယ့် ကျွန်တော်ကလဲ ဒါကို ငြီးငွေ့လာပါတယ်။ အခန်းဟာလဲ တရှိန်းရှိန်းနဲ့ အပူချိန်က တက်လာပါတယ်။

ကျွန်တော် တစ်ယောက်ယောက်နဲ့ စကားပြောရတာ ပျင်းလာပြီဆိုရင် လုပ်လေ့ရှိတဲ့အတိုင်း ကျွန်တော် သူပြောသမျှကို သဘောတူဟန် ဆောင်နေလိုက်ပါတယ်။ သည်လိုလုပ်တော့ သူ့မျက်နှာ ဝင်းထိန်လာလို့ ကျွန်တော့်မှာ အံ့သြရပါတယ်။

“ဟုတ်ပြီ၊ ဟုတ်ပြီ။ ကဲ အခု မင်း ဘုရားသခင်ကို ယုံပြီး အားကိုးပြီလို ဝန်မခံသေးဘူးလား”

ကျွန်တော် ခေါင်းရမ်းလိုက်မိပြန်တယ် ထင်ပါတယ်။ သူဟာ ကုလားထိုင်ပေါ် စိတ်ပျက်လက်ပျက် လျှောပြီး ထိုင်ချ လိုက်ပါတယ်။

အတော်ကြာအောင် ငြိမ်သက်နေတုန်းမှာ လက်နှိပ်စက်ဟာလဲ ကျွန်တော်တို့ ပြောသမျှတွေကို တစ်ချိန်လုံး တဖျောက်ဖျောက် ရိုက်နေရာက နောက်ဆုံး ပြောလိုက်တဲ့စကားကို အမီလိုက် ရိုက်နေပါတယ်။ အဲဒီအခါမှာ တရားသူကြီးက ကျွန်တော့်ကို စိတ်မချမ်းမြေ့စွာ စူးစိုက်ကြည့်နေပါတယ်။

“ငါ့ တစ်သက်နဲ့ တစ်ကိုယ် မင်းလောက် အခံ့ထူတဲ့ သတ္တဝါ တစ်ခါမှ မတွေ့ဖူးဘူး” လို ခပ်တိုးတိုး ပြောပါတယ်။ “ငါ့ဆီကို ရောက်လာတဲ့ ရာဇဝတ်ကောင်တွေဟာ အခုထိ ငါတွေ့ဖူးသလောက်တော့ တို့သခင် ဒုက္ခဝေဒနာခံရတဲ့ အထိမ်းအမှတ်ကို မြင်ရင် ငိုတာချည်းပဲ”တဲ့။

ကျွန်တော်က “ဒါတော့ သူတို့က ရာဇဝတ်ကောင်တွေကိုး ခင်ဗျ” လို့ ပြောလိုက်မိတော့ မလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်လဲ အဲသလို အမျိုးအစားထဲမှာ ပါနေပါလားလို့ သတိထားလိုက်ရပါတယ်။ ဘာကြောင့်ရယ်လို့တော့ မသိဘူး။ ကျွန်တော့်ကိုယ် ကျွန်တော်ဖြင့် အဲသည်လိုကို စဉ်းစားလို့ မရပါဘူး။

တွေ့ဆုံစစ်ဆေးမှု ပြီးပြီဆိုတဲ့ သဘောနဲ့ တရားသူကြီးဟာ ထိုင်ရာက ထလိုက်ပါတယ်။ စောစောကလိုပဲ ပင်ပန်း နွမ်းနယ်နေတဲ့ လေသံနဲ့ မေခွန်းတစ်ခုကို မေးလိုက်ပါတယ်။ ကျွန်တော် ကျူးလွန်ခဲ့တဲ့ အမှုအတွက် ကျွန်တော် နောင်တ

ရသလားဆိုတဲ့ မေးခွန်းပါ။

ကျွန်တော်က နည်းနည်း စဉ်းစားလိုက်ပြီး "နောင်တရတာထက် စိတ်အနှောင့်အယှက် ဖြစ်ရတာက ပိုပါတယ်" လို့ ပြောလိုက်တယ်။ ဒီထက်ကောင်းတဲ့ စကားလဲ စဉ်းစားလို့မရဘူး။ ဒါပေမယ့် သူ နားလည်ပုံ မပေါ်ပါဘူး။ အဲဒီနေ့က တွေ့ဆုံစစ်ဆေးမှုကတော့ အဲသလောက်ပါပဲ။

နောက်ထပ်လဲ အကြိမ်ပေါင်းများစွာ တရားသူကြီးရှေ့ကို ကျွန်တော် ရောက်ရပါသေးတယ်။ အဲဒီအခါမှာတော့ ကျွန်တော့်ရှေ့နေဟာ ကျွန်တော်နဲ့ အမြဲပါလာပါတယ်။ စစ်မေးမှုတွေကတော့ ကျွန်တော်အရင်က အစစ်ခံချက်တွေအပေါ်မှာ ချဲ့ထွင်ပြီး မေးတာတွေ လောက်ပါပဲ။ ဒါမှမဟုတ် တရားသူကြီးနဲ့ ကျွန်တော့် ရှေ့နေတို့ ဟာ ဥပဒေအကြောင်း ဆိုင်ရာတွေကို ဆွေးနွေးကြတာပဲ ရှိပါတယ်။ အဲသလို အခါမျိုးမှာ သူတို့ဟာ ကျွန်တော့်ကို သတိ မပြုမိကြသလောက်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တဖြည်းဖြည်း အချိန်ရွေ့လာတာနဲ့အမျှ စစ်မေးတဲ့ လေသံဟာလဲ ပြောင်းလာပါတယ်။ တရားသူကြီးဟာ ကျွန်တော့်အပေါ် စိတ်ဝင်စားမှု မရှိတော့သလိုပါပဲ။ ကျွန်တော့် အမှုနဲ့ ပတ်သက်လို့လဲ ဆုံးဖြတ်ချက် တစ်ခုခု ချထားပြီးသလိုပါပဲ ဘုရားသခင်ရဲ့အကြောင်းကတော့ ဘာမှ မပြောတော့ဘူး။ ပထမတစ်ကြိမ် တွေ့ကြစဉ်က ကျွန်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တဲ့ ဘာသာရေးနဲ့ ပတ်သက်ပြီး အားတက်သရော ရှိမှုတွေကိုလဲ မပြတော့ဘူး။ အဲဒီတော့ ကျွန်တော်တို့ ဆက်ဆံရေးဟာ ပိုပြီး ပြေပြစ်လာပါတယ်။ မေးခွန်း အနည်းငယ်မေးပြီး၊ ကျွန်တော့် ရှေ့နေနဲ့ စကား အပြန်အလှန် နည်းနည်းပြောပြီး တွေ့ဆုံ စစ်မေးခြင်းကို အဆုံးသတ်လိုက်ပါတယ်။ သူပြောတဲ့အတိုင်းကတော့ ကျွန်တော့် အမှုဟာ ပုံမှန်သွားနေပါပြီတဲ့။ တစ်ခါ တစ်ခါတော့လဲ သူတို့ စကားပြောနေကြတာဟာ ယေဘုယျ အကြောင်းအရာများဖြစ်လို့ တရားသူကြီးကရော ကျွန်တော့် ရှေ့နေကပါ ဝင်ပြောဖို့ လမ်းဖွင့် ပေးကြပါတယ်။ အဲဒီအချိန်မှာတော့ ဒီလူနှစ်ယောက် အနက် ဘယ်သူကမှ ကျွန်တော့်ကို ရန်သူလို သဘောမထားကြပါဘူး။ အားလုံးဟာ ချောချောမောမော ပြေပြေလည်လည်ပဲဆိုတော့ ကျွန်တော့်စိတ်မှာ မဟုတ်မှန်း သိလျက်နဲ့ မိသားစုလို့တောင် ထင်လိုက်မိပါသေးတယ်။ ကျွန်တော့်ကို အဲသလို စစ်ဆေးမေးမြန်းနေတဲ့ ဆယ့်တစ်လ ကာလအတွင်း သူတို့နဲ့ ဘယ်လောက် အကျွမ်းတဝင် ဖြစ်ခဲ့ရသလဲဆိုရင် တရားသူကြီးက ကျွန်တော့်ကို တံခါးဝအထိ လိုက်ပို့ရင်း ကျွန်တော့်ပခုံးကို ပုတ်ပြီး "ကဲ ခရစ်တော် ဆန့်ကျင်ရေး ဆရာကြီးရေ သွားပေးဦးတော့။ အခုတော့ ဒါလောက်ပဲ" လို့ နှုတ်ဆက်တဲ့အခါ ကျွန်တော် သဘာမကျစဖူး ကျခဲ့ရတယ်ဆိုတာကို ကျွန်တော် ရိုးရိုးသားသား ပြောနိုင်ပါတယ်။ သည့်နောက်တော့ ကျွန်တော့်ကို ထောင်ကြပ်များရဲ့လက်ကို အပ်လိုက်ပါတော့တယ်။

အခန်း ၂

ကျွန်တော် ဘယ်တော့မှ ပြောမပြချင်တဲ့ အကြောင်းတွေ တော်တော် ရှိပါတယ်။ ကျွန်တော်တို့ထောင်ထဲ ပို့လိုက်ကြပြီး ရက်အနည်းငယ်မှာပဲ ကျွန်တော့်ဘဝရဲ့ အဲဒီအပိုင်းဟာဖြင့်ကျွန်တော် ပြောမပြချင်တဲ့ အကြောင်းတွေထဲမှာ တစ်ခုဖြစ်တယ်လို့ ယူဆ လိုက်မိပါတယ်။ ဒါပေမယ့်လဲ အချိန်ကာလာတော့ ကျွန်တော် အဲသလို မပြောချင်တာဟာ သိပ်အခြေအမြစ် မရှိလှဘူးဆိုတာ သိလာပါတယ်။ တကယ့်အဖြစ်ကို ပြောရရင်တော့ အဲဒီ ပထမရက်တွေတုန်းကဖြင့် ကျွန်တော်ဟာ ထောင်ထဲကို ရောက်နေတယ်လို့တောင် တယ်မထင်မိပါဘူး။ ကျွန်တော့် စိတ်ထဲမှာ တစ်ခုခု ပေါ်လာလိမ့်ဦးမယ်လို့ မရေမရာ ထင်နေခဲ့ပါတယ်။

အဲဒီ အပြောင်းအလဲဟာ မာရီ ပထမဆုံးအကြိမ် ကျွန်တော့်ကို လာတွေ့ပြီး မကြာခင် ရောက်လာပါတယ်။ နောက်လဲ သူ မလာရတော့ဘူး။ မာရီဆီက “သူဟာ ကျွန်တော့်ဇနီး မဟုတ်တဲ့အတွက် နောက်ထပ် ကျွန်တော်နဲ့ တွေ့ခွင့် မပေးနိုင်တော့ဘူးတဲ့” လို့ အကြောင်းကြားစာ ရတဲ့နေ့ကစပြီး ကျွန်တော့် စိတ်ထဲမှာ ဒီအကျဉ်းခန်းလေးဟာ ငါ့ရဲ့ နောက်ဆုံးနေရာလို့ ဆိုကြတဲ့ လမ်းဆုံးပဲလို့ သိလိုက်ပါတယ်။

ကျွန်တော့်ကို ဖမ်းတဲ့နေ့က သူတို့ ကျွန်တော့်ကို အခန်း ခပ်ကြီးကြီးထဲမှာ တခြား အကျဉ်းသားတွေနဲ့ ရောထားပါတယ်။ အများအားဖြင့်ကတော့ အာရပ်တွေပါပဲ။ ကျွန်တော် ဝင်လာတာမြင်တော့ သူတို့က ပြုံးပြကြတယ်။ ပြီးတော့ “ဘာမှုနဲ့လဲလို့” မေးကြတယ်။ ကျွန်တော်က “အာရပ်တစ်ယောက်ကို သတ်ခဲ့တယ်”လို့ ပြောတော့ ခဏတော့ အားလုံး တိတ်ဆိတ်သွားတယ်။ ဒါပေမယ့် ညမိုးချုပ်လာတော့ သူတို့ အထဲက တစ်ယောက်က ကျွန်တော့် အိပ်ရာဖျာကို ဘယ်လိုခင်းရမယ်ဆိုတာ ရှင်းပြပါတယ်။ တစ်ဖက်ထိပ်ကို လိပ်ထားလိုက်ရင် ခေါင်းအုံးသဘောမျိုး ဖြစ်လာတယ်။ တစ်ညလုံး ကျွန်တော့် မျက်နှာပေါ်မှာ ကြမ်းပိုးတွေ တရွရွ တက်နေတာကို တွေ့ရပါတယ်။

နောက်ရက် အတော်ကြာပြန်တော့ ကျွန်တော့်ကို အခန်းကျဉ်း ကလေးထဲမှာ တစ်ယောက်တည်း ထည့်ထားပါတယ်။

အဲဒီအထဲမှာ နံရံကပ်ပြီး ဆွဲထားတဲ့ ပျဉ်ပြားခင်း အိပ်ရာပေါ်မှာ အိပ်ရပါတယ်။ အခန်းထဲမှာ တခြား အသုံးအဆောင်များကတော့ အိမ်သာအဖြစ်သုံးတဲ့ သံပုံးတစ်ခု၊ သံဇလုံတစ်ခု ဒါပဲ ဖြစ်ပါတယ်။ အကျဉ်းထောင်ဟာ ကုန်းမြင့် ကလေးပေါ်မှာ ရှိတဲ့အတွက် ကျွန်တော့် သံတိုင်ပေါက်ကလေးကနေ ကြည့်ရင် ပင်လယ်တစ်စွန်းတစ်စကို မြင်ရပါတယ်။ တစ်နေ့ ကျွန်တော် သံတိုင်တွေကို ဆွဲတက်ပြီး ပင်လယ် ရေလှိုင်းတွေပေါ် နေရောင် ပက်ဖျန်းနေတာကို စူးစိုက်ပြီး

ကြည့်နေတုန်း ထောင်ဝါဒါတစ်ယောက်လာပြီး ကျွန်တော့်ဆီကို ဧည့်သည် တစ်ယောက်လာတယ်လို့ ပြောပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မာရီလို့ ထင်လိုက်တယ်။ ဟုတ်လဲ ဟုတ်ပါတယ်။ ဧည့်သည်တွေ့တဲ့ အခန်းကို သွားဖို့အတွက် စင်္ကြံအရှည်ကြီးကို လျှောက်ခေါ်သွားပါတယ်။ ပြီးတော့ လှေကားတစ်ခုကို တက်ရတယ်။ ပြီးနောက် ပြတင်းကြီးကနေ အလင်းရောင် ဝင်တယ်။ အခန်းကြီးကို ကန့်လန့်ဖြတ် အခန်းသုံးခန်းအဖြစ် သံတိုင် မြင့်ကြီးတွေနဲ့ ကန့်ထားတယ်။ သံတိုင်နံရံနှစ်ခုကြားမှာ လမ်းအဖြစ် ပေသုံးဆယ်လောက် ခြားထားတယ်။ တစ်ဖက်က အကျဉ်းသားတွေ၊ နောက်တစ်ဖက်က သူတို့ဆီကိုလာတဲ့ လူတွေပေါ့။ ကျွန်တော့်ကို မာရီနဲ့ တည့်တည့် နေရာတစ်ခုကို ခေါ်သွားပါတယ်။ မာရီဟာ အစင်းစအဝတ်ကို ဝတ်ထားပါတယ်။ သံတိုင်ထရံရဲ့ ဒီဘက်မှာက အခြားအကျဉ်းသား ဆယ်ယောက်၊ ဆယ့်နှစ်ယောက် ရှိတယ်။ အများ အားဖြင့်ကတော့ အာရပ်တွေပေါ့။ မာရီတို့ဘက်ကတော့ အများအားဖြင့် မူးအား အမျိုးသမီးတွေပါ။ မာရီဟာ ပါးစပ်ကို စေ့နေအောင် ပိတ်ထားတဲ့ အဘွားအိုလေး တစ်ယောက်နဲ့ စကားကို စွာကျယ်စွာကျယ် တစ်ချိန်လုံး လက်ဟန်ခြေဟန်နဲ့ ပြောတတ်တဲ့၊ ဦးထုပ်မပါတဲ့ မိန်းမဝဝကြီး ကြားထဲမှာ ညှပ်နေတယ်။ အကျဉ်းသားတွေနဲ့ ဧည့်သည်တွေ အကြား အလှမ်းတော်တော် ဝေးနေတော့ ကျွန်တော်လဲပဲ အသံကို မြှင့်ပြီး စကားပြောနေတာကို တွေ့ရတယ်။

ကျွန်တော်အခန်းထဲဝင်လာတော့ ဗလာနံရံတွေဆီကို ပဲ့တင်ထပ်နေတဲ့ ဗလုံးဗထွေး စကားပြောသံတွေရယ်၊ အခန်းထဲကို အမြှောင်းလိုက် ဝင်လာနေတဲ့ နေရောင်ခြည်ရယ်၊ ဘာမဆို ဖြူဖြူ ရောင်ပြန်တွေ ဟပ်နေတာရယ်ကြောင့် ကျွန်တော့်မှာ ခေါင်းကို မူးမူးသွားတာပါပဲ။ ဒါနဲ့စာရင် မှောင်မည်း ငြိမ်သက်နေတဲ့ အကျဉ်းခန်းလေးထဲမှာ နေနေခဲ့ရာက ဒီလို အခြေအနေမျိုး ရောက်လာတော့ တော်တော်နဲ့ ကျင့်သား မရနိုင်ဘူးပေါ့။ ဒါပေမယ့် ခဏနေတော့ မျက်နှာတစ်ခုစီ တစ်ခုစီကို မီးမောင်းထိုးပြသလို ကြည်ကြည်လင်လင် မြင်ရပါတယ်။

ထောင်အမှုထမ်း အရာထမ်းတွေက သံတိုင်တွေရဲ့ အလယ်က လမ်းထိပ် တစ်ဖက်တစ်ချက်မှာ ထိုင်နေကြပါတယ်။ တိုင်းရင်းသား အကျဉ်းသားတွေနဲ့ သူတို့ အမျိုးတွေဟာ မျက်နှာချင်းဆိုင်ပြီး ဆောင့်ကြောင့် ထိုင်နေကြပါတယ်။ သူတို့ဟာ အသံကို မြှင့်မပြောကြပါဘူး။ စကားပြောသံတွေ အုတ်အုတ်သဲသဲထဲမှာကိုပဲ လေသံလောက် နီးနီးတိုးတိုးပဲ ပြောဆို နိုင်ကြပါတယ်။ အဲသလို အောက်က ထိုင်ပြောနေကြတဲ့ ခပ်တိုးတိုး စကားပြောသံတွေဟာ သူတို့ခေါင်းပေါ်က ကျော်ပြီး ပြောဆိုနေကြတဲ့ အသံတွေနဲ့ တွဲဖက်အသံမျိုးလိုပါပဲ။ ကျွန်တော် ဒါတွေအားလုံး အမြန်လိုက်ကြည့်ပြီး မာရီဆီကို ခြေတစ်လှမ်း တိုးသွားလိုက်ပါတယ်။ မာရီဟာ သူ့ရဲ့ နေလောင်ထားတဲ့ မျက်နှာ ညိုညိုလေးကို သံတိုင်တွေ ကြားထဲထိအောင် တိုးပြီး သူ တတ်နိုင်သမျှ အစွမ်းကုန် ပြုံးပြနေပါတယ်။ သူ သိပ်လှနေတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမယ့် အကြောင်းကြောင်း ကြောင့် ကျွန်တော် သူ့ကို မပြောဖြစ်ပါဘူး။

"ဘယ့်နှယ်လဲ" သူကအသံကို မြှင့်ပြီး မေးပါတယ်။ "ဘယ်လိုတဲ့လဲ၊ နေကောင်းရဲ့လား၊ လိုတာတွေ အကုန်ရရဲ့လား"လို့ မေးတယ်။ "အေးအေး၊ ငါလိုတာတွေ အားလုံးရတယ်" က အတော်ကြာအောင် ကျွန်တော်တို့ ငြိမ်နေကြပါတယ်။ မာရီ ပြုံးနေပါတယ်။ မိန်းမ၀၀ကြီးက ကျွန်တော့်ဘေးက အကျဉ်းသားကို လှမ်းပြီး အော်နေတယ်။ သူ ယောက်ျားနဲ့ တူပါတယ်။ အရပ်မြင့် မြင့်၊ အသားဖြူဖြူ၊ လူခပ်ချောချော။

"ဂျမ်းက သူ့ကို လက်မခံဘူး" လို့ မိန်းမကြီးက အော်ပြော နေပါတယ်။ လူကြီးက "တယ်ဆိုးတာပဲ" လို့ ပြန်ပြောတယ်။ "ဟုတ်တယ်၊ ရှင် ပြန်လာလာချင်း သူ့ကို ပြန်ခေါ်မှာပါလို့ ပြောရတယ်။ ဒါပေမယ့် ဂျမ်းက ပြောမရဘူး"

သူတို့ စကားအပြတ်မှာ မာရီက ကျွန်တော့်ဆီကို လှမ်းပြီး ရေမွန်က မေးလိုက်တဲ့အကြောင်း အော်ပြီး ပြောတယ်။ ကျွန်တော်က ကျေးဇူးပဲလို့ ပြန်ပြောလိုက်မိတယ်။

ဒါပေမယ့် ကျွန်တော်အသံဟာ ကျွန်တော့်ဘေးက လူက "သူ မာရဲ့လား"လို့ မေးလိုက်တဲ့အသံမှာ ပျောက်သွားတယ်။ မိန်းမ၀၀ ကြီးက ရယ်လိုက်ပါတယ်။ "မာရဲ့လားလို့ရှင်၊ မာလိုက်သမှ ဒင်ဒင် မြည်နေတာ"

အဲဒီအတောအတွင်း ကျွန်တော် ဘယ်ဘက်က အကျဉ်းသား မိန်းကလေးလို သေးသေးသွယ်သွယ် လက်ကလေးတွေနဲ့ ချာတိတ် ကတော့ စကားတစ်ခွန်းမှ မပြောပါဘူး။ ကျွန်တော် သတိပြုမိတာကတော့ သူဟာ သူ့မျက်နှာချင်းဆိုင်မှာ ရှိတဲ့ အဘွားအိုကလေးကိုပဲ စိုက်ပြီးတော့ ကြည့်နေတယ်။ အဘွားအိုကလဲ သူ့ကို ကြည့်လို့ မ၀နိုင်တဲ့ အကြည့်မျိုးနဲ့ ပြန်ကြည့်လို့။ ဒါပေမယ့် မာရီက ကျွန်တော့် ကိုလှမ်းပြီး "စိတ်မလျှော့"ဖို့ အော်ပြောတော့ ကျွန်တော့် မျက်လုံးတွေကို သူတို့ဆီက ခွာလိုက်ရတယ်။

"မလျှော့ပါဘူး"လို့ ကျွန်တော် ပြန်ပြောလိုက်ပါတယ်။ ကျွန်တော် သူ့ ပုခုံးအိုး ကလေးတွေကို ငေးစိုက်ကြည့်ရင်း သူ ၀တ်ထားတဲ့ အ၀တ်ပါးကလေးပါ ဖမ်းပြီး ဖျစ်ညှစ်ပစ်ချင်တဲ့ စိတ်က ရုတ်တရက် ပေါ်လာပါတယ်။ မိုးသားလို နုနေတဲ့ သူ့အသားကလေးက ဖျစ်ညှစ် လိုက်ချင်စရာ ဖြစ်နေပါတယ်။ သူပြောတဲ့ "စိတ်မလျှော့နဲ့"ဆိုတဲ့စကားဟာ တစ်နည်းမဟုတ် တစ်နည်း ဒီဟာကို အကြောင်းပြုပြီး ပြောတာလို့ ကျွန်တော် ထင်မိပါတယ်။ မာရီရဲ့ စိတ်ထဲမှာလဲ အဲသလိုသဘောမျိုး ရှိနေလိမ့်မယ်လို့လဲ စိတ်ကူး ကြည့်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူဟာ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ပြုံးမြဲ ပြုံးနေလို့ပါပဲ။

“အားလုံး ဟန်ကျသွားမှာပါ။ တွေ့ ကြရမှာပေါ့။ အဲဒီအခါမှာ လက်ထက်ကြတာပေါ့”

ဒီအချိန်မှာ ကျွန်တော် မြင်ရတာက မာရီရဲ့ သွားက လက်တဲ့အရောင်ရယ်၊ သူ့ မျက်လုံးများရဲ့ ပတ်လည်က အရစ်ကလေးတွေရယ်၊ ဒါပဲရှိတော့တယ်။ ကျွန်တော်က “တကယ်ပဲ ဒီလိုထင်လို့လား” လို့ ပြန်မေးလိုက်တယ်။ တကယ် ကတော့ ကျွန်တော်သူ့ကို တစ်ခုခု ပြန်ပြောရမယ်လို့ ယူဆမိလို့ ပြောလိုက်တာလဲ ဖြစ်ပါတယ်။ ဒီတော့ သူက အဲဒီလို အသံတိုးမြှင့်ပြီးတော့ အတော်မြန်မြန် စကားပြောပါလေတော့တယ်။

“ဒါပေါ့၊ ရှင်လွတ်မှာပဲ၊ အဲဒီတော့ တနင်္ဂနွေနေ့တွေ ကျရင် ရေသွားချိုးကြသေးတာပေါ့”တဲ့။

မာရီ ဘေးက မိန်းမကြီးကလဲ အော်တုန်းဟစ်တုန်းပဲ။ အကျဉ်းထောင်ရုံးခန်းမှာ သူ့ အတွက် ခြင်းတစ်ခု ထားခဲ့တဲ့ အကြောင်း သူ့ ယောက်ျားကို ပြောနေပါတယ်။

သူ ယူလာခဲ့တဲ့ ပစ္စည်းတွေ တစ်ခုချင်း ပြောပြီး တချို့ဟာတွေက အတော် အဖိုးတန်တာတွေမို့ စစ်ဆေးပြီး ယူဖို့လဲ ပြောနေ လေရဲ့။ ကျွန်တော့်ရဲ့ အခြားတစ်ဖက်က ချာတိတ်နဲ့ သူ့အမေတို့ဟာလဲ တစ်ယောက်ကိုတစ်ယာက် ညှိုးညှိုးငယ်ငယ် စိုက်ကြည့်ကြ လျက်ပါပဲ။ ကျွန်တော်တို့ရဲ့ နောက်နားကစ အာရပ်တွေ စကား ပြောကြတဲ့အသံကလဲ တဒူးဒူးပဲ။ အပြင်ဘက်က အလင်းရောင်ဟာလဲ ပြတင်းပေါက်မှာ ဒီတက်သလို တက်လာပြီး အထဲစိမ့်ဝင် လာတော့ အဲဒီဘက် မျက်နှာမူနေတဲ့ လူတွေရဲ့ မျက်နှာပေါ်မှာ အဝါရောင် အဆီသုတ်ပေးလိုက်သလို ဖြစ်လာတယ်။

ကျွန်တော်လဲ ရုတ်တရက် ပျို့ပျို့အန်ချင်သလို ဖြစ်လာတာနဲ့ ပြန်ရရင် ကောင်းမယ် အောက်မေ့မိတယ်။ ကျွန်တော့် ဘေးက အော်ကျယ်ဟစ်ကျယ် အသံကလည်း နားကလောစရာ ဖြစ်လာတယ်။ ဒါပေမယ့် မာရီနဲ့လဲ တတ်နိုင်သမျှ ကြာကြာ နေချင်တယ်။ အချိန်ဘယ်လောက် ကုန်သွားတယ်တော့ မသိဘူး။ မာရီက သူ့မျက်နှာမှာ အမြဲပြုံးလျက်သာ သူ့အလုပ် အကြောင်း ပြောပြနေပါတယ်။ အော်ကြဟစ်ကြ၊ စကားပြောကြနဲ့ တဒူးဒူး တီးတိုးသံ ဆူညံနေတာတွေဟာ တစ်ခဏလေးမှ တိတ်ဆိတ်နေလို့ မရှိပါဘူး။ ဒီ ဆူသံတွေထဲက တစ်ကွက်ကလေး ငြိမ်သက်တဲ့ သဲကန္တာရထဲက အိုအစေစ်လို ငြိမ်သက်တဲ့ မြင်ကွင်းကတော့ ကျွန်တော့်ဘေးက ချာတိတ်နဲ့ အဘွားကြီး၊ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြတဲ့ မြင်ကွင်းပဲ ရှိတယ်။

နောက် အာရပ်တွေကို တစ်ယောက်ချင်း ပြန်ခေါ်သွားတယ်။ ပထမလူ

ထွက်သွားတော့ လူတိုင်းလိုလို ငြိမ်သွား ကြတယ်။ အဘွားအိုကလေးဟာ သူ့မျက်နှာကို သံတိုင်းကြားအထိ တိုးလိုက်တယ်။ အဲဒီအချိန်မှာပဲ ထောင်ဝါဒါတစ်ယောက်က သူ့သားရဲ့ ပခုံးကို ပုတ်လိုက်တယ်။ သူက "အမေ ကျွန်တော် သွားတော့မယ်" လို့ လှမ်းပြောတော့ အဘွားကြီးက သူ့ လက်ကလေးကို သံတိုင်ကြားက ထုတ်ပြီး ဖြည်းဖြည်းကလေး လှုပ်ရမ်းပြလိုက်တယ်။

အဘွားကြီးလဲ ထွက်သွားရော လက်ထဲမှာ ဦးထုပ်ကိုင်လာတဲ့ လူတစ်ယောက် သူ့နေရာကို ရောက်လာတယ်။ ကျွန်တော့်ဘေးက နေရာလပ်မှာလဲ အကျဉ်းသား တစ်ယောက်ကို ခေါ်လာပြီး သွင်းလိုက်ပါတယ်။ ပြီးတော့ သူတို့နှစ်ယောက် တိုတိုတုတ်တုတ်ပဲ စကား စပြောကြပါတယ်။ အခန်းထဲမှာလဲ နည်းနည်း ပိုပြီး ငြိမ်သက်သွားတော့ သူတို့ပြောကြတဲ့ အသံဟာ သိပ်မကျယ်လှတော့ပါဘူး။ တစ်စုံတစ်ယောက်က ကျွန်တော့် ညာဘက်ကလူကို လာခေါ်သွားတော့ သူ့မိန်းမက လှမ်းပြီး အော်ပြောလိုက်သေးတယ်။ အော်ပြောဖို့ မလိုတော့ဘူးဆိုတာ သူ သတိမရဘူးနဲ့ တူပါတယ်။ "ကဲ...ကောင်းကောင်း နေ မောင်ရေ၊ ဘာမှ စိတ်လိုက်မာန်ပါ မလုပ်နဲ့"တဲ့။

နောက် ကျွန်တော့်အလှည့်။ မာရီက သူ့ လက်ကို ပါးစပ်မှာ ကပ်ပြီး ဝှေ့ရမ်း ပြလိုက်တယ်။ ကျွန်တော်က လျှောက်သွားရင်း သမင်လည်ပြန် ကြည့်လိုက်မိတယ်။ သူက နေရာက မရွေ့သေးဘူး။ သူ့ မျက်နှာက သံတိုင်ကြားမှာ ကပ်ထားတုန်းပဲ။ သူ့နှုတ်ခမ်းတွေ ဟလျက် ကြိုးစားပြီး ပြုံးလျက်ပါပဲ။

ဒီနောက်မကြာခင်မှာပဲ ကျွန်တော် သူ့ဆီက စာရပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဘယ်တော့မှ ပြောမပြချင်တဲ့ ဟာတွေ စခဲ့တော့တာပါပဲ။ ကျွန်တော် အကျယ်ချဲ့ပြီး မပြောလိုပါဘူး။ ကျွန်တော်ဟာ သူများလောက် မခံစားရပါဘူး။ ဒါပေမယ့် အဲဒီ စောစောပိုင်း နေ့များမှာ ကျွန်တော် တကယ် စိတ်အနှောင့်အယှက် ဖြစ်ရတာ တစ်ခု ရှိတယ်။ ဒါက ဘာလဲဆိုတော့ ကျွန်တော်ဟာ လွတ်လပ်တဲ့ လူတစ်ယောက်လို တွေးလေ့ရှိတဲ့ ကျွန်တော့် အကျင့်ပေါ့။ ပုံစံပြောရရင် ကျွန်တော်ဟာ ရုတ်တရက် ပင်လယ်ကမ်းခြေကို ဆင်းပြေးပြီး ရေကူးချင်တဲ့စိတ် ပေါ်လာတတ်တာမျိုး၊ ပြီးတော့ စိတ်ကူး သက်သက်နဲ့ ကျွန်တော့်ခြေထောက်မှာ ရေတိုးတဲ့အသံ ကြားယောင်မိတဲ့အခါမျိုး၊ ကျွန်တော် ရေထဲ လက်ပစ်ကူးသွားတဲ့အခါ ကျွန်တော့်ကိုယ်ကို ရေတိုးတဲ့ ညင်ညင်သာသာ အတွေ့မျိုး၊ အဲသလို အထိအတွေ့မျိုးက ရရှိတဲ့ လွတ်ကျွတ်တဲ့ အရသာထူးမျိုး၊ ဒါတွေကို စိတ်ကူးမိတဲ့အခါ အခန်းကျဉ်းကလေးထဲ လှောင်ပိတ်နေရတဲ့ ကျွန်တော့်ဘဝဟာ ပိုပြီး စိတ်ဆင်းရဲစရာ ဖြစ်လာပါတော့တယ်။

ဒါလဲပဲ အဲဒီအပိုင်းဟာ လအနည်းငယ်သာ ကြာပါတယ်။ နောက်တော့

ကျွန်တော်ဟာ အကျဉ်းသမားတွေး တွေးတတ် လာပါတယ်။ နေ့စဉ် ရင်ပြင်ကွက်လပ်ထဲ ထွက်ပြီး လမ်းလျှောက်ချိန်ကို မျှော်တတ်လာတယ်။ ဒါမှမဟုတ် ကျွန်တော့်ရှေ့နေကို မျှော်တတ်လာပါတယ်။ ကျန်တဲ့အချိန်ကိုတော့ ကျွန်တော် တကယ်ပဲ ကုန်အောင် ဖြုန်းတတ်လာပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် လဲနေတဲ့ သစ်ခေါင်းထဲ ထည့်အပိတ်ခံရပြီး အပေါ်ကို ကြည့်ရင် ကောင်းကင်ကလေး တစ်ကွက်ကလွဲလို့ ဘာမှ မမြင်ရတဲ့ အဖြစ်ကို တွေးတွေးကြည့်မိပါတယ်။

တဖြည်းဖြည်းနဲ့ အဲဒီအဖြစ်မှာတောင်မှ နေသား ကျသွားမယ်လို့လဲ တွေးမိတယ်။ ကျွန်တော်ဟာ ကောင်းကင်ကို ဖြတ်ပျံသွားတဲ့ ငှက်တွေ၊ တိမ်တွေကို ကြည့်တတ်လာတယ်။ အခု ကျွန်တော် ရှေ့နေရဲ့ ကြောင်ကြောင်ကျားကျား လည်စည်းကို ကြည့်တတ်လာ သလိုပေါ့။ ဒါမှမဟုတ် တခြားကမ္ဘာက မာရီနဲ့ တစ်ရေးချစ်ခွင့်အတွက် တနင်္ဂနွေနေ့အထိ စိတ်ရှည်လက်ရှည် စောင့်ခဲ့သလိုပေါ့။ ဒီမှာက တော့ ဘာပဲပြောပြော သစ်ခေါင်းထဲ ထည့်ပိတ်ထားတာတော့မဟုတ် ဘူးပေါ့။ ဒီလောကကြီးထဲမှာ ကျွန်တော့်ထက် ဆိုးတဲ့လူတွေ ရှိပါ သေးတယ်။ အမေ ခဏခဏ ပြောဖူးတဲ့ လက်သုံးဝါဒကလေးတစ်ခု ကို ကျွန်တော် သတိရလိုက်မိပါတယ်။ “ရေရှည်ကျတော့ ဘာမဆို ရိုးသွားတာပဲ”တဲ့။

ဒါပေမယ့် ကျွန်တော်က ဒါလောက် ရှည်ရှည်ဝေးဝေး စဉ်းစားလေ့ မရှိဘူး။ ပထမ တစ်လနှစ်လတော့ အတော်ကလေး စိတ်ဆင်းရဲရတာ မှန်ပါတယ်။ ဒါပေမယ့် ခံနိုင်ဖို့ အားထုတ်ရင်းနဲ့ပဲ ကျွန်တော် ဒါတွေကို လွတ်မြောက်လာခဲ့ပါတယ်။ ဥပမာ ကျွန်တော့် အသက်အရွယ်မှာ ဖြစ်တတ်တဲ့ သဘောသဘာဝအတိုင်း မိန်းမကို တောင့်တစိတ် ပြင်းပြလာတဲ့အခါမျိုး။ ကျွန်တော် မာရီကို အထူးအထွေ သတိရတယ်တော့ မဟုတ်ပါဘူး။ တစ်ယောက် မဟုတ် တစ်ယောက် ကျွန်တော် ချစ်ခဲ့ဖူးတဲ့ မိန်းမတွေကို သတိရ နေတတ်ပါတယ်။ သူတို့နဲ့ ချစ်ခဲ့ရတဲ့ အကြောင်းတွေကို ပြန်တွေး နေမိတတ်ပါတယ်။ အဲသလို တွေးမိပြီဆိုရင် ကျွန်တော့် အခန်းကျဉ်းလေးဟာ သူတို့ရဲ့ မျက်နှာတွေနဲ့ ပြည့်နေပြီး အတိတ်က ကျွန်တော်တို့ရဲ့ ကာမဆန္ဒက ကျွန်တော့်ကို တစ္ဆေခြောက်သလို ခြောက်တော့တာပါပဲ။ အဲသလို အဖြစ်ကြောင့် ကျွန်တော် စိတ်ယောက်ယက် ခတ်ရပေမယ့် အချိန်တော့ ကုန်လွယ်ပါတယ်။

တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ ထမင်းစားချိန်မှာ စားဖိုဘက် လူတွေနဲ့ လှည့်လှည့်လာတတ်တဲ့ ထောင်မှူးကြီးနဲ့ ခင်မင်လာပါတယ်။ မိန်းမအကြောင်း စ,ပြောတာ သူပေါ့။ “ဒီမှာရှိတဲ့ လူတွေ ညည်းညူ ကြတာလဲ ဒါပဲ” လို့ ပြောပြီး “ရေနစ်တဲ့လူကို ဝါးကူနှစ်သလို လုပ်ထားတာတော့ မတရားဘူး”လို့ ဆက်ပြောလိုက်တော့၊ သူက “ဒါကတော့ မင်းတို့ကို အကျဉ်းချထားတယ်ဆိုတာကိုက ဒီအတွက်ပဲ” လို့ ပြောတယ်။

ကျွန်တော်က "ကျွန်တော် နားမလည်သေးပါဘူး ခင်ဗျား"လို့ ပြောတော့ သူက "လွတ်လပ်မှု ဆိုတာရဲ့ အဓိပ္ပာယ်ဟာ ဒါပဲ။ မင်းတို့ဟာ လွတ်လပ်ရေး ဆုံးရှုံးခံနေရတာပါ" လို့ ပြောပြပါတယ်။ ကျွန်တော် တစ်ခါမှ အဲသလို မတွေးမိဘူး။ ဒါပေမယ့် သူပြောတာကို ကျွန်တော် သိပါတယ်။ ဒါနဲ့ ကျွန်တော်က "ဟုတ်ပါတယ်။ ဒီလိုမှမဟုတ်ရင် အပြစ်ဒဏ်ပေးတာ ဘယ်ဟုတ်မလဲ" လို့ ပြောလိုက်ပါတယ်။ ထောင်မှူးကြီးက ခေါင်းညိတ်လိုက်ပြီး "အေး…မင်းကတော့ တခြားလူတွေနဲ့ မတူဘူး။ မင်းက ဦးနှောက်ကို အသုံးပြုတတ်တဲ့ လူပဲ။ တခြားကောင်တွေက မပြုတတ်ဘူး။ ဒါလဲ သူတို့ ထွက်ပေါက်တော့ သူတို့ ရှာတတ်ကြတာပဲ။ သူတို့ ဘာသာသူတို့ လုပ်ကြတာပဲ"လို့ ပြောပြီး ကျွန်တော့် အကျဉ်းခန်းက ထွက်သွားပါတယ်။ နောက် တစ်ရက်မှာတော့ ကျွန်တော်လဲ အခြားလူတွေလိုပဲ လုပ်လိုက်ပါတယ်။

စီးကရက် မရှိတာကလဲ တစ်ဒုက္ခပါပဲ။ ကျွန်တော့်ကို ထောင်ထဲ ခေါ်လာတော့ ကျွန်တော့် ခါးပတ်တို့၊ ဖိနပ်ကြိုးတို့နဲ့ စီးကရက် အပါအဝင် ကျွန်တော့် အိတ်ထဲပါလာတဲ့ ပစ္စည်းအားလုံး ယူသွား ကြပါတယ်။ ကျွန်တော့်ကို အခန်းတစ်ခန်း သတ်သတ် ပေးထားတော့ ကျွန်တော့်ပစ္စည်းတွေထဲက အနည်းဆုံး စီးကရက်လောက်တော့ ပြန်ပေးဖို့ တောင်းတဲ့အခါ ထောင်ထဲမှာ ဆေးလိပ် မသောက်ရဘူးလို့ ပြောကြပါတယ်။ အဲဒါဟာ ကျွန်တော့်အဖို့ အဆိုးဆုံး ထင်ပါတယ်။ ပထမတစ်ပတ် နှစ်ပတ်မှာတော့ ကျွန်တော် တကယ်ပဲ အလူးအလဲခံရတာပေါ့။ ကျွန်တော့် အိပ်ရာပျဉ်ပြားက အစအန ကလေးတွေတောင် ခွာပြီး စုပ်နေမိပါတယ်။ တစ်နေ့လုံး ကျွန်တော်ဟာ မိန့်မိန့်မူးမူးဖြစ်ပြီး စိတ်တိုနေပါတယ်။ ဆေးလိပ်ကလေးတောင် သောက်ခွင့် မပေးနိုင်ဘူးဆိုတာကိုတော့ ကျွန်တော် နားမလည်နိုင်တော့ပါဘူး။ ဘယ်သူ့ကိုမှ ဘာမှ မထိခိုက်နိုင်တဲ့ကိစ္စပါ။ နောက်တော့ ဒီဟာရဲ့ သဘောကိုလဲ ကျွန်တော် နားလည်ရပါတော့တယ်။ ဒါဟာလဲ ပိတ်ပင်မှု တစ်မျိုးပေါ့။ ဒါပေမယ့် ဒါကို ကျွန်တော် နားလည်လာတဲ့ အချိန်ကျတော့ ကျွန်တော် ဆေးလိပ် သောက်ချင်လွန်းတဲ့ စိတ်ကလဲ ကုန်သွားပါပြီ။ ဒီတော့လဲ ဒဏ်ခတ်တယ်ဆိုတဲ့ သဘောလဲ မရှိတော့ဘူးပေါ့။

သည့်လို ပိတ်ပင်ထားတာတွေက လွဲလို့ ကျွန်တော့်အဖို့ သိပ်စိတ်ညစ်လှတယ်လို့တော့ မရှိပါဘူး။ ဒါပေမယ့် ပြဿနာက အချိန်ကုန်အောင် ဘယ်လိုနေရမလဲဆိုတာပဲ။ နောက်တော့လဲ အတိတ်ကဟာတွေကို စိတ်ကူးနဲ့ ပြန်ပြီး ထင်မြင်ကြည့်တဲ့ နည်းကို ရလာတော့ ကျွန်တော်မှာ ပျင်းစရာအချိန်ရယ်လို့ မရှိတော့ပါဘူး။ တစ်ခါတစ်ခါတော့ ကျွန်တော့် မှတ်ဉာဏ်ကို လေ့ကျင့်ရင်း ကျွန်တော့် အိပ်ခန်းကို ပြန်မြင်ကြည့်ပါတယ်။ ထောင့်တစ်ထောင့်က စပြီး တဖြည်းဖြည်း လှည့်ပတ်ကြည့်ရင်း တွေ့သမျှ မြင်သမျှကို မှတ်သားပါတယ်။ အစတော့ နှစ်မိနစ်လောက်ဆို ကုန်သွားတာပါ။ ဒါပေမယ့် ဒါကို အပ်ထပ်ထပ်လုပ်တော့ တစ်ခါထက်တစ်ခါ ဆိုသလို နည်းနည်း ပိုပိုပြီး ကြာသွားတယ်။ အခန်းထဲမှာရှိတဲ့

အသုံးအဆောင် ပစ္စည်းတိုင်းနဲ့ အထဲမှာ၊ အပေါ်မှာ ရှိသမျှ ပစ္စည်းလေးတွေကို ပြန်ပြီး ထင်မြင် ကြည့်မိတယ်။ အဲဒီပစ္စည်း တစ်ခုစီ တစ်ခုစီရဲ့ အသေးစိတ်သဏ္ဌာန် ကို မြင်အောင်ကြည့်တယ်။ နောက်ဆုံး အသေးစိတ်ကလေးတွေရဲ့ အသေးစိတ်ကို ကြည့်တယ်ဆိုပါတော့။ ဥပမာ ချိုင့်နေတာကလေးတွေ၊ အညှိအကြေး တတ်နေတာကလေးတွေ၊ ပွဲနေတဲ့ စောင်းကလေးတွေ၊ သစ်သားနဲ့ လုပ်ထားတာ ဆိုရင် သစ်သားရဲ့ အစင်းတွေ အသွေးအရောင်တွေကို မြင်အောင် ကြည့်တယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော် ကြည့်မြင်ထားတာတွေကို စိတ်ထဲမှာတင် အစအဆုံး အစီအစဉ်အတိုင်း တစ်ခုမကျန် စာရင်းလုပ်ထားဖို့လဲ ကိုယ့်ကိုယ်ကို ပြဌာန်းလိုက်ပါတယ်။ ဒီလိုနဲ့ပဲ တစ်ပတ် နှစ်ပတ်လောက် ကြာတော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ အခန်းထဲမှာရှိတဲ့ ပစ္စည်းတွေ ကို စာရင်းလုပ်ရင်း နာရီပေါင်း များစွာကြာအောင် နေလို့ရလာပါတယ်။ ပြန်ပြီး စဉ်းစားလေလေ အသေးစိတ်တွေ၊ တစ်ဝက်တစ်ပျက် မှတ်မိနေတာတွေ၊ အမှုမဲ့ အမှတ်မဲ့ နေခဲ့တာကလေးတွေဟာ ကျွန်တော့် မှတ်ဉာဏ်ထဲက ဘွားခနဲ ဘွားခနဲ ပေါ်လာတတ်တာတွေ တွေ့ရပါတယ်။ ဒါတွေဟာ မကုန်နိုင်အဆုံးပါပဲ။

ဒီတော့ လူတစ်ယောက်ဟာ အပြင်လောကမှာ တစ်နေ့တာ ကလေးဖြစ်ဖြစ် နေဖူးရင်း ထောင်ထဲမှာ နှစ်ပေါင်းတစ်ရာ နေရတောင် မခဲယဉ်းဆိုတာ ကျွန်တော် နားလည်လာပါတယ်။ သူမှတ်မိထားတာတွေဟာ သူ့ကို ဘယ်တော့မှ မပျင်းရအောင် များပြားပါတယ်။ ဒါဟာ တစ်နည်းအားဖြင့်တော့ အဆိုးနဲ့အကောင်း မျှတအောင် တင်းပေးထားတယ်ဆိုတာ ထင်ရှားပါတယ်။

ပြီးတော့ အိပ်စက်ခြင်းဟာလဲ တစ်မျိုးပေါ့။ အစမှာဆိုရင် ကျွန်တော်ဟာ ညဆိုရင် ကောင်းကောင်း အိပ်မပျော်ပါဘူး။ နေ့လယ်မှာဆိုရင် လုံးလုံး မအိပ်တတ်ပါဘူး။ သို့ပေမယ့် တဖြည်းဖြည်းနဲ့ ညညလဲ အိပ်လို့ ပျော်လာပါတယ်။ နေ့လယ် နေ့ခင်းများမှာလဲ တရေးတမော အိပ်လို့ရလာတယ်။ နောက်ဆုံး လတွေမှာဆိုရင် ကျွန်တော်ဟာ တစ်နေ့ကို နှစ်ဆယ့်လေးနာရီ ရှိတဲ့အနက်က ဆယ့်ရှစ်နာရီလောက် အိပ်ခဲ့ဟန် တူပါတယ်။ အဲဒီတော့ ကျွန်တော် ဖြုန်းဖို့က ခြောက်နာရီပဲ ရှိတော့တာပေါ့။ စားချိန် သောက်ချိန်၊ ကျင်ကြီး ကျင်ငယ် စွန့်ချိန်၊ မှတ်ဉာဏ် လေ့ကျင့်ချိန်တို့နဲ့ ပြည့်သွားတာပါပဲ။ ပြီးတော့ ချက်ကိုစလိုဗေးကီးယားက ဖြစ်တည်မှုတစ်ခုလဲ ရှိပါသေးတယ်။

တစ်နေ့ ကျွန်တော်အိပ်တဲ့ မြက်မွေ့ရာကို လှန်လှောကြည့်ရင်း အောက်ဘက်မှာ ကပ်နေတဲ့ သတင်းစာစက္ကူ အဟောင်းကလေး တစ်စ တွေ့ပါတယ်။ စက္ကူဟာ ဟောင်းနွမ်းနေပြီး ဝါတောင်နေပါပြီ။ ဟိုဘက် ဒီဘက် ဖောက်ပြီး မြင်ရမတတ်ပါပဲ။ ဒါပေမယ့် စာလုံးတွေကတော့ ဖတ်လို့ရပါသေးတယ်။ ရာဇဝတ်မှုတစ်ခုရဲ့ အကြောင်းပေါ့။ ပထမပိုင်းတော့ မပါလာတော့ဘူး။ ဒါပေမယ့်

အဲဒီအမှုဟာ ချက်ကိုစလိုဗေးကီးယားက ရွာတစ်ရွာမှာဖြစ်တယ်လို့ တွေးယူလို့ ရပါတယ်။ အဲဒီရွာက လူတစ်ယောက်ဟာ စီးပွားရေးအတွက် အခြားနိုင်ငံတစ်ခုကို ထွက်သွားသတဲ့။ နှစ်ဆယ့်ငါးနှစ်လောက် ကြာတော့ ပိုက်ဆံကြေးငွေ ချမ်းသာပြီး သားနဲ့မယားနဲ့တကွ သူနေရပ် ကို ပြန်လာခဲ့သတဲ့။ အဲဒီအတောအတွင်းမှာ သူ့အမေနဲ့နှမက သူ မွေးတဲ့ရွာမှာ ဟိုတယ်လေးတစ်ခု ဖွင့်ထားကြသတဲ့။ သူက သူ့အမေနဲ့ နှမကို အံ့ဩသွားလောက်အောင် လုပ်မယ်လို့ ဆုံးဖြတ်ပြီး သားမယားကို တခြားတည်းခိုအိမ် တစ်ခုမှာ ထားခဲ့သတဲ့။ သူကတော့ နာမည်လိမ်တစ်ခုနဲ့ သူ့ အမေဖွင့်ထားတဲ့ နေရာမှာ သွားတည်းသတဲ့။

သူ့ အမေနဲ့ သူ နှမတို့က သူ့ကို လုံးဝ မမှတ်မိကြဘူးတဲ့။ အဲဒီညနေစာ စားတော့ သူနဲ့ပါလာတဲ့ ငွေတွေကို သူတို့ကို ပြလိုက် သတဲ့။ အဲဒီညမှာပဲ သူတို့ဟာ အဲဒီလူကို တူနဲ့ထုပြီး သတ်လိုက် ကြသတဲ့။ ငွေတွေကို ယူပြီးတော့ သူ့အလောင်းကိုတော့ မြစ်ထဲ မျှောပစ်လိုက်ကြသတဲ့။ နောက်တစ်ရက် မနက်ကျတော့ သူ့ မိန်းမကလာပြီး ဘာမှ မစဉ်းစားမိဘဲ သူတို့ဆီကိုလာတည်းခိုတဲ့ ဧည့်သည်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ပြောပြလိုက်သတဲ့။

သူ့အမေလဲ ကြိုးဆွဲချပြီး သေသွားသတဲ့။ သူမဟာ ရေတွင်းထဲ ခုန်ချပြီး သေသွားသတဲ့။ ကျွန်တော် ဒီအကြောင်းကို အခေါက်ပေါင်း တစ်ထောင် ဖတ်မိဟန်တူပါတယ်။ တစ်နည်းအား ဖြင့်တော့ ဒီအဖြစ်မျိုးဟာ ဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ ထင်စရာပဲ။ တစ်မျိုးတွေးပြန်တော့ အတော်ယုတ္တိရှိပါတယ်။ ဘယ်လိုမဆို ကျွန်တော့်အထင်တော့ ဒီလူဟာ သူ ကြမ္မာကိုသူ ဖန်တီးတာပါ။ လူ တစ်ယောက်ဟာ ဒီလိုတော့ မနောက်သင့်ဘူး။

ဒီလိုနဲ့ကျွန်တော်လဲ အိပ်ရေးရှည်ကြီးတွေ အိပ်လိုက်၊ မှတ်ဉာဏ်လေ့ကျင့်လိုက်၊ သတင်းစာဖြတ်ပိုင်ကလေး ဖတ်လိုက်၊ လင်းလိုက်၊ မှောင်လိုက်နဲ့ နေ့တွေဟာ ကုန်မှန်းမသိ ကုန်သွားပါတယ်။ ထောင်ထဲမှာဆိုရင် အချိန်တွေကို မှန်အောင် မမှတ်တတ်တော့ဘဲ ဖြစ်သွားတယ်လို့ စာထဲမှာ ဖတ်ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော် အဖို့ကတော့ ဒါဟာ ဘာမှ အဓိပ္ပာယ် တိတိကျကျ မရှိခဲ့ပါဘူး။ တစ်ခါက နေ့တာတိုတယ် ရှည်တယ်ဆိုတာကိုလဲ ကျွန်တော် သဘော မပေါက်ခဲ့ပါဘူး။ ကုန်အောင် နေရမယ့် ကာလအပိုင်းအခြားတွေ အနေနဲ့ဆိုရင်တော့ ဟုတ်ပါတယ်။ ရှည်လျားပါတယ်။ ဒါပေမယ့် တစ်ဆက်တည်း ဆွဲဆန့် ကြည့်မယ်ဆိုရင် နေ့ဆိုတာတွေဟာ တစ်နေ့ မကုန်ခင် နောက်တစ်နေ့ ရောက်လာနေကြတာပဲ။ တကယ်တော့ နေ့တွေကို ဒီလိုပါလားဆိုတာကို ကျွန်တော် မတွေးခဲ့မိပါဘူး။"မနေ့က"ဆိုတာနဲ့ "နက်ဖြန်"ဆိုတာတွေမှာပဲ အဓိပ္ပာယ် အသင့်အတင့် ရှိတော့တယ်။

တစ်မနက် ထောင်ဝါဒါဟာ ကျွန်တော့်ကို “ထောင်ထဲ ရောက်လာတာ ခြောက်လရှိပြီ”လို့ ပြောသွားပါတယ်။ ကျွန်တော် သူပြောတာကို ယုံပါတယ်။ ဒါပေမယ့် သူ့စကားတွေဟာ ကျွန်တော့်အဖို့ ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ ကျွန်တော့်အဖို့ကတော့ ကျွန်တော် ဒီအခန်းကျဉ်းလေးထဲ ရောက်တဲ့နေ့ကစပြီး တစ်နေ့တည်းပဲ။ ကျွန်တော်ဟာလဲ တစ်ချိန်လုံး တစ်ခုတည်းကိုပဲ လုပ်နေတယ်လို့ ထင်ရပါတယ်။

ထောင်မှူးထွက်သွားတော့ ကျွန်တော့်ရဲ့ သတ္တုရေခွက်ကို ပြောင်လက်နေအောင် ပွတ်ပြီး မှန်လုပ်ကြည့်မိတယ်။ ကျွန်တော့် မျက်နှာဟာ ပြုံးဖို့ အားထုတ်လျက်ကတောင် အင်မတန် တည်တည်ကြီး ဖြစ်နေတာကို တွေ့ရပါတယ်။ ခွက်ကို အမျိုးမျိုး လှည့်စောင်းပြီး ကြည့်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မျက်နှာကတော့ အမြဲ တင်းမာပြီး မရွှင်မပျ ဖြစ်နေတာပဲ။

နေဝင်နေပြီ။ နေဝင်ချိန်ဟာ ကျွန်တော် ပြောမပြချင်တဲ့ အချိန် တစ်ချိန်ပါပဲ။ ကျွန်တော်က ဒီအချိန်ကို အမင်္ဂလာ အချိန်လို့ ခေါ်ထားပါတယ်။ ဒီအချိန်မှာ ညနေရဲ့ အသံဗလံတွေဟာ တိတ်တခိုး တန်းစီပြီး တက်လာကြတယ်။ ထောင်ထဲမှာ ရှိတဲ့ နေရာတကာက တရှရှ တက်လာကြတဲ့ အချိန်ပေါ့။ ကျွန်တော်ဟာ သံတိုင် ပြတင်းငယ်ဆီကို သွားပြီး နေဝင်ချိန်ရဲ့ ရောင်ခြည်တွေနဲ့ ကျွန်တော့်မျက်နှာကို မှန်ထဲမှာ ပြန်ကြည့်ပြန်ပါတယ်။ မှုန်တေတေပါပဲ။ ဒါဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ ကျွန်တော် စိတ်ကလဲ မကြည်မသာ ဖြစ်နေပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အရင် လပေါင်းများစွာမှာ တစ်ခါမှ မကြားခဲ့ဖူးတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ ကျွန်တော့်အသံပေါ့။ မှားစရာ မရှိပါဘူး။ ဒီအသံဟာ လွန်ခဲ့တဲ့ နေ့ပေါင်းများစွာကတည်းက ကျွန်တော့်နားထဲမှာ တစ်စီစီ ကြားနေရတဲ့ အသံပဲဆိုတာ ကျွန်တော် မှတ်မိပါတယ်။ ဒီတော့ဟာ တစ်ချိန်လုံး တစ်ယောက်တည်း စကားပြောနေခဲ့တာပဲ ဆိုတာ သိရပါတယ်။

ကျွန်တော့်ကို တစ်ယောက်ယောက်က ပြောခဲ့တဲ့ စကားတွေ ကို ပြန်ကြားနေရတယ်။ အမေ့အသုဘ ချတုန်းက သူနာပြုပြော လိုက်တဲ့စကား။ ဟုတ်တယ်။ လွတ်လပ် မရှိပါဘူး။ ထောင်ထဲမှာ ညနေခင်းတွေဟာ ဘယ်လိုရှိတယ်ဆိုတာ ဘယ်သူမှ မှန်းမကြည့် တတ်ပေဘူး။

အခန်း ၃

အားလုံး ခြုံပြောရရင် အဲဒီလတွေဟာ ကုန်ခဲလှတယ်ရယ်လို့တော့ မပြောနိုင်ပါဘူး။ ပထမ တစ်နေ့ကုန်တာကို ကျွန်တော် သတိမပြုမိခင်မှာပဲ နောက်တစ်နေ့ ရောက်လာပြန်တော့မယ်၊ နေ့ပူတဲ့တွေ စတာနဲ့ ကျွန်တော့်အတွက် တစ်ခုခု ရောက်လာတော့မယ် ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော့်အမှုကို ခုံရုံးရဲ့ နောက်ဆုံး စက်ရှင်အတွက် ချိန်းထားပါတယ်။ အဲဒီ စက်ရှင်ဟာလဲ ဇွန်လမှာ ပြီးဆုံးပါလိမ့်မယ်။

ကျွန်တော့်အမှုကို ရုံးတင်ပြီး စ,စစ်ဆေးတဲ့နေ့ဟာ နေရောင် တောက်တောက်ပပလင်းတဲ့ တစ်နေ့ပါပဲ။ ကျွန်တော့် ရှေ့နေက ကျွန်တော့်အမှုကို နှစ်ရက်သုံးရက်ပဲ ကြာမှာပါကလို့ အသေအချာ ပြောပါတယ်။ သူက “ကျုပ် ကြားခဲ့တဲ့ အတိုင်း ဆိုရင် ခင်ဗျားအမှုဟာ အမှုခေါ်ပုံစာရင်းမှာ အရေးအကြီးဆုံးအမှု မဟုတ်တဲ့အတွက် ရုံးတော်က ဒါကို မြင်နိုင်သမျှ မြန်မြန် စီရင်မှာပါ။ ဒီအမှုပြီးပြီးချင်း အဖေသတ်တဲ့ အမှုတစ်ခုရှိတယ်။ အဲဒါ သူတို့ အတော်အချိန် ကြာအောင် စစ်ဆေးမယ့်ဟာပဲ”လို့ ပြောပါတယ်။

သူတို့ ကျွန်တော့်ကို မနက် ခုနစ်နာရီခွဲမှာ လာခေါ်ထုတ်ပြီး တရားရုံးကို အကျဉ်းထောင်ကားနဲ့ သယ်သွားကြပါတယ်။ ပုလိပ်သား နှစ်ယောက်က ကျွန်တော့်ကို နံစော်နေတဲ့ အမှောင် ခန်းကလေးထဲ ခေါ်သွားပါတယ်။ ကျွန်တော်တို့ တံခါးဝမှာ ထိုင်နေတော့ အဲဒီတံခါးကနေပြီး စကားပြောသံ၊ အော်ဟစ်သံ၊ ကုလားထိုင်တွေ ကြမ်းပေါ်တိုက်ပြီး ဆွဲရွှေ့တဲ့အသံ၊ အသံမျိုးစုံ ကြားရပါတယ်။ ကျွန်တော်တို့ တောမြို့ကလေးများမှာ “မိတ်ဆုံပွဲ”တွေ ဘာတွေလုပ်လို အတီးအမှုတ်နဲ့ ဖျော်ဖြေလို့အပြီးမှာ ကပွဲအတွက် ခန်းမကြီးကို ရှင်းလင်းကြတဲ့ အသံမျိုးတွေကို သွားသတိရမိပါတယ်။

ကျွန်တော့်ကို စောင့်တဲ့ ပုလိပ်သား တစ်ယောက်က “တရားသူကြီးတွေ ရောက်မလာသေးပါဘူး” လို့ ပြောပြီး ကျွန်တော့်ကို စီးကရက်တစ်လိပ် ပေးပါတယ်။ ကျွန်တော်က မယူလိုက်ပါဘူး။ ခဏနေတော့ သူက ကျွန်တော့်ကို “ကြောက်နေသလား”လို့ မေးတော့ ကျွန်တော်က “မကြောက်ပါဘူး၊ အမှုစစ်တာကို ကြည့်ရမှာမို့ စိတ်ဝင်စားနေတယ်”လို့ ပြောလိုက်တယ်။ အရင်က ကျွန်တော် အမှုစစ်တာကို တစ်ခါမှ မကြည့်ဖူးဘူး။

တခြားပုလိပ်သား တစ်ယောက်က “ဟုတ်မှာပဲ၊ ဒါပေမယ့် တစ်နာရီ နှစ်နာရီကြာရင် ငြီးငွေ့သွားမှာပါပဲ”လို့ ပြောပါတယ်။

တစ်ခဏလောက်ကြာတော့ အခန်းထဲက လျှပ်စစ် ခေါင်းလောင်းကလေး

မြည်သံ ကြားရတယ်။ သူတို့ ကျွန်တော့်လက်က လက်ထိပ်ကိုဖြုတ်၊ တံခါးကို ဖွင့်လိုက်ပြီး ကျွန်တော့်ကို တရားခံ လှောင်အိမ်ထဲကို ခေါ်သွားကြပါတယ်။

ရုံးခန်းထဲမှာ လူအုပ်ကြီး ရောက်နေပါတယ်။ တရုတ်ကတ်တွေကို ပိတ်ထားပေမယ့် သစ်သားပြားကလေးတွေ ကြားထဲက အလင်းရောင် စိမ့်ဝင်ပြီး လေကတော့ လှောင်ပြီး အိုက်စပြုနေပါပြီ။ ပြတင်းပေါက်တွေကိုလဲ ပိတ်ထားပါတယ်။ ကျွန်တော် ဝင်ထိုင်လိုက်တော့ ပုလိပ်အရာရှိ နှစ်ဦးဟာ ကျွန်တော့် ကုလားထိုင် တစ်ဖက်တစ်ချက်မှာ မတ်တတ်ရပ်ပြီး နေရာယူလိုက်ကြပါတယ်။

အဲဒီတော့မှပဲ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ တန်းစီနေတဲ့ မျက်နှာတွေကို ကျွန်တော် သတိပြုမိပါတယ်။ သူတို့ဟာ ဂျူရီလူကြီးတွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော် မှန်းကြည့်ပါတယ်။ ဒါပေမယ့် ဘာကြောင့်မှန်းတော့ မသိပါဘူး။ ကျွန်တော် သူတို့ကို တစ်ယောက်စီ သီးခြားလူအဖြစ် မမြင်မိဘူး။ ဓာတ်ရထားပေါ် တက်လာပြီးစမှာ ကိုယ့်မျက်နှာချင်းဆိုင်က ခုံက ကိုယ့်ကို ဘာများ ရွှင်မြူးစရာ တွေ့လေမလဲလို့ စိုက်ကြည့်နေကြတဲ့ လူတွေကို သတိပြုမိသလိုပဲ။ ဒီဥပမာ သုံးရတာကတော့ သိပ်အဓိပ္ပာယ် မရှိလှဘူးဆိုတာ ကျွန်တော် သိပါရဲ့။ ဒီလူတွေ ကျွန်တော့်ကို ကြည့်ပြီး ရှာနေကြတာက ရယ်စရာကိုတော့ မဟုတ်ပေဘူး။ ရာဇဝတ်ကောင်ရဲ့ လက္ခဏာကို ရှာကြည့်နေကြတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်ရလိုက်တဲ့ စိတ်ကူးနဲ့ သဘောကတော့ သိပ်မကွာခြားလှပါဘူး။

လူအုပ်ကလဲကြီး၊ လေကလဲ လှောင်အိုက်နေတော့ ကျွန်တော်လဲ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေပါတယ်။ တရားရုံးခန်းထဲမှာ လှည့်ပတ်ကြည့်လိုက်ပေမယ့် ကျွန်တော် မှတ်မိတဲ့ မျက်နှာတစ်ခုမှ မတွေ့ပါဘူး။ အစတော့ ဒီလူတွေ အားလုံးဟာ ကျွန်တော့် အမှုအတွက် လာကြတာဆိုတာကို မယုံနိုင်လောက်အောင်ပါပဲ။

လူအများကြီးက အာရုံစိုက်ပြီး အကြည့်ခံရတာဟာလဲ အတွေ့အကြုံသစ် တစ်ခုပေါ့။ ရိုးရိုးတန်းတန်း ဆိုရင်တော့ ကျွန်တော့်ကို ဘယ်သူမှ တယ်ပြီး ဂရုမစိုက်ကြပါဘူး။ “နည်းတဲ့လူအုပ်ကြီး မဟုတ်ပါလား” လို့ ကျွန်တော်က ဘယ်ဘက်က ပုလိပ်သားကို ပြောလိုက်တော့ သူက “သတင်းစာက ရေးလိုက်လို့” ရှင်းပြပါတယ်။ သူကပဲ ဂျူရီတွေထိုင်တဲ့ နေရာရဲ့ နောက်နားစက လူတစ်စုကို ညွှန်ပြပြီး “အဲဒါ သူတို့ပေါ့” လို့ ပြောတယ်။ ကျွန်တော် “ဘယ်သူတွေလဲ” မေးလိုက်တော့ သူက “သတင်းထောက်တွေ” လို့ ဖြေတယ်။ “တစ်ယောက်က သူ့ မိတ်ဆွေကြီးပေါ့” လို့ ဆက်ပြောသေးတယ်။

တစ်ခဏနေတော့ သူပြောတဲ့ လူဟာ ကျွန်တော့်ဘက်ကို လှမ်းကြည့်ပြီး လျှောက်လာတယ်။ ပြီးတော့ အဲဒီ ပုလိပ်သားနဲ့ တရင်းတနှီး လက်ဆွဲ

နှုတ်ဆက်ကြတယ်။ အဲဒီ သတင်းစာဆရာဟာ လူကြီးပါ။ မျက်နှာ ခပ်တင်းတင်းပေးမယ့် သူ့ အမူအရာကတော့ အတော် နှစ်လိုဖွယ် ရှိပါတယ်။ ရုံးခန်းထဲမှာရှိတဲ့ လူအားလုံးလိုလိုပဲ တစ်ယောက်နဲ့ တစ်ယောက် နှုတ်ဆက်ပြီး စကားအပြန်အလှန်ပြော၊ သူ့ အစုကလေးနဲ့သူ တကယ် ကလပ်တို့၊ ဘာတို့မှာ ကိုယ်နဲ့အကြိုက်တူ၊ အဆင့်အတန်း တူများနဲ့ တစ်စုတစ်ဝေးနေရမှ စိတ်လွတ်ကိုယ်လွတ် ရှိလို စုကြသလို လုပ်နေကြတာကို သတိပြုမိပါတယ်။ ကျွန်တော် ဒီအထဲကို ရောက်နေရတာဟာ မဖိတ်ခေါ်ဘဲ ကျူးကျော်ပြီး ဝင်လာတဲ့လူလို ဖြစ်နေတယ်လို့ ထူးထူးဆန်းဆန်း ထင်နေမိတာဟာလဲ ဒါကြောင့်ပဲ ဖြစ်မယ် ထင်ပါတယ်။

ဘယ်လိုဖြစ်ဖြစ်လေ၊ သတင်းစာ ဆရာကြီးကတော့ ကျွန်တော့်ကို ခင်ခင်မင်မင် နှုတ်ဆက်ပြီး "ကျွန်တော့်အတွက် အားလုံး အဆင်ပြေလိမ့်မယ်လို မျှော်လင့်ပါတယ်" လို့ ပြောပါတယ်။ ကျွန်တော်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်။ ဒီတော့ သူက ပြုံးပြီး စကားဆက်လိုက်ပါတယ်။

"သတင်းစာထဲမှာ ခင်ဗျားအကြောင်း အတော်ကလေး ရေးနေကြတယ်ဗျ သိလား၊ နွေရာသီဆိုရင် ကျွန်တော်တို့မှာ စာမူက အတော်ပြတ်တယ်။ ရေးစရာကလဲ ခင်ဗျား အမှုအကြောင်းနဲ့ နောက်လာမယ့် အမှုတစ်မှု အကြောင်းကလွဲလို့ အတော့်ကို ရှားရှား ပါးပါး ဖြစ်နေတယ်။ ခင်ဗျားလဲ အဲဒီအကြောင်း ကြားမှာပေါ့။ ကိုယ့်အဖေကို သတ်တဲ့အမှုလေ"

သူက သတင်းစာဆရာတွေရဲ့ စားပွဲက လူခပ်သေးသေး၊ ဝဝ တုတ်တုတ်၊ မျက်မှန်ကိုင်းနက် ထူထူကြီးနဲ့ မြွေပါဝဝကြီး တစ်ကောင်နဲ့တူတဲ့ လူတစ်ယောက်ဆီကို ညွှန်ပြရင်း ကျွန်တော့်ကို ပြောပါတယ်။

"အဲဒီလူက ပဲရစ်က နေ့စဉ် သတင်းစာ တစ်စောင်က အထူး သတင်းထောက်ပေါ့။ တကယ်က ခင်ဗျားအမှုအတွက် လာခဲ့တာ မဟုတ်ဘူး။ သူ့ကို အဖေသတ်မှုအတွက် လွှတ်လိုက်တာ။ ဒါပေမယ့် ခင်ဗျား အမှုအတွက်လဲ သတင်းယူဖို့ မှာလိုက်သတဲ့"

ကျွန်တော်က အဲဒီလူတွေကို ကျေးဇူးတင်ကြောင်း ပြောမိတော့ မလို့ပါပဲ။ ဒါပေမယ့် မသင့်ပါဘူး ရပ်ထား လိုက်ပါတယ်။ သူကခင်ခင်မင်မင်ပဲ လက်ကို ဝေ့ရမ်းနှုတ်ဆက် ထွက်သွားတယ်။ နောက် မိနစ် အနည်းငယ်ကြာအခေါင် ဘာမှမဖြစ် ပါဘူး။

နောက်ပြီးတော့ ကျွန်တော်ရှေ့နေဟာ သူ့လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ဝတ်ရုံသံ တရှဲရှဲနဲ့ တရားခွင်ထဲကို ဝင်လာ ပါတယ်။ သူက သတင်းစာ စားပွဲဆီသွားပြီး

သတင်းစာဆရာတွေနဲ့ လက်ဆွဲ နှုတ်ဆက်ပါတယ်။ သူတို့အားလုံးဟာ ဒီနေရာမှာ အတော်ကလေး နေသားထိုင်သား ကျနေကြပုံပါပဲ။ ရယ်လိုက်၊ ဟားလိုက်၊ စကားပြောလိုက်နဲ့ စူးစူးရှရှ ခေါင်းလောင်း မြည်သံကို ကြားရမှ ကိုယ့်နေရာကိုယ် သွားထိုင်ကြပါတော့တယ်။ ကျွန်တော့်ရှေ့နေက ကျွန်တော့်ဆီလာပြီး လက်ဆွဲ နှုတ်ဆက်ပါတယ်။ ပြီးတော့ မေးခွန်းအားလုံးကို တတ်နိုင်သမျှ တိုတိုတုတ်တုတ် ဖြေဖို့ အကြံပေးပါတယ်။ မမေးဘဲ ဘာမှမပြောဖို့နဲ့ ကျွန်တော့်ကို လွတ်မြောက်အောင် လုပ်ဖို့အတွက် သူ့ကို စိတ်ချထားပါလို့ ပြောပါတယ်။

ကျွန်တော့် ဘယ်ဘက်က ကုလားထိုင်ဆွဲသံကြားလို့ ကြည့်လိုက်တော့ မျက်မှန်နဲ့ အရပ်မြင့်မြင့်၊ ပိန်ပိန် လူကြီး တစ်ယောက် သူ့ဝတ်ရုံနီကြီးက အတွန့်တွေကို သိမ်းပြီး ထိုင်လိုက်တာကို တွေ့ရပါတယ်။ အစိုးရ ရှေ့နေကြီး ဖြစ်ပါလိမ့်မယ်။ ရှေ့ဖတ်စာရေးကြီးက တရားသူကြီးမင်းများ ကြွရောက်လာကြပါပြီလို့ ကြေညာလိုက်ပါတယ်။ အဲ့ဒီအချိန်မှာပဲ အပေါ်က လျှပ်စစ် ပန်ကာကြီး နှစ်ခုဟာလဲ တဝီဝီ စပြီးတော့ လည်ပါတော့တယ်။ တရားသူကြီး သုံးယောက်။ နှစ်ယောက်က ဝတ်ရုံအနက်နဲ့ တတိယတစ်ယောက်က အနီနဲ့ သားရေအိတ်ကြီးတွေ ချိုင်းကြားညှပ် ဝင်လာကြပြီး တရားခွင် ရုံးခန်း ကြမ်းပြင်ထက် နှစ်ပေ သုံးပေ မြင့်ထားတဲ့ တရားခွင်ကို ခပ်သွက်သွက် လျှောက်သွားကြပါတယ်။ ဝတ်ရုံနီနဲ့ ပုဂ္ဂိုလ်က အလယ်က နောက်မှီအမြင့်ကြီးနဲ့ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး သူ့ အဆောင်အယောင် ဦးထုပ်ကိုချွတ်၊ စားပွဲပေါ်တင်၊ လက်ကိုင်ပဝါနဲ့ သူ့ ရဲ့ ခေါင်းပြောင်ကလေးကို သုတ်ရင်း အမှုကြားနာခြင်းကို အခုပဲ စ,တော့မယ်လို့ ကြေညာလိုက်ပါတယ်။

သတင်းစာ ဆရာတွေက သူတို့ ဖောင်တိန်တွေကို အဆင်သင့် ပြင်ထားကြပါတယ်။ သူတို့အားလုံးဟာ ဘာမှကို အရေးမထားတဲ့ ခပ်ပေါ့ပေါ့ မျက်နှာထားမျိုး ထားနေကြပါတယ်။ ဒါပေမယ့် တစ်ယောက်ကတော့ အားလုံးနဲ့ မတူတာ တွေ့ရပါတယ်။ သူဟာသူ အပေါင်းအဖော်တွေထက် အတော်ငယ်ပုံ ရပါတယ်။ မီးခိုးရောင် ဖလန်နယ်ဝတ်စုံနဲ့ လည်စည်းအပြာ စည်းထားပါတယ်။ သူကတော့ သူ့ရဲ့ ကလောင်တံကို စားပွဲပေါ်မှာ ချထားပြီး ကျွန်တော့်ကို စိုက်ကြည့်နေပါတယ်။ သူ့မှာ ပေါ်လွင် မို့မောက်တဲ့ မျက်နှာရှိပါတယ်။ ကျွန်တော် အာရုံစိုက်ကြည့်မိတာကတော့ သူ့စိတ်ကို ဘာမှ အတိအကျ အကဲခတ်လို့ မရပေမယ့် ကျွန်တော့်ကို စိုက်ပြီးကြည့်နေတဲ့ သူ့ရဲ့ ကြည်လင်ဖျော့တဲ့ မျက်လုံးအစုံပါပဲ။ တစ်ခဏတော့ ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ် ပြန်ပြီး အစစ်အဆေး ခံနေရသလိုပဲလို့ ထူးထူးဆန်းဆန်း ထင်မိပါတယ်။ အဲဒါရယ်၊ နောက်ပြီး ကျွန်တော် တရားရုံးတွေရဲ့ လုပ်နည်းတွေရဲ့ နားမလည်တာတွေကြောင့် စ,စချင်း အဖွင့်လုပ်ရပ်တွေကို ကျွန်တော် ကောင်းကောင်း မသိလိုက်တာ ဖြစ်ပါလိမ့်မယ်။ ဂျူရီလူကြီးတွေ မဲနှိုက်ကြတာရယ်၊ ခုံရုံးဥက္ကဌက အစိုးရရှေ့နေတို့၊ ဂျူရီခေါင်းဆောင်တို့၊ ကျွန်တော်ရှေ့နေတို့ကို မေးတဲ့မေးခွန်းများစွာရယ်၊ (သူက စကားပြောတိုင်း ဂျူရီလူကြီးတွေရဲ့ ခေါင်းတွေဟာ

တရားခွင်ဘက် ယိမ်းယိမ်း သွားကြတာရယ်)၊ စွဲချက်စာတမ်းကို ခပ်သုတ်သုတ် ဖတ်ပြသွားတာရယ်ပေါ့။ စွဲချက်ကို ဖတ်ပြသွားတော့ ကျွန်တော် သိနေတဲ့ လူနာမည်၊ နေရာနာမည်တွေ အတော်များများ ကြားလိုက်ရပါတယ်။ ပြီးတော့ ကျွန်တော်ရှေ့နေကို နောက်ဆက်တွဲ မေးခွန်းတွေ မေးတာရယ်ပေါ့။

နောက်တရားသူကြီးက သက်သေ စာရင်းကို ဖတ်ပြမယ်လို့ ကြေညာပါတယ်။ ရှေ့ဖတ်စာရေးက ဖတ်ပြတဲ့ တချို့ နာမည်တွေဟာ ကျွန်တော့်ကို အတော် အံ့အားသင့်စေပါတယ်။ အခုအထိ ကျွန်တော် ခပ်ဝါးဝါး မျက်နှာတွေပဲ မြင်နေရတဲ့ လူအုပ်ကြားထဲက တစ်ယောက်ပြီး တစ်ယောက် ထထ သွားကြ၊ လာကြတော့ ရေမွန်၊ မတ်ဆွန်း၊ ဆလာမာနို၊ ရိပ်သာ တံခါးစောင့် ပီယာရက်ဇ်ကြီး၊ ပြီးတော့ မာရီ၊ မာရီက ဘေးတံခါးကလေးကနေ တခြားလူတွေရဲ့ နောက်ကွယ်က ထွက်ပြီး လိုက်မသွားခင် ကျွန်တော့်ကို မရဲတရဲ လက်ယမ်းပြ သွားပါတယ်။ ကျွန်တော် သူတို့ကို ဘာဖြစ်လို့ သတိမထား မိပါလိမ့်လို့ ပြန်စဉ်းစားနေတုန်းမှာပဲ နောက်ဆုံးဖြစ်တဲ့ “ဆေးလက်စ်” ရဲ့ နာမည်ကို ကြားလိုက်ရပါတယ်။ သူထသွားတော့ သူ့ဘေးမှာ ယောက်ျားဆန်ဆန်၊ ကုတ်အင်္ကျီနဲ့ ဖျတ်လတ်သွက်လက်တဲ့ ဟန်ပန်နဲ့ စားသောက်ဆိုင်မှာ ကျွန်တော့်စားပွဲ ဝင်ထိုင်သွားတဲ့ ထူးထူးဆန်းဆန်း ခပ်သေးသေး မိန်းမကို ကျွန်တော် သတိပြုလိုက်မိပါတယ်။ သူက ကျွန်တော့်ကို စိုက်ကြည့်နေတာကိုလဲ ကျွန်တော် မြင်မိပါတယ်။ ဒါပေမယ့် ကျွန်တော် သူ့အကြောင်းကို စဉ်းစားဖို့ အချိန်မရတော့ပါဘူး။ တရားသူကြီးက စကားပြန်စပြီး ပြောနေပါပြီ။

သူက အမှုစစ်ဆေးခြင်း စ,တော့မည် ဖြစ်၍ လူအများတို့သည် တစ်နည်းနည်းဖြင့် ဆန္ဒပြခြင်း၊ အော်ဟစ်ဆူညံခြင်း မပြုလုပ်မိရန် မိမိတို့ကိုယ်မိမိတို့ ထိန်းသိမ်းရန်အတွက် အထူးပြောနေဖို့ မလိုကြောင်း၊ သူသည် ဤအမှုစစ်ဆေးခြင်းကို ဒိုင်လူကြီးသဖွယ် ကြီးကြပ်ကွပ်ကဲရန် ရောက်နေရကြောင်း၊ အမှုကိုလဲ အဂတိတရား မလိုက်စားဘဲ ဖြောင့်မတ်စွာ စီရင်မည့် အကြောင်း၊ ဂျူရီလူကြီးများ၏ အဆုံးအဖြတ်ကိုလဲ သူကပင် တရားနည်းလမ်းနှင့်အညီ အဓိပ္ပာယ် ကောက်ယူမည်ဖြစ်ကြောင်း၊ နောက်ဆုံး အနှောင့်အယှက်ပြုမည့် အရိပ်အယောင်မျှ တွေ့ရလျှင် ရုံးတော်ကို အားလုံး ရှင်းလင်းလိုက်မည် ဖြစ်ကြောင်း ပြောပြပါသည်။

တဖြည်းဖြည်းနဲ့ နေရှိန်ဟာ ပြင်းလာပါတယ်။ နားထောင်နေကြတဲ့ လူတွေတချို့ဟာ သူတို့ကိုယ်သူတို့ သတင်းစာတွေနဲ့ ယပ်ခတ်နေကြတဲ့အတွက် သတင်းစာ ခေါက်ရမ်းတဲ့ အသံကို အမြဲ ကြားနေရပါတယ်။ တရားခံရုံးဥက္ကဋ္ဌက လက်ပြလိုက်တော့ ရှေ့ဖတ်စာရေးကြီးက မြက်ယပ်တောင် သုံးချောင်းယူလာပြီး ပေးပါတယ်။ တရားသူကြီးတွေလဲ မဆိုင်းမတွဘဲ သူတို့ကိုယ်သူတို့ ယပ်ခတ်ကြပါတော့တယ်။

ပြီးတော့ ချက်ချင်းပဲ ကျွန်တော့်ကို စစ်မေးခြင်း စတင်ပါတယ်။ တရားသူကြီးက ကျွန်တော့်ကို အတော်ပဲ တည်တည် ငြိမ်ငြိမ်နဲ့ မှန်မှန် မေးပါတယ်။ ဖော်ရွေတဲ့ သဘောကလေးတောင် ပါတယ်လို့ ကျွန်တော် ထင်မိပါတယ်။ ကျွန်တော် အကြိမ်ပေါင်း မရေမတွက် နိုင်လောက်အောင် ပြောပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင် အသေးစိတ်ကလေးတွေကို ပြောခိုင်းပါတယ်။ အဲသလို ပုံစံကျလုပ်ရတာကို အတော်ပဲ ညည်းငွေ့ နေပြီ ဖြစ်ပေမယ့် ဒါဟာ သဘာဝ ကျပါတယ်ဆိုတာကို ကျွန်တော် သတိပြုမိပါတယ်။ ရုံးတော်အဖို့ မဟုတ်တဲ့လူကို စစ်ဆေးမိရင် မဖွယ်မရာ ဖြစ်ကုန်မယ်ပေါ့။ ပြီးတော့ တရားသူကြီးက ကျွန်တော် ဘာလုပ်ခဲ့တယ် ဆိုတာကို ပြောပြပါလေတော့တယ်။ ဝါကျ နှစ်ခု သုံးခုကို ပြီးတိုင်း တစ်ခါ နားပြီး "ဒါ ဟုတ်ရဲ့လား"လို့ မေးပါတယ်။ ကျွန်တော်ကလဲ ကျွန်တော့်ရှေ့နေ အကြံပေးထားတဲ့အတိုင်း "ဟုတ်ပါတယ်ခင်ဗျာ"လို့ပဲ အမြဲဖြေပါတယ်။ တရားသူကြီးကလဲ အသေးစိတ်ကလေးတွေကို အသေအချာ ဖတ်ပြနေတော့ သိပ်ကြာသွားတာပေါ့။ ဒီအတောအတွင်း မှာ သတင်းစာ ဆရာတွေကတော့ အတင်းတွန်း လိုက်ပြီး ရေးနေကြလေရဲ့။ ဒါပေမယ့် သူတို့အထဲက အငယ်ဆုံးလူရဲ့ ကျွန်တော့်ကို စူးစိုက်ကြည့်နေတဲ့ မျက်လုံးတွေကို ကျွန်တော် တစ်ချက် တစ်ချက် သတိထားမိတယ်။ ပြီးတော့ ထူးဆန်းတဲ့ စက်ရုပ်လို မိန်းမရဲ့ မျက်လုံးတွေကိုလဲ သတိထားမိတယ်။ ဂျူရီလူကြီးတွေကတော့ဖြင့် အားလုံးဘဲ ဝတ်ရုံနီနဲ့ တရားသူကြီးကို စိုက်ကြည့်နေကြပါတယ်။ ကျွန်တော်လဲ ဓာတ်ရထားပေါ်မှာ တစ်တန်းတည်း ထိုင်လာတဲ့ လူတွေကို သတိရလာပြန်ပါတယ်။ အဲသလို နေတုန်းမှာပဲ သူက ချောင်းကလေးဟန့်၊ သူ့ဖိုင်တွဲထဲက စာရွက်တွေ လှန်ကြည့်ပြီး သူ့မျက်နှာသူ ယပ်ခတ်ရင်းက ကျွန်တော့်ကို ဦးတည်ပြီး လေးနက်တည်ငြိမ်စွာ စကားပြောပါတယ်။

သူက အခု အပေါ်ယံအားဖြင့် အမှုနဲ့ မပတ်သက်ဘူးလို့ ထင်ရပေမယ့် တကယ့် တကယ်က အင်မတန် ဆီလျော်နေတဲ့ ကိစ္စတွေကို မေးခွန်းထုတ်တော့မယ်လို့ ပြောပါတယ်။ သူ့အမေအကြောင်း ပြောတော့မယ်ဆိုတာ ကျွန်တော် မှန်းကြည့် မိပါတယ်။ ဒါနဲ့အတူ ဒီကိစ္စဟာ ကျွန်တော်တို့အဖို့ အတော်မနှစ်မြို့စရာ ကိစ္စပဲဆိုတာကိုလဲ သတိရမိပါတယ်။ သူ့ ပထမမေးခွန်းက "ကျွန်တော် ဘာဖြစ်လို့ အမေ့ကို လူအိုရုံ ပို့လိုက်ရသလဲ" ဆိုတဲ့ မေးခွန်းပါ။ ကျွန်တော်က "ဒါတော့ ရှင်းပါတယ်။ အိမ်မှာ အမေ့ကို ပြုစု စောင့်ရှောက်နိုင်လောက်အောင် ကျွန်တော့်မှာ ငွေကြေးပိုက်ဆံ မရှိလို့ပေါ့။" လို့ ဖြေလိုက်ပါတယ်။ ပြီးတော့ သူက "ခွဲခွာသွားကြရတဲ့ အချိန်မှာ စိတ်မဆင်းရဲ ဘူးလား" မေးပြန်ပါတယ်။ ကျွန်တော်က အမေရော ကျွန်တော်ကပါ တစ်ယောက်ဆီက တစ်ယောက် ဘာမျှ မျှော်လင့်ထားကြတာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော်ရော၊ အမေရော၊ အခြေအနေသစ်မှာ ခပ်လွယ်လွယ်ပဲ နေသားထိုင်သား ကျသွားကြတာပါပဲ။ ဒီတော့ တရားသူကြီးက "ဒါကို သူသတင်းမေးဖို့ ဆန္ဒ မရှိပါဘူး"လို့ ဆိုတယ်။ ပြီးတော့ အစိုးရရှေ့နေကြီးကို "ဒီနေရာမှာ မေးစရာ မေးခွန်းများ စဉ်းစားလို့ ရသေးသလား" လို့ မေးလိုက်ပါတယ်။

အစိုးရရှေ့နေက ကျွန်တော့်ကို ကျောပေးထိုင်နေရာက ကျွန်တော့်ဘက်ကို လှည့်မကြည့်ဘဲနဲ့ တရားသူကြီးမင်းက ခွင့်ပြုမယ်ဆိုရင် "ကျွန်တော်ဟာ အာရပ်ကို သတ်ဖို့ ရည်ရွယ်ချက်နဲ့ စမ်းချောင်း ကလေးဘက်ကို ပြန်သွားတာလား"ဆိုတာ သိချင်ပါသတဲ့။ ကျွန်တော်က "မဟုတ်ပါဘူး"လို့ ဖြေတော့ သူက "အဲသလိုဆိုရင် ကျွန်တော်ဟာ ဘာဖြစ်လို ဆုံလည်သေနတ်ကို ယူသွားရသလဲ" တဲ့။ "ဘာကြောင့် ဒီနေရာကိုမှ ပြန်သွားရသလဲ"တဲ့။ "ဒါကတော့ တိုက်ဆိုင်မှု သက်သက်ပါ"လို့ ကျွန်တော်က ဖြေတယ်။ အစိုးရရှေ့နေက မလိုတမာ လေသံနဲ့ "ကောင်းပြီ၊ အခုတော့ ဒါပါပဲ"လို့ ပြောလိုက်ပါတယ်။

နောက် ဘာလာတယ် ကျွန်တော် မမှတ်မိဘူး။ ဒါပေမယ့် တရားသူကြီးများရယ်၊ အစိုးရရှေ့နေရယ်၊ ကျွန်တော့် ရှေ့နေရယ် စကားအချီအချ ပြောဆို ဆွေးနွေးကြပြီးတော့ ခုံရုံးဥက္ကဋ္ဌက အခု ခုံးဆင်းမယ်လို့ ကြေညာပါတယ်။ ညနေပိုင်းမှာမှ ဆက်လက်၍ ရုံးတက်ပြီး သက်သေများကို စစ်မယ်လို့ ဆိုပါတယ်။

ကျွန်တော် ဘာဖြစ်တယ်ဆိုတာ ကောင်းကောင်းတောင် မသိလိုက်ခင်ဘဲ ကျွန်တော့်ကို အကျဉ်းထောင်ကားဆီ ခေါ်သွားပြီး ထောင်ကို ပြန်မောင်းသွားတယ်။ ပြီးတော့ ကျွန်တော့်ကို နေ့လယ်စာ ကျွေးပါတယ်။ အတော်ကြာတော့ ကျွန်တော့်ကိုယ်ကျွန်တော် အတော် ပင်ပန်းနေပါလားဆိုတာ သိလဲသိရော ကျွန်တော့်ကို လာခေါ်သွားကြ ပြန်ပါတယ်။ ဒီလိုနဲ့ ကျွန်တော် အဲ့ဒီအခန်းထဲကိုပဲ ပြန်ရောက်ရပြီး အဲဒီမျက်နှာတွေကိုပဲ ပြန်ပြီး ရင်ဆိုင်ရပြန်တယ်။ အားလုံး တစ်ခေါက်စီ ပြန်စ ပြန်ပါတယ်။ ဒီအတောအတွင်းမှာ အပူရှိန်ဟာ အတော့်ကို တိုးလာခဲ့တယ်။ အမယ် ဂျူရီလူကြီးတွေရော၊ ကျွန်တော့်ရှေ့နေရော၊ အစိုးရရှေ့နေရော၊ သတင်းစာသမား အချို့ရော ယပ်တောင်ကလေးတွေ ကိုယ်စီနဲ့ ဖြစ်နေကြတာ အံ့ဩစရာပဲ။ ဟိုလူငယ်နဲ့ စက်ရုပ်လို မိန်းမတို့ဟာလဲ သူတို့နေရာတွေမှာပဲ။ ဒါပေမယ့် သူတို့ကတော့ သူတို့ကိုယ်သူတို့ ယပ်ခပ်မနေကြဘဲ အလျင်က အတိုင်းပဲ ကျွန်တော်ကိုပဲ စူးစိုက်ကြည့်နေကြပါတယ်။

ကျွန်တော့် မျက်နှာပေါ်က ချွေးတွေကို ကျွန်တော် သုတ်လိုက် ပါတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်သူ ဘယ်ဝါ ဆိုတာရယ်၊ ဘယ်နေရာ ရောက်နေတယ် ဆိုတာရယ်ကို မသိတသိနဲ့ဘဲ ဘိုးဘွားရိပ်သာက အဆောင်မှူးကို သက်သေအဖြစ် အစစ်ခံဖို့ ခေါ်လိုက်တော့မှ ကျွန်တော် သတိရလာပါတယ်။ ကျွန်တော့်အမေက ကျွန်တော့်အပေါ် မကျေနပ်တဲ့စကားများ ပြောဖူးပါသလားလို့ မေးတော့ အဆောင်မှူးက "ဟုတ်ကဲ့" လို့ ဖြေပါတယ်။ "ဒါပေမယ့် ဒါဟာ သိပ်အရေးမကြီးပါဘူး။ ဘိုးဘွားရိပ်သာကို ရောက်လာကြတဲ့ လူအားလုံးလိုလိုပဲ သူတို့ရဲ့ သားချင်း ဆွေမျိုးတွေအပေါ် မကျေနပ်ချက်တွေ ရှိနေ ကြတာပါပဲ"တဲ့။ တရားသူကြီးက သူ့ကို

ပိုပြီး တိတိကျကျ ဖြေဖို့ ပြောပြီး "အမေက သူ့ကို ဘိုးဘွားရိပ်သာ ပို့တဲ့အတွက် ကျွန်တော့်ကို အပြစ်တင်သလား"လို့ မေးတော့ သူက တစ်ခါ "ဟုတ်ကဲ့"လို့ ဖြေပြန်ပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သူ ဘာမှ ရှင်းလင်းပြ မနေတော့ဘူး။

တခြား မေးခွန်းတစ်ခုကို ဖြေရင်းနဲ့ သူက အသုဘချတဲ့နေ့က ကျွန်တော် အေးအေးဆေးဆေး ရှိပုံကို သူ အံ့အားသင့်သလို ဖြစ်ရသေးသတဲ့။"ကျွန်တော် အေးအေးဆေးဆေး ရှိပုံဆိုတာ ဘာကို ဆိုလိုပါသလဲ"လို့ ရှင်းပြခိုင်းတော့ အဆောင်မှူးဟာ မျက်လွှာကိုချပြီး သူ့ဖိနပ်ဦးကို သူ အတော်ကြာအောင် စိုက်ကြည့်နေပါတယ်။ ပြီးမှ သူက ကျွန်တော် အမေ့ အလောင်းကို မကြည့်ချင်ခဲ့ပုံ၊ မျက်ရည်တစ်စက်မှ မကျခဲ့ပုံ၊ အသုဘ မြေချပြီးတာနဲ့ မြေပုံတောင် ကြည့်မတော့ဘဲ တစ်ခါတည်း ပြန်သွားပုံတို့ကို ရှင်းပြပါတယ်။ သုဘရာဇာရဲ့ လူတစ်ယောက်က ကျွန်တော်ဟာ ကျွန်တော့်အမေအသက် ဘယ်လောက် ရှိပြီဆိုတာတောင် မသိဘူးလို့ သူ့ကို ပြောသတဲ့။ နောက်ခဏလောက် ငြိမ်နေပါတယ်။ ပြီးမှ တရားသူကြီးက အခု ပြောနေတာ တွေဟာ ရုံးတော်ရှေ့မှာရှိတဲ့ တရားခံကို ရည်ညွှန်း ပြောနေတယ်လို့ ရုံးတော်က ယူဆရမလားလို့ မေးလိုက်ပါတယ်။ အဆောင်မှူးဟာ ဇဝေဇဝါ ဖြစ်သွားဟန် တူပါတယ်။ ဒီတော့ တရားသူကြီးက "ဒါဟာ မေးရိုးမေးစဉ် မေးခွန်းပါ။ မေးရမှာမို့ မေးတာပါ"လို့ ရှင်းပြပါတယ်။

ပြီးတော့ အစိုးရရှေ့နေကို မေးခွန်း မေးစရာများ ရှိပါသေးသလားလို့ မေးတော့ သူက "မရှိပါဘူး၊ ကျွန်တော် လိုချင်တာအားလုံး ရပါပြီ"လို့ ကျယ်ကျယ်လောင်လောင် ဖြေလိုက်ပါတယ်။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်တဲ့ သူ့ရဲ့ အောင်နိုင်သူ အကြည့်နဲ့ လေသံဟာ အင်မတန် သိတာထင်ရှားလှတဲ့အတွက် ကျွန်တော့်မှာ နှစ်ပေါင်းများစွာအတွင်း တစ်ခါမှ မဖြစ်စဖူး ဟစ်ပြီး ငိုချင်တဲ့ စိတ်မျိုးတောင် ဖြစ်ရပါတယ်။ လူတွေ ကျွန်တော့်ကို ဘယ်လောက် ရွံရှာမုန်းတီးနေကြတယ် ဆိုတာကို ပထမဆုံးအကြိမ် သိလိုက်ရခြင်း ပါပဲ။

ဂျူရီလူကြီးများနဲ့ ကျွန်တော့် ရှေ့နေတို့ကို မေးစရာများ ရှိကြသေးသလားလို့ မေးပြီး တရားသူကြီးက တံခါးစောင့်ရဲ့ ထွက်ချက်ကို ကြားနာပါတယ်။ သက်သေခြံထဲကို ဝင်လိုက်ရင်း တံခါးစောင့်ဟာ ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး အခြားဘက်ကို လှည့်သွားပါတယ်။ မေးခွန်းတွေကို ဖြေရင်း ကျွန်တော်ဟာ အမေ့ရဲ့အလောင်းကို မကြည့်တော့ဘူးဆိုတဲ့ အကြောင်း၊ အမေ့ရဲ့ အလောင်းနားမှာ စီးကရက်သောက်တဲ့အကြောင်း၊ အိပ်ပျော်သွားတဲ့ အကြောင်း ပြောပါတယ်။ အဲဒီအခါမှာ ရုံးခန်းတစ်ခုလုံးရှိတဲ့ လူတွေမှာ ဒီတက်သလို ဒေါသတွေ တရိပ်ရိပ် တက်လာတာကို ကျွန်တော် သတိပြု လိုက်မိတယ်။ ဒီတော့ ကျွန်တော့်မှာ အပြစ်ရှိနေတာကို ပထမဆုံးအကြိမ် ကျွန်တော် နားလည်လိုက်ရပါတယ်။ တံခါးစောင့်ကို ကျွန်တော် ကော်ဖီသောက်တဲ့ အကြောင်း ထပ်ပြောခိုင်းကြပါတယ်။

အစိုးရရှေ့နေဟာ ကျွန်တော့်ဘက်ကို လှည့်ပြီး မလိုတမာ ဝမ်းသာတဲ့အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ကျွန်တော့် ရှေ့နေ၍ တံခါးစောင့်ကို သူရော ဆေးလိပ် မသောက်ဘူးလားလို့ မေးပါတယ်။ ဒါပေမယ့် အစိုးရရှေ့နေက ဒီမေးခွန်းကို ကန့်ကွက်ပါတယ်။ သူက "ဒီအမှုမှာ ဘယ်သူက တရားခံလဲ"ဆိုတာ သူ သိချင်ပါသတဲ့။ ပြီးတော့ "ကျုပ် မိတ်ဆွေကြီးက တရားလိုပြ သက်သေတစ်ယောက်ကို ဖျက်နိုင်တာနဲ့ သူ့အမှုသည်ရဲ့ အပေါ်မှာ အပြစ်ကျစေမယ့် ခိုင်လုံများပြားလှတဲ့ သက်သေ အထောက်အထားတွေကို ယိမ်းယိုင်စေလိမ့်မယ်လို့များ ထင်ပါသလား"လို့ မေးလိုက်ပါတယ်။ သူက ဘာပြောပြော တရားသူကြီးက တံခါးစောင့်ကို မေးတာဖြေဖို့ ပြောလိုက်ပါတယ်။

အဘိုးကြီးလဲ ဟိုဟာ ကိုင်ယောင် သည်ဟာကိုင်ယောင်နဲ့ ဂနာမငြိမ်ဖြစ်နေပြီး အတော်ကလေးကြာမှ "ဟုတ်ကဲ့၊ ကျွန်တော် လုပ်သင့်ဘူးဆိုတာတော့ သိပါတယ်။ ဒါပေမယ့် ဆရာလေးက ထုတ်ပေးနေတဲ့ စီးကရက်တစ်လိပ် ယူသောက်မိ ပါတယ်။ ငြင်းရင် ရိုင်းရာကျမှာစိုးလို့ပါ" လို့ မပွင့်တပွင့် ဖြေလိုက်ပါတယ်။ တရားသူကြီးက ကျွန်တော့်ကို ဘာများ မေးစရာ ရှိသေးသလဲလို့ မေးပါတယ်။ ကျွန်တော်က "ဘာမှ မရှိပါဘူး၊ သက်သေ အစစ်ခံချက် မှန်ပါတယ်။ ကျွန်တော်က သူ့ကို စီးကရက် တစ်လိပ် ပေးတယ်ဆိုတာ မှန်ပါတယ်လို့ပဲ ပြောချင်ပါတယ်"လို့ ပြောလိုက်ပါတယ်။

တံခါးစောင့်ဟာ ကျွန်တော့်ကို အံ့အားသင့်တဲ့ အမူအရာနဲ့ ကျေးဇူးတင်တဲ့ သဘောမျိုး လှမ်းကြည့်လိုက်ပါတယ်။ ပြီးတော့ အတော်ကြာအောင် အင်းအင်း... အဲအဲ လုပ်နေပြီးမှ ကျွန်တော့်ကို ကော်ဖီ နည်းနည်း သောက်လိုက်ပါလားလို့ ပြောတာ သူပါဆိုတဲ့စကားကို မမေးဘဲနဲ့ ပြောလိုက်ပါတယ်။

ကျွန်တော့် ရှေ့နေမျက်နှာ ရွှင်သွားပါတယ်။ "ဒီဝန်ခံချက်ရဲ့ အရာရောက်ပုံကို ဂျူရီလူကြီးများလဲ နားလည် သဘော ပေါက်ကြမှာပါပဲ" လို့ ပြောလိုက်ပါတယ်။

ဒါပေမယ့် အစိုးရရှေ့နေကလဲ ချက်ချင်းပဲ ထလာပါတယ်။ ပြီးတော့ ခေါင်းမော့၊ လည်မော့နဲ့ "ဟုတ်ပါတယ်၊ ဂျူလီလူကြီးများလဲ နားလည် သဘောပေါက်ကြမှာပဲ။ ပြီးတော့ တခြား လူတစ်ယောက်ယောက်က သူ့ကို ကော်ဖီ သောက်ပါလားလို့ လာပေးရင်တော့ တရားခံဟာ လူတကာ စောင့်စည်းအပ်တဲ့ တရားအရ သူ့ကို လူ့လောကကြီးထဲ ရောက်အောင် မွေးထုတ်ပေးတဲ့ အမေရဲ့ အလောင်းကို ရှိသေသော အားဖြင့်တော့ ငြင်းပယ်လိုက်ဖို့ သင့်တာပေါ့လို့လဲ ကောက်ချက်ချကြမှာပဲ" လို့ ပြောလိုက်ပါတယ်။

အဲဒါပြီးတော့ တံခါးစောင့်လဲ သူ့နေရာသူ ပြန်သွားပါတယ်။

တွမ်းမတ်ပီယာရေးကို ခေါ်တဲ့အခါမှာ ရုံးက အရာရှိ တစ်ယောက်က

သူ့ကိုတွဲပြီး သက်သေခြံရှိရာကို ပို့ရပါတယ်။ ပီယာရေးကြီးက သူဟာ ကျွန်တော့်အမေနဲ့ သိပ်ခင်တဲ့ မိတ်ဆွေ ဖြစ်ပေမယ့် ကျွန်တော့်ကို အမေ့ အသုဘချတဲ့နေ့ကမှ တစ်ခါတည်း တွေ့ဖူးပါတယ်လို့ ပြောပါတယ်။ အဲဒီနေ့က ကျွန်တော့် အပြုအမူ ပတ်သက်လို့ မေးတော့ သူက..

"ဟုတ်ကဲ့၊ ကျုပ် အင်မတန် သောက ဖြစ်ခဲ့ရပါတယ်။ ဖြစ်နေတဲ့အတွက် ဘာကိုမှ သိပ်သတိမပြုမိပါဘူး။ ကျုပ်မှာ ပူဆွေး သောက ဖြစ်ပြီး ဘာမှ မမြင်အခေါင် ဖြစ်ရတယ်လို့ ထင်ပါတယ်။ ကျုပ်မိတ်ဆွေ သေဆုံးသွားတာဟာ ကျုပ်အဖို့ အင်မတန် အထိနာခဲ့ပါတယ်။ တကယ်ပဲ သူ့အသုဘချစဉ်က ကျုပ် မူးမေ့လဲသွားခဲ့ပါတယ်။ ဒီတော့ ဒီလူငယ်ကို ကျုပ် သတိ မပြုမိသလောက်ပါပဲ"လို့ ပြောပါတယ်။

အစိုးရရှေ့နေက သူ့ကို ကျွန်တော် ငိုတာ မြင်သလားလို့ ရုံးတော်ကို ပြောဖို့ ခိုင်းပါတယ်။ ပီယာရေးက "မမြင်ဘူး"လို့ ပြောတော့ သူက လေးလေးနက်နက်ပဲ။ "ဒီဖြေဆိုချက်ကို ဂျူရီလူကြီး မင်းများ မှတ်သား မိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်"လို့ ဆက်ပြော လိုက်ပါတယ်။

ကျွန်တော့် ရှေ့နေက ချက်ချင်းပဲထပြီး ကျွန်တော့်အထင် မလိုအပ်ဘဲနဲ့ ရန်လိုတဲ့ လေသံနဲ့...

"သေသေချာချာ စဉ်းစားပါ ကိုယ့်လူ။ သူ မျက်ရည် တစ်စက်မှ ကျတာ မမြင်ဘူးလို့ ခင်ဗျား ကျမ်းကျိန်ပြီး ပြောနိုင်ရဲ့လား" လို့ မေးလိုက်ပါတယ်။

အဲဒီအခါမှာ ပီယာရေးက "မပြောနိုင်ပါဘူး"လို ပြန်ဖြေပါတယ်။

အဲဒီတော့ တချို့လူတွေက တီးတိုး ရယ်ကြပါတယ်။ ကျွန်တော်ရှေ့နေက သူ့ဝတ်ရုံ အင်္ကျီလက်တစ်ဖက် ပင့်တင်ရင်းနဲ့ ခက်ခက်ထန်ထန်ပဲ ဒီအမှုကို စစ်ဆေးရာမှာ ဒီသဘောချည်း ဖြစ်နေတယ်။ "တကယ့် အဖြစ်မှန်တွေကို ဖော်ထုတ်ဖို့ အားထုတ်မှု လုံးဝ မရှိခဲ့ဘူး"လို့ ပြောလိုက်ပါတယ်။

အစိုးရရှေ့နေကတော့ သူ့ မှတ်ချက်ကို လျစ်လျူ ရှုနေလိုက်ပါတယ်။ သူဟာ ဂရုမစိုက်တဲ့ဟန်နဲ့ သူ့အမှုတွဲ အဖုံးပေါ်ကို ခဲတန်နဲ့ တထောက်ထောက် ထိုးနေပါတယ်။

ဒါပြီးတော့ ငါးမိနစ်လောက် ရပ်နားပါတယ်။အဲဒီ အတောအတွင်း ကျွန်တော့် ရှေ့နေက ကျွန်တော့်ကို အမှုသွား အမှုလာ ကောင်းပါတယ်လို့ ပြောတယ်။ ပြီးတော့ ဆေးလက်စ်ကို ခေါ်ပါတယ်။ သူဟာ တရားခံပြ သက်သေဖြစ်တယ်လို့ ကြေညာပါတယ်။ တရားခံဆိုတာ ကျွန်တော်တို့ကို ဆိုလိုတာပါ။

ဆေးလက်စ်က ကျွန်တော့်ကို မကြာခဏဆိုသလို လှမ်းလှမ်း ကြည့်ပါတယ်။ သက်သေခံရင်းနဲ့ သူဟာ သူ့လက်ထဲက မြက်ဦးထုပ်ကို ဆုပ်ဆုပ်ပြီး ညစ်နေပါတယ်။ သူဟာ သူ့ အဝတ်သစ် အစားသစ် တွေနဲ့ပါ။ တစ်ခါတစ်ခါ တနင်္ဂနွေနေ့ သူ ကျွန်တော်နဲ့ မြင်းပွဲသွားတဲ့အခါ ဝတ်လေ့ရှိတဲ့ ဝတ်စုံပေါ့။ ဒါပေမယ့် ကော်လာတပ်နိုင်ပုံ မပေါ်ဘူး။ သူ့အင်္ကျီလည်ပင်းကို ကြေးကြယ်သီးနဲ့ တပ်ထားတာကို ကျွန်တော် သတိပြုမိပါတယ်။ "ကျွန်တော်ဟာ သူ့ဆိုင်မှာ စားနေကျလူလား" လို့ မေးတော့ သူက "ဟုတ်ပါတယ်၊ မိတ်ဆွေလဲ ဖြစ်ပါတယ်"လို့ ဖြေပါတယ်။ "ကျွန်တော့်အပေါ် သူ ဘယ်လို သဘောရပါသလဲ"လို့ မေးတော့ သူက ကျွန်တော်ဟာ "ကောင်းပါတယ်"လို ပြောတယ်။ ဘာ "ကောင်းပါတယ်"ဆိုတာကို ရှင်းပြခိုင်းတော့ သူက "ကောင်းပါတယ် ဆိုရင် လူတိုင်း နားလည်ပါတယ်" လို့ ဖြေလိုက်တယ်။ "ကျွန်တော်ဟာ လျှို့ဝှက်တတ်တဲ့ လူမျိုးလား" လို့ မေးတော့ သူက "မဟုတ်ပါဘူး၊ သူ့ကို အဲသလို မခေါ်သင့်ပါဘူး။ ဒါပေမယ့် သူဟာ လူတော်တော်များများလို အလကားနေရင်း စကားပေါတတ်တဲ့ လူမျိုးတော့ မဟုတ်ပါဘူး"လို့ ဖြေပါတယ်။

အစိုးရရှေ့နေက သူ့ ကို ကျွန်တော်ဟာ လစဉ် ဘီလ်ပေးတဲ့ အခါ မှန်မှန်ပေးရဲ့လားလို့ မေးတယ်။ ဆေးလက်စ်က ရယ်လိုက်ပါတယ်။ "ဟာ... ပေးပြီးလားဗျာ၊ ဒါပေမယ့် ဘီလ်တို့ ဘာတို့ဆိုတာ သူနဲ့ ကျွန်တော်နဲ့ကြားမှာ အသေးအဖွဲ့ ကိစ္စတွေပါ" လို့ ပြောလိုက်တယ်။ ပြီးတော့ ဒီအမှုနဲ့ ပတ်သက်ပြီး သူ ဘယ်လိုသဘောရသလဲလို့ မေးတော့ သူက သက်သေခြံ လက်ရန်းပေါ်ကို လက်လှမ်း တင်လိုက်ပါတယ်။ သူ့မှာ ပြောစရာစကား အသင့်ရှိနေတာကို တွေ့နိုင်ပါတယ်။

"ကျွန်တော့် အမြင်မှာတော့ ဒါဟာ မတော်တဆ ဖြစ်ရတဲ့ကိစ္စ သက်သက်ပါ။ ကံမကောင်းလို့ ဖြစ်ရတယ် ဆိုချင်ဆိုပါ။ ဒီလိုဟာ မျိုးဟာ သတိလစ်သွားရင် ဖြစ်တတ်တာပါပဲ"

သူကတော့ ဆက်ပြောချင်သေးဟန် တူပါတယ်။ ဒါပေမယ့် တရားသူကြီးက သူ့ကို ဖြတ်လိုက်ပြီး "ဟုတ်ပါလိမ့်မယ်၊ ဒါပါပဲ၊ ကျေးဇူးတင်ပါတယ်"လို့ ပြောလိုက်တယ်။

ရုတ်တရက် ဆေးလက်စ်ဟာ အံ့အားသင့်သွားပုံရပါတယ်။ နောက် သူက သူပြောချင်တာတွေ မကုန်သေးပါဘူးလို့ ရှင်းပြပါတယ်။ သူတို့က ဆက်ပြောပါ။ ဒါပေမယ့် တိုတိုပြောပါလို့ ဆိုတယ်။

သူက ဒါဟာ မတော်တဆ ဖြစ်ရတာ သက်သက်ပါဆိုတာ ကိုပဲ ထပ်ပြောပါတယ်။

တရားသူကြီးက "ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် ကျုပ်တို့ဟာ အဲသလို

မတော်တဆ ဖြစ်ရတဲ့ အမှုများကို တရားဥပဒေ အတိုင်း စီရင်ဖို့ ဒီနေရာကို ရောက်လာခြင်း ဖြစ်တယ်။ သွားနိုင်ပါပြီ”လို့ ပြောလိုက်ပါတယ်။

ဆေးလက်စ်ဟာ ကျွန်တော့်ဘက်ကို လှည့်ပြီး စိုက်ကြည့်နေပါတယ်။ သူ့မျက်လုံးတွေမှာလဲ မျက်ရည်အပြည့်နဲ့၊ သူ့ နှုတ်ခမ်းတွေ ဟာလဲ တုန်နေတယ်။ “အေးကွာ၊ ငါကတော့ မင့်အတွက် အစွမ်းကုန်လုပ်တာပဲ ကိုယ့်လူရေ၊ ဒါပေမယ့် သိပ်ခရီး မရောက်လှဘူး ထင်တယ်ကွာ။ ငါ စိတ်မကောင်းပါဘူး” လို့ ပြောချင်တယ်ဆိုတာ အထင်အရှားပါပဲ။

ကျွန်တော် ဘာမှ မပြောမိပါဘူး။ ဘယ်လိုမှလဲ မလှုပ်ရှားမိပါဘူး။ ဒါပေမယ့် ကျွန်တော့် တစ်သက်မှာ ပထမဆုံးအကြိမ် ယောက်ျား တစ်ယောက်ကို ဖက်နမ်းချင်စိတ်တော့ ဖြစ်မိပါတယ်။ တရားသူကြီးက သူ့ကို သွားတော့လို့ အမိန့်ထပ်ပေးတော့ ဆေးလက်စ်လဲ လူအုပ်ထဲက သူ့နေရာသူ ပြန်သွားပါတယ်။ ကျန်သေးတဲ့ အမှုကြားနာစစ်ဆေးချိန် တစ်ချိန်လုံး သူဟာ အဲဒီနေရာမှာပဲ ဒူးပေါ်မှာ တံတောင်ထောက်လျက် သူ့လက်ထဲက မြက်ဦးထုပ်နဲ့ ရှေ့ကို ကုန်းပြီး နေပါတယ်။

နောက်တစ်ယောက်ကတော့ မာရီပါ။ မာရီဟာ ဦးထုပ်ဆောင်း ထားပေမယ့် လှတော့ လှလျက်ပါပဲ။ ကျွန်တော်ကတော့ သူ့ကိုဆံ ပင်ဖားလျားနဲ့ ပိုကြည့်လို့ ကောင်းတယ်လို့ ထင်ပါတယ်။ ကျွန်တော့် နေရာက ကြည့်ရင် သူ့ရဲ့ ဖောင်းဖောင်းအိအိ ရင်အုံကလေးကိုလဲ တစ်စွန်းတစ်စ မြင်နေရပါတယ်။ ကျွန်တော် အင်မတန် စွဲမက်ခဲ့ရတဲ့ သူ့ရဲ့ အောက်နှုတ်ခမ်း ထော်ထော် ကလေးကိုလဲ မြင်နေရပါတယ်။ သူ အင်မတန် တုန်လှုပ် ချောက်ချားနေပုံ ရပါတယ်။

ပထမမေးခွန်းက ကျွန်တော့်ကို သိတာ ဘယ်လောက်ကြာပြီလဲတဲ့။ သူ ကျွန်တော်တို့ရုံးမှာ ရှိနေစဉ် ကတည်းကပါလို့ သူက ဖြေပါတယ်။ နောက် တရားသူကြီးက ကျွန်တော်တို့နှစ်ယောက် ဘယ်လို ပတ်သက်ကြပါသလဲလို့ မေးတော့ သူက သူဟာ ကျွန်တော့် ရည်းစားပါလို့ ဖြေပါတယ်။ တခြားမေးခွန်း တစ်ခုကို ဖြေရင်းနဲ့ သူ ကျွန်တော့်ကို လက်ထပ်မယ်လို့ ကတိ ပေးထားကြောင်း ဝန်ခံပါတယ်။ သူ့ရှေ့မှာရှိတဲ့ စာရွက်တစ်ခုကို လှေ့လာနေတဲ့ အစိုးရ ရှေ့နေက သူ့ကို ကျွန်တော်တို့ ဘယ်တော့ကစပြီး “ဆက်သွယ်” မိကြသလဲလို့ ခပ်ထန်ထန် မေးလိုက်ပါတယ်။ မာရီက နေ့စွဲကို ပြောပါတယ်။ ဒီတော့ သူက အမှတ်မထင် လေသံလိုလိုနဲ့ “အဲဒီနေ့ ဟာ အမေ့အသုဘချတဲ့နေ့ရဲ့ နောက်တစ်ရက် ဖြစ်ဟန်တူတယ်” လို့ ပြောလိုက်ပါတယ်။ ဒါကို ဝင်လောက်ပြီဆိုမှ တစ်ခါ သူက မထိတထိ သရော်ချင်သလို လေသံနဲ့ ဒီကိစ္စဟာ အင်မတန် သိမ်မွေ့တဲ့ကိစ္စ ဖြစ်တယ် ဆိုတာ ထင်ရှားပါတယ်တဲ့။

ပြီးတော့ မိန်းကလေးမှာ ဘယ်လိုရှိမယ်ဆိုတာ ကိုယ်ချင်းစာ မိပါသတဲ့။

ဒါပေမယ့် အဲဒီ “ဒါပေမယ့်”မှာ သူ့အသံဟာ တဖြည်းဖြည်း တင်းမာလာပြီး သူ့အလုပ်တာကို ဆောင်ရွက်တဲ့အခါမှာတော့ သူ ဘယ်သူ့ကိုမှ ညှာတာခွင့် မရှိဘူးလို့ ပြောလိုက် ပါတယ်။

အဲသလို ကြေညာပြီးတော့ မာရီကို သူနဲ့ ကျွန်တော် ပထမဆုံး စပြီး တွေ့ဆုံဆက်ဆံခဲ့တဲ့နေ့ကို ကျွန်တော်တို့ ဘာတွေ လုပ်ကြတယ် ဆိုတာကို အပြည့်အစုံ အပြောခိုင်းပါတယ်။ အစတော့ မာရီက မဖြေပါဘူး။ ဒါပေမယ့် အစိုးရရှေ့နေက အတင်းမေးနေတော့ မာရီက ရေချိုးဆိပ်မှာတွေ့ကြပုံ၊ ရုပ်ရှင် အတူသွား ကြည့်ကြပုံ၊ ပြီးတော့ ကျွန်တော့်အခန်း သွားကြပုံတို့ကို ပြောပြလိုက်ပါတယ်။ “စုံစမ်းစစ်ဆေးတဲ့ တရားသူကြီးရှေ့မှာ မာရီ ထွက်ဆိုထားချက်များ အရ သူက အဲဒီနေ့က ပြတဲ့ ရုပ်ရှင်ကားတွေကို လေ့လာထားပါတယ်”လို့ ရုံးတော်ကို တင်ပြပြီး မာရီဘက် လှည့်ပြီးတော့ ကျွန်တော်ကြည့်ခဲ့ ဖူးတဲ့ ရုပ်ရှင်ဇာတ်ကား အမည်ကို မေးပါတယ်။ မာရီက ဖင်နန်ဒယ်ပါတဲ့ ရုပ်ရှင်ကားပါလို့ ခပ်တိုးတိုးပြောပါတယ်။ သူပြောပြီးတဲ့ အချိန်မှာတော့ ရုံးခန်းတစ်ခန်းလုံး အပ်ကျသံတောင် ကြားရမတတ် တိတ်ဆိတ် ငြိမ်သက်သွားပါတယ်။

အစိုးရရှေ့နေကြီးဟာ အင်မတန် စိတ်မချမ်းသာတဲ့ မျက်နှာနဲ့ မတ်တတ်ရပ်လိုက်ပြီး ကျွန်တော့်ကို ညွှန်ပြပြီး စကားပြောတော့ သူ့မှာ တကယ်ပဲ စိတ်မချမ်းမသာ ဖြစ်သွားတယ်လို့ ကျွန်တော်တောင် ယုံကြည်သွားပါတယ်။

“ဂျူရီလူကြီးမင်းများ ခင်ဗျာ၊ အဲဒီလူဟာ သူ့အမေရဲ့ အသုဘ ချပြီးတဲ့ နောက်တစ်ရက်မှာ ရေကူးကန်ကို သွားခဲ့ပါတယ်။ မိန်းက လေးတစ်ယောက်နဲ့ တွေ့ဆုံဆက်ဆံ ရည်ငံခဲ့တယ်။ ပြီးတော့ ရယ်ရွှင်ဖွယ် ရုပ်ရှင်ကားတစ်ကားကို သွားကြည့်ခဲ့တယ် ဆိုတာကို မှတ်သားထားကြစေချင်ပါတယ်။ ကျွန်တော် ပြောချင်တာကတော့ ဒါပါပဲ”

သူ ပြန်ထိုင်လိုက်တော့ ရုံးခန်းတစ်ခုလုံး အလျှင်ကအတိုင်းပဲ တိတ်ဆိတ် ငြိမ်သက်သွားပြန်ပါတယ်။ ပြီးတော့ ဘာမပြော ညာမပြော မာရီက ငိုချလိုက်ပါတယ်။ သူက အစိုးရရှေ့နေ ပြောသွားတာတွေ အားလုံးမှားတယ်။ တကယ်ပဲ အဲသည်လိုကို မဟုတ်ဘူး။ သူ ပြောချင်တာတွေနဲ့ ဆန့်ကျင်ဘက်ကို မပြောပြာအောင် အနိုင်ကျင့်ပြီး မေးသွားတာပါ။ သူ ကျွန်တော့်အကြောင်း ကောင်းကောင်း သိပါတယ်။ ကျွန်တော် ဘာမှ တကယ်မှားယွင်းတာကို မလုပ်ဘူး ဆိုတာ သူ အသေအချာ သိပါတယ် ဘာညာနဲ့ ပြောနေတယ်။ ခုံရုံး ဥက္ကဋ္ဌက အထိမ်းအမှတ်တစ်ခု ပြလိုက်တော့ တရားရုံး အစာရှိ တစ်ယောက်က မာရီကို ဆွဲခေါ်ထုတ်သွားတယ်။ အမှုကို ဆက်လက်ပြီး ကြားနာတယ်။

နောက် သက်သေ တစ်ယောက်ဖြစ်တဲ့ မတ်ဆွန်းကိုတော့ နားထောင်သူ

သိပ်မရှိပါဘူး။ သူက "ကျွန်တော်ဟာ ဂုဏ်သရေရှိ လူငယ်တစ်ယောက် ဖြစ်ကြောင်း၊ နောက်ပြီးတော့လဲ အင်မတန်ကောင်းတဲ့လူပါ" ပေါ့။ ဆလာမာနီ အလှည့်မှာ သူက ကျွန်တော်ဟာ သူနဲ့ သူ့ခွေးအပေါ်မှာ အမြဲကြင်ကြင်နာနာရှိတဲ့ အကြောင်း ထွက်ဆိုတော့ သူ့ကို ဘယ်သူမှ သိပ်အာရုံ မစိုက်ကြပါဘူး။ အမေနဲ့ ကျွန်တော် တို့ရဲ့အကြောင်း မေးခွန်းတစ်ခုကို ဖြေရင်း သူက အမေနဲ့ ကျွန်တော်တို့ဟာ စရိုက်ချင်း၊ အကြိုက်ချင်း မတူကြတဲ့အကြောင်း ဒါ့ကြောင့်ပဲ ကျွန်တော့် အမေ့ကို ဘိုးဘွားရိပ်သာ သွားနေဖို့ စီစဉ်ပေးရတဲ့အကြောင်း ပြောတော့လဲ ဘယ်သူမှ သိပ်နားမထောင်ကြပါဘူး။ "နားလည်ကြ စေချင်ပါတယ်။ နားလည်ကြ စေချင်ပါတယ်"လို့ သူက ဆက်ပြောနေပါသေးတယ်။ ဒါပေမယ့် ဘယ်သူမှ နားလည်ကြပုံ မတူပါဘူး။ သူ့ကို "ဆင်းတော့" လို့ ပြောလိုက်ပါတယ်။

နောက်တစ်ယောက်ကတော့ ရေမွန်ပါ။ သူဟာ နောက်ဆုံး သက်သေပါပဲ။ သူက ကျွန်တော့်ကို လက်တမ်းပြလိုက်ပြီး ကျွန်တော့်မှာ အပြစ်မရှိပါဘူးဆိုတာက စပြောတာပါပဲ။ တရားသူကြီးက သူ့ ကို အပြစ်တင်လိုက်တယ်။

"မောင်မင်း ဒီရုံးတော်ကို ရောက်လာတာဟာ သက်သေခံဖို့ ဖြစ်တယ်။ အမှုနဲ့ ပတ်သက်လို့ ကိုယ်ထင်မြင်ချက်ပေးဖို့ မဟုတ်ဘူး၊ မေးတာကိုသာ ဖြေရမယ်"

ပြီးတော့ သူနဲ့ သေသူတို့ ပတ်သက်ပုံကို ရှင်းလင်းအောင် ပြောခိုင်းတော့ ရေမွန်က အခွင့်ကောင်းယူပြီးတော့ သူဟာ သေသူရဲ့နှမကို ရိုက်နှက်ခဲ့သူ ဖြစ်တဲ့အတွက် သေသူနဲ့ ရန်ငြိုးရှိသူဟာ သူသာလျှင်ဖြစ်တဲ့အကြောင်း၊ ကျွန်တော် မဟုတ်ကြောင်း ရှင်းပြပါတယ်။ တရားသူကြီးက သေသူက ကျွန်တော့်ကိုလဲ မုန်းစရာအကြောင်း မရှိပေဘူးလားလို့ မေးတော့ ရေမွန်က အဲဒီနေ့က ကျွန်တော် သောင်ကမ်းခြေကို ရောက်နေတာဟာ တိုက်ဆိုင်မှုသက်သက် ဖြစ်ပါတယ် လို့ ပြောပါတယ်။

အစိုးရရှေ့နေက "ဒါဖြင့် အခုလို စိတ်မချမ်းမြေ့ဖွယ် အဖြစ်မျိုးကို ဖြစ်အောင် ဖန်တီးတဲ့ စာဟာ ဘယ်လိုလုပ်ပြီး တရားခံရဲ့ လက်ရေးနဲ့ ဖြစ်နေရလဲ"လို့ မေးလိုက်ပါတယ်။

ရေမွန်က ဒါလဲပဲ ကြုံကြိုက်မှုသက်သက်ပါပဲလို့ ဖြေပါတယ်။

ဒီတော့ အစိုးရရှေ့နေက ဒီအမှုဟာ "တိုက်ဆိုက်မှု"တို့၊ "ကြုံကြိုက်မှု"တို့ဟာ အတော်ကြီးကို တွင်ကျယ်နေပါတယ်လို့ ပြန်ချေတယ်။ ပြီးတော့ ရေမွန်က သူ့မိန်းမကို ရိုက်နှက်နေတုန်းက ကျွန်တော် ဝင်ပြီး မဖြန်ရေဖြတာလဲ "တိုက်ဆိုင်မှု"ပဲတဲ့လား။ ပုလိပ်ဌာနမှာ ကျွန်တော် ရေမွန်အတွက် အာမခံတာတို့၊ အဲဒီကိစ္စတုန်းက သူ့ဘက်ကို လိုက်ပြီး ကောင်းကြောင်းတွေ ဖောဖောသီသီ ပြောခဲ့တာကတော့ အဲဒီလို

လွယ်လွယ်ကူကူ ပြောလိုက်လို့ရတဲ့ "ကြုံကြိုက်မှု"ပဲတဲ့လားလို့ မေးလိုက်တယ်။ အပြီးသတ်အနေနဲ့ သူက ရေမွန်ကို ဘာလုပ်စားလဲလို့ မေးလိုက်ပါတယ်။

ရေမွန်ကသူ့ကိုယ်သူ ကုန်ရုံမှာ အလုပ်လုပ်ပါတယ်လို့ ပြောပြတော့ အစိုးရရှေ့နေက ဂျူရီလူကြီးများဘက်ကို လှည့်ပြီး "ဒီသက်သေဟာ မိန်းမတွေနဲ့ မကောင်းတဲ့ အသက်မွေးမှုနဲ့နေသူ ဖြစ်တယ်လို့ လူတိုင်း သိတဲ့အကြောင်း၊ ကျွန်တော်ဟာလဲ အဲဒီလူရဲ့ မိတ်ဆွေ ကြံဖော်ကြံဖက် ဖြစ်တဲ့အကြောင်း၊ တကယ်ဆိုရင် ဒီအမှုဖြစ်ရတဲ့ နောက်ခံ အကြောင်းတစ်ခုလုံးဟာ စက်ဆုပ်ဖွယ် ဖြစ်နေကြောင်း၊ ပြီးတော့ ပိုပြီး ရွံမုန်းစရာ ဖြစ်နေတာက တရားခံရဲ့ ရုပ်လက္ခဏာ ပါပဲ။ သူဟာ လူတို့မှာ စောင့်စည်းအပ်တဲ့ ကျင့်ဝတ်သိက္ခာဆိုလို့ ဘာမှ မရှိတဲ့ လူ့တိရစ္ဆာန် ဖြစ်ပါတယ်"လို့ ပြောလိုက်ပါတယ်။ ရေမွန်က ဒီလို မပြောသင့်တဲ့ အကြောင်းနဲ့ တောင်းပန်ပါတယ်။ ကျွန်တော့် ရှေ့နေကလဲ ကန့်ကွက်ပါတယ်။ ဒါပေမယ့် အစိုးရ ရှေ့နေကြီးကို ဆုံးအောင် ပြောခွင့်ပေးရမယ်လို့ တရားသူကြီးက ပြန်ပြောပါတယ်။

သူက "ကျွန်တော် ပြီးလုပါပြီ"လို့ ပြောပြီး ရေမွန်ဘက်ကို ကြည့်ပြီး "တရားခံဟာ ခင်ဗျားမိတ်ဆွေလား" လို့ မေးလိုက်ပါတယ်။ "မှန်ပါတယ်၊ ကျွန်တော်တို့ဟာ သူတို့ပြောကြသလို တကယ့် မိတ်ဆွေကောင်းကြီးတွေပါ"

အစိုးရ ရှေ့နေကြီးက ကျွန်တော့်ဘက်ကို လှည့်ပြီး အဲဒီ မေးခွန်းကိုပဲ မေးပြန်ပါတယ်။ ကျွန်တော်က ရေမွန့်ကို စိုက်ကြည့်လိုက် ပါတယ်။ သူ မျက်နှာ လွှဲမသွားပါဘူး။

ဒီတော့ ကျွန်တော်လဲ "ဟုတ်ပါတယ်"လို့ ဖြေလိုက်ပါတယ်။

အစိုးရရှေ့နေကြီးက ဂျူရီလူကြီးများဘက်ကို လှည့်လိုက်ပါတယ်။

"လူကြီးမင်းများရဲ့ ရှေ့ကခြံတဲမှာ ရောက်နေတဲ့လူဟာသူ့ အမေရဲ့အသုဘ မြေကျပြီးတဲ့ နောက်တစ်နေ့မှာ မဖွယ်မရာ ရှက်စရာ အကောင်းဆုံး အမှုမျိုးကို ပြုခဲ့ရုံမက သူတို့ရဲ့ မြေအောက်လောကက ပြည့်တန်ဆာတွေ၊ ပြည့်တန်ဆာခေါင်းတွေရဲ့ ယုတ်မာ ညစ်ညမ်းတဲ့ကိစ္စ ဖြစ်ကြတဲ့ ရန်ပွဲမှာပါဝင်ပြီး လူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်ခဲ့ပါတယ်။ ဂျူရီ လူကြီးမင်းများ ခင်ဗျာ၊ ဒါဟာ တရားခံကို ဘယ်လိုလူမျိုး ဖြစ်တယ်ဆိုတာ ဖော်ပြနေတဲ့အချက်ပါပဲ"

သူ ထိုင်လိုက်တာနဲ့ တစ်ချိန်တည်း ကျွန်တော် ရှေ့နေက ထပြီး သည်းမခံနိုင်တော့သလို ဒေါသတကြီး လက်သီး လက်မောင်း တန်းလိုက်တော့ သူ့ဝတ်ရုံရဲ့ လက်ဟာ လက်မောင်းရင်းအထိ လျှောကျလာပြီး ကော်တင်ထားတဲ့ သူ့ရဲ့ ရှပ်အင်္ကျီ လက်မာများ ပေါ်လာပါတယ်။

“ကျွန်တော့်ရဲ့ အမှုသည်ကို လူသတ်မှုနဲ့ စစ်ဆေးတာလား၊ အမေကို သင်္ဂြိုဟ်မှုနဲ့ စစ်ဆေးနေတာလား”လို့ သူက မေးလိုက်ပါတယ်။

ရုံးခန်းထဲမှာ တီးတိုး ရယ်လိုက်တဲ့အသံများ ကြားရပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာပဲ အစိုးရရှေ့နေကြီးဟာ ထိုင်ရာက ဆိုထလိုက်ပြီး သူ့ရဲ့ ဝတ်ရုံကြီးကို လှည့်ပတ် ဆွဲဆန့်လိုက်ပါတယ်။ ပြီးတော့ သူက “သူ့မိတ်ဆွေကြီးက ဒီအမှုမှာ ဒီအစိတ်အပိုင်းနှစ်ခု တစ်ခုနဲ့တစ်ခု အင်မတန် အရေးတကြီး ဆက်နွယ်နေတာကို မမြင်နိုင်လောက်အောင် ရိုးသားလွန်း နေတာကိုတော့ သူ အံ့အားသင့်ရပါတယ်တဲ့။ ဒီနှစ်ခုဟာ ပြောရမယ်ဆိုရင် စိတ္တဗေဒအားဖြင့် အင်မတန် နီးကပ်စွာ ဆက်သွယ်နေတယ်လို့ ဆိုရပါမယ်” တဲ့။ နောက်ဆုံး သူက “တိုတိုပြောရရင် တရားခံဟာ သူ့ အမေရဲ့ အသုဘချစဉ်ကတည်းက သူဟာ ရာဇဝတ်မှု ကျူးလွန်တတ်သူတို့ရဲ့ ညာဉ်ဆိုးမျိုးရှိသူပါလို့ ဖော်ပြသလို ပြုမူခဲ့ကြောင်းနဲ့ ကျုပ်က စွပ်စွဲပါတယ်” လို့ အားနဲ့မာန်နဲ့ ဖိပြောပြီး အဆုံးသတ်လိုက်ပါတော့တယ်။

ဒီစကားတွေဟာ ဂျူရီလူကြီးများနဲ့တကွ နားထောင်နေကြတဲ့ ပရိသတ်အပေါ် အတော်ကလေး ထိရောက်သွားဟန် တူပါတယ်။ ကျွန်တော် ရှေ့နေကတော့ ဆတ်ခနဲ ပခုံးချိုလိုက်ပြီး နဖူးပေါ်က ချွေးစေးများကို သုတ်လိုက်ရုံပဲ တတ်နိုင်ပါတော့တယ်။ ဒါပေမယ် သူဟာ အတော်ကလေး စိတ်လှုပ်ရှား နေပုံရပါတယ်။ ကျွန်တော့်အဖို့ အခြေအနေ မကောင်းဘူး ဆိုတာကိုလဲ ကျွန်တော် သိလိုက်ပါတယ်။

ဒီလိုဖြစ်ပြီး မကြာခင်ပဲ ရုံးဆင်းလိုက်ပါတယ်။ ကျွန်တော့်ကို တရားရုံးကနေပြီး အကျဉ်းထောင်ကားနဲ့ ခေါ်သွားတော့ ကျွန်တော် ကောင်းကောင်း သိခဲ့တဲ့ နွေရာသီညနေခင်းမှာ အပြင်ထွက်ရတဲ့ အရသာကို တဖြတ် တစ်ဖြတ် တွေ့ထိ လိုက်ရတာကို သတိထားမိပါတယ်။ ပြီးတော့ ရွေ့လျားနေတဲ့ ကျွန်တော့်ရဲ့ ပင်ပန်း နွမ်းနယ်နေတဲ့ ဦးနှောက်ထဲကို လာပြီး ပဲ့တင်ထပ် လိုက်တာကတော့ ကျွန်တော် အထူးပျော်ခဲ့တဲ့အချိန်မှာ ကျွန်တော်ခဲ့တဲ့ မြို့ပြရဲ့ ကြားနေကျအသံတွေပါပဲ ငြိမ်သက်စပြုနေတဲ့ လေထဲမှာ သတင်းစာရောင်းတဲ့ ကလေးတွေရဲ့ အော်ဟစ်အသံ၊ မြို့လယ်ပန်းခြံထဲမှာ ငှက်ကလေးများ အိတ်တန်းတက်ခါနီး အော်မြည်ကြတဲ့အသံ၊ အသားညှပ်မုန့် အော်ဟစ်ရောင်းနေတဲ့အသံ၊ မြို့ထဲဘက်က လမ်းတွေမှာ ဓာတ်ရထား ဘီးပွတ်တိုက်တဲ့အသံ၊ သင်္ဘောဆိပ်ကမ်းမှာ အမှောင်ထု တရိပ်ရိပ် ကျလာတာနဲ့ အထက်ဆီက မသဲမကွဲ တရှဲရှဲ မြည်တဲ့အသံ၊ ဒီအသံတွေ အားလုံးက ကျွန်တော် အကျဉ်းထောင်ကို ပြန်ရတဲ့ခရီးကို မျက်မမြင်တစ်ယောက် သူ အလွတ်လို ရနေတဲ့ လမ်းကို သွားနေရသလို ဖြစ်အောင် လုပ်ပေးနေကြပါတယ်။

ဟုတ်ပါရဲ့။ ဒီလို ညနေအချိန်ပေါ့။ အား... အတော်ကြီးကို ကြာပြီ ထင်ပါရဲ့။

ဒီလို ညနေချိန်မှာပေါ့။ ကျွန်တော် ကိုယ့်ဘဝကိုယ် အင်မတန် ကျေနပ်ရောင့်ရဲခဲ့ရတာ။ အဲဒီတုန်းကတော့ ဒီအချိန်ပြီးရင် ညဆို နှစ်နှစ်ခြိုက်ခြိုက် တစ်ရေးမှ မနိုးအောင် အိပ်လိုက်ဖို့ပဲ ရှိတော့တာ၊ အခုလဲ အချိန်ကတော့ အဲဒီအချိန်ပါပဲ။ ဒါပေမယ့် မတူတော့ဘူးပေါ့။ အခု ကျွန်တော် အကျဉ်းခန်း ကလေးထဲကို ပြန်ရမယ်။ ညဆို နောက်တစ်ရက် ဘာဖြစ်ဦးမလဲလို့ တွေးကြောက်ရင်း အိပ်ရဦးမယ်။ ဒီလိုနဲ့ပဲ နွေရာသီရဲ့ ညနေမှောင်ရီရီအချိန် ကိုယ်သွားနေကျ လမ်းများအတိုင်း လိုက်သွားတာပဲ။ အပြစ်ကင်းကင်းနဲ့ စိတ်ရှင်း ကိုယ်လွတ် အိပ်လို့ရတဲ့နေရာကို ရောက်နိုင်သလို အကျဉ်းထောင်ထဲကိုလဲ ရောက်တတ်ပါကလားဆိုတာကို ကျွန်တော် နားလည် ရပါတော့တယ်။

❦ ❦ ❦

အခန်း ၄

တရားရုံး တရားခံအနေနဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်အကြောင်း သူများတကာ ပြောဆိုနေကြတာကို နားထောင်နေကြတာဟာ စိတ်ဝင်စားစရာ ကောင်းတာပါပဲ။ ကျွန်တော့် ရှေ့နေနဲ့ အစိုးရရှေ့နေတို့ရဲ့ လျှောက်လဲချက်တွေထဲမှာ ကျွန်တော့် အကြောင်းတွေ အများကြီး ပြောကြတာပေါ့။ တကယ်က ကျွန်တော့်အမှု အကြောင်း၊ ကျွန်တော့် ကိုယ်ရေးကိုယ်တာ အကြောင်းတွေကို ပိုပြီး ပြောကြပါတယ်။

တကယ်ဆိုတော့ သူတို့နှစ်ယောက် ပြောသွားကြတဲ့ စကားတွေဟာ တစ်ခုနဲ့တစ်ခု သိပ်မကွဲပြားလှဘူး။ တရားခံဘက်က ရှေ့နေက ကောင်းကင်ဆီကို လက်မြှောက်ပြီး အပြစ်ရှိကြောင်း ပြောဆိုပါတယ်။ ဒါပေမယ့် သက်ညှာခွင့် အတွက် အကြောင်းအချက်တွေနဲ့တကွပေါ့။ အစိုးရရှေ့နေကလဲ အလားတူ ဟန်ပန် အမူအရာတွေနဲ့ ကျွန်တော့်မှာ အပြစ်ရှိတယ် ဆိုတာကိုတော့ သဘောတူပါတယ်။ ဒါပေမယ့် သက်ညှာခွင့်အတွက် အကြောင်းအချက်တွေကိုတော့ မပေးတော့ဘူး။

အမှုရဲ့ ဒီအပိုင်းမှာ အတော် မခံချင်စရာကောင်းတာ တစ်ခုရှိတယ်။ မကြာခဏ ဆိုသလိုပဲ သူတို့ ပြောဆို နေကြတာတွေကို စိတ်ပါဝင်စားပြီး နားထောင်နေရာက ကျွန်တော်ကိုယ်တိုင် တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောချင်စိတ် ဖြစ်မိပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ရှေ့နေကြီးက ကျွန်တော့်ကို ဝင်မပြောဖို့ အကြံပေးထားပါတယ်။ "ခင်ဗျား ဝင်ပြောလိုက်တဲ့ အတွက် ခင်ဗျားအမှုဟာ ဘာမှ ပိုကောင်းလာမှာ မဟုတ်ဘူး" လို့ ကျွန်တော့်ကို သတိပေးထားပါတယ်။ တကယ်ပဲ ကျွန်တော့်ကို ဒီကြားနာစစ်ဆေးမှုထဲက ဖယ်ထုတ်ထားကြဖို့ ပူးပေါင်း ကြံစည်ထားကြသလိုပါပဲ။ ကျွန်တော် ဘာမှ ပြောရေးဆိုခွင့် မရှိစေရဘဲ ကျွန်တော်တို့ရဲ့ ကံကြမ္မာကို ကျွန်တော် လက်လှမ်း မမီရာမှာ ဆုံးဖြတ်ဖို့ပေါ့။

ကျွန်တော့်မှာ သူတို့အားလုံး ပြောဆိုနေကြတာတွေကို ဆဲဆို ပိတ်ပင်လိုက်ပြီး "နေစမ်းပါဦး၊ ဒီတရားရုံးမှာ တရားစွဲ ခံနေရတာ ဘယ်သူလဲ၊ ပြောကြစမ်းပါဦး၊ လူသတ်မှုနဲ့ အစွပ်စွဲခံနေရတဲ့ လူတစ်ယောက်အဖို့ ဒါဟာ အရေးကြီးတဲ့ ကိစ္စပါ။ ကျွန်တော့်မှာ ခင်ဗျားတို့ကို ပြောစရာ အရေးပါတဲ့ စကားတွေ ရှိတယ်ဗျ" လို့ ပြောလိုက်ချင်တဲ့စိတ်က ဖြစ်ဖြစ်လာလို့ ကိုယ့်စိတ်ကို မနည်းကြိုးစားပြီး ချုပ်တည်းနေရပြန်ပါတယ်။

ဒီလိုသာဆိုရတယ်၊ ပြန်စဉ်းစားလိုက်တာလဲ ကျွန်တော့်မှာ ပြောစရာ ဘာမှမရှိဘူးဆိုတာ တွေ့ရပြန်ပါတယ်။ ဘယ်လိုမဆို ကိုယ့်အကြောင်း လူတွေ ပြောနေကြတာကို ကိုယ်တိုင်ကြားရလို့ ဖြစ်တဲ့ စိတ်ဝင်စားမှုကတော့ မကြာခင်ဘဲ ကုန်ခမ်းသွားပြီဆိုတာတော့ ဝန်ခံရမှာပါပဲ။ အထူးသဖြင့် အစိုးရ ရှေ့နေကြီးရဲ့

လျှောက်ချက်တွေဟာ တစ်ဝက်လောက်တောင် မရောက်ခင် ပျင်းစရာကောင်း လာပါတယ်။ ကျွန်တော် တကယ် သတိပြုမိတာတွေကတော့ တစ်ခါတလေ စကားလုံး တစ်လုံး နှစ်လုံးစ၊ တစ်ခါတလေ သူ့ဟန်ပန် အမူအရာ၊ တစ်ခါတလေ ဒေါ်နဲ့မာန်နဲ့ ဖိပြီးတိုက်ခိုက်လိုက်တဲ့ စကားတွေလောက်ပဲ ရှိပါတော့တယ်။ ဒါလဲ အကြာကြီးနေမှ တစ်ခုတလေ ပါပဲ။

ကျွန်တော် နားလည်သလောက်တော့ သူက ကျွန်တော့်ရဲ့ ပြစ်မှုဟာ ကြိုတင်ပြင်ဆင်ပြီးမှ ကျူးလွန်တဲ့ အမှုဖြစ်တယ်ဆိုတာ ထင်ရှားအောင်ပြဖို့ အားထုတ်နေတာပါ။ "ဂျူရီလူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော် ဒါကို ထင်ရှားအောင် အခိုင်အလုံ ပြနိုင်ပါတယ်။ ရှေးဦးစွာ လူကြီးမင်းများ စဉ်းစားဖို့က အမှုသွား အမှုလာဖြစ်ပါတယ်။ ဒါတွေဟာလဲ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပြီး ဖြစ်ပါတယ်။ ပြီးတော့ အမှုရဲ့ အမှောင်ဘက်လို့ ကျွန်တော်ဆိုချင်တဲ့ ပြစ်မှု ကျူးလွန်တတ်သူတို့ရဲ့ စိတ်ထဲမှာ ကြံစည်တွေးတောပုံကို စဉ်းစားဖို့ရှိပါတယ်" ကျွန်တော့်အမေ ဆုံးတဲ့အချိန်ကစပြီး အဖြစ်အပျက် အချက်အလက်တွေကို သူက စုစည်းပြပြီး သူ့အဆိုပြုချက်တွေကို တင်ပြပါတော့တယ်။ သူက ကျွန်တော့်ရဲ့ မေတ္တာတရား ကင်းမဲ့ပုံ၊ အမေ အသက် ဘယ်လောက်ရှိပြီ ဆိုတာကိုတောင် မသိပုံ၊ ရေကူးကန်ကို သွားပြီး မာရီနဲ့တွေ့ပုံ၊ ဖာနန်ဒယ်ပါတဲ့ ရုပ်ရှင်ကို နေ့ပွဲသွားကြည့်ပုံ၊ ပြီးတော့ မာရီကို ကျွန်တော့်အခန်း ခေါ်လာခဲ့ပုံတွေကို အလေးအနက် ဖိပြီးပြောပါတယ်။ အစတော့ သူပြောပြောနေတဲ့ "တရားခံရဲ့ အပျော်မယား"ဆိုတဲ့ စကားကို ကျွန်တော် သိပ်နားမလည်ခဲ့ဘူး။ ကျွန်တော့် အဖို့တော့ မာရီဟာ "မာရီ" ပါပဲ။ ပြီးတော့ ရေမွန်ရဲ့ အကြောင်းကို ရောက်လာပါတယ်။ အချက်အလက်တွေကို သူ ကိုင်တွယ်ပုံကို ကြည့်ရတာ အတော့်ကို ကျွမ်းကျင်လိမ္မာတယ်လို့ ကျွန်တော် ထင်မိပါတယ်။ သူပြောသမျှ အားလုံးဟာ ယုတ္တိရှိသလိုပါပဲ။ နာမည်အလွန်ပျက်နေတဲ့ ရေမွန်လို လူတစ်ယောက်က သူ့ အပျော်မယားကို နှိပ်စက်ရအောင် သူ့အခန်းအရောက် မျှားခေါ်တဲ့ စာကို ရေမွန်နဲ့ ပူးပေါင်းပြီး ကျွန်တော်က ရေးခဲ့တယ်လို့ ဆိုပါတယ်။ ပြီးတော့ သောင်ခြေမှာ ရေမွန်ရဲ့ ရန်သူတွေနဲ့ ရန်ဖြစ်အောင် ကျွန်တော်ကပဲ စ,ပေးတယ်။ ရန်ဖြစ်စဉ်မှာ ရေမွန်ဒဏ်ရာရတော့ ကျွန်တော်ဟာ ရေမွန့်ဆီက ဆံုလည်သေနတ်ကို တောင်းယူပြီး အဲဒီသေနတ်ကို အသုံးပြုဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တစ်ယောက်တည်း ပြန်သွားခဲ့တယ်။ ပြီးတော့ ကျွန်တော် "အာရပ်"ကို ပစ်လိုက်တယ်။ ပထမတစ်ချက် ပစ်ပြီးတော့ ကျွန်တော် စောင့်သေးတယ်တဲ့။ ပြီးမှ သေချာအောင်ဆိုပြီး ပစ်ဖို့ အကြောင်းမရှိဘဲ နောက်ထပ် လေးချက် သွေးအေးအေးနဲ့ သေသူကို တမင်သက်သက် ဆက်ပစ်ခဲ့ပါတယ်တဲ့။

"ကျွန်တော့် အမှုကတော့ ဒါပါပဲ။ ဒီလူကို သူ ဘာလုပ်နေတယ်ဆိုတာ သိလျက် လူတစ်ယောက်ရဲ့ အသက်ကို သတ်လိုက်သည်အထိ ဖြစ်စေတဲ့ အဖြစ်အပျက်အစဉ်ကို ကျွန်တော် တင်ပြခဲ့ပါပြီ။ ဒါကို ကျွန်တော် လေးလေးနက်နက် တင်ပြပါတယ်။ အခု

ကျွန်တော်တို့ စစ်ဆေးနေရတဲ့ အမှုဟာ သက်ညှာခွင့် ပြုချင်ရင် ပြုနိုင်မယ်ဖြစ်တဲ့ ရုတ်တရက်ဖြစ်ရတဲ့ ဒေါသကြောင့် သတ်မိတဲ့ လူသတ်မှုမျိုး မဟုတ်ပါဘူး။ ဂျူရီလူကြီးမင်းများ ခင်ဗျာ၊ တရားခံဟာ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပါတယ် ဆိုတာကို မှတ်သား ထားကြစေချင်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းတွေကို သူဘယ်လို ဖြေသလဲဆိုတာ လူကြီးမင်းများ သတိပြုမိကြမှာပါပဲ။ သူဟာ ဉာဏ်ရှိသူ ဖြစ်ပါတယ်။ စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်ကို နားလည်သူ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော် ထပ်ပြောပြီးပါရစေ၊ သူဟာ ဒီအမှုကို ကျူးလွန်လိုက်စဉ်က သူ ဘာလုပ်မိတယ် မသိဘူးလို့ ယူဆဖို့ဆိုတာ အတော် မဖြစ်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်”

သူက “ဉာဏ်ရှိသူ”ဆိုတဲ့စကားကို အထူး လေးနက်အောင်ဖိပြီး ပြောသွားတာကို ကျွန်တော် သတိထားလိုက်မိပါတယ်။ သာမန် လူတစ်ယောက်အဖို့ဆိုရင် “ကောင်းတယ်”လို့ ထွက်နိုင်တဲ့ အရည်အချင်းတစ်ခုဟာ ဘာကြောင့် တရားခံ တစ်ယောက် အဖို့ကျမှ သူ့မှာ အပြစ်ရှိကြောင်း မလှန်နိုင်လောက်အောင် ခိုင်လုံတဲ့ အထောက်အထား ဖြစ်ရတယ် ဆိုတာကို ကျွန်တော် တွေးလို့မရပါဘူး။ ဒါကို တွေးနေတုန်းမှာ သူ ဆက်ပြောတာတွေကို ကျွန်တော် လွတ်သွားတယ်။ နောက် သူက စိတ်ဆိုး မာန်ဆိုးနဲ့ “ဒါတောင် သူဟာ သူပြုခဲ့မိတဲ့ စက်ဆုတ်ဖွယ် အကောင်းဆုံးအမှုအတွက် နောင်တရပါ တယ်ဆိုတဲ့ စကားမျိုး တစ်ခွန်း ပြောခဲ့သလား။ တစ်ခွန်းမှ မပြောပါဘူး။ ဂျူရီလူကြီးမင်းများခင်ဗျား အမှုစစ်ဆေးနေတဲ့ တစ်လျှောက်လုံးမှာ သူဟာ တစ်ခါမှ နောင်တရတဲ့ အမူအရာဆိုလို့ နည်းနည်းကလေးတောင် မပြခဲ့ပါဘူး” လို့ ပြောသံကြားမှ ပြန်ဆက်မိပါတယ်။

တရားခံခြံဘက်ကိုလှည့်ပြီး ကျွန်တော့်ကို လက်ညှိုးထိုးပြရင်း သူက အဲဒီ လေသံအတိုင်း ဆက်ပြီး ပြောပြန်ပါတယ်။ သူဒါကို ဘာကြောင့် ဒါလောက် အထပ်ထပ် ပြောနေရပါလိမ့်ဆိုတာ ကျွန်တော် တကယ့်ကို နားမလည်နိုင်ပါဘူး။ သူပြောတာ မှန်တယ်ဆို တာကိုတော့ ကျွန်တော် ဝန်ခံရမှာပါပဲ။ တကယ်ပဲ ကျွန်တော် ပြုခဲ့မိတဲ့ အမှုအတွက် ကျွန်တော် သိပ် နောင်တမရခဲ့ပါဘူး။ ဒါလဲ ကျွန်တော့် စိတ်ထဲမှာတော့ သူပြောတာတွေဟာ နည်းနည်းတော့ ပိုလွန်းတယ် ထင်ပါတယ်။ ကျွန်တော်ဟာ တစ်သက်မှာ ဘာအတွက်မှ တစ်ခါမှ တကယ် နောင်တမရနိုင်ခဲ့ဘူးဆိုတာ သူသိအောင် အင်မတန် ခင်မင်တဲ့ မိတ်ဆွေအနေနဲ့ ရှင်းလင်းပြောပြဖို့ အခါအခွင့် ရချင်မိပါတယ်။ ကျွန်တော်ဟာ ပစ္စုပ္ပန်ကာလနဲ့ အနီးစပ်ဆုံး အနာဂတ် ကာလမှာသာ အမြဲတမ်း စိတ်ဝင်စားလွန်းနေတော့ နောက်ကဟာတွေ ကို ပြန်မတွေးနိုင်ခဲ့ပါဘူး။ ဟုတ်ပါတယ်။ ကျွန်တော်ဟာ မလွဲသာ မရှောင်သာ ရောက်နေရတဲ့ အခုလို နေရာမျိုးကနေပြီး တစ်ယောက်ယောက်ကို မိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးစွာ ပြောဖို့ဆိုတာ ကတော့ မဖြစ်နိုင်ဘူးပေါ့။ ကျွန်တော့်မှာက ခင်မင်တဲ့ သဘောထားကိုပြဖို့ စေတနာကောင်းရှိဖို့ အခွင့်အရေး မရှိပါဘူး။ အဲဒီအချိန်မှာ အစိုးရ ရှေ့နေကြီးက ကျွန်တော့်ရဲ့ “ဝိညာဉ်”လို့ ဆိုတဲ့ဟာရဲ့ အကြောင်း ရှင်းလင်း တင်ပြနေတာနဲ့ ဘာတွေများ ပြောဦးမလဲဆိုပြီး

နားစိုက်ထား လိုက်မိပါတယ်။

သူက ကျွန်တော့်ရဲ့ “ဝိညာဉ်” ဆိုတာကို စေ့စေ့စပ်စပ် လေ့လာပြီးပြီ။ ဘာမှ မတွေ့ဘူးလို့ ဆိုပါတယ်။ “ဘာဆိုဘာမှ မရှိပါဘူး ဂျူရီလူကြီးမင်းများ ခင်ဗျား”တဲ့။ သာမန်လူများ စောင့်စည်းအပ်တဲ့ လူကျင့်ဝတ်တရားဆိုလို့ ဘာတစ်ခုမှ ကျွန်တော်ရဲ့ စိတ်ဝိညာဉ်ထဲမှာ မရှိပါဘူးတဲ့။ ပြီးတော့ တစ်ခါ သူက ဒါအတွက် ကျွန်တော် သူကို အပြစ် မတင်သင့်တာကတော့ မှန်ပါတယ်။ လူတစ်ယောက်ကို သူမရနိုင်တာမျိုး မရှိရကောင်းလားလို့ အပြစ်မတင်သာပါဘူးတဲ့။

ဒါပေမယ့် ရာဇဝတ်တရားရုံး ဆိုတာမှာတော့ သည်းခံခွင့်လွှတ်မှုဆိုတဲ့ ခန္တီစဝါဒ သဘောတရားများ အစား တရားနည်းလမ်းကျမှုဆိုတဲ့ ခိုင်မာမြင့်မားတဲ့ ဝါဒသဘောတရားများကို ကျင့်သုံးရပါလိမ့်မယ်။ အထူးသဖြင့် ယခု လူကြီးမင်းများရဲ့ ရှေ့မှောက်ရောက်တဲ့ လူကို လူတို့ရဲ့ ကောင်းမြတ်တဲ့ ပင်ကိုစိတ်ဆိုလို့ တစ်စက်မှမရှိတဲ့ လူ့အဖွဲ့ အစည်းမှာ အန္တရာယ်ဖြစ်နေတဲ့ လူမျိုးအတွက် ဆိုရင်ပေါ့တဲ့။ ပြီးတော့ သူက ဆက်လက်ပြီး အမှုကြားနာစဉ်က သူပြောခဲ့တာတွေကို ထပ်ပြောပြီး အမေ့အပေါ် ကျွန်တော့် အပြုအမူတွေကို ဆွေးနွေးသွားပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော့် အမှုအကြောင်းကို ပိုပြီးပြည့်ပြည့်စုံစုံ ပြောသွားပါတယ်။ အဲသလောက် ပြည့်စုံအောင် ပြောနေပြန်တော့လဲ ကျွန်တော် လိုက်နားထောင် မနေမိတော့ပါဘူး။ တရိပ်ရိပ် မှန်မှန်ကြီး တက်လာတဲ့ အပူရှိန်ကိုပဲ သတိပြုမိပါတော့တယ်။

တစ်နေရာမှာ အစိုးရရှေ့နေကြီးဟာ ရပ်နားလိုက်ပြီး တစ်ခဏလောက် တိတ်ဆိတ်နေရာက ခပ်တိုးတိုး တုန်ရင်တဲ့လေသံနဲ့ “ဂျူရီလူကြီးမင်းများ ခင်ဗျား၊ မနက်ဖြန်ဆိုရင် ဟောဒီ တရားရုံးတော်က အလွန်တရာမှ စက်ဆုပ်ရွံမုန်းဖွယ် ပြစ်မှုမျိုးဖြစ်တဲ့ သားက အဖေကိုသတ်တဲ့ အမှုကို စစ်ဆေးစီရင် စီရင်ရပါလိမ့်မယ်”လို့ ပြောလိုက်ပါတယ်။

သူ့ အမြင်မှာတော့ အဲဒီ ပြစ်မှုမျိုးဟာ မကြံအပ် မစည်ရာလို့ ဆိုရမယ့် အမှုမျိုးပဲတဲ့။ ဒါပေမယ့် မယွင်းမမှား တရား နည်းလမ်းကျအောင် စီရင်ရလိမ့်မယ်လို့တော့ သူ မျှော်လင့်မိပါသတဲ့။ ဒါတောင်မှ “သူ့မှာ ကျွန်တော့်ရဲ့ လူမဆန်မှုကြောင့် ဖြစ်ရတဲ့ မုန်းတီးရွံရှာစိတ်နဲ့ ယှဉ်လိုက်မယ်ဆိုရင် အဲဒီ အဖေသတ်မှုကြောင့် ဖြစ်ရတဲ့ မုန်းတီးရွံရှာစိတ်ဟာ မှေးမှိန် သွားလောက်ပါတယ်”လို့ အရဲစွန့်ပြီး ဆိုလိုက်ပါသေးတယ်။

“သူ့ရဲ့ ဝတ္တရား ပျက်မှုကြောင့် သူ့အမေ သေဆုံးရသတဲ့။ ဟောဒီလူဟာလဲ မိမိကို လူပြည်ရောက်အောင် ပို့ပေးခဲ့တဲ့ အဖေကို သေအောင် သတ်လိုက်တဲ့ လူလိုပဲ လူ့အဖွဲ့အစည်းထဲမှာ မရှိသင့်တဲ့ လူမျိုး ဖြစ်ပါတယ်။ ပြီးတော့လဲ ပြစ်မှုတစ်မျိုးဟာ

နောက်တစ်မျိုးကို ကျူးလွန်စေအောင် သွေးဆောင်တတ်တဲ့ သဘော ရှိပါတယ်။ ဒီလို ပြစ်မှုမျိုး ကျူးလွန်သူနှစ်ဦးအနက် ပထမလူဖြစ်တဲ့ အခု လူကြီးမင်းများ ရှေ့မှောက်ရောက်နေတဲ့ လူက ရှေ့သွား ဖြစ်ပါတယ်။ ဒုတိယ ပြစ်မှုမျိုးကို ကျူးလွန်စေဖို့ အစဉ်အလာတစ်ခု လုပ်ပေး လိုက်သလို ဖြစ်ပါတယ်။ ဟုတ်ပါတယ် လူကြီးမင်းများ ခင်ဗျား" ပြောရင်းက သူ့အသံကို တစ်ပေါက်လောက် မြင့်လိုက်ပြီး "ကျွန်တော်က နက်ဖြန် ဒီရုံးတော်က စစ်ဆေးစီရင်မယ့် လူသတ်မှုမျိုးကို ကျူးလွန်စေအောင် ပြုတဲ့အတွက်လဲ အခု ရုံးတော်ရှေ့မှာရှိတဲ့ တရားခံမှာ အပြစ်ရှိပါတယ်လို့ဆိုရင် ကျွန်တော်ဟာ တရားခံအပေါ် အပြစ်ပေးအောင် အမှုကို တမင်ပုံကြီးချဲ့ပြီး ပြောနေတယ်လို့ လူကြီးမင်းများ ထင်မယ် မဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်။ ပြီးတော့ အပြစ် အလျောက် ချမှတ်တဲ့ လူကြီးမင်းများရဲ့ အဆုံးအဖြတ်ကိုလဲ စောင့်မျှော်လျက် ရှိပါတယ်"လို့ ပြောလိုက်ပါတယ်။

အစိုးရရှေ့နေကြီးဟာ သူ့မျက်နှာကို ချွေးသုတ်ဖို့ ခဏ နားလိုက်ပါတယ်။ ပြီးတော့ သူ့အလုပ်တာဝန်ဟာ အလွန်တရာ စိတ်မချမ်းမြေ့စရာ ဖြစ်တဲ့အကြောင်း၊ ဒါပေမယ့် သူဟာ ဒီတာဝန်ကို မတွန့်မဆုတ် ထမ်းဆောင်မယ့် အကြောင်း ပြောပြီး "ဒီလူဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အခြေခံကျင့်ဝတ်တွေကို အရှက်အကြောက်မရှိ ဖောက်ဖျက်ခဲ့တဲ့အတွက် အဲဒီ လူ့အဖွဲ့အစည်းမှာ သူ့အတွက် နေရာ မရှိပါဘူးဆိုတာကို ကျွန်တော် ထပ်ပြောပါတယ်။ သူ့မှာ မေတ္တာတရား ကင်းမဲ့လျက် ကရုဏာနဲ့ သက်ညှာမှုကို တောင်းခံပိုင်ခွင့် မရှိပါဘူး။ တရားဥပဒေအရ အကြီးလေးဆုံး အပြစ်ဒဏ်ကိုသာ ပေးပါလို့ ကျွန်တော် တောင်းဆိုပါတယ်။ အဲသလို တောင်းဆိုရာမှာလဲ ကျွန်တော်ဟာ စိတ်ထဲမှာ ဘယ်လိုမှ မကောင်းမဖြစ်ဘဲ တောင်းဆိုပါတယ်။ ကျွန်တော်ရဲ့ ရှည်လျားတဲ့ အမှုထမ်းသက် တစ်လျှောက်လုံးမှာ အလုပ်တာဝန်အရ မကြာခဏ ဆိုသလို တရားခံကို သေဒဏ်ပေးဖို့ တောင်းဆိုခဲ့ဖူးပါတယ်။ အဲသလို စိတ်မချမ်းမြေ့စရာ အလုပ်မျိုးကို လုပ်ခဲ့ရာမှာလဲ အခု အမှုမှာလို ဘယ်တုန်းကမှ စိတ်လက် မပေါ့ပါးခဲ့ဖူးပါဘူး။ သက်ညှာခွင့်အတွက် ဂျူရီလူကြီးမင်းများရဲ့ အဆုံးအဖြတ်ကို တောင်းခံတဲ့အခါမှာ ကျွန်တော်ဟာအလေး အမြတ်ထားရမယ့် အလုပ်တာဝန်တို့၊ ကိုယ့်လိပ်ပြာတို့ကိုသာမက လူစိတ်ဆိုလို့ တစ်ဆံခြည်မှ မရှိတဲ့ ရာဇဝတ်ကောင်များကို မြင်ရင် ဖြစ်သင့်တဲ့အတိုင်း အလိုလို ဖြစ်လာတတ်တဲ့ နှလုံးသားနာတဲ့ စိတ်တို့ကိုပါ ရှေ့ကထားခဲ့ပါတယ် ခင်ဗျာ"

အစိုးရရှေ့နေကြီး ထိုင်သွားတဲ့အခါ အတော်ကြာအောင် တိတ်ဆိတ်သွားပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ နေကလဲပူ၊ ကြားခဲ့ရတာတွေကိုလဲ အံ့အားသင့်ဆိုတော့ တခြား ဘာမှ သတိမရနိုင် အောင်ပါပဲ။ ခုံရုံးဥက္ကဋ္ဌက ချောင်းကလေး ဟန့်လိုက်ပြီး ခပ်တိုးတိုး လေသံနဲ့ ကျွန်တော့်ကို ပြောစရာရှိသလား" လို့ မေးပါတယ်။

ကျွန်တော် ထိုင်ရာက ထလိုက်ပြီး စကားပြောချင်စိတ်လဲ ရှိတာနဲ့ စိတ်ထဲမှာ အဦးဆုံးပေါ်လာတဲ့အတိုင်း “ကျွန်တော့်မှာ အာရပ်ကို သတ်ဖို့ ရည်ရွယ်ချက် မရှိဘူး” ဆိုတဲ့ စကားကို ပြောလိုက် ပါတယ်။ တရားသူကြီးက “ဒီစကားကို ရုံးတော်က ထည့်သွင်း စဉ်းစားပါမယ်” လို့ ပြောပါတယ်။ ဒီအတောအတွင်း ကျွန်တော့် ရှေ့နေကြီးက လျှောက်လဲချက်မပေးခင် ကျွန်တော် ဒီပြစ်မှုကို ကျူးလွန်ရတဲ့အကြောင်းဟာ ဘာလဲဆိုတာ သူ သိရရင် ဝမ်းသာမယ်လို ပြောပါတယ်။ အခုအချိန်ထိတော့ ကျွန်တော့်ဘက်က ကာကွယ် ပြောဆိုရာမှာ တင်ပြတဲ့ အကြောင်းတွေကို သူကောင်းကောင်း နားမလည်သေးဘူး”လို့ ဆိုပါတယ်။

ကျွန်တော်က ဒါဟာ အပူရှိန်ကြောင့် ဖြစ်ရတာပါလို့ ရှင်းပြဖို့ အားထုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော် စကားပြောတာက မြန်လွန်းနေတော့ ဗလုံးဗထွေး ဖြစ်သွားပါတယ်။ ကျွန်တော်စကားဟာ လူရယ်စရာလို ဖြစ်သွားတာကိုလဲ ကျွန်တော် သိလိုက်ပါတယ်။ တကယ်လဲ တီးတိုးရယ်လိုက်ကြတဲ့ အသံတွေကို ကျွန်တော် ကြားရပါတယ်။

ကျွန်တော် ရှေ့နေကြီးကတော့ ပခုံးပဲ ချီလိုက်ပါတယ်။ ပြီးတော့ ရုံးတော်ကို လျှောက်လွှဲခွင့်ပေးဖို့ သူ့အလှည့် ကျလာပါတယ်။ ဒါပေမယ့် သူပြောတာကတော့ အချိန်လဲ နည်းနေပြီ ဖြစ်တဲ့အတွက် ရုံးတော်ကို နောက်တစ်ရက် ညနေပိုင်း အထိ ရွှေ့ဆိုင်းဖို့သာ ဖြစ်ပါတယ်။ ဒါကို တရားသူကြီးက သဘောတူလိုက်ပါတယ်။ နောက်တစ်ရက် ကျွန်တော်ကို ပြန်ခေါ်လာတော့ လျှပ်စစ်ပန်ကာတွေဟာ သိပ်သည်းတဲ့ လေထဲမှာ တအိအိလည်တုန်းပဲ။ ဂျူရီလူကြီးများဟာလဲ သူတို့ရဲ့ အရောင်တောက်တောက် ယပ်တောင်ကလေးတွေကို ချက်မှန်မှန် ခပ်လို့။ တရားခံဘက်က လျှောက်လဲခန်း ဟာလဲ မဆုံးတော့ဘူးလို့ပါပဲ။ ဒါပေမယ့် တစ်ချက်မှာတော့ ကျွန်တော် နားစွင့်ထောင်လိုက်မိတယ်။ သူက “ကျွန်တော့် လူတစ်ယောက် ကို သတ်ခဲ့တယ်ဆိုတာ မှန်ပါတယ်”လို ပြောလိုက်တဲ့ အချိန်ကပါ။ သူက အဲဒီလေ အတိုင်းပါပဲ။ ကျွန်တော့်ကို ရည်ညွှန်းပြီး ပြောတဲ့အခါ သူ့ကိုယ်သူ “ကျွန်တော်”လို့ပဲ ပြောနေပါတယ်။ ကျွန်တော့် စိတ်ထဲမယ် ဆန်းတယ်ထင်လို့ ကျွန်တော့် ညာဘက်က ပုလိပ်သားကို ကုန်းပြီး ဒါကို ရှင်းပြဖို့ ပြောလိုက်ပါတယ်။ အဲဒီ ပုလိပ်သားက ကျွန်တော့်ကို “တိတ်တိတ်နေ”လို့ ဆိုတယ်။ ခဏနေတော့ လေသံနဲ့ “သူတို့ ဒီလိုပဲပြောတယ်”လို့ တိုးတိုးပြောပြပါတယ်။ ကျွန်တော့် နေရာမှာ ကျွန်တော့်ရှေ့နေကို ထားပြီးတော့ ကျွန်တော်ကို စာရင်း ဖျောက်လိုက်ကြမယ့်သဘော ဆိုပါတော့။ ဒီအမှုထဲက ကျွန်တော့်ကို နောက်ထပ် ဖယ်ထုတ်ထားဦးမယ့် သဘောပဲ ဖြစ်မယ်လို့ ကျွန်တော် ထင်မိပါတယ်။ ဘယ်လိုဖြစ်ဖြစ်လေ၊ ဒါဟာ အရေးမကြီးလှပါဘူး။ ကျွန်တော့်ရဲ့ စိတ်ကတော့ ဒီရုံးခန်းကြီးနဲ့ ဒီငြီးငွေ့စရာ ကောင်းတဲ့ ကြားနာစစ်ဆေးမှုတွေက ဝေးရာကမ္ဘာများစွာ ခြားနား နေတဲ့နေရာကို ရောက်နေပါပြီ။

ဘယ်လိုမဆို ကျွန်တော့်ရှေ့နေကြီးကတော့ လူရယ်စရာဖြစ်အောင်ကို ပျော့ညံ့တယ်လို့ ကျွန်တော့်စိတ်မှာ ထင်မိပါတယ်။ သူက ပြစ်မှုကျူးလွန်ဖြစ်အောင် လှုံ့ဆော်တဲ့အချက်များကို ခပ်သုတ်သုတ် ပြောသွားတယ်။ ပြီးတော့ သူကလဲ ကျွန်တော့်ရဲ့ "ဝိညာဉ်" အကြောင်းကို စ,ပြောပါလေတော့တယ်။ ဒါပေမယ့် သူဟာ အစိုးရ ရှေ့နေကြီးထက် အများကြီး ညံ့တယ်လို့ ကျွန်တော် ထင်မိပါတယ်။ သူက "ကျွန်တော်လဲပဲ ဒီလူရဲ့ စိတ်ဝိညာဉ်ကို စေ့စေ့စပ်စပ် လေ့လာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေ အစိုးရ ရှေ့နေကြီး ပြောသလို သူ့ဝိညာဉ်ထဲမှာ ဘာဆို ဘာမှ မရှိဘူးဆိုတာ မဟုတ်ပါဘူး။ ရှိတယ်လို့ တွေ့ရပါတယ်။ ကျွန်တော်ဟာ တရားခံရဲ့ စိတ်ကို စာအုပ်တစ်အုပ် ဖွင့်ဖတ်သလို ဖတ်ထားပါတယ်" တဲ့။ သူ အဲ့သလို ကျွန်တော့်ကို ဖတ်မိတာကတော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ အလုပ်ရှင်ရဲ့ အဆိုအရ အလုပ်ကို အစွမ်းကုန် လုပ်ဆောင် တတ်တဲ့ တာဝန်သိ လူတော် လူကောင်း လူငယ်တစ်ယောက် ဖြစ်ပါသတဲ့။ ကျွန်တော်ဟာ လူချစ် လူခင်များပြီး သူတစ်ပါးရဲ့ ဒုက္ခတွေကို ကိုယ်ချင်းစာတတ်သူ ဖြစ်ပါသတဲ့။ သူ့အဆိုအရတော့ ကျွန်တော်ဟာ ကျွန်တော် တတ်စွမ်းနိုင်သလောက်အထိ အမေ့ကို ထောက်ပံ့ကျွေးမွေးတဲ့ တာဝန်သိ သားကောင်းတစ်ယောက် ဖြစ်ပါသတဲ့။ ကျွန်တော်ဟာ အတန်တန် နှိုင်းချိန် စဉ်းစားပြီးမှ ဘိုးဘွားရိပ်သာမှာဆိုရင် အဘိုးကြီးအဖို့ ကျွန်တော့်ဝင်ငွေနဲ့ မတတ်နိုင်တဲ့ သက်သောင့်သက်သာ အနေအထိုင်မျိုး ရနိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချခဲ့ပါသတဲ့။ သူက "ကျွန်တော့်ရဲ့ ပညာရှိမိတ်ဆွေကြီးက ရိပ်သာကို ရည်ညွှန်းပြီး ပြောစဉ်က ဒီရိပ်သာဆိုတာရဲ့အပေါ် သူ့သဘောထားပုံနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ အလွန်တရာ အံ့အားသင့်ရပါတယ်။

ဂျူရီလူကြီးမင်းခင်ဗျား၊ အဲဒီ ရိပ်သာဆိုတဲ့ အဖွဲ့အစည်းမျိုးဟာ ကောင်းမွန်ပါတယ်ဆိုတာကို အထောက်အထားပြဖို့ လိုမယ် ဆိုရင် ဒါတွေကို အစိုးရဌာနတစ်ခုက ငွေကြေးအကုန်အကျခံပြီး တည်ထောင် ဖွင့်လှစ်ထားတာတွေ ဖြစ်တယ်ဆိုတာကို သတိရရုံနဲ့ လုံလောက်ပါတယ်လို့ ပြောရပါတယ်။ သူ့လျှောက်လဲချက်ထဲမှာ အသုဘချတဲ့ အကြောင်းကို ဘာမှ ထည့်မပြောတာကို ကျွန်တော် သတိပြုမိပါတယ်။ ဒါဟာ အရေးကြီးတဲ့ ထိန်ချန်မှုဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမယ့်ဗျာ သူကလဲ စကားတုက ရှည်ရှည်နဲ့ ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်တို့ ဘာတို့ဆိုတာတွေ အကြောင်း ဆွေးနွေး နေလိုက်ကြတာကလဲ နာရီပေါင်းများစွာ၊ နေ့ပေါင်းများစွာ မပြီးနိုင်အဆုံးဆိုတော့ ကျွန်တော့်စိတ်တွေလဲ ဝေဝေဝါးဝါး ဖြစ်လာတာ တွေ့ရပါတယ်။ အားလုံးဟာ မှုန်မှိုင်းပြီးတော့ ရေငွေ့လို ပြန့်ပြီး အံ့ဆိုင်းသွားပါတော့တယ်။

ဒီအထဲမှာ တစ်ခုပဲ ထင်ရှားလာပါတယ်။ နေကုန်ခါနီးကျတော့ ကျွန်တော့် ရှေ့နေကြီးက သူ့ရဲ့ လျှောက်လဲခန်းကြီးကို အတွင်းရွှတ် နေတုန်းမှာပဲ လမ်းထဲက ရေခဲမုန့်ရောင်းသမားရဲ့ သံဖြူခရာသံ စူးစူးရှရှကလေးက အဆက်မပြတ် စီးဆင်းနေတဲ့

စကားလုံးတွေ ကြားထဲက ကြားလိုက်ရခြင်းပါ။

အဲဒီအခါမှာ ကျွန်တော့်ရဲ့ စိတ်ထဲက ရှေးဖြစ်ဟောင်းတွေ တသီကြီးကို အဓောက်မေ့လိုက်ပါတယ်။ အခု ကျွန်တော်နဲ့ ဘာမှ မဆိုင်တော့တဲ့ဘဝ၊ တစ်ခါက ကျွန်တော့်ကို အင်မတန် ရိုးသားတဲ့ ပျော်ရွှင်မှုတွေကို အသေအချာ ပေးခဲ့တဲ့ဘဝက အဖြစ်ဟောင်းတွေ၊ နွေရာသီရဲ့ ပူနွေးတဲ့ရနံ့တွေ၊ ကျွန်တော် လျှောက်နေကျလမ်းတွေ၊ ညနေဆည်းဆာရဲ့ ကောင်းကင်၊ မာရီရဲ့ အဝတ်အစားတွေနဲ့ရယ် မောသံ ဆိုတာတွေပေါ့။ အခု ဒီမှာ ဖြစ်ပျက်နေတာတွေရဲ့ အနှစ်သာရ ကင်းမဲ့ပုံကို တွေးမိတော့ ကျွန်တော့်မှာ လည်ပင်းကို အညှစ်ခံရသူလို အန်ချင်လာပါတယ်။ ပြီးတော့ ကျွန်တော့်မှာ ဆန္ဒတစ်ခုပဲ ရှိပါတော့တယ်။ ဒါတွေ အားလုံးပြီးလို့ ကျွန်တော် အကျဉ်းခန်း ကလေးထဲ ပြန်သွားပြီး အိပ်ဖို့၊ တစ်ခါတည်း အိပ်လိုက်ဖို့။

ကျွန်တော့် ရှေ့နေကြီးက နောက်ဆုံး လျှောက်လဲချက်တွေ ပေးနေတာကို ကျွန်တော် မသဲမကွဲ ကြားနေရပါတယ်။

"ဂျူရီလူကြီးမင်းများ ခင်ဗျာ၊ ကံမကောင်း အကြောင်းမလှတဲ့ တစ်ခဏလေးမှာ သတိလက်လွတ် ဖြစ်သွားရတဲ့ အမှုနဲ့တော့ဖြင့် ဒီအလုပ်ကြိုးစားတဲ့ လူတော်လူကောင်း လူငယ်လေးတစ်ယောက်ကို အသက်ဆုံးရှုံးစေမယ့် အဆုံးအဖြတ်မျိုး မပေးနိုင်ကြပါဘူး မဟုတ်လား။ အခုလဲ သူ့မှာ သူပြုခဲ့တဲ့အမှုအတွက် တစ်သက်လုံး နောင်တရမယ့် အပြစ်ဒဏ်ကို ခံရတော့မယ် မဟုတ်ပါလား။ ဒါကြောင့် ဒီအမှုဟာ သက်ညှာခွင့်အတွက် အကြောင်းအချက်များရှိတဲ့ လူသတ်မှုပါလို့သာ ဖြစ်နိုင်တဲ့ လူကြီးမင်းများရဲ့ အဆုံးအဖြတ်ကို ကျွန်တော် စိတ်ချယုံကြည်စွာ စောင့်မျှော်နေပါတယ် ဂျူရီလူကြီးမင်းများ ခင်ဗျား"

တရားသူကြီးများ ခဏနားဖို့ ရုံးဆင်းသွားတော့ ရှေ့နေကြီးလဲ ပင်ပန်းနွမ်းနယ်စွာ ထိုင်ချလိုက်ပါတယ်။ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေက သူ့ဆီလာ လက်ဆွဲနှုတ်ဆက်ကြပြီး တစ်ယောက်က "ကောင်းပါပေ့ ကိုယ့်လူကြီးရာ၊ ရဲရင့်ပါပေတယ်" လို့ ပြောနေသံ ကြားရပါတယ်။ တခြား ရှေ့နေတစ်ယောက်ကတော့ ကျွန်တော့်ကိုတောင် သက်သေထူချင်တဲ့ သဘောနဲ့ "ကောင်းတယ်နော်"လို လာပြောလိုက်ပါသေးတယ်။ ကျွန်တော်က "ဟုတ်ကဲ့" လို့တော့ ပြောလိုက်ပါတယ်။ ဒါပေမယ့် စိတ်ထဲကတော့ မပါပါဘူး။ ကျွန်တော့်မှာ သိပ်ပြီး ပင်ပန်း နွမ်းနယ်လွန်းနေတော့ သူ့လျှောက်လဲချက်တွေဟာ ကောင်းသလား၊ မကောင်းသလား မဆုံးဖြတ်တတ်တော့ပါဘူး။

အဲဒီအချိန်မှာ နေလဲဝင်သွားပြီမို့ အပူချိန်ဟာလဲ လျှော့စပြု လာပါတယ်။ လမ်းပေါ်ကနေပြီး ကျွန်တော့်ဆီကို ရောက်လာတဲ့ ဝိုးတဝါး အသံတွေကို ကြားရတော့

ညနေ အနေချိန်ရောက်ပြီဆိုတာကို သိလိုက်ရပါတယ်။ ကျွန်တော်တို့အားလုံး ဆက်ထိုင်ပြီး စောင့်နေ ကြရပါတယ်။ ပြီးတော့ အဲသလို အားလုံး စောင့်နေကြရတဲ့ကိစ္စ အတွက်ကတော့ ကျွန်တော်မှတစ်ပါး ဘယ်သူမှ စိုးရိမ်ပူပန်ခြင်း မဖြစ်ရပါဘူး။ ကျွန်တော်လဲ ရုံးခန်းထဲကို လှည့်ပတ်ပြီး ကြည့်လိုက်ပါတယ်။ အားလုံး ပထမနေ့က အတိုင်းပါပဲ။ ကျွန်တော့်ကို စိုက်ကြည့်နေတဲ့ မီးခိုးရောင်ဝတ်စုံနဲ့ သတင်းစာဆရာကလေးနဲ့ စက်ရုပ်လို မိန်းမတို့နဲ့လဲ အကြည့်ချင်း ဆုံမိပါတယ်။ သူတို့ကို မြင်တော့မှ ကျွန်တော့်အမှု ကြားနာစစ်ဆေးစဉ် တစ်လျှောက်လုံး ကျွန်တော် မာရီရဲ့ မျက်နှာချင်း ဆိုင်မိဖို့ တစ်ခါက မကြိုးစားခဲ့မိဘူးဆိုတာကို သတိရတော့တယ်။ ကျွန်တော် သူ့ကို မေ့နေတာတော့ မဟုတ်ဘူး။ ကျွန်တော့်အတွေးနဲ့ ကျွန်တော်မို့ပါပဲ။ အခု သူ့ကို ဆေးလက်စ်နဲ့ ရေမွန်တို့အကြားမှာ ထိုင်နေတာ တွေ့ရပါပြီ။ သူကလဲ "အခုမှပဲ တွေ့တော့တယ်" ဆိုတဲ့ သဘောနဲ့ လက်ကလေးကို ရမ်းပြလိုက်ပါတယ်။ သူ ပြုံးနေပေမယ့် အတော် စိုးရိမ်နေဟန် တူပါတယ်။ ကျွန်တော့်ရင်ထဲမှာ တင်းကျပ်ပြည့်ခဲ့နေတော့ သူ့ကိုတောင် ပြန်ပြီး ပြုံးမပြနိုင်ခဲ့ပါဘူး။

တရားသူကြီးတွေ သူတို့ရဲ့ နေရာတွေကို ပြန်ရောက်လာကြမျိုးကလဲ ဥပဒေကြောင်းအရက လွဲရင် အင်မတန် ခက်ခဲတယ်တဲ့။ သူဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော်သိပါတယ်။ သဘောလဲ တူပါတယ်။ ဒီကိစ္စကို ဘက်မလိုက်ဘဲ ကြည့်ရင် သူမြင်သလို ကျွန်တော် မြင်နိုင်ပါတယ်။ ဒီလိုမှ မဟုတ်ရင် ဥပဒေကြောင်းအရကတော့ လိုက်လို့ ဆုံးတော့မှာ မဟုတ်ဘူးပေါ့။ သူက ဘယ်လိုပဲ ဖြစ်ရပါတယ်။ တစ်ယောက်က ဂျူရီလူကြီးများကို မေးတဲ့ မေးခွန်းတွေ တသီကြီးကို အမြန် ဖတ်ပြ သွားပါတယ်။ ကျွန်တော်လဲ ဟိုနားတစ်ခွန်း ဒီနားတစ်လုံး ဆိုသလို ဖမ်းမိပါတယ်။ သေစေလိုတဲ့ စေတနာနဲ့ ကြိုတင်ပြင်ဆင်ပြီး ကျူးလွန်တဲ့ လူသတ်မှု၊ ပြစ်မှုကျူးလွန် ဖြစ်အောင် လှုံ့ဆော်တဲ့ အကြောင်းအချက်များ၊ သက်ညှာခွင့်အတွက် ထည့်သွင်း စဉ်းစားရမယ့် အကြောင်းအချက်များ၊ ဂျူရီလူကြီးများ ထွက်သွားကြတော့ ကျွန်တော့်ကိုလဲ အရင်တစ်ခါ ကျွန်တော် စောင့်ခဲ့ဖူးတဲ့ အခန်းကလေးထဲကို ခေါ်သွားကြပါတယ်။ ကျွန်တော့် ရှေ့နေက ကျွန်တော့်ကို လာတွေ့တယ်။ သူဟာ အလျင်အလျင်ကထက် စိတ်ချယုံကြည်မှု ရှိပုံရပြီး ဖော်ဖော်ရွေရွေနဲ့ စကားတွေလဲ သိပ်ပြောပါတယ်။ သူက ကျွန်တော့်ကို "အားလုံး ဟန်ကျသွားမှာပါ။ ထောင်ဒဏ် သုံးလေးနှစ်ကျချင်ကျ၊ တစ်ကျွန်းပို့ဒဏ် ကျချင်ကျပြီး သေဒဏ်က လွတ်မှာပါ"လို့ အာမခံတယ်။ ကျွန်တော်က ကွင်းလုံးကျွတ် လွတ်နိုင်ဖို့လမ်းများ ရှိသလားလို့မေးတော့ သူက "ဒီလိုတော့ လွတ်ဖို့ မရှိဘူး"တဲ့။ "ဂျူရီလူကြီးတွေ အထင်အမြင် မှားကုန်နိုင်တယ်ဆိုပြီး ဒါနဲ့ ပတ်သက်တဲ့ ဥပဒေအကြောင်းဆိုင်ရာ အချက်အလက်တွေ မတင်ပြခဲ့ဘူး" လို့ ဆိုပါတယ်။ ကွင်းလုံးကွတ် လွတ်ဖို့ဆိုတာ ဖြစ်ရ ရိုးရိုးနည်းနဲ့ အယူခံဝင်နိုင်သေးတာပဲ။ "ဒါပေမယ့် ဂျူရီလူကြီးတွေရဲ့ အဆုံးအဖြစ်ဟာ ခင်ဗျားဖို့ ကောင်းပါလိမ့်မယ်လေ" လို့ ပြောပါတယ်။

ကျွန်တော်တို့ အတော်ကြီးကြာအောင် စောင့်ကြရပါတယ်။ နာရီသုံးမတ်လောက် ကြာမယ် ထင်ပါတယ်။ ပြီးတော့ ခေါင်းလောင်း ကလေးတစ်ခု မြည်ပါတယ်။ ကျွန်တော့် ရှေ့နေကြီးလဲ ကျွန်တော့်ကို ဂျူရီခေါင်းဆောင်က သူတို့ရဲ့အဖြေကို ဖတ်ပြလိမ့်မယ်” လို့ ပြောပြီး ထွက်သွားပါတယ်။

တံခါးတချို့ ဒိုင်းခနဲ ပိတ်တဲ့အသံ ကြားလိုက်ရပြီး လူတွေ လှေကားက ခပ်သုတ်သုတ် ဆင်းသွားကြတဲ့ အသံလဲကြားလိုက် ရပါတယ်။ အနီးအနားကပဲလား၊ အဝေးကပဲလားဆိုတာတော့ မပြောနိုင်ပါဘူး။ ပြီးတော့ ရုံးခန်းဆီက လူတစ်ယောက်တည်း တောက်လျှောက် စကားပြောသွားတဲ့ အသံတစ်ခုကို ကြားနေရပါတယ်။ နောက်တစ်ခါ ခေါင်းလောင်းတီးလိုက်လို့ ကျွန်တော် တရားခံ ခြံကလေးထဲ ပြန်ဝင်ခဲ့ရတော့ ရုံးခန်းကြီးတစ်ခုလုံးရဲ့ တိတ်ဆိတ်မှုဟာ ကျွန်တော့်ကို လွှမ်းခြုံလိုက်သလို ဖြစ်ပြီး ငြိမ်သက်နေတာနဲ့အမျှ ဟိုသတင်းစာ ဆရာကလေးဟာ ကျွန်တော့်ဆီက မျက်နှာလွှဲနေတာကို ပထမဆုံးအကြိမ် သတိပြုမိလိုက်တော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားပါတယ်။ မာရီ ရှိရာဘက်ကိုတော့ လှည့်မကြည့်မိဘူး။ တကယ်က ခုံရုံးဥက္ကဋ္ဌ တရားသူကြီးက သူရဲ့ငြီးငွေ့ဖွယ် ရှည်လျားလှတဲ့ စီရင်ချက်ကြီးကို စတင်ဖတ်နေပြီ ဖြစ်တဲ့အတွက် ကြည့်ဖို့လဲ အချိန်မရတော့ပါဘူး။ စီရင်ချက်ကတော့ “ပြင်သစ် ပြည်သူ ပြည်သားများအတွက် ကျွန်တော့်ကို အများပြည်သူတို့ မြင်နိုင်သူ တစ်နေရာမှာ ခေါင်းဖြတ်ပြီး သတ်စေ” ဆိုတဲ့ သဘောပါပဲ။

အဲဒီအချိန်မှာ အဲဒီမှာ ရှိနေကြတဲ့လူတွေရဲ့ မျက်နှာအမူအရာကို ကျွန်တော် အဓိပ္ပာယ် ဖော်တတ်တယ်လို့ ထင်မိပါတယ်။ လေးစားမှု၊ ကိုယ်ချင်းစာမှုဆိုတာမျိုး၊ ပုလိပ်သားများကလဲ ကျွန်တော်တို့ ညင်ညင်သာသာကိုယ်တွယ်ကြတယ်။ ရှေ့နေကြီးကလဲ ကျွန်တော် လက်ခေါက်ပေါ် သူ့လက်လာတင်လိုက်ပါတယ်။ ကျွန်တော်ကတော့ ဘာဆိုဘာမှ စဉ်းစား မနေတော့ပါဘူး။ ကျွန်တော့်ကို “ဘာများ ထပ်ပြောစရာ ရှိသေးသလဲ”လို့ မေးလိုက်တဲ့ တရားသူကြီးရဲ့ အသံကို ကျွန်တော် ကြားပါတယ်။ တစ်ခဏလောက် တွေးလိုက်ပြီး ကျွန်တော်က “မရှိပါဘူး” လို့ ဖြေလိုက်ပါတယ်။ ပြီးတော့ ပုလိပ်သား တွေက ကျွန်တော့်ကို ခေါ်ထုတ်သွားကြပါတယ်။

အခန်း ၅

ကျွန်တော် အခုပဲ ထောင်ဘုန်းကြီးကို တွေ့ဖို့ကိစ္စ တတိယ အကြိမ် ငြင်းဆိုလိုက်တယ်။ ကျွန်တော် သူ့ကို ပြောစရာ ဘာမှ မရှိဘူး။ စကား ပြောချင်စိတ်လဲ မရှိဘူး။ ဘယ်လိုဖြစ်ဖြစ် မကြာခင်ဘဲ သူ့ကို တွေ့ပါမယ်လို့တော့ ပြောလိုက်တယ်။ အခု ကျွန်တော် စိတ်ဝင်စားနေတာကတော့ "ခေါင်းဖြတ်စက်ကြီးကို လွတ်အောင် ရှောင်တိမ်းဖို့ ပြဿနာပဲ" မလွဲမရှောင်သာ တွေ့ ရမယ့်ကိစ္စမှာ ထွက်ပေါက်ကလေးများ ရှိလေမလားဆိုတာ ရှာကြည့်နေမိတယ်။

ကျွန်တော့်ကို အကျဉ်းခန်း နောက်တစ်ခုထဲကို ရွှေ့လိုက်ကြပါတယ်။ ဒီအခန်းမှာ ကျွန်တော် ပက်လက် အိပ်နေရင်း မိုးကောင်းကင်ကို မြင်နိုင်ပါတယ်။ တခြား ကြည့်စရာ ဘာမှမရှိပါဘူး။ ကျွန်တော်ရဲ့ အချိန်အားလုံးဟာ နေ့က ညပြောင်းသွားတဲ့အခါ တဖြည်းဖြည်း အရောင်ပြောင်းပြောင်းသွားတဲ့ ကောင်းကင်ကြီးကို ကြည့်ရင်း ကုန်ရတာပါပဲ။ ကျွန်တော့် လက်နှစ်ဖက်ကို ခေါင်းအစောက်မှာထား ပက်လက်အိပ်ပြီး အပေါ်ကို ငေးကြည့်ရင်း စောင့်ရုံပဲ။

ကျွန်တော် ခေါင်းထဲမှာအမြဲရှိနေတာက ဒီထွက်ပေါက်ပြဿနာပဲ။ သေဒဏ်ကျ တရားခံများဟာ ဒီထွက်ပေါက်မရှိတဲ့ တရားဥပဒေ စက်ယန္တရားထဲကနေပြီး နောက်ဆုံးအချိန်မှာမှ ပုလိပ်တွေ ဝိုင်းထားတာထဲက ဖောက်ထွက်ပြီးတော့ ဖြစ်ဖြစ် ဓားစက်ကြီးမှာ ဓားသွားကြီး ကျမလာခင် တားတားကလေးအလိုမှာ ဖြုန်းခနဲ ကိုယ်ပျောက်ပြီး လွတ်မြောက် သွားတာမျိုးများ ရှိဖူးလေသလား ဆိုတာကိုပဲ တစ်ချိန်လုံး သိချင်နေမိတယ်။ အရင်က ဒီလို လူအများရှေ့မှာ ခေါင်းဖြတ်သတ်တဲ့ အမှုမျိုး အကြောင်းကို အာရုံစိုက်ပြီး မလေ့လာခဲ့မိတဲ့အတွက်လဲ ကျွန်တော့်ကိုယ် ကျွန်တော် အတန်တန် အပြစ်တင်နေမိပါတယ်။ ဒီလို ကိစ္စမျိုးတွေမှာ သိပ်အာရုံစိုက်သင့်တာပေါ့။ ကိုယ့်မှာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူ သိနိုင်မလဲ၊ ဒီလို သေဒဏ်ပေးတဲ့ အကြောင်းတွေကို သူများလိုပဲ ကျွန်တော်လဲ သတင်းစာထဲမှာ ဖတ်ဖူးပါတယ်။ ဒီအကြောင်းရပ်မျိုးနဲ့ ပတ်သက်တဲ့ စာအုပ်လဲ ရှိမှာပါပဲ။ ကျွန်တော် ဒါတွေကို ဖတ်မိသလောက် စိတ်ဝင်စားမှု မရှိခဲ့လို့သာ နေမှာပေါ့။

အဲဒီစာအုပ်တွေထဲမှာတော့ လွတ်မြောက်သွားတဲ့အကြောင်းတွေ တွေ့ချင် တွေ့ရမှာပါ။ ဘယ်လိုမဆို တစ်ခါမှာတော့ အဲဒီ လူသတ် စက်ယန္တရားကြီး တစ်ချက် ရပ်တန့်သွားတဲ့အကြောင်း အဲဒီ စာအုပ်တွေထဲမှာ တွေ့ရမှာပါပဲ။ ပြုပြင်ပြောင်းလဲလို့ မရနိုင်တဲ့ ဖြစ်ပျက် အစဉ်မှာ ကံကောင်းထောက်မလို့ပဲဆိုဆို ကြုံကြိုက်လို့ပဲဆိုဆို အဲသလို တစ်ချက်တည်းပဲ ဖြစ်ဦးတော့ တစ်ချက်လောက် ကြုံလိုက်ရရင် သေပျော်ပြီပေါ့။ တစ်ချက်တည်းပဲ။ အဲသလို တစ်ချက်လောက် အခါအခွင့်သင့်လို့ ရတယ်ဆိုရင် ကျွန်တော် ကျေနပ်ပြီ။ ကျန်တာတော့ ကျွန်တော့်စိတ်က

ဆောင်ကြဉ်သွားပါလိမ့်မယ်။ သတင်းစာတွေက ခဏခဏ ရေးကြတဲ့ "လူ့အဖွဲ့အစည်းအပေါ် တင်တဲ့အကြွေး"တဲ့။ သူတို့ အဆိုအရတော့ ပြစ်မှုကျူးလွန်သူက ပေးဆပ်ရမယ့် အကြွေးတဲ့။ ဒါပေမယ့် ဒီစကားမျိုးဟာ ကျွန်တော့်ရဲ့ အတွေးထဲကို ဝင်မလာပါဘူး။ ကျွန်တော့်အဖို့ တစ်ခုတည်းသော စိတ်ကူးက သူတို့ရဲ့ သွေးစွန်းတဲ့ ဒီထုံးစံဓလေ့ကြီးက လွတ်အောင် တအားကြဲပြီး ပြေးဖို့ပဲ။ ကျွန်တော့်ကို နောက်ဆုံး မျှော်လင့်ချက်ကလေးတစ်ခု၊ လောင်းကစားသမားရဲ့ မျှော်လင့်ချက်ကလေးမျိုး ဖြစ်ဖြစ် ပေးနိုင်မယ့် ရာဇဝတ်ခြေပိုင် ပြေးနိုင်ခွင့်ပဲ ဖြစ်ပါတယ်။ အဲဒီ "မျှော်လင့်ချက်"ဆိုတာဟာလဲ လမ်းအချိုးတစ်ခုမှာ ရိုက်လှဲခံရတာတို့၊ နောက်ကျောကို ကျည်ဆည်ထိတာတို့လောက် အထိပဲ ဖြစ်နိုင်မှာပါ။ ဒါပေမယ့် အားလုံးခြုံပြီး စဉ်းစားကြည့်ရင် အဲသလောက် အခွင့်အရေး ကောင်ကလေးတောင်မှ ကျွန်တော့်ကို မပေးဘဲ ပိတ်ပင်ထားကြပါတယ်။ ကျွန်တော်ဟာ ထွက်ပေါက်မရှိတဲ့ ကြွက်ထောင်ချောက်ထဲမှာ လာမိနေသလို ဖြစ်နေပါတယ်။

ကျွန်တော် ကိုယ့်ဟာကိုယ် ဘယ်လောက်ပဲ တရားချချ ဒီ ရက်စက်ကြမ်းကြုတ်တဲ့ တရားသေ ဝါဒမျိုးကိုတော့ဖြင့် ဘဝင်မကျ နိုင်အောင် ရှိရပါတယ်။ စဉ်းစားကြည့်ရင် ဒီတရားသေဝါဒ အခြေပြုတဲ့ "ဂျူရီ အဆုံးအဖြတ်"နဲ့ အဲဒီ ဆုံးဖြတ် ချမှတ်ပေးပြီးတဲ့ အချိန်ကစပြီး ဖြစ်လာတဲ့နောက်ပိုင်း ဖြစ်စဉ်တွေဟာ မမျှမတ ဖြစ်နေလို့ပါပဲ။ ဂျူးရီ အဆုံးအဖြတ်ကို ညနေ ၅ နာရီ မဟုတ်ဘဲ ည ၈ နာရီမှ ဖတ်တာရယ်။ ဂျူရီ အဆုံးအဖြတ်ဟာ တစ်မျိုးအမည် ဖြစ်နိုင်တာရယ်၊ ဒီအဆုံးအဖြတ်တွေ သူလို ကိုယ်လိုလူတွေကို ပေးလိုက်ပြီး ဘယ်သူဘယ်ဝါရယ်လို့ အတိအကျ မဟုတ်ဘဲ "ပြင်သစ် ပြည်သူပြည်သား" အတွက်လို့ ဆိုထားတာရယ်။ အဲသလိုဆို ဘာဖြစ်လို့ တရုတ်ပြည်သူ ပြည်သားတို့၊ ဂျာမနီ ပြည်သူပြည်သားတို့ အတွက်ကော မဖြစ်ရလဲ။ ဒီအချက်တွေက ရုံးတော် အဆုံးအဖြတ်ရဲ့ လေးနက်မှုကို အများကြီး ဖျောက်ဖျက်ပစ်လိုက်ကြဟန် တူပါတယ်။

ဒါတောင်မှ ဂျူရီ အဆုံးအဖြတ်ပေးပြီးတဲ့ အချိန်ကစပြီး သူ့ အရှိန်အဝါဟာ ကြီးမားလာခဲ့တယ်။ ထင်ရှားလာခဲ့တယ်။ အခု ကျွန်တော် ကျောမှီပြီး အိပ်နေတဲ့ အုတ်နံရံကြီးလိုပဲ ထုထည်ထင်ရှား ရှိလာတယ်ဆိုတာကိုတော့ ကျွန်တော် အသိအမှတ်ပြုရုံက လွဲလို့ ဘာမှ မရှိတော့ပါဘူး။

ဒီအတွေးတွေ ကျွန်တော်ခေါင်းထဲ ရောက်လာတော့ ကျွန်တော့်အဖေနဲ့ ပတ်သက်လို့ အမေပြောပြော ပြဖူးတဲ့ အကြောင်းတစ်ခုကို ပြေးပြီး သတိရမိပါတယ်။ ကျွန်တော် အဖေကို မမြင်ဖူးလိုက်ပါဘူး။ အဖေအကြောင်း ကျွန်တော် သိရသမျှဟာ အမေ ပြောပြထားတာတွေပါ။ ဒီအကြောင်းတွေထဲမှာ တစ်ခုက အဖေ အဲသလို သေဒဏ် စီရင်တာကို သွားကြည့်ခဲ့တဲ့ အကြောင်းပါ။ သူ့အဖို့ ဒါကို တွေးကြည့်တာနဲ့ပဲ အော်ကလီဆန်သတဲ့။ ဒါပေမယ့် သူ အစအဆုံး ကြည့်လာခဲ့ပြီး အိမ်ပြန်ရောက်တော့

ဒလဟော အန်ပါလေရောတဲ့။ အမေပြောတုန်းကတော့ ကျွန်တော်ဟာ အဖေလုပ်ပုံကို အတော် နှလုံးနာခဲ့တာပဲ။ ဒါပေမယ့် အခု ကျွန်တော် နားလည်ပါပြီ။ ဒါဟာ အလွန် ဖြစ်တတ်တဲ့ သဘောပါ။ လူတစ်ယောက်ကို ခေါင်းဖြတ် သတ်တာလောက် အရေးကြီးတဲ့ကိစ္စ ဘာမှ မရှိဘူးဆိုတာရယ်၊ အမြင်တစ်မျိုးနဲ့ ကြည့်ရင် လူတစ်ယောက် တကယ် စိတ်ဝင်စားဖို့ ကောင်းတာဟာ ဒါပဲရှိတယ်ဆိုတာတွေကို ကျွန်တော် ဘာကြောင့် မသိခဲ့ပါလိမ့်။ ဒါနဲ့ ကျွန်တော်လဲ ဒီတစ်ခါ ထောင်ထဲကများ ထွက်ရမယ် ဆိုရင် ကြိုးသမျှ အဲသလို သေဒဏ်ပေးတဲ့ ပွဲမျိုးဆို မလွတ်တမ်း သွားကြည့်မယ်လို့ ဆုံးဖြတ်မိပါတယ်။ တကယ်တော့ ဒါကို ဖြစ်နိုင်တယ်လို့ တွေးမိတာကိုက ကျွန်တော် မှားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကိုယ့်ဟာကိုယ် လွတ်လပ်တဲ့ လူရယ်လို့ စိတ်ကူးပြီး ပုလိပ်တွေ နှစ်ထပ်တန်းစီနေတဲ့ နောက်နားစ ညာဘက်အစွန်က ဆိုပါတော့၊ အဲသလို သေဒဏ်ပေးပွဲ လာကြည့်တဲ့လူ၊ ပြီးတော့ အိမ်ပြန်ပြီး ထိုးအန်တဲ့လူအဖြစ် စဉ်းစားမိတာကိုပဲ တစ်ခါတည်း မိုးမမြင် လေမမြင် အရမ်းပျော်ရွှင်သွားတာကိုး။ ကျွန်တော် အဲသလို စိတ်ကူး ယဉ်ကြည့်လိုက်တာကိုက ကျွန်တော် မိုက်တာပဲ။ နောက်တစ်ခဏနေတော့ ကျွန်တော်ဟာ တစ်ကိုယ်လုံး တုန်ပြီး တက်လာလို့ စောင်နဲ့ ပတ်ထားလိုက်ရပါတယ်။ ဒါတောင် သွားတွေကတော့ တခိုက်ခိုက် တုန်တုန်းပဲ။ ဘယ်လိုလုပ်လို့မှ မရပ်ဘူး။ ဒါလဲ လူတစ်ယောက်ဟာ အမြဲတမ်းတော့ လိမ္မာမနေနိုင်ဘူး ဆိုတာကတော့ ထင်ရှားပါတယ်။ ကျွန်တော် နောက်တစ်မျိုး လူရယ်စရာ စိတ်ကူးယဉ်မိတာကတော့ ဥပဒေသစ်တွေပြုပြီး ပြစ်ဒဏ်တွေကို ပြောင်းလဲပစ်ဖို့ပါပဲ။ ကျွန်တော့်သဘောမှာ ပြောင်းလဲဖို့ လိုနေတာက ရာဇဝတ်ကောင်များကို လွတ်မြောက်အခွင့် အားထုတ်ခွင့်ကလေး ဘယ်လောက် နည်းပါးတဲ့ အခွင့်အရေးကလေးပဲ ဖြစ်ဖြစ်၊ တစ်ထောင်မှာမှ တစ်ယောက် လွတ်နိုင်တဲ့ အခွင့်အရေးမျိုး ဖြစ်ဖြစ် ပေးထားဖို့ ဆိုတာပါပဲ။ (ကျွန်တော်က အဲဒီ ရာဇဝတ်ကောင်ကို ရောဂါသည် လူနာအဖြစ် တွေးကြည့်တယ်။) အဲဒီ လူနာကို ဆေးကျွေးပြီးသတ်ရင် လူတစ်ထောင်မှာ ကိုးရာကိုးဆယ့်ကိုးယောက် သေတဲ့ ဆေးမျိုး ကျွေးဖို့။ ဒါကို သူကလဲ မလုပ်မဖြစ်တာလို့ နားလည်ရမယ်ပေါ့။ ဒါကို ကျွန်တော် ဘာဖြစ်လို့ စဉ်းစားမိသလဲဆိုတော့ ကျွန်တော် အများကြီး တည်တည်ငြိမ်ငြိမ် စဉ်းစားရင်းက ဒီခေါင်းဖြတ် စက်ကြီးမှာ သေဒဏ်ကျ အကျဉ်းသမားအဖို့ လွတ်မြောက်စရာလမ်းက နည်းနည်းကလေးမှ မရှိပါလားဆိုတာ သိလာရလို့ပါပဲ။ ဟုတ်တယ်၊ လုံးဝမရှိပါဘူး။ တကယ်က သည်ရောဂါသည်ဟာ သေကိုသေရမှာပဲ။ ပြင်ဆင်လို့ မရနိုင်တဲ့ အမိန့်က ချမှတ်ပြီးသား။ အစကတည်းက အဆုံးကို မြင်ပြီးသား။ သူ့ ကံတစ်မျိုးတစ်ဖုံထူးလို့ ဒီဓားစက်ကြီး ကျွတ်ယွင်းသွားတယ်ဆိုလဲ သူတို့က ထပ်လုပ်ကြမှာပဲ။ ဒီတော့ သေဒဏ်ကျ အကျဉ်းသားဟာ ဆုမတောင်းစကောင်း ဒီဓားစက်ကြီး ကောင်းနေပါစေလို့ ဆုတောင်းနေရမလို ဖြစ်နေတယ်။ ဒါဟာ ဒီစနစ်နဲ့ ချို့ယွင်းချက်တစ်ခုလို့ ကျွန်တော် ထင်မိတယ်။ အပေါ်ယံကြည့်ရင်တော့ ကျွန်တော့်အမြင်ဟာ မှန်ပါတယ်။ နောက်တစ်နည်း စဉ်းစားရင်တော့ ဒါရှိတာကိုက ဒီစနစ်ရဲ့ အစောင်မြင်မှုပဲဆိုတာ ကျွန်တော် ဝန်ခံရပါမယ်။ သေဒဏ်ခံရတဲ့လူကလဲ စိတ်ထဲက "အားလုံး

အထစ်အငေါ့မရှိ ချောချောမောမော ပြီးသွားပါစေ” ဆိုတာကို သူတို့နဲ့အတူ ပူးပေါင်းပြီး ဆုတောင်းနေရမှာပဲဆိုတဲ့သဘောဖြစ်နေတာတော့တာကိုး။

နောက်တစ်ခု ကျွန်တော် အသိအမှတ်ပြုရမှာကတော့ “အခုထိ ကျွန်တော် ဒီကိစ္စကို အလွဲလွဲအမှားမှား ဖြစ်နေခဲ့တယ်” ဆိုတာ ပါပဲ။ အကြောင်းတစ်ခုခုကြောင့် ကျွန်တော်စိတ်က သေဒဏ်ခံရမယ့် လူဟာ စင်မြင့်တစ်ခုခုပေါ်က ခေါင်းဖြတ်စက်ဆီ အထိ လှေကားထစ်တွေနဲ့ တက်သွားရမယ်လို့ ထင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ ကျောင်းမှာတုန်းက သင်ခဲ့ရတဲ့ စာနဲ့ရုပ်ပုံတွေတဲမှာ မြင်ခဲ့ရဖူးတဲ့ ၁၇၈၉ ခုနှစ် တော်လှန်ရေးကြီးကြောင့် ဖြစ်ပါလိမ့်မယ်။ နောက်တော့ တစ်မနက်မှာ နာမည်ကျော် ရာဇဝတ်ကောင် တစ်ယောက်ကို သေဒဏ် စီရင်တဲ့အကြောင်း သတင်းစာက ဓာတ်ပုံနဲ့တကွ ဖော်ပြလိုက်တာကို သွားသတိရတယ်။ တကယ်က အဲဒီတုန်းက စက်ကိရိယာဟာ မြေကြီးပေါ်မှာပါပဲ။ သိပ်ခမ်းခမ်းနားနား မဟုတ်ပါဘူး။ ကျွန်တော် စိတ်ကူးကြည့်ထားတာ ထက်လဲ အများကြီး ကျဉ်းပါတယ်။ အဲဒီ ဓာတ်ပုံ ဒီအလျင်က ကျွန်တော့် သတိထဲ ပေါ်မလာတာဟာလဲ ဆန်းတယ်လို့တော့ ထင်မိပါတယ်။ အဲဒီတုန်းက ကျွန်တော် သတိပြုမိတာကတော့ အဲဒီစက်ရဲ့ သေသပ်တဲ့ ပုံပန်းပဲ။ မျက်နှာပြင် ပြောင်ပြောင်လက်လက်တွေနဲ့ လုပ်ထားပုံက ကိရိယာတစ်မျိုးနဲ့ တူသေးတော့လို့ အောင့်မေ့မိပါတယ်။ ကိုယ်မသိတာဆိုရင် အထင်ကြီး ကြစမြဲပဲ။ အခုတော့ ဒီခေါင်းဖြတ်သတ်တဲ့ကိစ္စဟာ “လွယ်ပုံရသားပဲ” လို့ ဝန်ခံရတော့မှာပါပဲ။ စက်က လူနဲ့ တစ်ပြေးတည်းလောက်မှာ ရှိတယ်။ လူက သူသိတဲ့လူတစ်ယောက်ကို တွေ့တော့မှာလို စက်နားရောက်အောင် လျှောက်သွားရမယ်။ တစ်နည်းအားဖြင့်တော့ ဒါကိုကလဲ စိတ်ပျက် အားလျော့စရာတစ်မျိုးပဲ။ စင်မြင့်ကလေးပေါ် တက်သွားရတာမျိုးကတော့ တစ်လောကလုံးကို အပေါ်စီးကနေပြီး ကြည့်ရတဲ့အတွက် လူတစ်ယောက်ရဲ့ စိတ်ကို ဆောက်တည်ရာကလေး လုပ်ပေးလိုက်သလို ဖြစ်တယ်လို့ ဆိုရပေမပေါ့။ အခုအတိုင်းကတော့ အရာရာမှာ စက်က အဓရာပဲ။ လူကို ရှက်စိတ်ကလေးနှင့် သေသွားအောင် ကျကျနန ပိုင်ပိုင်နိုင်နိုင် သတ်လိုက်မှာပဲ။

ကျွန်တော် အမြဲစဉ်းစားနေမိတာ နောက်တစ်မျိုး ရှိပါသေးတယ်။ အရုဏ်တက်ချိန်နဲ့ ကျွန်တော့် အယူခံလွှာ။ ဒါပေမယ့် ကျွန်တော် ဒါကို သတိမရလေအောင် အစွမ်းကုန် ကြိုးစားပါတယ်။ ပက်လက်လှန် အိပ်ပြီး ကောင်းကင်ကြီးကို လေ့လာ နေမိအောင် ကျွန်တော့် စိတ်ကို ကျွန်တော် ဆုံးမပါတယ်။ ကောင်းကင်အရောင် နည်းနည်း စိမ်းပြီဆိုရင် ညရောက်တော့မယ် ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့် စိတ်အာရုံကို လမ်းလွှဲစရာ တခြားဟာတစ်ခုကတော့ “ကျွန်တော့်ရဲ့ နှလုံးခုန်သံကို နားထောင်တဲ့ အလုပ်ပဲ။ ကျွန်တော်နဲ့ အတူကာလကြာမြင့်စွာ ရှိနေခဲ့တဲ့ ဒီရင်ခုန်သံလေးဟာ ရပ်တန့်သွား လိမ့်မယ်လို မှန်းကြည့်လို့ မရဘူး။ ကျွန်တော်ဟာ သိပ်မှန်းကြည့်တတ်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့် ရင်ခုန်သံဟာ ကျွန်တော့်ရဲ့ ခေါင်းထဲမှာ လာပြီး ပဲ့တင်မထပ်တော့ဘူးဆိုတဲ့ အချိန်ကိုပေါ်အောင်

မှန်းကြည့်မိတယ်။ အလကားပါပဲ။ အရုဏ်တက်ချိန်နဲ့ ကျွန်တော့် အယူခံလွှာတို့ကို သတိရမြဲပါပဲ။ နောက်ဆုံးမှာတော့ သူ့အလိုလို သူ့လမ်းကြောင်းနဲ့သူ ဖြစ်လာတဲ့စိတ်ကို လမ်းလွှဲသွားအောင် အားထုတ်ရတာဟာလဲ မိုက်မဲတဲ့အလုပ်ပဲလို့ ယုံကြည်ထား လိုက်ရတော့တာပဲ။

သူတို့လာရင် အရုဏ်တက်ချိန်မှာ လာခေါ်တတ်တယ် ဆိုတာတော့ ကျွန်တော် သိထားတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့ညတွေဆိုရင် အဲဒီ အရုဏ်တက်ချိန်ကို စောင့်ရင်း ကုန်ရတာပဲ။ အလစ်မှာ ဝင်အဆွဲခံရတာမျိုးကို ကျွန်တော် ဘယ်တော့မှ မကြိုက်ခဲ့ဘူး။ ကျွန်တော်မှာ တစ်ခုခု ဖြစ်တော့မယ်ဆိုရင် ကျွန်တော်က အသင့်ပြင်ပြီး စောင့်နေချင်တယ်။ ဒါကြောင့်ပဲ ကျွန်တော် နေ့ခင်းမှာ ခဏခဏအိပ်ပြီး ညညကျ မှောင်နေတဲ့ မိုးကုပ်ကုပ်ထဲမှာ ပထမဆုံး တိုးဝင်လာတဲ့ နေရဲ့ နိမိတ် ရောင်ခြည် ကလေးတွေကို စောင့်စောင့်ကြည့်တဲ့ အလေ့အကျင့် လုပ်ထားရခြင်း ဖြစ်ပါတယ်။ ညညမှာ အဆိုးဆုံး အချိန်ကတော့ သူတို့ လာတတ်တယ်ဆိုတာကို ကျွန်တော် သိထားတဲ့ အချိန်ပဲ။ သန်းခေါင်ကျော်ပြီဆိုရင် ကျွန်တော် နားတစွင့်စွင့်နဲ့ စောင့်ရတော့တာပဲ။ ကျွန်တော့်နားတွေဟာ ဘယ်တုန်းကမှ အဲသလောက် အသံသေး၊ အသံစုံကို မကြားခဲ့ဖူးပါဘူး။ ဒါလဲ တစ်နည်း အားဖြင့်တော့ ကျွန်တော် တစ်ခုတော့ ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော် အဲသလိုစောင့်တဲ့ အချိန်တွေမှာ တစ်ခါမှ သူတို့ ခြေသံကို မကြားခဲ့ရပါဘူး။ အမေက ခဏခဏ ပြောဖူးတယ်။ လူဟာ ဘယ်လောက် စိတ်ညစ်နေရနေရ ကျေးဇူးတင်စရာလေး တစ်ခုတလေတော့ အမြဲရှိနေတာပဲတဲ့။ ဒါနဲ့ပဲ မနက်တိုင်း ကောင်းကင်ကြီး လင်းလာပြီး ကျွန်တော် အကျဉ်းခန်းကလေးထဲ အလင်းရောင်တွေ ရောက်လာပြီဆိုရင် အမေပြောတာ ဟုတ်တာပဲလို့ အောက်မေ့မိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တကယ့်ကို အဲဒီအချိန်မှာ ခြေသံတွေ ကြားလိုက်ရတယ်ဆိုရင် ကျွန်တော့်ရဲ့ နှလုံးသားဟာလဲ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားနိုင်ခဲ့တယ် မဟုတ်လား။ သဲ့သဲ့ကလေးလောက် အသံ ကြားတယ်ဆိုရင်ပဲ တံခါးဆီ အပြေးအလွှားသွားတဲ့ပြီး၊ ကြမ်းတမ်းအေးစက်နေတဲ့ သစ်သားတံခါးကြီးနားကို နားနဲ့ကပ်ပြီး ခွေးတစ်ကောင် မောဟိုက်နေသလို ဖြစ်နေတဲ့ ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားရလောက်အောင် နားစွင့်ထားခဲ့မိပါတယ်။

အဲသလို ဖြစ်နေရတာင်မှ ပြီးတော့လဲ ပြီးသွားပြန်တာပဲ။ ကျွန်တော့်နှလုံးသားဟာလဲ ကွဲပျက်မသွားသေးဘဲ အင်း... နောက်ထပ် နှစ်ဆယ့်လေးနာရီလောက်တော့ဖြင့် နေရသေးရဲ့လို့ သိလိုက်ရပါတယ်။

ပြီးတော့ တစ်နေ့လုံး စဉ်းစားစရာတွေကတော့ ကျွန်တော့် အယူခံ၊ ကျွန်တော်အမှုရဲ့ အလားအလာကို လေ့လာပြီး စိတ်သက်သာမှု အများဆုံးရအောင် ညှစ်ယူရင်း ဒီစိတ်ကူးက အမြတ်ထုတ် ရပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော် အဆိုးဆုံးကစပြီး တွက်တယ်။ ကျွန်တော် သေရတော့မယ်ပေ့ါ။ သူ့များတကာတွေထက် စောပြီး

သေရမယ်ပေါ့။ ဒါပေမယ့် လူတွေ ပြောပြော နေကြတာကတော့ ဘယ်လိုမဆို လူ့ဘဝဟာ မနေပျော်ပါဘူးဆို မဟုတ်လား”လို့ ကျွန်တော့် ကိုယ်ကျွန်တော် သတိပေးမိပါတယ်။ ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားကြည့်လျှင် လူတစ်ယောက်ဟာ အသက်သုံးဆယ်မှာ သေတာနဲ့ အသက်ခုနစ်ဆယ်မှာ သေတာ ဘာမှ သိပ်မထူးခြားလှဘူးဆိုတာ မြင်နိုင်ပါတယ်။ ဘယ်အရွယ်မှာ သေသေ တခြား ယောက်ျားတွေ၊ မိန်းမတွေကတော့ ဆက်ရှိနေကြဦးမှာပဲ။ လောကကြီးကတော့ ရှေးကအတိုင်းပဲ ဆက်သွားနေမှာပါပဲ။ ပြီးတော့ ကျွန်တော် အခု သေသည်ဖြစ်စေ၊ နောက်အနှစ်လေးဆယ်ကြာမှ သေသည်ဖြစ်စေ ဒီသေတယ်ဆိုတဲ့ ကိစ္စကတော့ မလွှဲမရှောင်သာ တွေ့ဦးမှာပါပဲ။ ဒီလို တွေးမိလဲ အကြောင်းကြောင်းကြောင့် စိတ်က သက်သာရာ ရသင့် သလောက် မရပါဘူး။ လက်ရှိနေနေတဲ့ ဘဝရဲ့နှစ်တွေကို တွေးမိရင် ရင်နင့်စရာကို သတိရလာပြန်တာပဲ။ ဒါပေမယ့် ကျွန်တော် အဲသလို မတွေးမိဖို့၊ တကယ်လို့ ကျွန်တော့် သက်တမ်းကုန်လို့ သေမင်းက ခြိမ်းခြောက်လာပြီဆိုရင် ကျွန်တော် ဘယ်လိုနေမလဲဆို တာကိုတွေးပြီး ကိုယ့်ကိုယ်ကို တရားပြ နားချလို့ရပါတယ်။ သေခြင်းတရားကို ရင်ဆိုင်မိပြီဆိုရင် ဘယ်လို သေရမယ်ဆိုတဲ့ အသေးစိတ်က သိပ်အရေးမကြီးလှတော့ဘူးဆိုတာ သိသာပါတယ်။ ဒီတော့ (အဲဒီ ဒီတော့အထိ ရောက်အောင် အကြောင်းပြလာခဲ့တာတွေကို မျက်ခြည် မပြတ်ဖို့ကတော့ မလွယ်ဘူးပေါ့။) ဒီတော့ ကျွန်တော့်အယူခံလွှာကို ပယ်လိုက်တယ်ဆိုလဲ ကျွန်တော် ရင်ဆိုင်ဖို့ အသင့်ပဲ။

ကျွန်တော့် အယူခံနိုင်ခဲ့ရင်ဆိုတဲ့ နောက်တစ်မျိုးကို စိတ်ကူးယဉ်ဖို့ကတော့ ဒီအဆင့်မှာသာ ဖြစ်နိုင်တဲ့အတွက် ဒီအဆင့်မှာ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ကူးယဉ်ခွင့် ပြုထားလိုက်ရတယ်။ အဲ့ဒီအခါမှာတော့ ကျွန်တော့် တစ်ကိုယ်လုံး ပျော်ရွှင်မှုတွေနဲ့ပြည့်ပြီး မျက်ရည်များတောင် ကျရမယ့် စိတ်လှုပ်ရှားမှုကို ထိန်းရမယ့် ဒုက္ခက ရှိပြန်တယ်။ ဘယ်လိုမဆို ကျွန်တော့်စိတ်ကို ကျွန်တော် နိုင်အောင် ထိန်းထားတတ်ပါတယ်။ အယူခံရှုံးမယ်လို့ တွေးတုန်းက ကျွန်တော့် ကိုယ်ကျွန်တော် နှစ်သိမ့်တဲ့အခါမှာ အကြောင်းယုတ္တိ ခိုင်လုံစေဖို့ ကျွန်တော့်စိတ်ကို ကျွန်တော် ငြိမ်အောင် ထိန်းရသလို အယူခံနိုင် တယ်လို့ တွေးတော့လဲ အဲသလို အထိန်းကလေးတော့ ထားရပါတယ်။ အဲသလို စိတ်ကို ငြိမ်အောင်လုပ်လို့ ရပြီဆိုတော့ ကျွန်တော်ဟာ တစ်နာရီလောက်တော့ စိတ်အေးချမ်းသာ နေရတာပေါ့။ ဒါလောက် ဆိုလဲ မနည်းလှဘူး။

ကျွန်တော် ဘုန်းကြီးကို မတွေ့ချင်ဘူးလို့ ပြောလိုက်တာ အဲသလို စိတ်ချမ်းသာနေတဲ့ အချိန်တစ်ချိန်မှာပေါ့။ ကျွန်တော် ပက်လက်လှန်အိပ်နေရာက ကောင်းကင်ထဲကို ရွှေရောင်ဝင်းဝင်းဝါဝါ ဝင်လာတာကိုကြည့်ရင်း နွေရာသီရဲ့ညနေခင်း ရောက်တော့မယ်ဆိုတာကို မှတ်သားလိုက်မိတယ်။ ကျွန်တော့် အယူခံလွှာကို အခုပဲ ကျွန်တော့်ဘာသာ ပယ်ချခဲ့ပြီး ကျွန်တော့်ကိုယ်ထဲမှာ သွေးတိုးတာ ဖြည်းဖြည်းမှန်မှန်

ဖြစ်နေတာကို တွေ့နေရတယ်။ ဟုတ်တယ်။ ကျွန်တော် ဘုန်းကြီးကို မတွေ့ချင်ဘူး။ ပြီးတော့ ကျွန်တော် အတော်ကြာအောင် မလုပ်ဘဲ ပစ်ထားတာ တစ်ခုကို လုပ်တယ်။ မာရီ အကြောင်း စဉ်းစားနေလိုက်တယ်။ သူ့ဆီက စာမရတာ ကြာလှပြီကော။ သေဒဏ်ကျ အကျဉ်းသားရဲ့ ရည်းစားအဖြစ်ကို ညည်းငွေ့ သွားတာ ဖြစ်မယ်လို့ ကျွန်တော် မှန်းဆကြည့်မိတယ်။ ဒါမှမဟုတ် နေမကောင်းလို့လား။ သေပဲ သေပြီလား။ ဒါတွေဟာ ဖြစ်တတ်တာတွေပဲ။ ကျွန်တော်တို့ရဲ့ ဆက်သွယ်မှုဟာ အခုအခါမှာ တခြားစီ ဖြစ်နေကြတဲ့ ခန္ဓာကိုယ်နှစ်ခုကလွဲလို့ တစ်ယောက် တစ်ယောက် သတိရစရာ ဘာအဆက်အသွယ် ကွင်းဆက်ရှိလို့လဲ။ သူသေပြီဆိုရင် သူ့ကို သတိရနေတာဟာ ဘာအဓိပ္ပာယ်ရှိဦးမှာလဲ။ သေပြီးသား မိန်းကလေး တစ်ယောက်ကို ကျွန်တော် စိတ်မဝင်စားတတ်ဘူး။ ဒီလိုပဲ ဖြစ်ရမယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် သေသွားပြီဆိုရင်လဲ ခဏနေတော့ လူတွေဟာ ကျွန်တော့်ကို မေ့သွားကြမှာပါပဲ ဆိုတာကိုလဲ ကျွန်တော် တွေးမိလို့ပါ။ ဒါကို ဘဝင်မကျနိုင်ဘူးလို့တောင် ပြောလို့ မရပါဘူး။ တကယ်တော့ ဘယ်လို အတွေးမျိုးမဆို ကြာရင် တဖြည်းဖြည်းချင်း ရိုးမသွားတာရယ်လို့ မရှိပါဘူး။

ဘာမပြော ညာမပြောနဲ့ ထောင်ဘုန်းကြီး ကျွန်တော့်အခန်းထဲ လျှောက်ဝင်လာတော့ ကျွန်တော် အံ့သလို တွေးနေတုန်းပေ့ါ။ သူ့ကိုမြင်တော့ ကျွန်တော် ရုတ်တရက် သတိ မထားလိုက်နိုင်ဘူး။ လန့်သွားတယ်။ ဒါကို သူကလဲ မြင်သွားပြီး မဆိုင်းမတွဘဲ "မလန့်ပါနဲ့" လို့ ပြောလိုက်တယ်။ ကျွန်တော်က သူလာနေကျက တခြားအချိန်မှာဖြစ်ပြီး အတော် စိတ်မချမ်းသာစရာ ကိစ္စမျိုးနဲ့ ဖြစ်တတ်တဲ့အကြောင်း ပြောတော့ သူက ဒါက မိတ်ဆွေအဖြစ် လာတာပါပတဲ့။ ကျွန်တော့်အယူခံလဲ ဘာမှ မပတ်သက်ပါဘူး။ အဲဒါ အကြောင်းလဲ သူဘာမှမသိပါဘူးတဲ့။ ပြီးတော့ သူ ကျွန်တော့်အိပ်ရာပေါ်မှာ ဝင်ထိုင်ပြီး ကျွန်တော့်ကိုလဲ သူ့ ဘေးမှာ အထိုင်ခိုင်းပါတယ်။ ကျွန်တော်က မထိုင်ဘူး။ သူ့ကို မကြိုက်လို့တော့ မဟုတ်ပါဘူး။ သူ့ကြည့်ရတာ သိမ်သိမ်မွေ့မွေ့နဲ့ ခင်မင်စရာကောင်းပုံပါပဲ။ အစတော့ သူ ငြိမ်ပြီး ထိုင်နေတယ်။ သူ့ဒူးပေါ်ကို လက်မောင်း ထောက်ထားပြီး သူ့ လက်တွေကို သူ စိုက်ကြည့်နေတယ်။ သေးသေးသွယ်သွယ်နဲ့ သန်မာတဲ့ လက်ကလေးတွေကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမယ် ဖျတ်လတ်တဲ့ တိရစ္ဆာန်ကလေးနှစ်ကောင်လို ထင်နေမိတယ်။ ပြီးတော့ သူ့ လက်နှစ်ဖက်ကို ပွတ်လိုက်တယ်။ ပြီးတော့ အတော်ကြီးကြာအောင် မလှုပ်မယှက် ထိုင်နေတော့ သူရှိနေတာကိုတောင် မေ့သလိုလို ဖြစ်သွားတယ်။ ဖြုန်းဆို သူက ခေါင်းထောင်လိုက်ပြီး ကျွန်တော့်မျက်နှာကို စိုက်ကြည့်လိုက်တယ်။

"ကျုပ်ကို ဘာဖြစ်လို့ လာတွေ့ ခွင့်မပြုတာလဲ"လို့ သူက မေး ပါတယ်။

ကျွန်တော်က "ကျွန်တော် ဘုရားသခင်ကို မယုံကြည်လို့"လို့ ရှင်းလိုက်တယ်။

"တကယ်သေချာရဲ့လားကွယ်"တဲ့။

ကျွန်တော်က ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် စိတ်ရှုပ်ခံစရာ အကြောင်းကို မရှိဘူးလို့ ပြန်ပြောလိုက်တယ်။ ကျွန်တော် မယုံတာ ယုံတာဟာ သိပ်အရေးကြီးတဲ့ကိစ္စ မဟုတ်ဘူးလို့ ကျွန်တော် ထင်မိပါတယ်။

နောက် သူက နံရံကို မှီလိုက်ပြီး သူ့ ရဲ့ လက်တွေကို ပေါင်ပေါ်မှာ အပြေးလိုက် တင်ထားလိုက်တယ်။ ကျွန်တော့်ကို ပြောတယ်လို့ မထင်ရလောက်အောင်ပဲ "သူက လူတစ်ယောက်ဟာ ကိုယ်ဟာ ကိုယ် သိပ်သေချာတယ်လို့ ထင်ပြီး တကယ့် တကယ်ကျတော့ မသေချာတာတွေကို သူ မကြာမကြာ တွေ့ခဲ့ရပါတယ်" လို့ ပြောလိုက်တယ်။ ကျွန်တော်က ဘာမှ မပြောတော့ သူက ကျွန်တော့်ကို တစ်ခါကြည့်လိုက်ပြီး "ဒီလို မထင်ဘူးလား" လို့ မေးပါတယ်။ ကျွန်တော် ဖြစ်နိုင်ပုံရပါတယ်။ ဒါပေမယ့် ကျွန်တော်ဒါကို စိတ်ဝင်စားတယ်ဆိုတာကို မသေချာရင်သာ ရှိရမယ်၊ ကျွန်တော် စိတ်မဝင်စားတာဆိုရင်တော့ ကျွန်တော် သိပ်သေချာပါတယ်။ အခု သူ ပြောနေတဲ့ ဟာကိုတော့ ကျွန်တော် လုံးဝ စိတ်မဝင်စားပါဘူးလို့ ပြန်ပြောလိုက်တယ်။

သူက အဝေးကို ငေးကြည့်လိုက်ပြီး နေရာက မရွှေ့ဘဲ "ကျွန်တော်ဟာ မျှော်လင့်ချက် လုံးဝကုန်ဆုံးပြီး မထူးတော့ဘူး ဆိုတဲ့ အနေနဲ့ ဒီလိုပြောလိုက်တာလား"လို့ မေးပါတယ်။ ကျွန်တော်က "အဲသလို မဟုတ်ပါဘူး။ ကြောက်တာပါ။ ဒီလိုပဲ ဖြစ်ရမှာပဲ" လို့ ရှင်းပြလိုက်ပါတယ်။

"အဲဒီလိုဆိုရင် ဘုရားသခင်က မင့်ကို စောင်မ နိုင်ပါတယ်။ ကျုပ် တွေ့ဖူးသလောက် မင့်လို အခြေအနေမျိုး ရောက်ရတဲ့ လူအားလုံးဟာ ဒုက္ခရောက်တဲ့အချိန်မှာ ဘုရားသခင်ဆီ အကူအညီ တောင်းကြရတာပါပဲ"လို့ အခိုင်အမာ ဆိုပါတယ်။

ကျွန်တော်က "ဒါကတော့ သူတို့ဘာသာသူတို့ တောင်းချင် တောင်းကြပါစေပေါ့။ ကျွန်တော်ကတော့ အစောင်အမလဲ မခံချင်ဘူး။ အရင်က စိတ်မဝင်စားဖူးတာမျိုးကို အခုမှ စိတ်ဝင်စားအောင် လုပ်ယူဖို့လဲ အချိန်မရှိတော့ဘူး"လို့ ပြောလိုက်တယ်။

သူလဲ စိတ်ဂနာမငြိမ်ဖြစ်ပြီး သူ့ လက်တွေကို တဖျတ်ဖျတ် လှုပ်နေတယ်။ နောက် ကိုယ်ကိုမတ်မတ် ထိုင်လိုက်ပြီး သူ့အင်္ကျီရှည်ကို လက်နဲ့ သပ်လိုက်တယ်။ ပြီးတော့ သူ စကားပြောပြန်တယ်။ သူ ကျွန်တော့်ကို ဒီလိုစကားမျိုး ပြောရတာက ကျွန်တော်ဟာ သေဒဏ်ကျခံထားရတဲ့သူမို့ မဟုတ်ပါဘူးတဲ့။ သူ့အမြင် ပြောရရင်

ဒီကမ္ဘာမြေပေါ်မှာ ရှိသမျှ လူတိုင်းဟာ သေဒဏ်ကျခံထားရတဲ့ လူ ချည်းပဲတဲ့။

ဒီနေရာမှာ ကျွန်တော်က သူ့ကို ဖြတ်ပြီးတော့ "ဘယ်တုန်းကလဲ၊ နောက်ပြီးတော့လဲ ဒီလို ဖြေလို့ ဘယ်မှာ စိတ်သက်သာရာ ရနိုင်မလဲ" လို့ ထောက်ပြောလိုက်ပါတယ်။

သူက ခေါင်းညိတ်ပြပါတယ်။ "ဟုတ်ပါလိမ့်မယ်"တဲ့။ "ဒါပေမယ့် မင့်မှာ အခုမကြာခင် မသေဘူးဆိုလဲ တစ်နေ့တော့ သေရမှာပဲ" တဲ့။ "အဲ့ဒီအခါမှာ ဒီပြဿနာဟာ ပေါ်လာမှာပဲ" တဲ့။ "အဲသလို ကြောက်စရာအချိန် ရောက်လာတော့ကော မင်း ဘယ်လို ရင်ဆိုင်မလဲ" တဲ့။

ကျွန်တော်က "ကျွန်တော် အခု ရင်ဆိုင်နေတဲ့အတိုင်းပဲ ရင်ဆိုင်ရမှာပါပဲ"လို့ ဖြေလိုက်တယ်။

အဲဒီအခါမှာ သူဟာ ထိုင်ရာ ထလိုက်ပြီး ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်လိုက်ပါတယ်။ ဒါဟာ ကျွန်တော် ကောင်းကောင်းသိထားတဲ့ နည်းပရိယာယ်ပေါ့။ အီမန်နွယ်တို့၊ ဆေးလက်စ် တို့ကို ကျွန်တော် အပြင်းပြေ စမ်းစမ်း ကြည့်ဖူးပါတယ်။ ဆယ်ခါ လုပ်ရင် ကိုးခါ သူတို့ဟာ စိတ်မသက်မသာနဲ့ မျက်နှာလွှဲသွားရတာပဲ။ ဒီဘုန်းကြီးရဲ့ အကြည့်ဟာလဲ တစ်ချက်ကလေးမှ မလှုပ်တော့ သူလဲ ဒါလုပ်နေကျပဲဆိုတာ ကျွန်တော် သိပါတယ်။ ပြီးတော့ သူက "မင့်မှာ မျှော်လင့်ချက် လုံးဝမရှိတော့ဘူးလား၊ မင်းသေတဲ့အခါမှာ တစ်ခါတည်းအပြီး သေတယ်။ ဘာမှ မရှိတော့ဘူးလို့ တကယ်ထင်သလား" လို့ မေးလိုက်တော့ သူ့အသံဟာ အတော်ပဲ တည်ငြိမ်ပါတယ်။

ကျွန်တော်က "ဟုတ်တယ်"လို့ ဖြေလိုက်ပါတယ်။

သူလဲ မျက်လွှာကိုချပြီး ပြန်ထိုင်လိုက်ပါတယ်။ ကျွန်တော့် အတွက် သူ တကယ်ပဲ စိတ်မကောင်းဖြစ်ရတယ်လို့ ပြောပါတယ်။ ကျွန်တော့်အမြင်နဲ့ဆိုရင် လူ့ဘဝဟာ အင်မတန် စိတ်ညစ်စရာကောင်းမှာပဲတဲ့။

ကျွန်တော် တဖြည်းဖြည်းနဲ့ ဘုန်းကြီးကို စိတ်ကုန်ခန်းလာတယ်။ ဒါနဲ့ ကျွန်တော်လဲ သံတိုင် ပြတင်းပေါက် ငယ်ငယ်ကလေးရဲ့ အောက်နားစက နံရံကို ပခုံးတစ်ဖက်မှီပြီး အဝေးကို လှမ်းကြည့်နေလိုက်တယ်။ ကျွန်တော် သူ ပြောနေတာတွေကို သိပ်ဂရုစိုက် နားထောင်နေတာ မဟုတ်ပေမယ့် ကြားရသလောက်တော့ သူဟာ ကျွန်တော့်ကို မေးခွန်းတွေ မေးနေပြန်တာကိုး။ ရုတ်တရက် သူ့လေသံဟာ နည်းနည်း လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ အရေးကြီးတဲ့ အသံပါလာတယ်။ သူဟာ တကယ်ပဲ စိတ်ဆင်းရဲနေတယ်ဆိုတာကို သိရပါတယ်။ ဒါနဲ့

ကျွန်တော်လဲ သူ့ကို နည်းနည်းပိုပြီး ဂရုစိုက်လိုက်ပါတယ်။

သူက ကျွန်တော့် အယူခံနိုင်မယ်ဆိုတာ သူ တစ်ထစ်ချ ယုံကြည်သတဲ့။ ဒါပေမယ့် ကျွန်တော့်အပေါ်မှာ မကောင်းမှုတွေက လေးလံလွန်းတော့ ဒီမကောင်းမှုတွေကို ဆေးလျှော် ပစ်ရဦးမယ်တဲ့။ သူ့ အမြင်မှာတော့ "လူ"ရဲ့ တရားနည်းလမ်းဆိုတာဟာ ဘာမှ အနှစ်သာရ မရှိပါဘူးတဲ့။ ဘုရားသခင်ရဲ့ တရားနည်းလမ်းသာလျှင် တကယ်အရေးကြီးတယ်တဲ့။ ကျွန်တော်က လူရဲ့တရားနည်းလမ်းအရ ကျွန်တော့်ကို သေဒဏ် ပေးလိုက်ပြီကောလို့ ထောက်တော့ သူက "ဟုတ်ပါတယ်"တဲ့။ ဒါပေမယ့် "ကျွန်တော့်ကို မကောင်းမှုတွေ ကင်းစင်အောင် လုပ်မပေးလိုက်ဘူး" တဲ့။ ကျွန်တော် "ကျွန်တော့်မှာ မကောင်း မှုဆိုတာ ရှိတယ်လို့ မသိဘူး။ ကျွန်တော် သိတာဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့မိလို့ အပြစ်ရှိတယ်ဆိုတာပဲ သိတယ်။ ဟုတ်တယ်။ ကျွန်တော်ဟာ အဲဒီ အပြစ်အတွက် အခုဒဏ်ခံနေရတယ်။ ပေးဆပ်နေရတယ်။ ဒီအပြင်တော့ တခြားဘယ်သူမှ ဘာမှ ကျွန်တော့်ဆီက မျှော်လင့်နိုင်ခွင့် မရှိဘူး"လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

အဲဒီ အချိန်မှာပဲ သူဒီအခန်းကျဉ်းကလေးထဲမှာ လှုပ်ရှားချင်လို့ရှိရင် ထိုင်ချင်ထိုင်၊ မထိုင်ချင် ထ,နေဖို့ပဲ ရှိတယ်လို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော်က ကြမ်းပြင်ကို စိုက်ကြည့်နေတယ်။ သူက ကျွန်တော့်ဆီကို ခြေတစ်လှမ်းတည်း တိုးလာပြီး ဒီထက်နီးနီး မလာတော့သလို ရပ်လိုက်တယ်။ ပြီးတော့ သံတိုင်ပေါက်ကနေပြီး ကောင်းကင်ဆီကို မော့ကြည့်လိုက်ပါတယ်။

"သားရယ်၊ မင်းမှားနေပြီ" တဲ့။ သူက လေးလေးနက်နက် ဆိုပါတယ်။ "မင့်ကို ဒါထက်မက အလုပ်ခိုင်းစရာတွေ ရှိလာပါလိမ့် မယ်။ မင့်ကို အလုပ်ခိုင်းတန် ခိုင်းရပါလိမ့်မယ်။

"ဘာကို ဆိုလိုပါသလဲ"

"မင်း...မြင်အောင်ကြည့်ဖို့"

"ဘာကို မြင်အောင်ကြည့်ဖို့လဲ"

ဘုန်းကြီးဟာ ကျွန်တော့်ရဲ့ အခန်းကျဉ်းကလေးထဲမှာ လှည့်ပတ်ပြီး ကြည့်လိုက်ပါတယ်။ သူ နောက်တစ်ခါ စကားစပြောတော့ သူ့အသံဟာ စိတ်ချမ်းသာစရာ ဖြစ်နေတယ်လို့ ကျွန်တော် သတိပြုမိပါတယ်။

"ဟောဒီ ကျောက်နံရံတွေထဲမှာ လူတွေရဲ့ ဒုက္ခဝေဒနာတွေ အပြည့် စိမ့်ဝင်နေတယ်ဆိုတာကို ကျုပ် ကောင်းကောင်းကြီး သိခဲ့ပါတယ်။ ဒီနံရံတွေကို

ကြည့်မိတိုင်း ကျုပ်ဟာ ကြက်သီးမွေးညင်း ထရတာကျည့်ပါပဲ။ သို့ပေမယ့်လဲ ကျုပ်ဟာ စေတနာမေတ္တာအပြည့်နဲ့ ပြောနေတယ်ဆိုတာ ယုံပါ။ မင်တို့အထဲက အဆိုးရွားဆုံးလို့ဆိုတဲ့ လူများတောင်မှ တစ်ခါတစ်ရံ ဒီနံရံမွဲမွဲကြီးတွေပေါ်မှာ ကြည့်ညိုစရာ မျက်နှာတစ်ခု ပုံပေါ်လာတာကို မြင်ရတတ်တယ်ဆိုတာကို ကျုပ်သိတယ်။ မင့်ကို မြင်အောင် အကြည့်ခိုင်းတာလဲ အဲဒီ မျက်နှာကိုပါပဲ”တဲ့။

ဒီတော့ ကျွန်တော် နည်းနည်း စိတ်လှုပ်ရှားလာပါတယ်။ ကျွန်တော် ဒီနံရံတွေကို စိုက်စိုက်ကြည့်လာခဲ့တာ လပေါင်း များစွာ ရှိပါပြီ။ ဒီလောကမှာ ကျွန်တော် သိထားတာထက် ပိုပြီး သိစရာ ဘယ်သူမှ ဘာမှမရှိပါဘူး။ တစ်ရံရောအခါတုန်းက ဆိုပါတော့။ ကျွန်တော်ဟာ မျက်နှာတစ်ခုကို မြင်ရဖို့ အားထုတ်နေခဲ့ဖူးပါတယ်။ အဲဒီ မျက်နှာဟာ ရမ္မက်ရှိန့်နဲ့ လင်းနေတဲ့ နေဝါရောင် မျက်နှာ၊ မာရီရဲ့ မျက်နှာပါ။ ကျွန်တော် ကံမရှိဘူး။ ကျွန်တော်ဖြင့် တစ်ခါမှ မမြင်ရဖူးပါဘူး။ အခုတော့ လက်လျှော့ထားလိုက်ပါပြီ။ တကယ်ပဲ အဲဒီ နံရံ မွဲမွဲကြီးတွေပေါ်မှာ သူပြောသလို ပုံပေါ်လာတာဆိုလို့ ဘာဆိုဘာမှ တစ်ခါမှ မမြင်ခဲ့ရပါဘူးဆိုတာ သူ့ကို ပြောပြလိုက်ရပါတယ်။ ဘုန်းကြီးဟာ စိတ်မချမ်းမြေ့စွာဘဲ ကျွန်တော့်ကို စိုက်ကြည့် နေပါတယ်။ ကျွန်တော်ကလဲ နံရံကို ကျောပေးထားလိုက်ပြီ ဖြစ်တဲ့အတွက် အလင်းရောင်က ကျွန်တော်နဖူးပေါ်မှာ ကျနေတယ်။ သူ့ပါးစပ်က တစ်ခုခုပြောလိုက်တာကို ကျွန်တော် ကောင်းကောင်း မကြားလိုက်မိဘူး။ ပြီးတော့ သူက ရုတ်တရက်ဆိုသလိုပဲ သူ ကျွန်တော့်ကို နမ်းရင် ခွင့်ပြုမလားလို့ မေးလိုက်ပါတယ်။ ကျွန်တော်က “မပြုဘူး”လို့ ပြောလိုက်တယ်။ ဒီတော့ သူက လှည့်ပြီး နံရံဆီအထိ လာပြီး နံရံကို လက်နဲ့ ဖြည်းဖြည်း သပ်လိုက်ပါတယ်။

“ဒီ လောကီအာရုံ ကာမဂုဏ်တွေကို မင်း တကယ်ပဲ သိပ်နှစ်သက်နေသလား” လို့ ခပ်တိုးတိုး မေးပါတယ်။

ကျွန်တော်က မဖြေပါဘူး။

အတော်ကြီးကြာအောင် သူ့မျက်နှာကို လွှဲထားတယ်။ သူရှိနေတာဟာ တဖြည်းဖြည်းနဲ့ ပိုပိုပြီး စိတ်ရှုပ်စရာ ဖြစ်လာတာနဲ့ ကျွန်တော် သူ့ကို “သွားပါတော့၊ ကျွန်တော့်ဘာသာ အေးအေးနေပါရစေတော့” လို့ ပြောမယ်အလုပ်မှာ သူဟာ ဖြုန်းဆို ကျွန်တော့်ဘက်ကို လှည့်လာပြီး စိတ်နဲ့မာန်နဲ့ “မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါကို ကျုပ်မယုံဘူး။ သေပြီးတဲ့နောက် တစ်ဘဝရှိရင် ကောင်းမယ်ဆိုတာ မင်း မကြာခဏ မုချ ဆုတောင်းမိမှာပါကွယ်”တဲ့။

ကျွန်တော်က “ဟုတ်တယ်၊ ကျွန်တော် ဆုတောင်းခဲ့ပါတယ်” လို့ ပြောလိုက်တယ်။ လူတိုင်းပဲ တစ်ခါတစ်ခါမှာတော့ အဲသလို ဆုတောင်းမိကြတာပဲ။

ဒါပေမယ့် အဲဒါဟာ ပိုက်ဆံချမ်းသာဖို့တို့၊ ရေကူးမြန်ဖို့တို့၊ ပါးစပ်ပုံလှဖို့တို့အတွက် ဆုတောင်းတာတွေထက် ပိုပြီး ဘာမှ အရာမရောက်ပါဘူး။ အဲဒါတွေနဲ့ တစ်မျိုးတစ်စားတည်းပါ။ ကျွန်တော်က အဲဒီလေ အတိုင်း ဆက်ပြောနေတုန်းမှာ သူက မေးခွန်းတစ်ခု ဖြတ်ပြီး မေးလိုက်ပါတယ်။ "ကျွန်တော် ဒီဘဝက သေပြီးတဲ့နောက် နောက်တစ်ဘဝကို ဘယ်လို ဖြစ်ချင်သလဲ"တဲ့။

ကျွန်တော်ကအော်ဟစ်ပြီးတော့ "ကမ္ဘာမြေပေါ်က အခုဘဝကို ပြန်ပြီး သတိရနိုင်တဲ့ ဘဝမျိုးပေါ့။ ကျုပ်လိုချင်တာက ဒါပါပဲ"လို့ ပြောပြီး တစ်ဆက်တည်း တစ်သံတည်းပဲ ကျွန်တော် သူ့ကို စိတ်ကုန်ခမ်းလာပြီ။ ပြန်ပါတော့လို့ အော်ပြောလိုက်တယ်။

ဒါပေမယ့် သူ့မှာက ဘုရားသခင်အကြောင်း ပြောစရာစကား ရှိသေးဟန် တူပါတယ်။ ကျွန်တော်က သူ့အနား ကပ်သွားပြီး ကျွန်တော့်မှာ နေဖို့ အချိန် နည်းနည်းကလေးပဲ ရှိတော့တဲ့အကြောင်း၊ အဲဒီ အချိန်ကလေးကို ဘုရားသခင်အတွက် ဖြုန်းမပစ်လိုက်နိုင်တဲ့ အကြောင်း ရှင်းပြဖို့ နောက်ဆုံးအားထုတ်တဲ့ အနေနဲ့ အားထုတ် ကြည့်ပါတယ်။

ဒီတော့ သူက စကားလွှဲပစ်လိုက်ပြီး "သူဟာ ဘုန်းကြီးဖြစ်တယ်ဆိုတာ သိလျက်နဲ့ ကျွန်တော် သူ့ကို သူများခေါ်သလို ဖာသာ (ဖခင်) လို့ တစ်ခါမှ မခေါ်တာ ဘာကြောင့်လဲ" လို့ မေးလိုက်ပါတယ်။ အဲဒါဟာ ကျွန်တော့်ကို စိတ်ဆိုးသထက် ဆိုးအောင် လုပ်လိုက်သလို ဖြစ်သွားပြီး သူဟာ ကျွန်တော့်အဖေမှ မဟုတ်ဘဲ၊ ဘာလို့ ခေါ်ရမှာလဲလို ပြောလိုက်တယ်။ မဟုတ်ရုံတင် မကဘူး။ သူဟာ တခြား လူတွေရဲ့ဘက်က လူပဲလို့လဲ ပြောလိုက်တယ်။

ဒီတော့ သူက ကျွန်တော့်ပခုံးပေါ် လက်လာတင်လိုက်ပြီး "မဟုတ်ဘူး၊ မဟုတ်ပါဘူး သားရယ်၊ မင့် အသည်းနှလုံးက မာကျောနေလို့ မင့်အတွက် ဆုတောင်းပေးပါမယ်"လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ဘယ်လိုရယ်လို့တော့ မသိဘူး။ ဒါပေမယ့် ကျွန်တော့်အထဲမှာ တစ်ခုခုတော့ ပေါက်ကွဲသွားဟန် တူပါတယ်။ ကျွန်တော် အသံကုန်ဟစ်ပြီး အော်တော့တာပဲ။ ဘုန်းကြီး ကိုလဲ ပစ်ခတ် ဆဲတော့တာပဲ။ ကျွန်တော့်အတွက် ဆုတောင်းမနေနဲ့၊ လေကုန်ရုံပဲလို့လဲ ပြောလိုက်တယ်။ တစ်ခါတည်း ပျောက်သွားတာနဲ့ စာရင် ငရဲခံရတာက တော်သေးတယ်လို့လဲ ပြောလိုက်တယ်။ ပြီးတော့ ကျွန်တော် သူ့အင်္ကျီရှည် လည်ပင်း ကွပ်ကို ဆွဲပြီး ကျွန်တော့်ရဲ့ ဒေါသကို ပျော်ပျော်ကြီး လွှတ်ပေးရင်းနဲ့ ကျွန်တော့်ဦးနှောက်ထဲမှာ ပိတ်လှောင်ပြီး အငွေ့တလူလူ ဖြစ်နေတဲ့ အတွေးတွေ သူ့အပေါ်ကို သွန်ချလိုက်တယ်။ အံ့မယ် ဒါတောင် သူကဖြင့် အင်မတန် သေချာတဲ့ ပုံမျိုးပဲ။ ဒါပေမယ့်လဲ သူ သေချာတယ်ဆိုတာဟာ မိန်းမတစ်ယောက်ရဲ့ ဆံခြည်တစ်ပင်လောက်မှ တန်ဖိုးမရှိပါဘူး။ သူဟာ

အသက်ရှင်နေတယ်သာ ဆိုရတယ် အသေလိုပါပဲ။ သူ့ဘာသာသူ အသက်ရှင်လျက် ရှိတယ်ဆိုတာတောင် သေချာတဲ့လူ မဟုတ်ဘူး။ ကျွန်တော့် လက်ထဲမှာလဲ ဘာမှ လက်ဆုပ်လက်ကိုင် မရှိဘူးလို့ ထင်စရာ ဖြစ်ချင်ဖြစ်နေမယ်။ တကယ်က ကျွန်တော့်ဟာ ကျွန်တော်ကတော့ သေချာပါတယ်။ အရာရာမှာ သေချာပါတယ်။ သူ့ထက် အများကြီး သေချာပါတယ်။ ကျွန်တော့်ရဲ့ အခုလက်ရှိ ဘဝရှိတယ်ဆိုတာ သေချာသလို ရောက်လာတော့မယ် သေခြင်းတရားဆိုတာ ရှိတယ်လိုလဲ သေချာပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော့်မှာ ဒါပဲရှိတယ်။ ဒါပေမယ့်လဲ ဒါဟာ အနည်းဆုံး ကျွန်တော် လက်ဆုပ်လက်ကိုင် မိနိုင်တဲ့တရား။ ကျွန်တော့်ကိုလဲ လက်ဆုပ်လက်ကိုင် မိထားတဲ့တရားပဲ။ ကျွန်တော် အလျင်ကလဲ မှန်တယ်။ အခုလဲ မှန်လျက်ပဲ။ ကျွန်တော် အမြဲမှန်တယ်။ ကျွန်တော့်ဘဝကို ကျွန်တော် ဒီလို ဒီလို နေခဲ့တယ်ထား၊ ကျွန်တော် နေချင်ရင် တခြားနည်းနဲ့ နေခဲ့လဲ ရတာပဲ။ ကျွန်တော် ဒီလိုပြုမူမိတဲ့အတွက် မပြုမူခဲ့ရတာပဲ။ ဒီတစ်ခုကို မလုပ်ခဲ့ပေမယ့် နောက်တစ်မျိုး တစ်ခုခုကို လုပ်ခဲ့တာပဲ။ အဲဒီတော့ ဘာဖြစ်သတဲ့လဲ။ (ဘာဖြစ်ရမလဲ) ကျွန်တော်ဟာ တစ်ချိန်လုံး အခုလက်ရှိကာလ ကျွန်တော့်ကို စီရင်မယ့် ဒီအရုဏ်တက်ချိန်ကို စောင့်နေခဲ့တာပဲပေါ့။ ဘာဆိုဘာမှ နည်းနည်းကလေးမှ အရေးမကြီးပါဘူး။ ဘာဖြစ်လို့လဲ ဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်။ သူလဲ သိပါတယ်။ လာမယ့်နှစ်တွေဆီက ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ အစဉ်တစိုက် ဖြည်းဖြည်းမှန်မှန် တိုက်ခတ်နေတဲ့ လေညင်းကလေးတစ်မျိုးက ကျွန်တော့် အနာဂတ်ရဲ့ မှောင်နေတဲ့ မိုးကုပ်စက်ဝိုင်းဆီက ကျွန်တော့်ဆီကို လာနေတယ်။ ကျွန်တော် နေခဲ့တဲ့ တကယ်မဟုတ်တဲ့ နှစ်တွေတုန်းက လူတွေ၊ ကျွန်တော်ခေါင်းထဲ ဇွတ်ထည့်ထားကြတဲ့ မဟုတ်ကဟုတ်က အသီးတွေကိုလဲ အဲဒီ လေညင်းကလေးက လမ်းမှာ ဖြိုညှိထားခဲ့တယ်။ တခြားလူတွေ သေတာတို့၊ မိခင်မေတ္တာတို့၊ ဘုရားသခင်တို့၊ ကိုယ့်ဘဝကိုယ် ကြိုက်သလို နေခဲ့တာတို့၊ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးတာတို့ဟာ ကျွန်တော်တို့အဖို့ ဘာများ ထူးခြားနိုင်ဦးမှာ လဲ။ တစ်ခုတည်းသော ကကံကြမ္မာက ကျွန်တော့်ကိုရော သူ့လိုပဲ ကျွန်တော့်ရဲ့ ညီနောင်များပါလို သူတို့ကိုယ်သူတို့ ခေါ်ကြတဲ့ ထောင်ပေါင်းများစွာသော၊ သန်းပေါင်းများစွာသော အခွင့်ထူးခံ လူများကို စီရင်လိုက်တော့မှာပဲ။ တကယ်ပါ၊ တကယ်ပါ။ သူ ဒါတွေကို သိရမယ် မဟုတ်လား။ အသက်ရှင်နေတဲ့ လူတိုင်းဟာ အခွင့်ထူးခံတွေပေါ့။ လူတန်းစားတစ်မျိုးတည်းပဲ ရှိပါတယ်။ အဲဒါဟာ အခွင့်ထူးခံလူ တန်းစားပေါ့။ အားလုံးဟာ အတူတူပါပဲ။ တစ်နေ့မသေ၊ တစ်နေ့ သေဖို့အတွက် သေဒဏ်ကျခံရပြီးသားချည်းပါ။ တခြားလူတွေလိုပဲ သူ့အလှည့်လဲ ရောက်လာမှာပဲ။ အဲဒီတော့ လူသတ်မှုနဲ့ စွဲချက်တင်ပြီးတော့ အမေသေတာကို မငိုတဲ့အတွက် ခေါင်းဖြတ်သတ်တယ်ဆိုတဲ့ အဆုံးမှာ အားလုံး အတူတူချည်းမို့ ဘာများထူးနိုင်ဦးမှာတဲ့လဲ။ ဆလာမာနိုရဲ့ မိန်းမလဲ အတူတူပဲ။ ဆလာမာနိုရဲ့ ခွေးဟာလဲ အတူတူပဲ။ စက်ရုပ်လို မိန်းမဟာလဲ မတ်ဆွန်းကို ယူလိုက်တဲ့ ပဲရစ်သူကလေးလိုပဲ။ ကျွန်တော့်ကို သူနဲ့ လက်ထပ်ပါဆိုတဲ့ မာရီလဲပဲ အတူတူပဲ။ ပြစ်မှု တစ်ခုခုကို ကျူးလွန်ခဲ့ကြတာပဲ။ အပြစ်ရှိကြတာပဲ။ ရေမွန်ကိုရော၊ သူ့ထက် အများကြီးတော်တဲ့

ဆေးလက်စ်ကိုရော ကျွန်တော် အတူတူခင်တာပဲ ဆိုတော့ကော ဘာအရေးလဲ။

အခု ပြောတဲ့အချိန်မှာ မာရီဟာ သူ့ရည်းစားအသစ်ကို နမ်းနေပြီဆိုတော့ကော ဘာဖြစ်ရဦးမှာလဲ။ သူလဲ ကျွန်တော့်လိုပဲ သေဒဏ်ကျခံနေရတဲ့ လူပဲ။ ကျွန်တော်ပြောတဲ့ အနာဂတ်ဆီက တိုက်ခတ်လာနေတဲ့ လေညင်းမှာင်မှောင်ကလေးဆိုတာကို သူ နားမလည်ပေဘူးလား။

ကျွန်တော် ဘယ်လောက် အော်လိုက် ဟစ်လိုက်သလဲဆိုရင် အသံတောင် ဝင်ကုန်တယ်။ အဲဒီအချိန်မှာ ထောင်ဝါဒါတွေ ပြေးလာပြီး ဘုန်းကြီးကို ကျွန်တော်ရဲ့ လက်တဲက လွတ်အောင်အား ထုတ်ကြပါတယ်။ တစ်ယောက်က ကျွန်တော့်ကို ရိုက်မယ် လုပ်ပါတယ်။ ဘုန်းကြီးက သူတို့ကို ဟန့်တားထားလိုက်ပြီး စကားမပြောဘဲ ကျွန်တော့် တစ်ခဏလောက် စိုက်ကြည့် နေပါတယ်။ သူ့မျက်လုံး တွေထဲမှာ မျက်ရည်တွေပြည့်နေတာ ကျွန်တော် မြင်ရပါတယ်။ နောက် သူလဲလှည့်ပြီး အခန်းကျဉ်း ကလေးထဲက ထွက်သွားပါတော့တယ်။ သူ ထွက်သွားတာနဲ့ ကျွန်တော့်စိတ်လဲ ငြိမ်သွားပါတယ်။ ဒါပေမယ့် အဲသလို စိတ်လှုပ်ရှားရတဲ့အတွက် ကျွန်တော့်မှာ ခြေကုန် လက်ပန်းကျပြီး အိပ်စင်ပျဉ်ပြားပေါ်ကို ဘုံးခနဲ ပစ်လှဲကျပြီး အိပ်လိုက်ပါတော့တယ်။ ကျွန်တော် အတော်ကြီးကြာအောင်ကို အိပ်လိုက်ရတယ်နဲ့ တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တော့ ကောင်းကင်ပြင်မှာ ကြယ်တွေ လင်းနေပြီ။ တောပိုင်းက အသံဗလံတွေဟာလဲ မထင်မရှား ဝင်လာနေတယ်။ မြေကြီးနံ့၊ ဆားနံ့ကလေးများနဲ့ ထုံနေတဲ့ ညလေအေးကလေးဟာလဲ ကျွန်တော်ရဲ့ ပါးပြင်ကို တိုက်ခတ်လာနေတယ်။ နွေညရဲ့ အံ့ဖွယ်ငြိမ်းချမ်းတဲ့ အရသာဟာ ကျွန်တော့်ရဲ့ ကိုယ်ထဲမှာ ဒီတက်သလို တက်လာပါတယ်။ နောက် နေအရုဏ်ကျင်းလို့ လင်းလုလုလေးမှာ ကျွန်တော့် နားထဲမှာ သင်္ဘောတစ်စင်းရဲ့ ဥဩမှုတ်သံကို ကြားလိုက်ရတယ်။ လူတွေဟာ ကျွန်တော်နဲ့ ဘာမှမဆိုင်တော့ဘဲ ကမ္ဘာတစ်ခုစီကို ခရီးထွက်ကြတော့မယ်။ လပေါင်းများစွာ အတွင်းမှာ ပထမဆုံးအကြိမ် လိုလိုပဲ ကျွန်တော် အမေ့ကို သတိရလိုက်မိပါတယ်။ အမေဟာ သူ့ဘဝ သက်တမ်းကုန်ခါနီးမှ ဘာဖြစ်လို့ ရည်းစားထားသွားရလဲ၊ ဘာဖြစ်လို့ ဘဝကို အသစ်ပြန်စဖို့ စိတ်ကစားသွားရလဲဆိုတာကို အခုတော့ ကျွန်တော် နားလည်ရပြီ ထင်ပါတယ်။ ဘဝမီးတိုင်ကလေးတွေ တဖုတ်ဖုတ် ငြိမ်းနေတဲ့ ဘိုးဘွားရိပ်သာလို နေရာမျိုးမှာလဲ ဆည်းဆာချိန်လေးဟာ လွမ်းဆွတ်ရာက နှစ်သိမ့်ရတဲ့ အချိန်ကလေးပါ။ သေခြင်းတရားနဲ့ ဒါလောက် နီးကပ်လာတော့ အမေဟာ လွတ် မြောက်အံ့ဆဲဆဲမှာ ဘဝကို အစက ပြန်ပြီးစဖို့ အဆင်သင့် ဖြစ်နေတဲ့ လူတစ်ယောက်လို ဖြစ်နေလို့ နေမှာပါပဲ။ အမေ့အတွက် ငိုဖို့ဆိုလို့ ဒီလောကကြီးထဲမှာ ဘယ်သူ့မှာမှ ဘာအခွင့်အရေးမရှိပါဘူး။ ကျွန်တော်လဲပဲ ဘဝကို အစက ပြန်စဖို့ အဆင်သင့် ဖြစ်နေပြီလို့ ထင်ပါတယ်။ ကျွန်တော်ဟာ ဒေါသတွေကို ဒလောဟော သွန်ချလိုက်ရလို့ စိတ်ထဲမှာ ရှင်းသွားသလို မျှော်လင့်ချက် ဆိုတာတွေကိုလဲ အားလုံး

သွန်ထုတ်ပစ်လိုက်ပါတယ်။ ပြီးတော့ ကြယ်တွေ၊ နက္ခတ်တွေ ကြဲထားတဲ့ ကောင်းကင်မှောင်မှောင်ကြီးထဲကို ငေးစိုက်ကြည့်ရင်း စကြဝဠာကြီးရဲ့ ဥပေက္ခာရင်ခွင်ဆီကို ကြည်လင် ပွင့်လင်းတဲ့ နှလုံးနဲ့ အဦးဆုံး၊ ပထမဆုံးအကြိမ် အာရုံပြုလိုက်မိပါ တော့တယ်။ ကျွန်တော် အခုလို ကြည်ကြည်လင်လင်နဲ့ မေတ္တာစိတ်တွေ ဘာတွေ ထားမိတော့လဲ "ကျွန်တော်ဟာ အလျင်ကလဲ ပျော်ခဲ့သားပဲ။ အခုလဲ ပျော်နေသားပဲ" ဆိုတာကို သတိရလိုက်မိပါတယ်။ အားလုံး ပြည့်စုံသွားအောင် ကျွန်တော့်အဖို့လဲ တစ်ယောက်တည်း အခုလောက် ပျင်းမနေရအောင်ဆိုရင် ကျွန်တော့်ကို စီရင်မယ့်နေ့ကျတော့ လာကြည့်ကြတဲ့လူတွေဟာ ဧရာမလူအုပ်ကြီးဖြစ်ပြီး ကျွန်တော့်ကိုလဲ အားရပါးရ အော်ဟစ်ဆဲရေးပြီး နှုတ်ဆက်ကြပါစေ"လို့ ဆုတောင်းရုံပဲ ရှိပါတော့တယ်။

ထင်လင်း

၁၉-၄-၇၅ (ည-၉နာရီခွဲ)

Whisper of Words